www.burmeseclassic.com

# ကလျာ

(မိုးမိုး)

## လပျောက်သောည

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူလေပြီးသော ဘုရားလေးဆူ၏ ဓာတ်တော်၊ မွေတော်များနှင့် ဂေါတမမြတ်စွာဘုရား၏ ဆံတော်စစ်ကိန်းဝပ်စံပယ်တော်မူရာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား စိတ်မြင်ယောင်ကာ ပျပ်ဝပ်ရိုကျိုးစွာဖြင့် ကျွန်မ ရှိခိုးမိပါသည်။

ဘုရားရင်ပြင်ရှိ တန်ဆောင်းတစ်ခုတွင် ကျွန်မအား နေ့ရာချထားပေးပြီး ဘုရားရှိရာသို့ ညွှန်ပြ၍ ကန်တော့ခိုင်းပါသည်။ ကျွန်မမှာ တန်ခိုးကြီးမြတ်လှပါသော ဤရွှေတိဂုံစေတီတော်ကြီးသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်ပါသော်လည်း မမြင်ရမတွေ့ရ၍ ခြင်မှလိုက်ခါ ဝမ်းနည်းရပါသည်။ ကျွန်မ၏ ရင်တွင်းခံစားမှုကို မျက်နှာတွင် မဟာပ်ထင်စေချင်ပါ။ ကျွန်မအား စောင့်ကြည့်နေကြမည်ဖြစ်သော အမေနှင့် အစ်ကိုတို့ မြင်တွေ့သည်ကို စိုးရိမ်မိလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"အမြန်ဆုံးခွဲစိမ်ကျသေးမလေးပုံမှတ်၊ အမြန်ဆုံးပျောက်ကင်းပါ စေတဲ့ ဆုတွေရအောင်ဆုတောင်းရှုလေးသမီးလေး"

...တ်ကဲ့ပါ အမေရယ်၊ လောလောဆယ် သမီးအတွက် ...ပါ၊ ပြီးတော့ အမေနဲ့ အစ်ကိုတို့ ကျန်းမာ ...စေတို့လည်း သမီးဆုတောင်းပါတယ်။ ဒါမှ ...ကို အမေတို့ ဆက်ပြုစုနိုင်ကြမှာ"

"ညီမလေးကလဲကွာ ခု အစ်ကိုတို့ ဆေးကုဖို့ လာကြပြီပဲ၊ ...န်ကြီးနဲ့ တွေ့ပြီးလို့ မကြာခင် ကုသမှုခံရတော့မယ်၊ ...ပျောက်တော့မယ်၊ အေးအေးတင်းစမ်းပါကွယ်"

ကျွန်မ၏ လှိုက်လှိုက်လှဲလှဲ ရင်ထဲမှ မေ့ထွက်လာသော ...ကားကို အစ်ကိုက ချေဖျက်ပါသည်။ အစဉ်လိုပင် ယုယမေးမ ကြသော်လည်း ကိုယ့်ရပ်ရွာတွင် နေစဉ်က နေသားကျနေ၍ ကိုယ့်ဘာဝကိုယ် မေ့နေသလို ရှိခဲ့ရသော်လည်း ရန်ကုန်သို့ ရောက် လာသည့်အခါ ဘုရားသို့အလာတွင် တွဲခေါ်လာသော ကျွန်မကို ကြည့်ကြကာ—

"ဟယ်... ချစ်စရာလေး သနားပါတယ်၊ မျက်စိမမြင်ရှာဘဲ ကိုး"

"လှလိုက်တာ ကြွေရုပ်ကလေးအတိုင်းပဲကွာ"

"ငန်းမနေနဲ့ အကန်းကြီးကွ"

ကျွန်မကိုကြည့်ကာ လှောင်ပြောင် ရယ်မောသံများနှင့်



ကျွန်မအတွက် ကရုဏာသက်သော စကားသံများကို ကြားရစဉ် က ရင်တွင်း၌ ဆို့နင့်လှိုက်လှဲကာ ဝမ်းနည်းမိသည်ကို အစ်ကိုက ဖျောင်းဖျနှစ်သိမ့်ရှာပါသည်။

ကုန်းတော်ပေါ်ရောက်သည့်အခါ ဘုရားကို ကြာမြင့်စွာ ရှိခိုးပြီး ကျွန်မစိတ်ကို တည်ငြိမ်အောင် ကြိုးစားရပါသည်။ သည် နေ့သည် ဆေးရုံသွားရန် ရက်ချိန်းမရှိပါ၍ ဘုရားပေါ်တွင် အေးဆေးစွာနေမည်ဟု ပြောကာ ကျွန်မတို့ တည်းခိုရာ သရက် တောကျောင်းတိုက်မှ နံနက်စောစောကပင် ထွက်လာခဲ့ပါ၏...

ဘုရား၏အနောက်ဘက်မုခ်ဟုဆိုသော တန်ဆောင်းကသွား တွင် ကျွန်မတို့သုံးယောက် အေးဆေးစွာ ထိုင်ကာ ရှေ... ... ဆွေးနွေးနေကြစဉ် ကျွန်မ၏ ပခုံးကို ဆတ်ခနဲ လှမ်းရိုက်သဖြင့် ကျွန်မ လန့်တုန်သွားစဉ်—

"ကြည့်စမ်း ဘုရားတွေ ဘာတွေလာလို့ ဘာလဲ အကျွတ် တရား ရပြီလား"

ကျွန်မမှာ ကြားရသော မိန်းကလေးသံကြောင့် ဘာပြန် ပြောရမှန်း မသိတတ်နိုင်အောင် ရှိနေစဉ်...

"စပယ့်အကြောင်း သိသားနဲ့ မောင်ရယ်၊ တော့သူလေ လို ထွင်ပြန်ပြီထင်တယ်၊ ဆန်းဒေး အလုပ်ဖြစ်ရင် ဖုန်းဆက် လိုက်နော် မော့အမျိုးသားပါတယ်၊ သွားတော့မယ်"

"သွားတော့မယ်နော် စပယ်၊ နောက်မှတွေ့ကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပန်းပုတ်သူကပုတ် လက်ဆွဲနှုတ်ဆက်သူကဆွဲနှင့် အားပါးတရ ပြောဆိုကြပြီး ပြောပြောပြေးပြေးနှင့် မိန်းကလေးနှစ်ယောက် ထွက်သွားကြသည်။ အသံများ ပျောက်သွားမှ…

"အစ်ကို သူတို့ ဘာတွေပြောသွားကြတာလဲဟင်"

"အေး အစ်ကိုလဲ ဒါပဲ စဉ်းစားနေတာ"

"အမေ ရန်ကုန်မှာ မသိဘဲနဲ့လဲ ဒီလိုပဲ ခေါ်ကြပြောကြတာပဲလားဟင်"

ကျွန်မမှာ အမေ့လက်ကို ကိုင်ဆွဲကာ မေးမိရာ အမေ့[illegible]ဆေးများဖြင့် စွတ်စိုနေပြီး လက်ချောင်းကလေးများ [illegible]နေသည်မို့ အမေ့တွင် ခံစားမှုတစ်ခု ရှိနေကြောင်း ကျွန်မ သိလိုက်ရပါပြီ။

ရန်ကုန်၏ ပတ်ဝန်းကျင်နှင့် လူတန်းစားအရပ်ရပ်ကို ကျွန်မမှာ မြင်တွေ့ခွင့် မရရှိသော်လည်း ကျွန်မတို့၏ နေရာနှင့် သွင်သွင် ဆန့်ကျင်ကြောင်းကိုမူ ကျွန်မ သိရှိမိပါ၏။

ပြောဆိုဆက်ဆံမှုများက ကျွန်မတို့ တောနယ်လို မရိုးသား မပွင့်လင်းကြဘဲ ဟန်ဆောင်ခြင်းအလွှာများ ဖုံးလွှမ်းနေပါကြောင်း ကျွန်မ သတိထားမိပါသည်။

အစ်ကို ဝယ်လာသော ခေါက်ဆွဲသုပ်များကို စားနေကြစဉ် မလှမ်းမကမ်းမှ ယောကျ်ားသံက…

"ဟေး…ဟိုမှာ စပယ်ပါလား၊ ပုံတမျိုး ပြောင်းလို့ပဲ၊ ငါ



သွားနှုတ်ဆက်လိုက်ဦးမယ်"

"စပယ် ဘယ်လောက်လယ်တယ်ဆိုတာ သိသားနဲ့ အကြောင်ရိုက်လွှတ်လိုက်ဦးမယ်၊ ပုံပြောင်းထား တာသာကြည့်၊ လာပါကွာ သွားမယ်"

စပယ်ဆိုသည့် မိန်းကလေးကို နှုတ်ဆက်သင့် မသင့် အချင်းချင်း အငြင်းပွားသည့် စကားသံများကို ကျွန်မတို့ အတိုင်းသား ကြားနေရပါသည်။ ကျွန်မတို့သုံးယောက် ကိုယ့်အတွေးနှင့် ကိုယ် တိတ်ဆိတ်နေကြစဉ် အစ်ကိုကပင် စတင်၍…

"ဒီရန်ကုန်မှာ မဖြူနဲ့ တထေရာတည်းတူတဲ့ မိန်းကလေး တစ်ယောက်တော့ ရှိနေတာ သေချာပြီအမေ"

"အို…လူတူမရှား နာမည်တူမရှားဆိုတဲ့ စကားရှိသားပဲ၊ မြို့ကြီးက ကျယ်ကကျယ်သနဲ့ တူတဲ့လူတော့ ရှိမှာပေါ့"

"မဟုတ်သေးဘူး အမေ၊ လုံချင်းမှားလောက်အောင်တူတာ က ခပ်ရှားရှားပဲ၊ အရင်တုန်းက ကျွန်တော်လဲ ဒီလိုပဲ စဉ်းစားပြီး အမှတ်မထားဘဲ နေလာခဲ့တာပါ၊ ခုတော့ သေချာပြီ အမေ"

"အစ်ကို လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် ခွဲမရအောင် တူတတ်ကြတာပဲလားဟင်၊ ခုနပြောသွားတဲ့ စပယ် ဆိုတာဟာ မဖြူနဲ့…"

"ဒီမှာသမီး လူဆိုတာ တစ်ယောက်နဲ့တစ်ယောက်ခွဲမှားအောင်တူတဲ့လူတွေ ပြည့်လို့၊ ဒီရန်ကုန်မြို့ကြီးက ကျယ်ဝန်းလှ

www.burmeseclassic.com

www.burmeseclassic.com



တော့ လူနေကလဲ များတယ်၊ ဒီတော့ တူတဲ့လူတွေလဲ ရှိမှာ ပေါ့ကွယ်၊ ကဲ..အမေတို့လဲ နေမပူခင် ပြန်ကြရအောင်”

အမေသည် ကျွန်မစကားကို ဖြတ်ကာ စပယ်ဆိုသူ၏ အကြောင်းကို ရပ်စေပါသည်။ အမေ ချွေးစေးပြန်ခြင်းနှင့် အမေ့ အသံတို့ မှုမမှန်ကြောင်းကိုမူ ကျွန်မ တွေးတတ်ခဲ့ပါပြီ။

ကျွန်မလက်ကို တစ်ဖက်စီ အမေနှင့် အစ်ကိုက တွဲခေါ် ကာ ဆင်းလာကြစဉ် ကျွန်မက အစ်ကိုတို့ကို ရယ်သွမ်းစေလို ...ာ ဆန္ဒဖြင့်...

“အစ်ကို မဖြူကို လူတွေက လှလိုက်တာဟယ် သနား ...လေးဟယ်နဲ့ ပြောပြောသွားကြလို့ မဖြူ ငွေရပေါက် စဉ်းစား မိပြီ အစ်ကိုရေ။ မျက်မမြင်ဒုက္ခိတမ္ပလေးကို သနားကြပါရင် ဆိုရင် ပိုက်ဆံတွေ ပေးကြမှာပဲနော် အစ်ကို”

“မိဖြူ ဘာစကားတွေပြောနေတာလဲဟင်၊ အစ်ကို အသက် ရှိနေသမျှ ဒီဘဝမျိုး ဘယ်တော့မှ မရောက်ရစေဘူး၊ အစ်ကို ဒီလောက်ကြိုးစားနေတာ ဘယ်သူ့အတွက်လဲဆိုတာ သိတယ် မဟုတ်လား ဟင်”

“နောက်တာဟယ် အစ်ကိုကလဲပဲ”

“မနောက်နဲ့ မိဖြူ အစ်ကို့ရင်ထဲမှာ တကယ်နာရပါတယ် ကွယ်”

“စိတ်မဆိုးပါနဲ့ စိတ်မကောင်းလဲ မဖြစ်ပါနဲ့နော် အစ်ကို၊



အမေနဲ့ အစ်ကိုရှိနေသမျှ မဖြူ ခုလိုပဲ ပြုစုယုယမှု ခံနေရမယ် ဆိုတာ သိပါတယ်ရှင်၊ အစ်ကိုတို့သာ မကယ်ရင် မဖြူလိုအကာန်းမ ဝမ်းဝဖို့ တောင်းစားရုံအပြင် ဘာများတတ်နိုင်မှာတဲ့လဲရှင်။ မဖြူ လေ မျက်စိပြန်မြင်ပြီး အမေနဲ့ အစ်ကိုတို့ကို ပြန်ပြုစုနိုင်တဲ့ ကိုယ် ဖြစ်ပါရစေလို့ ဘုရားမှာ ဆုတောင်းခဲ့ပါတယ် အစ်ကို”

ကျွန်မ၏စကားကို အစ်ကိုက ချေပပြောဆိုခြင်း မပြုတော့ ပဲ ကျွန်မလက်ကိုသာ ဆုပ်ကိုင်ထားရာက ဖျစ်ညှစ်လိုက်ပါ သည်။

ဘုရား၏ ခြေတော်ရင်းတွင် တစ်နာရီကျော်ကြာမျှ ကား ဆောင့်ရပြီးမှ သုံးဘီးကားတစ်စင်းတားရ၍ အမြန်တက်ဖို့ အစ်ကို က ဆွဲတင်ပါသည်။ နေရာတကျမထိုင်ရသေးခင်ပင် ကားက ထွက်သွား၍ ကျွန်မမှာ ယိုင်လဲသွားရပါသေးသည်။

ရန်ကုန်ဆိုသည်မှာ မည်သည့်နေရာမှ လေးကန်စွာ လှုပ်ရှား ၍ ရမည်မထင်။ နောက်က သတ်မည့်သူ လိုက်လာသည့်ပမာ အရာရာတွင် ကသုတ်ကရက် အပြေးအလွှား လှုပ်ရှားကြရမည် ထင်ပါသည်။

ကျွန်မတို့တည်းခိုသော သရက်တောကျောင်းမှာ ဆရာ တော် တစ်ပါး ဦးပဉ္စင်းသုံးပါး ကိုရင်နှစ်ပါးတို့ ရှိကြသည့်အနက် အစ်ပါးသော ဦးပဉ္စင်းဖြစ်သည့် “ဦးရေဝတ”နှင့် အမေတို့ ဆွေ မျိုးခကင်း မျိုးရိပ်မကင်းတော်စပ်၍ ခေတ္တလာရောက် တည်းခို

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရရန် စာရေးသားပြီးမှ ကျွန်မတို့ ရောက်လာကြပါသည်။ သို့သော်...

ကျောင်းအောက်တွင်လည်း အပြည့် ကျောင်းပေါ်တွင်လည်း အကွက်ဈေးနေ၍ ကျွန်မတို့ သုံးယောက်မှာ ကျပ်ကျပ်တည်းတည်းနှင့် အိပ်စရာနေရာရရန်ပင် ခက်ခဲ ကျဉ်းမြောင်းလှပေသည်။ ချက်ပြုတ်စားသောက်ရန် နေရာမရှိပါ၍ ထမင်းဟင်းကို ရောက်သည်မှစ၍ ယနေ့ နှစ်ဆယ်ရက်ကျော်သည်တိုင် ဝယ်ခြမ်း စားသောက်နေရသဖြင့် ပါသမျှ ငွေကြေးများမှာ ကုန်သလောက်သို့မှုတ်ပါရင် ကုန်ခါနီးလောက်အထိ ဖြစ်နေပြီမှာ သေချာကြောင်း ကျွန်မ ရိပ်မိပါပြီ။

ရန်ကုန်ရောက်ပြီး ဆေးရုံ သုံးခေါက် သွား၍သည်မှ လွဲ၍ ယနေ့ တစ်ခါသာ အပြင်သို့ ထွက်ဖြစ်ကြပါသည်။ အစ်ကိုနှင့် အမေသည် ရန်ကုန်တွင် အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ကြဖူးသူများဖြစ်၍ အလည်အပတ်အနေမျိုးဖြင့် သွားလာစရာ အကြောင်း မရှိပါပေ။ တိရစ္ဆာန်ရုံလိုနေရာမျိုး၊ အမျိုးသားပြတိုက်လို ကြည့်ရှုမှတ်သားဖွယ်ရာ ဌာနမျိုး၊ ရုပ်ရှင် စသည့် ပျော်ရွှင်ပွဲမျိုးမှာလည်း ကျွန်မလို မျက်မမြင် ဘဝနှင့် မအံမဝင်သည့် နေရာများမို့ တွဲခေါ်ပြစရာ မလိုပါပေ။

မမြင်တွေ့နိုင်သည် မှန်သော်လည်း ဘုရားခြေတော်ရင်းတွင် ဝပ်စင်းရှိခိုးစွာ ရှိခိုးနိုင်ရန်အတွက် ရွှေတိဂုံဘုရားသို့



ကျွန်မအား ပို့ဆောင်ပေးကြသော ယနေ့သည်ပင် "စပယ်"မည်သော မိန်းမငယ်တစ်ဦးနှင့် ယိုမှားကြကြောင်း ထူးခြားစွာ ကြုံတွေ့ခဲ့ရပါသည်။

ဘုရားမှ ပြန်လာပြီးသည့် နောက်ရက်များတွင် အစ်ကိုသည် လမ်းထွက်များ၍ အမေနှင့်လည်း ကျွန်မ မကြားရသည့်နေရာတွင် တီးတိုးတိုင်ပင်နေကြကြောင်း ကျွန်မ သိပါသည်။

ကျွန်မမှာ ရွှေ့လျားသည့် လေသံလေးများကို လည်းကောင်း၊ တိုးတိတ်သည့် စကားသံလေးများကို လည်းကောင်း မှန်းဆရုံဖြင့် ကြားသိနိုင်ပါသည်။ လူတစ်ဦး၏ ကိုယ်နံ့ကိုလည်း မှတ်သားလေ့ရှိသဖြင့် အစ်ကိုကပင် အမဲလိုက်ခွေးမလေးဟု နောက်ပြောင်တတ်ပါသေးသည်။

အဆောက်အအုံနေရာတစ်ခုခုကို ကျွန်မ ရောက်လျှင် ခြေလှမ်းရေတွက်၍ သွားလာသောအကျင့် ကျွန်မတွင် ရှိပါသည်။ တစ်နေရာကို တစ်ခါသာ စမ်းသွားပြီး နောက်ဆိုလျှင် လူကောင်းတစ်ယောက်လို ရဲရဲဝံ့ဝံ့ ကျွန်မ လျှောက်သွားနိုင်ပါသည်။

"တခါပြထားရင် အသေအချာကို လုပ်တတ်တယ်။ သွားလာတတ်တယ်။ ပါးလိုက်တာလဲ လွန်လို့။ ငါ့သမီးလေးများ မျက်စိမြင်ရင် အမေ အားကိုးလိုက်ရမယ့် ဖြစ်ခြင်း"

မြင်သိမှတ်မိသော အာရုံခံစားနိုင်စွမ်းမရှိသော ကျွန်မအဖို့ အသံ အနံ့တို့ကိုသာ ဂရုတစိုက် စူးစမ်းလေ့လာ မှတ်သားတတ်

www.burmeseclassic.com

www.burmeseclassic.com



သော အကျင့်ရနေပြီမို့ လှကောင်းပကတိထက်ပင်လျှင် သောတ အာရုံ ဃာနအာရုံတို့ကို ပိုမိုခံစား သိလွယ်နိုင်ခဲ့ပါသည်။

ယခုလည်း အမေနှင့် အစ်ကိုတို့ တိတ်တခိုး ပြောဆိုနေကြသည်များကို ကျွန်မ သိနေပါသည်။ ကျွန်မ တစ်သက်တွင် ကျွန်မ မကြားသိအောင် ကွယ်ဝှက်၍ ပြောစရာစကားများ သူတို့တွင် မရှိကြပါကြောင်း ကျွန်မ ကောင်းကောင်း သိပါသည်။ အစ်ကိုထွက်သွားလျှင် လည်းကောင်း၊ ပြန်လာလျှင် လည်းကောင်း အကျိုးအကြောင်း ကျွန်မအား မပြောကြားသည်ကို ကျွန်မမှာ သိလိုလှသော်လည်း မေးသင့် မမေးသင့် ချင့်ချိန်နေရ၍ ကျွန်မ မမေးဖြစ်ခဲ့ပါ။

ကျောင်းလှေကားပေါ်သို့ နင်းတက်လာသော ခြေသံတစ်ခု ကြားလျှင်ပင် ကျွန်မအားမှ ရုတ်ချည်းထသွားသော အမေ့ကြောင့် ကျွန်မ မသက်သာဖြစ်ကာ နောက်မှ ခြေသံမကြားအောင် ဖွနင်း၍ တံခါးပူထွားကွယ်မှ ကျွန်မ အသာကပ်ရပ်နေမိစဉ် ကျွန်မထင်သည့်အတိုင်းပင်–

“မဖြူရော အမေ”

“မီးဖိုခန်းမှာ ဘာထူးခြားလာသလဲ”

“ထူးခြားတယ် အမေ၊ တွေ့ခဲ့ပြီ”

“ဟေ”

သူတို့စကားကြောင့် ကျွန်မမှာ တံခါးရွက်ကြား ပိုမိုတိုး



ကပ်လိုက်ပြီး သူတို့ထံ အစွမ်းကုန် အာရုံစိုက်ထားလိုက်ပါသည်။ ကျောင်းပေါ်တွင် ဒေါ်သဲညွှာတို့ တူဝရီးတစ်တွေ မရှိကြ၍ ကျွန်မကို စောင့်ကြည့်မည့်သူ မရှိပါ။ ဘုန်းကြီးများကလည်း သူ့အလုပ်နှင့် သူမို့ ကျွန်မကို ဂရုပြုကြလိမ့်မည် မထင်ပါ။ အစ်ကို၏ အပေါ်အကျီချွတ်သံ၊ ဖိနပ်ချသံ၊ ထိုင်သံများ ကြား ရပြီးမှ အမေ၏ လေတိုးသံဖြင့်...

“တွေ့ခဲ့တယ်ဆိုတော့ စကားလေး ဘာလေးများရော ပြောခဲ့ရရဲ့လား”

“ဟာ...ဘယ်ပြောလို့ ဖြစ်မလဲ၊ အမေကိုယ်တိုင် အသေအချာ ပြောပြမှ ပြေလည်မှာပေါ့။ ကျွန်တော်က သူနေတဲ့လိပ်စာ လောက်သာ သိအောင် မှတ်ခဲ့တာ”

“ဘယ်မှာ နေသတဲ့လဲ”

“လွှစ္စလမ်းမှာ လေးထပ်တိုက် အပေါ်ဆုံးထပ်မှာ အမေ၊ ကိုယ်ပိုင်ကားတွေ ဘာတွေနဲ့ပဲ။ အိမ်ထောင်အကြီးအကဲရဲ့ နာမည်ကတော့ ဦးစံလှထွန်းတဲ့”

“အေးလေ ဘာပဲ ဖြစ်ဖြစ် သူနဲ့အမေ နှစ်ယောက်ထဲ တွေ့အောင် ကျိုးစားပြီး အကျိုးအကြောင်း ပြောပြရမှာပဲပေါ့။

“အဆင်ပြေမယ် စိတ်ချရမယ်ဆိုရင်တော့ မဖြူကို ထားခဲ့ရမှာပဲ”

“မဖြူကို ထားခဲ့ရမှာပဲ”ဆိုသော စကားအတွက် ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ ထိတ်ခနဲ တုန်ဖြာသွားမိပါသည်။ ရင်တွင်လည်း ဝမ်းနည်းစိတ်က အလိုလိုဖြစ်ထွန်းလာပေသည်။ အမေနှင့် အစ်ကိုတို့မှာ နေရာမှ မရွေ့ကြသေးသော်လည်း အသံက တိတ်ဆိတ်နေကြသည်မို့ ကျွန်မ မီးဖိုခန်းဖက်သို့ ပြန်လှည့်ထွက်ကာ ခုံငယ်လေးပေါ်တွင် ထိုင်ရင်း...

"ဒီရန်ကုန်ကို ထွက်လာတာ ငါ့ကို ထားခဲ့ဖို့ ထွက်လာကြတာများလား၊ မျက်စိကုမယ်ဆိုပြီး တခြားမှာ ညာထားခဲ့ကြမှာလား"

အမေနှင့် အစ်ကိုတို့၏ စေတနာကို ကျွန်မ တစ်သက်တာတွင် သည်တစ်ခါသာ သံသယဖြစ်ဖူးပါသည်။ အစဉ်တစိုက်ကောင်းခဲ့ကြသည် မှန်သော်လည်း ကျွန်မအတွက် တာဝန်လေးလွန်း၍ ပန်းပြောင်းမည့် သဘောမျိုးလား မပြောတတ်ပါပေ။

အဆိုးကြံစည်သည် ဖြစ်စေ၊ အကောင်းကြံစည်သည်ပင်ဖြစ်စေ၊ ကျွန်မကို ခွဲကာ သည်ရန်ကုန်တွင် ထားခဲ့မည် ဆိုခြင်းကိုမူ ကျွန်မ ဝမ်းနည်းလှပါသည်၊ မနေခဲ့ချင်ပါ။ ဘာပဲဖြစ်ဖြစ် အမေတို့နှင့် မခွဲချင်ပါ။

အမေနှင့် အစ်ကိုသည်သာ ကျွန်မ၏ ကမ္ဘာပါ။ မှောင်အတိဖုံးနေသော ကျွန်မ၏ ကမ္ဘာတွင် အမေနှင့် အစ်ကိုသည် သောက်ရှူးကြယ်ညီနောင်ပမာ တလက်လက် တောက်ပနေကြသူများ ဖြစ်ပါသည်။



ရန်ကုန် လာစဉ်က ကျွန်မ၏ ရောဂါကို ကုသရမည်ဆိုခြင်းအတွက် ဝမ်းသာအားတက်ရလွန်းပါသော်လည်း ယခုမူ...

ကျွန်မကို ထားခဲ့မည်ဆိုခြင်းအတွက် အားငယ်ဝမ်းနည်းလှပါပြီ။ ကျွန်မ၏ ဒုက္ခိတဘဝကို ဘယ်သူကမှ ကျေကျေနပ်နပ်လက်ခံပြုစုနိုင်လိမ့်မည် မထင်ပါ။ ကျွန်မပေါ်တွင် သနား ချစ်ကြင်လှပါသည်ဆိုသော အစ်ကိုနှင့် အမေတို့သည် ကျွန်မပေါ်တွင် စိတ်ကုန်ကာ စွန့်ပစ်ဖို့များ ကြိုးစားနေကြလေပြီလား။

❋ ❋ ❋

www.burmeseclassic.com

"ညီမလေး မဖြူ ထဦးလေ၊ ဆေးသောက်ရအောင် ခု ဆေးနှစ်မျိုး သောက်ပြီးရင် ဒီနေ့အတွက် ပြီးပြီ။ ဆေးသောက်ပြီးမှ အစ်ကို မျက်စဉ်းခပ်ပေးပြီးမှ အိပ်နော် ဆာသေးလား ဘာစားဦးမလဲ"

စီးကျနေသော မျက်ရည်စများကို အစ်ကို မမြင်အောင် သုတ်ပစ်ပါသော်လည်း အစ်ကို၏ ယုယကြင်နာစွာဖြင့် စေတနာ အပြည့်ပါသော စကားများကြောင့် ရင်ဝယ် လှိုက်လှဲကာ မစဲနိုင်သော မျက်ရည်တို့က သွန်ကျလာပါသည်။

"ဟဲ့...ထလေ၊ အို...ငိုနေတယ် ဘာဖြစ်လို့လဲ ဟင် ပြောစမ်း ပြောစမ်း အစ်ကို့ကို ပြောပါဦးကွယ်"

အစ်ကိုက ကျွန်မကို ပွေ့ထူမလိုက်ပြီး ကိုယ်ကို လှုပ်ကိုင်၍ မေးကာ မျက်ရည်စများကို သုတ်သိမ်းပေးရင်း–



"ညီမလေးမျက်စိကို ဆရာဝန်ကြီးတွေက အထူးဂရုတစိုက် ကုပေးနေချိန်မှာ ဘာဖြစ်လို့ ငိုနေရတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘဲ အရူးထ ငိုနေတာလား အမိုက်မလေး၊ ဘာဖြစ်လို့လဲဆိုတာ ပြော၊ ကဲ...ပြောဆို ပြောစမ်း"

တမိဝမ်းတွင်းမှ အတူဆင်းသက်လာကြသော အစ်ကိုကြီး ရင်းချာတစ်ယောက်ပမာ ကျွန်မမှာ သူ့ကို ချစ်ရုံမက ကြောက်လည်း ကြောက်ရသည်မို့–

"ဟို...ဟို... မိဖြူ ဒီမှာနေရတာ စိတ်ညစ်လို့ပါ"

"သိတယ် သိတယ် အစ်ကို သိတယ်။ ဒေါ်သဲညွှာတို့ တူ ချီးတစ်တွေရဲ့ မနေစေချင်တဲ့ အမူအရာကို ညီမလေး မမြင်လို့ သိဘူး မှတ်နေတာ။ အစ်ကိုတို့လဲ ဒီမှာ မနေဖို့ စီစဉ်နေတာပါပဲ"

ကျွန်မ ပါးစပ်ထဲတွင် တွေ့ရာကို ရမ်း၍ ပြောလိုက်မိခြင်းမှာ လက်ရှိဖြစ်ရပ်နှင့် သွား၍ တိုက်ဆိုင်နေပါကြောင်း ကျွန်မ အံ့သြစွာ သိရပါပြီ။ အစ်ကိုနှင့် အမေတို့သည် ကျွန်မ တွေးထင်သလို ကျွန်မကို အလွယ်တကူ စွန့်ပစ်နိုင်စွမ်း ရှိလိမ့်မည် မထင်မိတော့ပါ။ ဒီကျောင်းတွင် နေထိုင်ခိုလှုံခွင့် အဆင်မသင့်၍ ဖြစ်ကြောင်း ကျွန်မ တွေးယူရပါသည်။

အစ်ကိုတိုက်ကျွေးသော ဆေးများသောက်ပြီး မငိုတော့ပါကြောင်းနှင့် ကောင်းစွာ အိပ်စက်ပါမည့်အကြောင်းများ ပြော

www.burmeseclassic.com

www.burmeseclassic.com



ကြား၍ အစ်ကိုကို ကျွန်မ နှစ်သိမ့်ကာ ခြင်ထောင်ချပြီး လှဲနေမိသည်အထိ အမေ ဝင်မလာသေးပေ။ ဆေးလိပ်သောက်ရင်း အစ်ကိုနှင့် စကားတီးတိုး ဆိုနေပေလိမ့်မည်။

ကျွန်မတို့ တွေးထင်လာသလို ကျွန်မ၏ ရောဂါမှာ အလွယ်တကူဖြင့် ကုသမှု ဆုံးခန်းတိုင်လိမ့်မည် မထင်ပါ။ ကျွန်မတို့ လာစဉ်က ရောက်ရောက်ချင်း ဆေးရုံတက်ရလိမ့်မည်။ ဆေးရုံတွင် ဆယ်ရက်မျိုး ဆယ့်ငါးရက်မျိုးနေကာ ပြန်ဆင်းလာသည့်အခါ အကောင်းပကတိအဖြစ်နှင့် ရှုခင်းသစ်များကို ငေးမောကြည့်ရှုကာ ကျွန်မတို့မြို့သို့ ပျော်ရွှင်စွာ ပြန်ကြလေသတည်းဟု စိတ်သိမ်းရမည်ထင်ခဲ့သော်လည်း လက်တွေ့တွင်မူ မလွယ်ကူလှကြောင်း ကျွန်မ ကောင်းစွာ သိရပါပြီ။ ယခု အရက်နှစ်ဆယ် ကျော်လာသည့်တိုင် ကုသရေးက စရုံသာ စရပေသေးသည်။

ကျွန်မ၏ ရောဂါဇစ်မြစ်ကို စမ်းစစ်ကာ "မျက်ခမ်းစပ် ရောဂါကြောင့် မျက်စိကွယ်ရခြင်း" ဟူသော အကြောင်းရင်းကို ဆရာဝန်များ တွေ့ရှိရပြီဖြစ်၍ ပထမအဆင့်ဖြစ်သည့် ပိုးသတ်သည့်အပိုင်းသာ ရှိသေးသည်။ ခွဲစိတ်ကုသရန်ပင် ရက်အတော် လိုသေးကြောင်း ကျွန်မ သိရှိရသဖြင့် ရင်လေးလှပါဘိခြင်း။

အစ်ကိုနှင့် အမေသည် လူဌေးများ မဟုတ်သလို ငွေကြေးပိုင်ရှင်များလည်း မဟုတ်ကြပါပေ။ အမေ၏ လက်လုပ်လက်စား လုပ်ငန်းခွင်က မဝင်၍ သည်ထား၊ အစ်ကိုကား



ကျောင်းဆရာမို့ ယခုလကုန်လျှင် ကျောင်းစာသင်ခန်းသို့ ပြန်ဝင်ရပေတော့မည်။

တပည့်များ ချစ်ခင်လေးစား၍ ဆရာကြီးအားထားရသော အစ်ကိုလိုတာဝန်ကျေပြွန်လွန်းခဲ့သော ဆရာတစ်ယောက် အနေနှင့် ခွင့်တစ်လ နှစ်လ စသည်ဖြင့် ယူလျှင်လည်း ငြင်းနိုင်စရာမရှိပါ။

သို့သော် ကျွန်မတို့အနေဖြင့် ရန်ကုန်၏ ကြီးမြင့်လွန်းသော လူနေမှုစရိတ်ကို မတတ်နိုင်ကြပါ။ ဆေးရုံမှ ဆေးဝါးကအစ ပေးကမ်းကုသပေးမည် ဖြစ်သော်လည်း ကျွန်မတို့ သုံးယောက် အရှည်နေနိုင်ဖို့ ခက်ခဲလှပါဘိတော့သည်။ လပေါင်းများစွာ အစ်ကိုစုဆောင်းလာသော ငွေကြေးလေးများမှာ ဆေးကု၍ မကုန် စားရသည်နှင့် ကုန်ပေတော့မည်။

ကိုယ့်စရိတ်နှင့် ကိုယ် ဝယ်ခြမ်းစားသောက်နိုင်စေကာမူ သည်ကျောင်းတွင် အချိန်ကြာမြင့်စွာ နေ၍မဖြစ်ပေ။ ရှေ့ဆက်ကာ မည်သို့ ဖန်တီးကြမည်ကို ကျွန်မ မတွေးတတ်နိုင်တော့ပါချေ။

အိပ်၍မပျော်သော ညများ၏ ဓမ္မတာအတိုင်း အတွေးကွန်ချာမှာ သံသရာလည်ရင်း ကျွန်မ သိမှတ်မိစ ပဏ္ဏာမအရွယ်သို့ တိုင်အောင် စိတ်ကူးတို့က ပျံ့လွင့်ပြေးလွှား၍...

www.burmeseclassic.com

www.burmeseclassic.com

"ကျောင်းတော်ရာဘုရား"ပရဝုဏ်အတွင်း လှည့်ပတ်ပြေးလွှား ဆော့ကစားနေရသည်မှာ ပျော်ရွှင်မြူးတူးစရာ ကောင်းလှပါပေသည်။ ဘုရားနှင့် မနီးမဝေးရှိ ဆရာလေး ကိုချစ်ဖွယ်၏ကျောင်းတွင် ကျွန်မ စာသင်ကြားရပါသည်။ အရိုက်ကြမ်းလွန်း၍ ဖိန့်ဖိန့်တုန်အောင် ကြောက်ရသော ဆရာလေး၏ ချီးမွမ်းခြင်းကို အစဉ်သဖြင့် ကျွန်မမှာ ခံယူရပါသည်။ မင်္ဂလာသုတ်အာဂုံပြန်ခိုင်းလျှင် လူတိုင်းလို ရရှိကြသော်လည်း ရေးခိုင်းသည့်အခါ ပါဠိစာများကို မှန်ကန်တိကျစွာ ရေးနိုင်သူမှာ ကျွန်မတစ်ယောက်တည်းသာ ရှိသဖြင့်-

"ဟဲ့...မိဖြူ နင့်အမေက ဘယ်သူ့နဲ့များ စပ်ကျထားတယ်မသိဘူး၊ နင် တယ်တော်ပါလား"

ဆရာ၏စကားကို တစ်လုံးမကျန် အမေပြန်ပြောသောအခါ အမေက ဆရာ့ပြန့်လမ်းမှ စောင့်ရင်း ယယ်သူယယ်ချင်းမို့-



"ဟော့...ချစ်ဖွယ် စကားရောက်ရားပြောပါ။ ငါ့သမီးကိုနင် ရိုးရိုး ချီးမွမ်းပါ။ ဘာ မထိခလုပ် ထိခလုပ် ပြောရတာလဲ။ နင်တို့လို တောသားနဲ့ ညားမွေးရင် နင်တို့လို ဦးနှောက်မျိုးဖြစ်နေမှာပေါ့ဟဲ့။ ငါသမီးကို မြို့ကြီးသား မဟာဆိမဟာသွေးနဲ့ စပ်မွေးထားလို့ နင့်တောင် ရောင်းစားခိုင်းဦးမှာ သိလား"

"ဟား...ဟား... ဓာတ်သိတွေပါ မြခင်ရာ နင့်ကြွားလုံးကသူများယုံပေမယ့် ငါမယုံပါဘူးဟ၊ နင့်သမီးဟာ..."

"ချစ်ဖွယ် နင် ငါ့အကြောင်း သိတယ်နော်"

သန်မြန်ဖြတ်လတ်ဆဲအရွယ်မို့ အမေက မားမဆွဲကာ လိုက်ဟန်ပြင်သည့်အခါ ဆရာက ရယ်ရင်း မောရင်း အပြေးကလေးထွက်သွားသည်ကို ကျွန်မမှာ အူတက်မတတ် ရယ်မိပါသည်။ အမေးအမြန်း ထူတတ်လွန်းသော ကျွန်မက တခါတစ်ရံ-

"အမေ ညွန့်မေတို့၊ အေးလှတို့၊ မိတုတ်တို့ အားလုံးအသားမည်းတယ်။ သမီးကျမှ ဘာလို့ ဖြူနေရတာလဲဟင်၊ အမေလဲ မည်းတာပဲနော်"

"အို...မအေမဲပေမယ့် ဖအေဖြူလို့ပေါ့ သမီးရဲ့ ငါ့သမီးလေးက ကြွေရုပ်ကလေးလို အသားက ဆွတ်ဆွတ်ဖြူနေလို့ မြူလို့ အမေက မှည့်ထားတာပေါ့"

"မဖြူ အဖေက အသားဖြူတယ်လား၊ မဖြူ အဖေက ဘယ်သူလဲဟင် အမေ"

www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ကပါ သမီးရယ်။ ဒီအကြောင်း မမေးရဘူးလို့ အမေ ပြောထားသားနဲ့"

"အေးလုက သမီးနဲ့ မခေါ်တုန်းကလေ ဖအေမရှိတဲ့ ကောင်မတဲ့။ သူ့အမေက ယောကျ်ားမရှိဘဲနဲ့ မွေးထားတာဆို"

ထိုစဉ်က ကျွန်မ မတွေးတတ်သေးသော်လည်း အမေ၏ မျက်နှာ ညှိုးလျော်ကာ မျက်ရည်ကြည်များ ရစ်ဝိုင်းလာသည်ကို ကျွန်မ သတိထား မှတ်သားမိပါသည်။

အမေသည် အညာသူ စစ်စစ်ဖြစ်သော်လည်း ရန်ကုန်တွင် အနေကြာခဲ့သူ ဖြစ်၍ မြို့ကြီးသူ လူယဉ်ကျေးတို့၏ မလေ့စရိုက်ကို အမေ လိုက်နာမှတ်သားကာ အများသုံးနှုန်းသလို အမေဟု ခေါ်သော်လည်း "တော်နှင့်" "ကျုပ်နှင့်"ဟူသော စကားများကို ကျွန်မအား မသုံးနှုန်းစေရပါ။ ကျွန်မကိုယ်ကျွန်မလည်း "သမီးက" "မိဖြူက"ဟူ၍သာ သုံးနှုန်းရပါသည်။

ကျွန်မတို့ နေထိုင်ရာ 'လယ်ကိုင်းမြို့'တွင် မြတ်စွာဘုရား ကိုယ်တော်တိုင် ရွှေခြေတော်တွင် ခြေတော်ရာချပြီးသကာလ ဤလယ်ကိုင်းရှိ ကျောင်းတွင် ညအိပ်သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်၏ နေရာကို သတ်မှတ်ကာ 'ကျောင်းတော်ရာ'ဟု ဘုရားတစ်ဆူ တည်ထား ကိုးကွယ်ခဲ့သည်ဟု အမေက ပြောပြပေသည်။

ဤကျောင်းတော်ရာဘုရားသို့ ရွှေခြေတော်မှအပြန် လှည့်



ဝင်လေ့ရှိသော ဘုရားဖူးအချို့တို့မှာ အမေ၏ စလေဇီးယိုကို အားပါးတရ ဝယ်ကြရင်း–

"ဟယ်...ကလေးမလေးက လှလိုက်တာ အသားလေးက ဖြူဖွေးနေတာပဲနော်၊ ဘယ်သူ့ကလေးများပါလိမ့်"

"ကျွန်မ သမီးလေးပါ"

"ဟော့ ဒီမှာ မောင်ရေ ဒီကလေးဟာ ဇီးယိုသည်အဒေါ်ကြီးရဲ့ကလေးတဲ့ဆရာ၊ ခိုင်တို့ တောင်းပြီး မွေးစားကြရအောင်လား"

ဖိတ်ဖိတ်တောက် ဝတ်စားထားကြသော လူအုပ်တွင်းမှ လင်မယားတစ်စုံ၏ စကားများကြောင့် ကျွန်မမှာ အမေ့နား တိုးကပ်ကာ အမေ့လက်ကို ကျွန်မဂျိုင်းကြားတွင်း သွင်း၍ ညှပ်ထားမိပါသည်။

ချောမွေ့လှပသော ထိုလင်မယားကို ကျွန်မက ဘီလူးသရဲများအသွင် မြင်ကာ ကြောက်ရွံ့စွာဖြင့် အမေ့နား တိုးကပ်မိသည်။ သူတို့လက်သို့ အမေ တကယ်ပင် ပေးအပ်လိုက်လေမလား ဟူသော အတွေးများဖြင့် မျက်ရည်တို့ပင်လည်လာခဲ့မိသည်ကို အမေ သိမြင်ကာ အမေ့မျက်နှာတွင် ဒေါသတို့ဖြင့် ခက်ထန်ရင်း–

"ဆင်းရဲပေမယ့် ကိုယ့်ရင်သွေးကို သူများပေးလောက်အောင် ရက်စက်တတ်တဲ့ မြို့ကြီးသူတွေစိတ်မျိုး မရှိပါဘူးရှင်၊ ပြောတာတောင်လွန်လှပြီ၊ ကျုပ်ဆိုင်နားကသာ အမြန်ကြွကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ဦးယိုသည်မက လူပါးဝလှချည်းလားဆိုသည့် အကြည့်မျိုး မတူတန်၍ ဘက်ပြိုင်မပြောလိုသဖြင့် ရှောင်ရှားသွားသည့် အသွင်မျိုးဖြင့် ကျွန်မတို့ ရှေ့မှောက်မှ ပျောက်ကွယ်သွားကြပါသည်။ ဘုရားဖူးလာသော သည်လင်မယားနှင့် ပတ်သက်ကာ အမေ၏ သဘောထားများကို ကျွန်မ ကြားသိခဲ့ရပါပြီ။

စဉ်းစားတွေးခေါ်နိုင်သော ဆယ်နှစ်ကျော်အရွယ်မှ ကျွန်မပေါ်တွင်ထားရှိသော အမေ၏ မေတ္တာများကို ကိုးစားယုံကြည်ကာ အမေသည်သာ ကျွန်မ၏ကမ္ဘာ အမေသည်သာ တလောကလုံး ကျွန်မအချစ်ဆုံး။

● ● ●

အမေ၏ အစ်ကိုတဝမ်းကွဲတော်စပ်သော ဦးကြာအိုင်၏ ဝိုင်းထဲတွင် သေသပ်ခိုင်ခန့်သော တဲငယ်တစ်လုံးဖြင့် ကျွန်မတို့ သားအမိနေထိုင်ကြပါသည်။ ကျွန်မ လသမီးအရွယ်ကပင် အမေ၏ ရင်ခွင်တွင် ကျွန်မကို ပွေ့ပိုက်ကာ သူ၏ ဇာတိနေရာသို့ ပြန်လာကြောင်း ကျွန်မ သိရှိရပါသည်။ ပြန်လာစက အများ၏ ကဲ့ရဲ့ သင်္ကြိုဟ်စကားတင်းဆိုသော စကားများကို အမေက နည်းနည်းသော်မျှ ဂရုစိုက်ဖော်မရ၊ ခပ်တည်တည်ဖြင့်ပင် နေထိုင်သွားလာ လှုပ်ရှားသည်ဟု ကျွန်မ ပြန်သိရပါသည်။ ကြာသော် အမေ၏ ဂုဏ်သိက္ခာနှင့် ဣန္ဒြေကို မလေးစားဘဲ မနေနိုင်ကြတော့ကြောင်းလောက်သာ ကျွန်မ သိလာရပါသည်။

အမေ့တွင် အစဉ်တစိုက် အတည်တကျ အလုပ်အကိုင်က မရှိပေ။ ဦးကြီး၏ ယာခင်းထဲတွင်လည်း အမေလုပ်ကိုင်သည်။

www.burmeseclassic.com



စီးသီးကောက်ခြင်း၊ နွမ်းထောင်များ အခြောက်ခံခြင်း နွမ်းစေ့များ ခွဲခြင်း မြေပဲအခွံနှုတ်ခြင်း စသည်တို့ အစုံလုပ်သည်ကို ကျွန်မ မြင်ဖူးပါသည်။

စလေစီးသီးများကို ထုထောင်းကာ သကာရည်လောင်း၍ စီးယိုရောင်းသော အလုပ်သည်သာ အမေ၏ ပင်တိုင်အလုပ် တစ်ခုပါပင်။

အမေလုပ်လေသမျှ ကျွန်မက အစစအရာရာ ကူညီသာ၍ လုပ်ကိုင်ပေးပါသည်။ အမေက အစဉ်သဖြင့်သာ ကျွန်မကို ချစ်ခင်မြတ်နိုးကာ ရိုက်ပုတ်ရန် မဆိုထားနှင့် အဆော်အငေါက်ပင် မခံရဘူးပါ။ ကျွန်မ လိမ္မာလှ ကြောင်း အလိုက်သိတတ်လှကြောင်း ဉာဏ်ပညာထက်မြက်ကာ ပါးလျှာလှကြောင်းများကိုသာ အစဉ်လို ချီးမွမ်းလေ့ ရှိခဲ့ပါသည်။

ခါးမလှသော်လည်း ဝမ်းဝရုံတော့ ရှိပါသည်ဆိုသလို ကျွန်မတို့ သားအမိမှာ တင့်တယ် ထယ်ဝါစွာ မနေရစေကာမူ အမေ၏ လုပ်အားဖြင့် ဝအောင်စားသောက်ကာ ကျွန်မမှာ ကျောင်းနေနိုင်ခွင့် ရှိခဲ့ပါသည်။

အဆင်ပြေကာ သာယာနေသော ကျွန်မတို့ သားအမိ၏ ကံကြမ္မာတွင်းသို့ ဂြိုဟ်ဆိုး ဆင်နှဲသက်လာချေပါပြီ။

ကျွန်မ သူငယ်ချင်းများ ဖြစ်ကြသော အေးလှ၊ မိတုတ် နှင့် သံလုံးတို့အားလုံး မျက်စိနာကြသည်။ မျက်စိနာသော်လည်း



အငြိမ်မနေနိုင်သော အရွယ်မို့ တစာ မပျက်ကြချေ။ ညစ်ပက် သောအေးလှသည် ကျွန်မဝတ်ထားသော ရှင်မီးအင်္ကျီနှင့် သူ့ မျက်ဝတ်ကို ယူသုတ်သည်။ ကျွန်မ ရွံမိသည်။ ကြောက်ရကောင်း မှန်းဖြင့် မသိခဲ့ပါ။ ထုတ်ပစ်ကစား၍ နိုင်သည့်အခါ မျက်စိနာ နေသော သံလုံးကျောပေါ်မှ ခွစီးလိုက်သေးသည်။ စာ အကူ သွားအတူ အရင်အတိုင်း တပူးတွဲတွဲပင်။

ကြောက်စရာကောင်းလှသော မျက်ခမ်းစပ်ရောဂါပိုးသည် အတူနေထိုင်ကာ ထိတွေ့နေသူမှတစ်ဆင့် ကူးစက်ခဲ့ကြောင်း ကျွန်မ မသိရှိခဲ့ပါ။ သည်ရောဂါရှင်များနှင့် မထိတွေ့ရ၊ သန့်ပြန့် စွာ သပ်သပ် နေသင့်သည်ဟုလည်း တစ်မြို့တစ်ရွာလုံးပင် မသိ ရှိကြပါ။ သည်အချိန်က မျက်ခမ်းစပ်ရောဂါပိုး တိုက်ဖျက်ရေး အဖွဲ့များ သည်လည်း ကျွန်မတို့လို ရောဂါအဖြစ်များသော အညာဒေသအနှံ့ ခရီးမဆန့်ဖြစ်ကြသေးပါ။

ကျွန်မ မျက်စိတွင် ပထမ ကျိန်းစပ်သော ဒုက္ခကို ခံရပြီး နေရောင်ခြည်ကို ရဲရဲဝံ့ဝံ့ မကြည့်နိုင်ပါ။ စူးရှလျက် အခံရခက် လှပါသည်။ ကျွန်မ မျက်စိတပြင်လုံး နီနေပြီး မျက်ရည်ပူများ သည်း မကြာခဏ စီးဆင်းကျနေပါ၏။ မျက်ဝတ်များ ကလည်း အစဉ်လို ရှိနေတတ်ကာ နံနက် အိပ်ရာထစ အချိန်များဆိုလျှင် ဖွင့်မရအောင်ပင် ပိတ်ကပ်နေတတ်ပါသည်။

အမေသည် ကျွန်မ မျက်စိနာလာသည်နှင့်ပင် မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်ကာ ပြာနေအောင် ဂရုစိုက်ရာပါသည်။ မျက်ခမ်းစပ်ရောဂါဖြစ်စ ဝေဒနာရှင် ကျွန်မကို မည်သို့ ကာကွယ် ထိန်းသိမ်းကုသသင့်သည်ဆိုသော ပညာရပ်များ အမေ့တွင် မရှိ၍သာ ကျွန်မမှာ ကြာလေဆိုးလေဖြင့် ဘဝတုံးခဲ့ရပါပြီ။

မကျည်းခေါက်များ သွေးလိမ်းသော်လည်း မျက်စိနီက မပျောက်နိုင်ပေ။ နံနက် အိပ်ရာထသည့်အခါများတွင် မျက်ဝတ်တို့က မျက်လုံးအိမ် ပိတ်လောက်အောင် ပြည့်နေတတ်ပါသည်။ မျက်စိများ ကျိန်းစပ်ပြီး မျက်ဝတ်ကိုသာ တစ်နေ့လုံးလို သုတ်နေရသဖြင့်…

"မကျည်းခေါက် သွေးလိမ်းလို့လဲ မပျောက်ပါဘူး။ ခက်တော့တာပဲ သမီးရယ်"

"မခက်ပါဘူး အမေရာ သမီးတို့ဆီမှာ မျက်စိ မနာဘူးတဲ့ လူ မရှိသလောက်ပဲဟာ တော်ကြာ ပျောက်သွားပါ။ စိုးရိမ်မနေပါနဲ့ အမေ"

"မဟုတ်သေးဘူး မိဖြူ၊ ရိုးရိုးမျက်စိနာတာဆို အရေးမကြီးဘူး။ သမီးဟာ မျက်ခမ်းစပ်ရောဂါများလားပဲ။ ဒီရောဂါဟာ အမေတို့ လယ်ကိုင်း စကု ကုန်းဖောင်း တစ်ဝိုက်မှာ ကမ္ဘာနာလို ဖြစ်နေကြတယ်။ လူတိုင်းလောက်နီးနီး ဖြစ်ကြပြီး မျက်စိကွယ်တဲ့အထိ ဒုက္ခပေးတတ်တဲ့ ရောဂါပဲ။ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေငါ့သမီးလေး မျက်ခမ်းစပ်ရောဂါ မဖြစ်ပါစေနဲ့တော်"



အမေမှာ ကျွန်မအတွက် ရတက်မီးကြီးစွာဖြင့် စိတ်ပူပန်ကာနေပါသော်လည်း ကျွန်မမှာ သည်အချိန်က ကြောက်ရွံ့ရကောင်းမှန်းမသိတတ်သေးပါချေ။ ကျွန်မ မျက်စိရောဂါဖြစ်စဂ၊ ဆယ့်သုံးနှစ်သမီးသာ ရှိပါသေးသည်။ ကျွန်မ လေးတန်းအောင်ပြီးသည်နှင့် မျက်စိနာကစလာ၍ ကျောင်းဆက်မတတ် ဖြစ်တော့ပါသည်။

အမေက ကျွန်မကို မြေပဲအခွံချွတ် ဓိ သီးထု စသည့်အလုပ်မျိုးကို ကျွန်မနှင့် မတန်ရာဟု ထင်မြင်ကာ ပညာဖြင့်အသက်မွေးရမည်ဟု အားခဲကာ ကျောင်းထားပါသော်လည်း မျက်စိရောဂါနှိပ်စက်လာ၍ ကျောင်းထွက်ထားရခြင်းကို အမေ့မှာ စိတ်လက်မချမ်းသာခြင်းကြီးစွာ ဖြစ်နေရှာပါသည်။

ကျွန်မမှာ သည်ရောဂါ၏ ကြောက်မက်ဖွယ်ရာ အရေးကို တွေးတောခြင်း မရှိဘဲ ကလေးစိတ်ဖြင့်သာ ခုန်ပျံပြေးလွှားနေဆဲ ဖြစ်ပါသည်။

"သမီး မဖြူ။ အမေ ဆရာမှတ်ကြီးရဲ့ ကွင်းဆေးတောင့်ယူလာခဲ့တယ်။ ဆားရေကြည်လေးနဲ့ သွေးလိမ်းရမယ်တဲ့။ ဆေးလဲ ကြေတယ်။ မျက်သားတက်နေတာတွေလဲ ပျောက်သွားမယ်လို့ ပြောတယ်။ မနက်တစ်ကြိမ် ညအိပ်ရာဝင်ခါနီး တစ်ကြိမ် မှန်မှန်ခပ်ပေးနော်။ သမီး မမေ့နဲ့ ကြားလား"

အမေ့စကားအတိုင်း ကျွန်မ ဂရုတစိုက် သွေးကာ မျက်ကွင်းတစ်ဝိုက် လိမ်းထားပါသည်။ အသားဖြူလွှန်းသော ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မှာ အညိုအညစ်ရောင် ဆေးရည်တို့က မျက်ကွင်းတစ်ဝိုက် လိမ်းကျံထားသဖြင့် ဇီးကွက်နှင့် တူလှပါသည်။

ကျွန်မမှာ အမေလုပ်သမျှ အလုပ်တိုင်း ဝိုင်းကူ လုပ်ကိုင်ပေးလေ့ ရှိပါသည်။ ပျင်းရိစွာ လေးတွဲ့ခိုကပ်၍ မနေတတ်ပါ။ ...မ၏ စကားကိုလည်း အစဉ်နားထောင်ကာ ခိုင်းသမျှ လုပ်...ပါသည်။

အမေ့ စကားကို ကျွန်မ နားမထောင်သည်မှာ တစ်ခုသာ ရှိပါသည်။ စာမဖတ်ရန် တားမြစ်သည်ကိုမူ မနာခံမိပါ။ အမေ ကွယ်လေတိုင်း ရရာစာအုပ်များကို ဖတ်ရှုတတ်လေ့ ရှိပါသည်။ ကျွန်မမှာ ဝတ္ထုဖတ်ရုံသာမဟုတ်ပါဘဲ၊ ဆောင်းပါးကဗျာ အကြောင်းအရာ အတ္ထုပ္ပတ္တိတို့ကအစ မြင်တွေ့သမျှ ငှား၍ ရလေသမျှ စာအုပ်တိုင်းကို လက်လွှတ်မခံခဲ့ပါ။

ဘကြီးကြာအိုင်တို့အိမ်မှ သတင်းစာများကိုလည်း ကျွန်မ တစ်ယောက်သာ အစမှ အဆုံးတိုင် စောင့်ဖတ်မည့်သူ ရှိပါသည်။

“တေဇသုနေမဘဂ္ဂစံနှာဝိဝေ”အစရှိသော ဇာတ်ကြီးဆယ်ဘွဲ့အကြောင်းအရာ အားလုံးကို ဖတ်မှူး၍ စေ့စုံစွာ သိရှိသည်။ အာကာသတွင်း သွားလာရေး ခုံးပျံအစီအစဉ်ကို စတင် ချမှတ်ခဲ့သော ဂျာမန်ပညာရှင် “ဘွန်းဘရောင်း”အကြောင်းအထိ ကျွန်မ သိရှိပါသည်။

သို့သော်လည်း အကြောင်းအရာတိုက်ဆိုင်လာပါမှ ကျွန်မ ထုတ်ဖော်ပြောပြလေ့ ရှိပါသည်။ ကျွန်မသိသလောက် ပြောပြမိပါလျှင် ကျွန်မနှင့် မတန်ရာစွာ ကြွားဝါသည်ဟု အထင်ရောက်မှာ စိုးကြောက်လှပါ၍ ကျွန်မ အသိဉာဏ်တွင်း၌သာ သိမ်းဆည်းထားခဲ့ပါသည်။

ဘည်မျှ စာဖတ်လေ့ရှိပါသော ကျွန်မလက်တွင်းသို့ ဆေးပညာနှင့် ပတ်သက်သော စာအုပ်စာတမ်းများ တစ်စောင်တလေမျှ မရောက်လာခဲ့ပါ။ သတင်းစာများမှတစ်ဆင့် ဆေးပညာဆိုင်ရာ စာအုပ်ကြော်ငြာများ တစ်ခါတစ်ရံ တွေ့ရှိမိပါသော်လည်း ကျွန်မတို့လို ခေါင်လှသော အရပ်ဒေသသို့ ရောက်မလာခဲ့ပါ။

အထူးသဖြင့် မျက်စိရောဂါနှင့် ပတ်သက်သော ကာကွယ်ကုသမှု စာအုပ်များကို သက်ဆိုင်ရာသမားတော်များက ရေးသားဖို့အားလပ် မတိုက်ဆိုင်ကြ၍ပင် ထင်ပါသည်။ ကျမ်းတစ်စောင်စာတစ်အုပ်အနေဖြင့် မဖတ်ခဲ့ဘူး၊ မသိမှတ်ခဲ့ဘူးပါပေ။

သို့ကြောင့်သာ ဤမျက်ခမ်းစပ်ရောဂါ၏ ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးကို ကျွန်မ ကြိုတင် သိမြင်ခွင့်မရခဲ့ပါ၍ မကြောက်တန့်မိခဲ့ပါ။ ကျွန်မ ရောဂါဖြစ်စကာလကလည်း မျက်ခမ်းစပ်ရောဂါကို ယနေ့အချိန်လောက် ကျယ်ပြန့်စွာ ကာကွယ်ကုသပေးသော အဖွဲ့များ မရှိခဲ့သေးပါပေ။

ကျွန်မ၏ မျက်စိမှာ ကွင်းဆေး ကွင်းရုံဖြင့် သမီးသာ ...လို ရှိလိုက်၊ ပြန်ဆိုးလာလိုက်နှင့် လမှ နှစ်သို့ ကူးခဲ့ပါပြီ။

www.burmeseclassic.com



ဤရောဂါကို မင်းဘူးလို နီးစပ်ရာမြို့သို့ သွားကာ သက်ဆိုင်ရာ ဆရာဝန်နှင့် တိုင်ပင်ပြသရကောင်းမှန်း မသိရှိကြပါ။ မျက်စိရောဂါကို မြန်မာဆရာဖြင့် ကုသ၍ ဓာတ်စာရှောင်ဖို့သာ အရေးထားနေကြပါသည်။

ခေါင်းပေါင်းစနီနီဖြင့် ပင်နီတိုက်ပုံ ယောလုံချည်တို့ ဝတ်ဆင်ထားသည့် အသက်ငါးဆယ်ကျော်ရွယ် လူကြီးတစ်ဦးနှင့်အတူ အမေ အိမ်သို့ ပြန်လာကာ–

"နင်းသမီးဟာ ဖြစ်စ ရှိပါသေးတယ် မြခင်ရ၊ ဒီထက်မက တိမ်သလ္လာတွေ ဖုံးနေတာတောင် ငါအလွှားလိုက်ကွာကျအောင် ကုခဲ့တာကပဲ"

"ကျေးဇူးကြီးလှပါတယ် ဆရာရယ်၊ ကျွန်မသမီးလေး မျက်စိသာ ပျောက်ရင် ဆရာ့ကျေးဇူးကို တစ်သက်လုံး ကျွန်ခံဆပ်ပါ့မယ်။ သူ မျက်စိကယ်သွားမှာ စိုးလွန်းလို့ပါ ဆရာရယ်"

"စိတ်ချပါ ငါပျောက်အောင် ကုသမှာပါ။ ကဲ...ကဲ တွင်စုတ်ရအောင်"

တွင်စုတ်သည်ဆိုခြင်းကို ကျွန်မ နားမလည်၍ ငေးကြည့်နေမိစဉ် သူ့သေတ္တာတွင်းမှ ဓားလေးတစ်ချောင်း ထုတ်လိုက်ပါသည်။ ခဲတံချွန်သည့် ဓားလေးလောက်ပင် ရှိမည် ထင်ပါသည်။ ကျွန်မ၏ ခေါင်းကို အုပ်ကိုင်ကာ ဖရောင်းတိုင်မီးဖြင့် ဓားကို တစ်ချက်နှစ်ချက် ရှို့လိုက်ပြီး ကျွန်မ၏ နဖူးထင်ကို ခွဲလိုက်ပါ



တော့သည်။ ထွက်လာသော သွေးစများကို ကျူရိုးပိုက်ကလေးဖြင့် ဖိကပ်ကာ သူ့ပါးစပ်ဖြင့် စုတ်ယူပါတော့သည်။ နဖူးထင်နှစ်ဖက်လုံး ဓားခွဲခံရ၍ စပ်ဖျင်းဖျင်းနှင့် နာကျင်လှပါသော်လည်း ပျောက်ချင်သည့် ဇောကြောင့်သာ ငြိမ်နေရပါတော့သည်။

ဤသို့ တွင်စုတ်ခြင်းမှာ တိမ်သလ္လာမဖြစ်အောင် သွေးပုတ်သွေးညစ်များ မဝင်ရအောင်ဟု ဆိုပါသည်။ မျက်ခမ်းစပ်ရောဂါနှင့် နားထင်ခွဲခြင်းမှာ မင်သို့မျှ မအပ်စပ် မသက်ဆိုင်ကြောင်း ထိုစဉ်က ကျွန်မရော အမေပါ မသိရှိကြပါ။

အချိန်ကြာမြင့်စွာ လက်လှမ်းမှီရာ ဆေးဝါးများဖြင့် ကုသခဲ့ပါသော်လည်း ကျွန်မ၏ မျက်စိမှာ သက်သာလာသည် မရှိဘဲ တစ်နေ့တခြားသာ ဆိုးရွားလာခဲ့ပါသည်။ မျက်ခမ် တစ်ဝိုက်လည်း ယားယံလိုက်သည့် ဖြစ်ခြင်း၊ လှီးဖြတ်ပစ်လိုက်ချင်လောက်အောင်ပင် မခံမရပ်နိုင်အောင် ဖြစ်ရပါပြီ။

မျက်တောင်များမှာလည်း အတွင်းဘက်သို့ စိုက်ဝင်၍ မျက်ရည်များလည်း အစဉ်လို ထွက်ကာ ရူးရူးအောင့်အောင့်ဒဏ်ကို မျက်စိနှစ်ဘက်လုံး ခံစားနေရပါသည်။ ရူးဝင်နေသော မျက်တောင်မွေးများကို နုတ်ပစ်မှ သက်သာရာရပါသည်။ ရူးစိုက်ဝင်နေသမျှ မျက်တောင်မွေးတိုင်းကို နုတ်မရ၍ အခံရခက်ခဲစွာ ဝေဒနာကို ခံစားနေရပြီး မျက်အိမ်များပင် ကျဉ်းလာပါတော့သည်။

သည်အချိန်ကျပါမှ ကျွန်မမှာ စိတ်ဓာတ် အကြီးအကျယ်

www.burmeseclassic.com



ကျကာ မျက်စိကွယ်ရမှာကို ကြောက်ရွံ့လိုက်သည့် ဖြစ်ခြင်းများ။

"မျက်စိသာကွယ်ရင် ငါ့ဘဝတော့ ဆုံးပြီ ရှုံးပြီ။ ဒီဘဝမျိုး မရောက်ရအောင် တပြည့်တော်မကို ကယ်တော်မူပါဘုရား"

ကျွန်မ ဆုတောင်းကား မပြည့်ခဲ့ပါ။

ကျွန်မမှာ နေကို ကောင်းစွာ မကြည့်နိုင်ရာက အလင်းရောင်ကိုပင် မကြည့်နိုင်တော့ပါ။ မျက်စိများ စူးလွန်းကာ အချိန်မလပ် မျက်တောင်ကလည်း ခပ်နေရပါသည်။ မျက်တောင်မွေးစိုက်သည့်ဒဏ် အလင်းရောင်ဒဏ်တို့ကြောင့် မျက်ရည်ပူများ အလျှင်မပြတ် ကျဆင်းနေသည်နှင့် အတူ ပူဆွေးလိုက်လှဲလွန်းရပါသော အသည်းနှလုံးမှလာသည့် မျက်ရည်ပူတို့ပါ ပေါင်းစပ်ကာ စီးဆင်းနေပါပြီ။

ထိုင်ကြည့်နေချင်လောက်အောင်ပင် လှပပါပေသည်ဟု ချီးမွမ်းခြင်းခံရသော ကျွန်မ၏အလှသွေးကြွယ်ဆုံး အရွယ်ဖြစ်သည့် တစ်ဆယ့်ခြောက်နှစ်တွင် ကျွန်မ ဘဝမှာ လုံးလုံးလျားလျား မှောင်အတိကျခဲ့ရပါပြီတည်း။

❁ ❁ ❁

"ဒေါ်လေး ဒေါ်လေး"

"အိမ်ရှေ့က ဘယ်သူပါလဲရှင်"

"ဒေါ်လေး ဒေါ်မြခင်နဲ့ တွေ့ချင်လို့ပါ"

"အမေ ဈေးသွားရောင်းပါတယ်။ ထိုင်ပါ အစ်ကို၊ အမေပြန်လာရင် မဖြူ ဘာပြောလိုက်ရမလဲ ဟင်"

ကြည်လွင် နုပျိုသောအသံကြောင့် အစ်ကိုဟု ခေါ်ကာ ဖျာတစ်ချပ်ကို ဆွဲ၍ ကျွန်မ စမ်းကာ ခင်းပေးလိုက်ပါသည်။ ဆည့်သည်ထံမှ ဘာစကားမှ ပြန်သံမကြားရ၍ သူ့အသံလာရာဘက်သို့ ကျွန်မ မှန်း၍ လှမ်းမျှော်ကြည့်နေမိရာ...

"အို...မျက်စိမမြင်ပဲကိုး၊ ဖြစ်မှဖြစ်ရလေကွယ်၊ ငယ်ငယ်လေးရှိသေးတာပဲ။ ညီမလေးက ဒေါ်လေးနဲ့ ဘာတော်သလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"သူ့သမီးပါ"

"သမီး"

"ဟုတ်ပါတယ် အစ်ကို"

"အင်း...သြော် ဟုတ်ပြီ ဟုတ်ပြီ။ အဘပြောလိုက်တာ မေ့သွားတယ်။ ဒေါ်လေးနဲ့ အစ်ကိုနဲ့ ကွဲသွားတာ ကြာလှပြီ၊ အစ်ကိုကလေးဘဝထဲကပဲ"

"သြော်...သြော်... အစ်ကိုနဲ့ အမျိုးလားဟင်"

"အင်း...အမျိုးဆိုပါတော့ အရီးက အစ်ကို့ကို ငယ်ငယ်တုန်းက သိပ်ချစ်တာ။ ကြည့်စမ်းကွယ် ဒီလောက်လှတဲ့ သမီးကလေးတစ်ယောက် ဒေါ်လေးမှာရှိတာ ဂုဏ်ယူစရာကောင်းလိုက်တာ"

"ဂုဏ်ယူဖို့ဝေးလို့ မဖြူအတွက် အမေ့မှာ တာဝန်တွေ ပိုနေရှာပါတယ်ရှင်။ မဖြူလို မျက်မမြင် ဒုက္ခိတဘဝမှာ အလှဆိုတာ အဓိပ္ပာယ်မရှိပါဘူး အစ်ကိုရယ်"

"အစ်ကို့စကားမှားသွားရင် ခွင့်လွှတ်ပါ မိန်းကလေးရယ်။ မြင်မြင်ချင်း အစ်ကို့နှစ်မရင်းလေးလို ရင်ထဲမှာ သနားကြင်နာမိပါသယ် မဖြူ။ အစ်ကိုဟာ ဒီလယ်ကိုင်းမြို့ကို အပြီးအပိုင် ပြန်လာခဲ့တာပါ။ အစစအရာရာမှာ မဖြူကို ကူညီဖို့ ရောက်လာတဲ့ လူတစ်ယောက်လို့သာ သတ်မှတ်ပါလေ။ ဒီစကားဟာ အစ်ကို ပြောတာ စောချင်စောနေမယ်။ ဒါပေမယ့် အချိန်ကြာလေ မဖြူ



ပိုသိလာလေနေမှာပါကွယ်။ အစ်ကိုဟာ ပရိယာယ် မသုံးတတ်ပါဘူး မဖြူ"

"အစ်ကို့စကားကြားရတာ မဖြူ အားတက်လှပါတယ်။ ကျေးဇူးတင်ရပါတယ် အစ်ကို"

ရုပ်ရည်ကို မမြင်တွေ့ရသော်လည်း သူ့အသံတွင် ကရုဏာတရားနှင့် စေတနာထားသည့်အသံများ နှောနေကြောင်းကိုမူ ကျွန်မ သိရှိရပါသည်။ ဘာပဲဖြစ်ဖြစ် သူရောက်လာခြင်းသည် ကျွန်မအတွက် တအားတက်စရာပါဟု တွေးထင်မျှော်မှန်းသည် ထက်ပင် ပိုမိုလာခဲ့ကြောင်း အချိန်က ပြခဲ့ပါပြီ။

အစ်ကိုသည် ငယ်စဉ်ကပင် အမေ၏ ရင်ခွင်တွင် ကြီးပြင်းလာခဲ့ရပြီး ကလေးများကို ချစ်ခင်ယုယတတ်သော အမေမှာ အစ်ကို့အား သားရင်းချာလေးမမာ ချစ်ခင် မြတ်နိုးခဲ့ရကြောင်း အမေက ပြောပြပါသည်။

အမေမှာ ကျွန်မတို့ ယခုနေသော ဒေါ်သဂြိုးတပ် မောင်နှမချင်း မသင့်မတင့်ဖြစ်ပွားတော့ သူ့ဒဏ်မခံနိုင်ဘူး။ အမေလဲ ထွက်သွားခဲ့ရာမှ အေးတော့ သူ့ဝိုင်းထဲမှာနေရင်း သူနဲ့စကားပြောမတဲ့ မွေးပြီးမှ ဘကြီးဆိုးပြီး အမေ့သူငယ်ချင်းနေတဲ့ တိုးကြောင်လေးကို ကာ အနှသွားပြီး ကျရာအလုပ် လုပ်နေခဲ့တာ"

"ဒါနဲ့ ခုန အစ်ကို့အမေအကြောင်း ပြောပါဦး"

"သမီး ဘယ်လိုမှ စိတ်မကောင်း မဖြစ်ရဲနော်။ သမီး

www.burmeseclassic.com



ကျွန်မမှာ ဝမ်းသာစွာဖြင့် အမေပြန်အလာတွင် ပြောပြသည့်အခါ အမေက အစ်ကိုအကြောင်းစုံကို ကျွန်မအား ပြန်ပြောပြပါသည်။

"ဒီက ဦးကြာအိုင်မှာ သားသမီးတစ်ယောက်မှ မထွန်းကားခဲ့ဘူး။ သူ့မိန်းမ မပန်းမြိုင်ရဲ့ ညီမ မပန်းလှိုင်ဆိုတာဟာ အဲဒီမောင်အေးလေး ကိုယ်ဝန်ရှိတုန်း သူ့ယောကျ်ား ပိုးထိလို့ ဆုံးရှာတယ်။ ဒါနဲ့ အစ်မအိမ်မှာ လာနေတုန်း သူ့ကို မွေးတော့ ဖတဆိုးလေးမို့ သူ့ကို အားလုံးက ဝိုင်းပြီး ချစ်လိုက်ကြတာ တုန်လို့ပေါ့။ အဲဒီတုန်းက အမေရဲ့ မိဘလည်း ရှိသေးတယ်။ မောင်အေးကို အမေတို့ အိမ်သားတွေကလည်း သိပ်ချစ်ကြတာပဲ။ အထူးသဖြင့်တော့ အမေနဲ့ အတူနေတာက များတယ်။ သူ့အမေကလွဲရင် အမေ့ကို သူဟာအချစ်ဆုံး"

"အဲဒီအစ်ကိုရဲ့ အမေရော ဟင် အမေ"

"နေဦးလေ အမေပြောပြမယ်။ ဒီလိုနဲ့ မောင်အေး ... အမပွာ... မရှိပါ... ... ပြီး သူ ခုနစ်တန်းလား ရှစ်တန်းလား

"အစ်ကိုစကားမှားသွားရင ... ကယ်။ သူဆယ်တန်းနှစ်မှာ မြင်မြင်ချင်း အစ်ကို့နှစ်မရင်းလေးလို ရင်ဖိကြာအိုင်နဲ့ မပန်းလှိုင် မိပါ...ယ် မဖြူ။ အစ်ကိုဟာ ဒီလယ်ကိုင်းမြို့ကို ဂိုက်ပုန်းဖြစ်နေ ပြန်လာခဲ့တာပါ။ အစစအရာရာမှာ မဖြူကို ကူညီဖို့ ရှေ့အေးဟာ တဲ့ လူတစ်ယောက်လို့သာ သတ်မှတ်ပါလေ။ ဒီစကားဟာ အဂန်းပြီး ပြောတာ စောချင်စောနေမယ်။ ဒါပေမယ့် အချိန်ကြာလေ မဖြူခါ



လှလိုက်ခေါ်ပေမယ့် အတွေ့ကိုမခံဘဲ ရှောင်နေတော့တာပဲကွယ်"

"ဟင် သူ့အမေကတော့ စိတ်ကောင်းမှာ မဟုတ်ဘူးနော် အမေ"

"အေးပေါ့၊ မပန်းလှိုင် ပိန်ခြောက်နေတာ သမီးအမြင်ပဲ"

"သနားပါတယ် ဆက်ပြောပါဦး အမေ"

"ဒီတုန်းက မောင်အေးဟာ ဆယ့်ခုနှစ်နှစ်၊ ဆယ်တန်းနှစ် အရွယ်ဆိုတော့ မရှက်သင့်တာရှက်၊ ရှက်သင့်တာ မရှက်ဆိုတဲ့ အရွယ်မျိုးကိုး။ သူ့သူငယ်ချင်းတွေက သူ့အမေအကြောင်း ပြော မှာကို သူရင်မဆိုင်ရဲဘူး။ ဒါလဲပါတာပေါ့။ ဒါနဲ့ပဲ မပန်းလှိုင်တို့ လက်လျှော့ပြီး ပြန်လာကြရတာပေါ့။ နောက်တစ်နှစ်မှာ သူ ဆယ်တန်းအောင်လို့ ကျောင်းဆက်နေဖို့ ငွေတော့ ဒီက မှန်မှန်ပို့ပါတယ်။ အစ်ကိုကြာအိုင်ဟာ သူ့ကိုတော့ တကယ်ပဲ နှစ်နှစ်ကာကာ ချစ်ရှာပါတယ်။ သူ့လက်ပေါ်မှာကြီးတဲ့ ကလေးပဲကိုး။ ဒါပေမယ့် အစ်ကိုကြာအိုင်က ဒေါသကြီးတတ် စိတ်တိုတတ်တယ်။ အပြောတိုလွန်းတော့ သူ့ဒဏ်မခံနိုင်ဘူး။ အမေလဲ အမေ့မိဘတွေ ဆုံးတော့ သူ့ဝိုင်းထဲမှာနေရင်း သူနဲ့စကားပြောမတဲ့လို့ စိတ်ဆိုးပြီး အမေ့သူငယ်ချင်းနေတဲ့ တိုးကြောင်လေးကို ထွက်သွားပြီး ကျရာအလုပ် လုပ်နေခဲ့တာ"

"ဒါနဲ့ ခုန အစ်ကို့အမေအကြောင်း ပြောပါဦး"

"သမီး ဘယ်လိုမှ စိတ်မကောင်း မဖြစ်နဲ့နော်။ သမီး

www.burmeseclassic.com

www.burmeseclassic.com



ငိုရင် ဝေဒနာ တိုးမှာစိုးလို့ အမေတို့ အုပ်ထားတာ။ မပန်းလှိုင်ဆုံးရှာပြီ”

“ဟင်…ဟုတ်လား၊ ဘယ်တုန်းကလဲ၊ ဖြစ်မှဖြစ်ရလေ အမေရယ်”

“လွန်ခဲ့တဲ့ ဆယ့်ငါးရက်လောက်ကပဲ။ မောင်အေးကို အကြောင်းကြားပေမယ့် လွဲနေလို့ လူလိုက်ခေါ်ရတယ်။ အစ်ကိုကြာအိုင်ကလည်း စာပေးလိုက်တယ်။ အကြောင်းစုံလည်း သိရလို့ သူ့အမေနေစေချင်တဲ့ နေရာမှာ နေပါတော့မယ်ဆိုပြီး ခုမှ အပြီးပြန်လာတာတဲ့”

“အို…သနားပါတယ်နော်၊ ဒေါ်ပန်းလှိုင်မှာ သားရှိတယ်ဆိုတာ သမီး ခုမှ သိရတော့တယ်။ သူ့သားကလဲ အမေသေမှ လာနေတော့ ဘာလုပ်တော့မှာလဲ၊ မိုက်လိုက်တာနော်”

“မောင်အေးဟာ အင်မတန်မှ လိမ်မာရေးခြားရှိတဲ့ သူငယ်လေးပဲ သမီး။ အမေနဲ့လဲ ရန်ကုန်မှာ တခါပဲ တွေ့လိုက်ရတယ်။ သားသမီးဝတ္တရားငါးပါးထဲမှာ မိဘသေလွန်ပြီးတဲ့နောက် အမျိုးအနွယ်ကို စောင့်ရှောက်ဖို့ အမှုအတန်းဝေဖို့ဆိုတဲ့ တာဝန်တွေကျန်သေးတယ်မဟုတ်လား။ သူလဲ ခေတ်ပညာတတ်ပဲ။ ဒါတွေနားလည်မှာပေါ့။ ရောက်ရောက်ချင်း သူမှားပါတယ် ဆိုပြီးငိုလိုက်တာလေ”

“သူက ဘာအောင်ခဲ့တာလဲ အမေ”



“ဘွဲ့တော့ မရခဲ့ဘူးတဲ့။ ဒုတိယနှစ်ဆိုလားမှာ ကျလို့တဲ့။ ခုတော့ ဒီမှာပဲ ရရာအလုပ် လုပ်တော့မယ်ဆိုပဲ။ ကျောင်းဆရာတော့ ရမှာပေါ့။ ဒီမှာ ဆရာတွေ သိပ်လိုနေတာပဲ”

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

အမေပြောသည့်အတိုင်းပင် တစ်လလောက်ကြာသည့်အခါ မူလတန်းဆရာအဖြစ် အစ်ကို ဝင်ရောက်လုပ်ကိုင်နေပေသည်။ ကျွန်မတို့အိမ်သို့လည်း နေ့စဉ်လိုပင် ကူးလာကာ ကျွန်မနှင့် အချိန်ကြာမြင့်စွာ စကားပြောနေလေ့ ရှိပါသည်။

မှောင်မဲလွန်းသော ကျွန်မ၏ အထီးကျန်ဘဝကို ဖေးမ ခေါ်တွဲသော အဖော်သဟဲမှာ အစ်ကိုတစ်ယောက်တည်းသာပင်။ အစ်ကို၏ အမည်ရင်းမှာ"ကိုအေးမင်း" ဖြစ်သော်လည်း အများက မောင်အေးဟုသာခေါ်ဆိုကြပါသည်။ ယခုအခါ အမေက မောင်အေး မှ သားဟူ၍ လည်းကောင်း၊ အစ်ကိုက ဒေါ်လေးမှ အမေဟူ၍ လည်းကောင်း ပြောင်း၍ ခေါ်ဝေါ်နေကြပါပြီ။

"ဟေး ညီမလေး ဘာတွေလုပ်နေလဲ"

"ဟော အစ်ကို ဒီနေ့ ကျောင်းပိတ်လို့ မဖြူမျှော်နေတာ၊ မန်ကျကာ ဘယ်သွားနေလဲ"



"အဖိတ်နေ့မို့ ဆွမ်းဆန်ခံလိုက်သွားတာလေ။ အဝတ်တွေ လျှော်နေတာ မနည်းပါလား။ ဖယ်ဖယ် အစ်ကို ဆက်လျှော် လိုက်မယ်"

"အမယ်လေး နေပါစေ အစ်ကိုရယ်၊ မဖြူလုပ်နေကျပါ။ အစ်ကို ထမင်းစားပြီးခဲ့ပြီလား"

"ဟင့်အင်း ညီမလေးရော စားပြီးပြီလား။ အမေရော"

"အမေတော့ စားပြီးလို့ ဇီးယိုရောင်း ထွက်သွားပြီ။ မဖြူတော့ ဒါလျှော်ပြီးမှ စားတော့မလို့"

"ဟုတ်လား အစ်ကိုလဲ မစားရသေးဘူး ဘာချက်လဲ"

"ပဲဟင်းပဲ အစ်ကို"

အစ်ကို့ထံမှ တော်တော်နှင့် စကားပြန်သံ မကြားရပေ။ အစ်ကိုမေးတိုင်း ပဲဟင်းချက်သည်နှင့်ချည်း ကြုံကြိုက်နေ၍ အစ်ကို စိတ်ကောင်းဟန်မတူ။ ကျွန်မ အဝတ်များကို ရေဆေးပြီး ဖွတ် လျှော်ခြင်းကိစ္စ ပြီးစီးကာနီးတွင်...

"ရေချိုးဦးမှာ မဟုတ်လား မဖြူ။ အစ်ကိုလဲ ရေပြန်ချိုး ဦးမယ်။ ပြီးတော့ ထမင်းဟင်း ယူလာခဲ့မယ်။ အစ်ကိုနဲ့ တူတူ စားရအောင် စောင့်နေနော်"

"ပဲဟင်းနဲ့ စားနိုင်ရင်တော့ လာခဲ့လေ။ အစ်ကို့ဆီက ဟင်းတွေ မဖြူ အားလုံး စားပစ်မှာနော်"

အစ်ကိုက ရယ်မောရင်း ကျွန်မ ခေါင်းကို တစ်ချက်ပုတ်

www.burmeseclassic.com

www.burmeseclassic.com



ကာ ထွက်ခွာသွားပါသည်။ အမေ ရှက်ထားသောရေမို့ ကျွန်မမှာ သန့်စင်ရုံသာ ရေကို ချွေတာ၍ ချိုးရပါသည်။ ကျွန်မတို့ ရပ်ရွာတွင် ရေရှားခြင်းဒုက္ခမှာ မသေးလှပါပေ။ ငွေကြေး တတ်နိုင်သူများအဖို့ ပူပင်စရာ မလိုပါသော်လည်း ကျွန်မတို့လို ဝယ်၍ မသုံးနိုင်သူများအဖို့ အမေ ခတ်သည့် ရေကို သုံးရသည်မှာ အမေ့ကို အားနာလှ သနားလှပါပြီ။

အိမ်တွင် ကိစ္စများကိုမူ တတ်နိုင်သမျှ ကျွန်မ ကြိုးစားပမ်းစားလုပ်ကိုင်ပါသည်။ ကျွန်မ အလိုက်သိတတ်စွာဖြင့် စမ်းစမ်းစမ်းစမ်းနှင့် လုပ်ကိုင်သည်ကို အမေက သနားလိုက်၊ ကျွန်မအတွက် ဒုက္ခတွေ ပင်လယ်ဝေနေသော အမေ့ကို ကျွန်မက သနားလိုက်နှင့် ကျွန်မတို့ သားအမိ၏ ကရုဏာရေကြောင်းမှာ စုန်ကာဆန်ကာ စီးဆင်း၍သာ နေပါတော့သည်။

ထမင်းစားပွဲလေးခင်းပြီး ပဲဟင်း၊ ငါးပိရေဖျော်နှင့် သရက်ရွက်နု တို့စရာကလေးများ ချပြီးကာမှ အစ်ကို ရောက်လာကာ...

"ညီမလေးက အဆင်သင့်တောင် ဖြစ်နေပြီပဲ။ ဒီမှာ ငါးဟင်း၊ ဗူးသီးဟင်းနဲ့ ငါးပိကျော်ယူလာတယ်။ လာ စားကြမယ် ညီမလေး။ ထမင်းလာချက်ပေးတဲ့ အဒေါ်ကြီးက ဟင်းချက်ကောင်းသား မဖြူရဲ့"

"မဖြူလဲ ဟင်းကောင်းကောင်း ချက်တတ်ပါတယ် အစ်ကိုရယ်။ အမေ့ရွာစာလေးနဲ့ဆိုတော့ ငွေကြေးကလဲမရှိ၊ မီးထင်းလဲ မကိုင်ဝံ့တဲ့ ဘဝမို့သာ ဒီတိုင်းနေရတာပါ"

"ကဲ...ကဲ...စားခါနီး စိတ်မကောင်းစရာတွေ ဝေ့ ... ကျော့ ဒီမှာ ငါးဟင်းလေးစား အစ်ကို အရိုးထွင်ထားပေးတယ်"

"နေပါစေအစ်ကို၊ ဟိုအိမ်ကဟင်းတွေ ဒီသယ်လာကျွေးလို့ ဘကြီးကြာအိုင် မကျေနပ်ဘဲ နေပါဦးမယ်။ မဖြူ စားနိုင်ပါတယ်။ ပဲဟင်းနဲ့ စားနေကျပါ အစ်ကိုရာ"

"အစ်ကို့လခထဲက ထမင်းလခတစ်ဝက် ပေးထားတာပဲ။ ... ယူလာတာလဲ အစ်ကို့ ဝေစုထက် ပိုမယူပါဘူး။ အစ်ကို့ထဲက ညီမလေးကို ကျွေးတာပါ။ စားစမ်း အစ်ကို စိတ်မကောင်းအောင်မလုပ်နဲ့"

အစ်ကိုနှင့်အတူ စားရသော နံနက်စာမှာ မြိန်ယှက်ဖွယ် ... ကောင်းလှပါပေသည်။

ကျွန်မ မျက်စိကွယ်ခဲ့သော ငါးနှစ်လုံးလုံး ပကတိ အမှောင်ဖုံးနေရာမှ အစ်ကိုရောက်လာခြင်းအတွက် အလင်းရောင် ... တော်ခဲ့ရပါပြီ။ စာဖတ်ဝါသနာပါလွန်းသော ကျွန်မအဖို့ စာပေ ... ဝါသနာရှင် အစ်ကိုက ကဗျာမှစ၍ ဖတ်ပြလေ့ရှိပါသည်။ ယနေ့ ... ခေတ်သည် ကြီး စာရေးဆရာများ၏ ဝတ္ထုတော်တော်များများကို ... သည်။ ကျွန်မကိုယ်တိုင် ဖတ်ရဘိသည်သို့ပင် စုံစုံလင်လင် သိ ... နိုင်ခဲ့ပါသည်။ မျက်မှောက်ခေတ်၏ နိုင်ငံရေးအခြေနေမှ ... ကျွန်မတို့အရပ်၏ ကင်းလှည့်ချုပ်အဆုံး အကုန်လုံး ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



က်ခွာသည်။

ရဲ့အစ်ကိုက သူများအကြောင်းတွေချည်း မဖြူကို ပြောပြနေ၊ အစ်ကို့အကြောင်းလေး ဘာလေးများ ပြောပြစမ်းပါဦး"

"ဘာပြောရမှာလဲ အစ်ကိုက လူ့ဘဝမှာ ဘာတစ်ခုမှ အရေးပါ အရာရောက်တဲ့ လူမှမဟုတ်ပဲ"

"လူတစ်ယောက်ဟာ လောကကြီးအတွက် အရေးပါချင်မှ ပါမယ် အရာရောက်ချင်မှ ရောက်မယ်။ ဒါပေမယ့် သူ့ဇာတ်ကြောင်းနဲ့သူတော့ ရှိနေကြတာချည်းပဲပေါ့ အစ်ကိုရဲ့။ ဥပမာ အစ်ကို တက္ကသိုလ်မှာ နေတုန်းက အစ်ကိုနဲ့ တွဲတဲ့မိန်းကလေး အကြောင်းတို့ အစ်ကိုစာရေးဆရာ ဖြစ်နိုင်အောင် ကြိုးစားခဲ့တဲ့ အကြောင်းတို့ပေါ့ အစ်ကိုရာ။ သူများအကြောင်းထက် အစ်ကို့အကြောင်းကို မဖြူက ပိုပြီး စိတ်ဝင်စားတာပေါ့ သိချင်တာပေါ့"

"တကယ်လား"

"တကယ်ပေါ့"

"စာပေနယ်အကြောင်း အရင်ပြောမယ်နော်၊ နောက်မှ အစ်ကို့ရည်းစားအကြောင်း ပြောမယ် ဟုတ်လား"

"အင်း...ကြိုက်တာပြော"

"စာပေအနုပညာသမားချင်း မရိုင်းပင်းတာကို အစ်ကို ခံပြင်းဆုံးပဲ ညီမလေး၊ စီးပွားရေးလိုင်းမှာလဲ လူတစ်ယောက် ပြုစုလို့ အောင်မြင်လာတဲ့လိုင်းဆိုရင် တပြုံကြီး ဝင်တိုးလာကြပြီ ကိုယ်ပိုင်တည်ထွင်ဖို့တော့ စိတ်မကူးကြဘူး။ အဲ...ကိုယ် ဝင်လမ်းရှိရင်ရှိ မရှိရင် အချင်းချင်းချတော့တာပဲ"

"အားလုံး ဒီလိုပဲလား အစ်ကို"

"အားလုံးတော့ ဘယ်ဟုတ်မလဲ၊ ဘယ်အလုပ်မျိုးမှာပဲ ဖြစ်ဖြစ် ဘယ်နေရာမှာပဲဖြစ်ဖြစ် စိတ်ကောင်းရှိသူတွေ ရှိသလို၊ စိတ်ထားယုတ်ညံ့တဲ့လူတွေလဲ ရှိတာပေါ့"

"အသက်မွေးဝမ်းကျောင်းပညာချင်းတူတဲ့ အုပ်စုတိုင်းမှာ ဒီလိုဆန့်ကျင်ဘက်တွေ ရှိကြစမြဲ နေမှာပါ။ ကဲ...အစ်ကို့ဝတ္ထုတွေအကြောင်း ပြောပါဦး"

"အစ်ကိုဟာ ဝတ္ထုတိုလေး နည်းနည်းပါးပါးပဲ ရေးဖူးပါတယ်။ တချို့ဝတ္ထုတွေတော့ တိုက်တွေပို့ရင် ပယ်တယ်၊ ဝတ္ထုရှည်တွေဆိုရင် ထုတ်ဝေသူတွေက မထုတ်ရဲကြဘူး။ အဲဒါတွေ အားလုံးလိုလိုဟာ စာဖတ်ပရိသတ် မကြိုက်မှာ စိုးရိမ်တဲ့ကွယ် ညီမလေးရဲ့"

"အင်း...ဟုတ်မှာပေါ့"

"ဘယ်ကဟုတ်ရမှာလဲ၊ အနုပညာသည်ဆိုတာ လူထုကြိုက်အောင် ပြုစုဖို့မလိုပါဘူး ကိုယ်ကြိုက်တာကို ပြုစုရမယ်။ အနုပညာသည်လောက် လွတ်လပ်ခွင့်ကြိုက်တဲ့ အလုပ်သမားမျိုး ဒီကမ္ဘာမှာ မရှိဘူး။ ဒါကြောင့် အနုပညာသည်တစ်ယောက်ဟာ သူကြိုက်တာကို လွတ်လွတ်လပ်လပ် ပြုစုပြီး သူ့ဦးနှောက်အတွေး

www.burmeseclassic.com

www.burmeseclassic.com



သူ့အသည်းနှလုံးက-ခံစားချက်တွေကို ယိုစီးလာစေရမယ်ပေါ့။ သူ့ခံစားချက်တွေကို တိတိလင်းလင်း တင်ပြနိုင်ရမယ်။ ဒါဟာ သူပြုစုတဲ့ အနုပညာပဲ ညီမလေး။ အင်း...ဆက်ပြောပါဦး အစ်ကို–

အဲ...သူပြုစုပြီးသားကို စာဖတ်ပရိသတ်က နှစ်ခြိုက်လက်ခံလာရင် သူ့ အောင်မြင်မှုပဲ။ လူထုကြိုက်အောင်ရေးဖို့–မလိုပါဘူးကွယ်။ သူကြိုက်တာ သူရေးပါစေ။ ဒါကို လူထုက လက်ခံလာဖို့ပဲလိုပါတယ်။ အစ်ကိုရဲ့ ခံစားချက်တွေကို တင်ပြခွင့်မပေးတဲ့ ထုတ်ဝေသူတွေ စာနယ်ဇင်းပိုင်ရှင်ကြီးတွေကို စိတ်နာတာလည်း တစ်ကြောင်း အပါအဝင်နဲ့ အစ်ကို ဒီမြို့ကို ပြန်လာခဲ့တာပါ"

"ကဲပါ အစ်ကို့အနုပညာ အဘိဓမ္မာကြီး တော်ပါတော့၊ အစ်ကို့ရည်းစားအကြောင်းပြော"

"အစ်ကို့ ရည်းစားက ချိုတဲ့"

"အတော် ချိုသလားအစ်ကို သကြားနဲ့ ဘယ်ဟာက ပိုချိုသလဲ"

"အေး ချိုဆိုတဲ့အတိုင်း မချိုဘဲ ချဉ်နေလို့ ခက်ရတာပေါ့"

"ဒါဖြင့် ချိုချဉ်ပေါ့"

"ကြည့်စမ်း နောက်နေပြန်ပြီ၊ အစ်ကို တက္ကသိုလ်ရောက်ရောက်ချင်း သူ့ကို တွေ့ပြီးထဲက စွဲခဲ့တာပဲ မဖြူ၊ ဒုတိယနှစ်ရောက်တော့ အစ်ကို့ဘဝထဲ သူဝင်လာပါပြီဆိုလို့ ဝမ်းသာလိုက်



ရတာ ဆွေ့ဆွေ့ကို ခုန်လို့ပေါ့။ ရုပ်ကလည်းလှ ငွေကြေးကလည်း ပြည့်စုံတော့ ကိုယ်ပိုင်ကားမောင်းပြီး ကျောင်းတက်နိုင်တယ်။ သူငယ်ချင်းတွေကတော့ ပြောသား မင်း ရူးလိမ့်မယ်တဲ့။ ဒီစကားတွေ ဘယ်နားဝင်လိမ့်မလဲ။ တက္ကသိုလ်ရဲ့ အကဲဆုံး အတွဲတွေထဲမှာ အစ်ကိုတို့ အပါအဝင်ပေါ့။ ဒီလိုနေရင်း ဆေးတက္ကသိုလ် (၁)က ထွန်းမြတ်ဆိုတာကိုလည်း အစ်ကိုဆိုပြီး တွဲ၊ သစ်တောက အသာဆိုတဲ့ကောင်လည်း အိမ်နီးချင်းဆိုပြီး ရုပ်ရှင်ကြည့်နဲ့။ ဒါတွေကို အစ်ကိုမကြိုက်လို့ သူ့ကိုပြောတော့ တောသားပီပီ အမြင်ကျဉ်းလွန်းသူနဲ့ဖြင့် လက်တွဲဖို့ ခက်ခဲလွန်းလို့ ကြုံကြတဲ့ ဒီလမ်းဆုံကပဲ ခွဲကြပါစို့ ဆိုပြီး တခါထဲ လှည့်မကြည့်တော့ဘူး။

"ဟယ်"

"ချစ်တော့လည်း အလွယ်လေး၊ မုန်းချင်ပြန်တော့ ထာလေးမို့ အတွေးရခက်လှတဲ့ မြို့ကြီးသူတွေမေတ္တာကို ကြောက်လွန်းလို့ အစ်ကို တက္ကသိုလ်နယ်မြေက ရှက်ရှက်နဲ့ အပြီးထွက်ခဲ့တာပဲ"

"အစ်ကိုရယ် မိန်းကလေးကတောင် ပြောင်းရဲသေးတာ အစ်ကိုက ယောကျ်ားပဲ နောက်တစ်ယောက်ထားပေါ့"

"အစ်ကိုတို့လို မြန်မာစာအဓိကထားတဲ့ ဝိဇ္ဇာသမားတွေကြားလို့ ထင်တဲ့ ခေတ်ကြီးခင်ဗျ။ ပြီးတော့ အစ်ကို့ရုပ်က ကြည့်ပဲ အသားကမဲမဲ သွားခေါခေါ မျက်လုံးမှေးမှေး နဖူး

www.burmeseclassic.com

www.burmeseclassic.com



ပြောင်ပြောင် နှာခေါင်းပြား"

"အိုး...ပေါက်ကရတွေ လျှောက်ပြောနေတာပါ ယုံပါဘူး၊ လာလာ မဖြူ စမ်းကြည့်မယ် အစ်ကို မဖြူနားတို့"

အစ်ကို့ပခုံးပေါ် လက်ရောက်သွားရာက တစ်ဆင့်ပြီး တစ်ဆင့် လည်တိုင်မှသည် မျက်နှာဆီသို့ ကျွန်မ ဖြည်းဖြည်းချင်း စမ်းကြည့်မိပါသည်။ အစ်ကိုပြောသလို သွားမခေါသည်ပြင် ပိပြားထူထဲသော နှုတ်ခမ်းကို အရင်စမ်းမိသည်။

ပြီးတော့ ပေါ်လွင်လိုက်သည့် နှာတံ၊ ကျယ်ပြန့်ညီညာသည် နဖူးပြင်၊ သည်နောက်တော့ သူ့ပါးပြင်ပေါ်သို့ လက်ဝါးနှစ်ဘက် ရောက်သွားမိသည်နှင့် အစ်ကိုက ကျွန်မလက်ခုံနှစ်ဘက်ကို ကပ်ကိုင်ရင်း သူ့ပါးပြင်နှင့် ကြာမြင့်စွာအပ်ထားပါသည်။ နီးကပ်လွန်းသော အနေအထားကြောင့် အသက်ရှူသံများကိုပါ အတိုင်းသားလို ကြားနေရပါသည်။ သူ့ပါးမှ လက်ခွာလိုက်သော်လည်း ကျွန်မလက်များကိုမူ တင်းကြပ်စွာ ဆုပ်ကိုင်ထားဆဲပင်။ ရှိန်းပူနွေးသော အတွေ့ကြောင့် ရင်တလှပ်လှပ်တုန်ခါလာ၍ လက်ကို ရုန်းပါသော်လည်း လွတ်မထွက်သည်မို့...

"လွှတ်...လွှတ်ပါ...အစ်ကို"

ကျွန်မ၏ တုန်ယင်သော မညီညာသည့် အသံလှိုင်းကြော အစ်ကို အသိဝင်လာပြီ ထင်သည်။ ကျွန်မ လက်ကို ဖြည်းညှင်းစွာ လွှတ်ဖယ်လိုက်ပါပြီ။ သည်အချိန်တွင် အစ်ကိုသည် ကျွန်မ



အား ဧေးစိုက်ခါ အသေအချာကြည့်နေမည့်အထင်နှင့် မမြင်ရပါဘဲ ကျွန်မ ခေါင်းငုံ့ထားမိပါသည်။ ခဏအကြာတွင်မှ အစ်ကိုက—

"ဟော...အမေတောင် ဈေးကပြန်လာပြီ ညီမလေး၊ အစ်ကို သွားတော့မယ်နော် ဘာလုပ်ပေးစရာ လိုသေးလဲ"

"အော်...ဟို...မလိုပါဘူး အစ်ကို"

အမေနှင့် ခဏတာကြာသည့်တိုင် စကားပြောပြီးမှ အစ်ကိုက ပြန်ထွက်သွားပါသည်။ အတွေ့ဦးကြောင့် ကြည်နူးသလိုနှင့် ရင်ဖိုလှိုက်ခါ ရက်သွေးဖြာမိပါကြောင်း၊ ဝန်ခံလိုပါသည်။

"သမီးလေးဖို့ အမေ စကုကို ဈေးသွားရောင်းရင်း လုံချည်တစ်ထည် ဝယ်လာတယ်။ အနီရဲရဲလေးမှာ အပြာနဲ့ အဖြူပွင့်လေး သမီးရဲ့၊ ငါ့သမီး အသားဖွေးဖွေးလေးနဲ့ သိပ်လိုက်တာ"

"အမေရယ် သမီးအတွက် အဝတ်တွေဘာတွေ မဝယ်ပါနဲ့ ဆင်လို့လည်း အပိုပါပဲ အမေ၊ သမီး ဘာမြင်ဘာမှတ်လို့၊

www.burmeseclassic.com

www.burmeseclassic.com



အမေ သမီးကြောင့် ပင်ပမ်းလှပြီ၊ သမီးလည်း ကိုယ့်ဘဝကိုယ် စိတ်နာလှပါပြီ၊ အမေ့ သမီးဝဋ်က ကျွတ်အောင် သမီး မြန်မြန် သေချင်ပါတယ် အမေရယ်”

“သမီးရယ် အမေရင်ကွဲအောင် ဒီစကားတွေ မပြောပါနဲ့။ သမီးမျက်စိကို ကုနိုင်အောင် အမေ ကြိုးစားနေပါတယ်။ ငါ့သမီးဟာ ကံထူးမှာပါ။ တစ်နေ့ မျက်စိမြင်ပြီး တင့်တောင်းတင့်တယ်နေနိုင်မှာ အမှန်ပဲ၊ သမီးမျိုးရိုးဗီဇက ညံ့မှမညံ့ဘဲကွယ်”

“ဘာမျိုးရိုးဗီဇလဲ အမေရဲ့။ တို့အမေပဲ ကံခေလှတယ်ဆို အမေ့သမီးဟာ”

“မဟုတ်သေးဘူးလေ အမေကတော့ လယ်ကူလီမပဲ ဆိုပါတော့ သမီးအဖေဘက်က မျိုးရိုးကို ပြောတာပါ”

“ဟင်…သမီး အဖေ ဟုတ်လား၊ သမီးအဖေက မျိုးရိုးဗီဇ အထက်တန်းကျသလားဟင် ပြောစမ်းပါ အမေ”

“အထက်တန်းကျဆို ဆရာဝန်ပဲ သမီးရယ်”

“ဘာ…ဘာ… သမီးအဖေက ဆရာဝန်ကြီး ဟုတ်လား၊ အဖေ့နာမည်က ဘယ်သူတဲ့လဲ၊ သူ ဘယ်မှာနေသလဲဟင် သမီးတို့ သားအမိကို ဘာဖြစ်လို့ ပစ်ထားတာလဲ အမေ၊ သူ…သူ…က”

“သမီး စိတ်အားမငယ်ရအောင်သာ အမေ အမှန်အတိုင်း ဖွင့်ပြောရတာပါ။ သူ ဘယ်ရောက်နေတယ်ဆိုတာ အမေ တကယ်မသိပါဘူးကွယ်၊ အဆက်အသွယ်ပြတ်နေတာလည်း



သမီးတစ်သက်ပဲလေ”

“အမေ့ထံမှ သည်မျှနှင့်သာ စကားပြတ်သွားပါသည်။

ထိုညက ကျွန်မ အိပ်မရပါ။

ဆရာဝန်ကြီး၏ သမီးဆိုခြင်းအတွက် အားတက်ဝမ်းသာလိုက်ရသည်ဖြစ်ခြင်း။ ကျွန်မသာ ဖခင်၏ လက်ထဲတွင် ရှိနေပါလျှင် သည်ရောဂါ မဖြစ်နိုင်ပါ။ ဖြစ်လာလျှင်လည်း ခုလောက်ဆို ကုသ၍ ပြီးလောက်ပေပြီ။ ကျွန်မကို မြင်သူတိုင်းက သနားချစ်ကြင်သော စကားများသာ ဆိုကြပါလျှက် ကျွန်မ၏ ဖခင်သည် ကျွန်မအား အဘယ်အကြောင်းကြောင့် ရက်စက်စွာ ပစ်ပယ်ထားပါလိမ့်။

အမေ့ကို ထပ်၍ မေးပါသော်လည်း တစ်လုံးတပါဒမှ မဖွင့်ဟတော့။ အမေ၏ ကြီးမြတ်သော ဣန္ဒြေသိက္ခာကြောင့် သော်မှာဖောက်ပြန်ခြင်း မဟုတ်ကြောင်းကိုမူ ကျွန်မ ကောင်းကောင်း သိပါသည်။ အမေနှင့် အဖေတို့၏ အတိတ်နှောင်းဇာတ်ကြောင်းများကို ကျွန်မ သိချင်လွန်းသောစိတ်သာ ရင်မှာ အစဉ်ပြည့်ကြပ်နေသော်လည်း နောက်ထပ် ဘာတစ်ခုမျှ သိခွင့်မရတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com

"ဟေး…ဖြူမ"

"ဘယ်သူလဲ သံလုံးလား"

"အေး"

ဦးချစ်ဖွယ်ကျောင်းမှ ငယ်သူငယ်ချင်း မောင်သောင်းစိန်၏ အသံကို ကျွန်မ ကောင်းစွာသိရှိသဖြင့် ငယ်မည်ခေါ်၍ မေးလိုက်မိပါသည်။ သူနှင့်အတူ နှစ်ယောက် သုံးယောက်လည်း ပါလာမည်ထင်ပါသည်။ စကားပြောသံတို့ ညံနေပေသည်။

သူနှင့်တွဲလျှင် ကိုပိုက်နှင့် သာခင်တို့သာ ဖြစ်ကြပေမည်။ အလုပ်မှယ်မယ်ရရ မလုပ်ကြဘဲ ကြက်ပွဲ၊ မျောက်ပန်းလှန် ညတွင် ကြက်၊ ဘဲခိုး ပြီး ထမင်းချက်စားနှင့် အပျော်အပါးဖြင့်သာ အချိန်ကုန်နေကြသော လူသိမ်များ ဖြစ်သော်လည်း စိတ်ရင်းကောင်းစွာဖြင့် ကျွန်မကို ငယ်စဉ်ကအတိုင်းပင် ခင်မင်စွာ ဆက်ဆံကြပါသည်။ ကျွန်မအနား ရောက်သည့်အခါ–



"တို့ရပ်က ဝါကျွတ်ပွဲမှာ လူငယ်တွေ ဒိုးပတ်တီးကြမယ်ဟ၊ အဲဒီမှာ တံဆိပ်တွေ တပ်ရမယ်၊ တံဆိပ်ကလေးက ဖောင်းကြွလေးမို့ လှလို့ နင့်ပြမလို့"

"တကယ်လား"

"အေးပါ ရော့ ဒီမှာ စမ်းကြည့် လက်ဝါးဖြန့်"

ကျွန်မ လက်ဝါးဖြန့်ခံလိုက်သည့်အခါ အေးစက် စွတ်စိုး၍ ပျော့အိသော အရေထူကြီးကို ထိုင်မိသဖြင့် သိချင်ဇောဖြင့် ဖိ၍ စမ်းလိုက်မိရာ ကွိဆိုသော အသံနှင့်အတူ လက်တွင်းမှ ရုန်းထ၍–

"အမလေး… ဖား ဖား"

ဖားအလွန်ကြောက်သော ကျွန်မမှာ အသံကုန်အော်ရင်း မေ့လဲသွားမတတ် ခံစားလိုက်ရပါသည်။ နှလုံးသည်းပွတ်တို့ ခုန်တက်ကာ လည်ချောင်းဝတွင် တစ်ဆို့နေသည့်ပမာ ရင်မှာဟာ၍ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေစဉ်…

"ဟား…ဟား…ဟား… ဖြူမ ပြာမ ဖြစ်သွားပြီ"

သူငယ်ချင်းတစ်စု၏ လှောင်ပြောင်ရယ်မောသံကြောင့် ရှက်ကြောက်စိတ်နှင့် ဝမ်းနည်းအားငယ်စိတ်တို့ကြောင့် မျက်ရည်ပူတို့ လိမ့်ဆင်းလာပါသည်။ သည်အချိန်တွင်–

"ဟင်…ဟင်…သံလုံး၊ မင်း…မင်း… စော်ကားလှချည်လား၊ ကဲကွာ…ကဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဆရာ အား"

"အို...ဆရာ ဆရာလေး လွန်မယ် လွန်မယ်"

"ဆွဲကြပါဦး"

"ဟေ့...သံလုံးကို ထုလိုက်ပါ၊ ဟာ...သွေးတွေ"

အသံများအားလုံးကို တစ်ဆက်တည်း တစ်ချိန်တည်းလို ကြားရပါသည်။ အားလုံး၏ ဝရုန်းသုန်းကားသံများ ကြားလိုက်ရ၍ ကျွန်မမှာ ယောင်ရမ်း၍ ထလိုက်ပါသော်လည်း မမြင်တွေ့ရသည်မို့ မည်သို့ ပါဝင်လှုပ်ရှားရမှန်း မသိတတ်နိုင်ပါချေ။

"သံလုံးရယ် မင်းတို့ ပျော်ဖို့လေးအတွက်နဲ့ ဒုက္ခိတ မိန်းကလေးတစ်ယောက်ကို ဒီလောက် ကြောက်အောင် မင်းတို့မို့ လုပ်ရက်တယ်ကွာ"

"ဆရာ ကျွန်တော်...ကျွန်တော် မှားပါတယ်ဗျာ၊ တောင်းပန်ပါတယ်"

"မင်းတို့ကိစ္စ အောင်မြင်ပြီကိုကွ"

"ဖြူမ ငါတောင်းပန်ပါတယ်ဟာ"

"အေးပါ သံလုံးရယ် ငါ့ဘဝက လူများလှောင်ပြောင်စရာ ဖြစ်နေတာကိုဟာ နင် ဘာဖြစ်သွားသေးလဲ သံလုံး"

"ငါ့နှတ်ခမ်း နည်းနည်းလေး ပေါက်သွားရုံပါ၊ ကိစ္စမရှိပါဘူး၊ ဆရာနဲ့ ဖြူမကို တောင်းပန်ပါတယ်ဗျာ"

"အေး...အေး... သွားကြ သွားကြ။ ငါလဲ ဒေါသ



မထိန်းနိုင်လို့ ဖြစ်သွားရတာပါ"

အစ်ကို၏အသံအဆုံးတွင် အားလုံး တိတ်ဆိတ်သွားကြပါသည်။ သည်နောက်တွင်မှ အစ်ကိုက ကျွန်မ ပခုံးကို ဖက်တွယ်ရင်း နှုတ်ခမ်းဝသို့ ရေခွက်တေ့ပေးကာ-

"ရော့...ရော့ ရေလေးသောက်လိုက် သိပ်လန့်သွားသလား ဟင်"

ရေကို ကုန်စင်အောင် မသောက်နိုင်ခင် ကျွန်မ၏ ငိုရှိုက်သံက လွှင့်ပျံ့ထွက်လာပါသည်။ မျက်စိကွယ်မှ သည်တစ်ခါလောက် ကိုယ့်ဘဝကိုယ် ဝမ်းနည်းသည့်အခါ မရှိဘူးသေးပါ။

"မငိုပါနဲ့ ညီမလေးရယ်၊ မငိုပါနဲ့ကွယ် အစ်ကိုရင်ထဲမှာ မလွန်းလို့ပါ၊ တိတ်တော့နော်"

မျက်ရည်များကို သုတ်သိမ်းပေးနေသော အစ်ကို့လက်တို ဖယ်ရှားကာ ကျွန်မကိုယ် ကျွန်မသာ အငိုရပ်စေအောင် ချုပ်တည်းရပါသည်။

"ညီမလေး မဖြူ"

"ရှင် အစ်ကို"

"ညီမလေးတို့ နေရတာက မိန်းမသားနှစ်ယောက်ထဲအပြင် ညီမလေးက ဒုက္ခိတ။ ပြီးတော့ သိပ်လှတော့ အန္တရာယ်တွေ များလာမှာ အစ်ကို မြင်ယောင်ပါတယ် မဖြူ။ အစ်ကိုဟာ ညီမလေးကို ရင်တွေ ပွင့်ကွဲမတတ် သနားမိတာ ညီမလေး ယုံပါ။

www.burmeseclassic.com



ဒီကရုဏာတရားသက်သက်နဲ့ အစ်ကို ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိပြီ”

“မဖြူအတွက် ဘာဆုံးဖြတ်ချက်များလဲ အစ်ကိုရယ်”

“မဖြူကို အစ်ကို လက်ထပ်ယူမယ်”

“ဘာ”

“တကယ်ပြောတာပါ ညီမလေး၊ အစ်ကို မဖြူကို လူသိရှင်ကြား တရားဝင် လက်ထပ်ယူမယ်”

“ဪ...ကိုအေးမင်းရယ် တယ်လဲ အကြံကြီးလိုက်ပါလား့ရှင်၊ ရှင့်စကားဟာ ခုချိန်မှာ အသည်းနှလုံးကလာတာ ဖြစ်ချင်ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက သိပ်လှတာပဲဆို နောင် ကြာလာတော့ လင့်တာဝန် သားသမီးတာဝန်တွေကို ဘာတစ်ခုမှ မထမ်းဆောင်နိုင်တဲ့အပြင် ကျွန်မကို ပြန်ပြီး ပြုစုနေရမယ်။ ဘယ်လူတောထဲမှ ကျွန်မကို လက်တွဲပြီး ပွဲဝင်လို့မရဘူး။ ဒီဒဏ်တွေကို ဘယ်လိုယောကျ်ားသားမှ ခံနိုင်စွမ်းအား မရှိပါဘူးရှင်။ ကျွန်မဘာဝ ကျွန်မ သိပြီးသားပါ ဆရာရယ်။ ကျွန်မကို လက်ထပ်ပါ့မယ်လို့ လာပြောတဲ့ လူဟာ ကျွန်မရုပ်ရည်ကို တပ်မက်တဲ့ စိတ်သက်သက်နဲ့”

“တော်...တော် မဖြူ၊ အစ်ကို့ကို ဒီလိုအထင်မလွဲနဲ့”

“အထင်မလွဲပါဘူး တည့်တည့်ကို သိတာပါ။ ကျွန်မမှာဖြင့် အားကိုးလိုက်ရတာ၊ ဖြူစင်စွာ ချစ်လိုက်ရတာရှင်ရယ်။



ကျွန်မရဲ့ အမှောင်ဘဝမှာ အစ်ကိုဟာ လမင်းပါ။ ကျွန်မရင်ကို အမြဲအေးမြစေခဲ့ပါတယ်။ အလင်းရောင်ရစေခဲ့ပါတယ်။ ခုတော့ ဒီလကွယ်ပါပြီ။ အို...ကျွန်မအတွက် လပျောက်သောညတွေချည်းဖြစ်ရပါပြီ။ သွားပါ သွားပါတော့ ဆရာကိုအေးမင်းရယ်”

www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်တည်း တစ်ဆက်တည်းမှာပင် ပြင်းထန်လွန်းသော ခံစားမှုများကြောင့် အစ်ကိုအား ကျွန်မ အားပါးတရ စိတ်ရှိတိုင်း ပြောလိုက်မိပါသည်။ ခုရက်အတွင်း အစားပျက် အအိပ်ပျက်လောက်အောင်ပင် ဝမ်းနည်းပက်လက်ဖြစ်ကာ အတွေးသံသရာ လည်ရပါပြီ။

အစ်ကို ကျွန်မကို ပြောခဲ့သလိုပင် ကျွန်မရုပ်ရည်မှာ ကျောက်ဆစ်ရုပ်ကလေးကို ဖြူနုညက်ညောပြီး ငေးကြည့်လောက်အောင် လှပပါသည် ဆိုသော အကြောင်းအရာက အရင်းတည်ပြီးကာမှ ကရုဏာတို့ မေတ္တာတို့ ဝေဖြိုးလာခြင်း ဖြစ်ပေသည်။ သည်အလှကို မက်မောပြီး ချစ်ခင်စွဲလန်းသူအနေနှင့် သည်အလှ ပျက်လျှင် မေတ္တာပျက်လိမ့်မည်ဟု ကျွန်မ တွေးမိပါသည်။



အိမ်ရှင်မတစ်ယောက် အနေမျိုးနှင့်လည်း ဘာတစ်ခုမှ တာဝန်မယူနိုင်သော ကျွန်မကို ကြာရှည် မြတ်နိုးနိုင်စွမ်း ရှိမည် မဟုတ်ကြောင်းလည်း ကျွန်မအတွက်သိပါသည်။ ပြီးတော့ သားသမီးများ ရလာခဲ့ရင်လဲ...

"အို...ငါ ဘာတွေ တွေးနေမိတာလဲ၊ တော်ပြီ...တော်ပြီ"

"ဟဲ့ မိဖြူ ဘာပြောတယ်"

"အော် ဟော် ဘာမှ မပြောပါဘူး အမေရာ"

"သမီး အမေ့ကို အမှန်အတိုင်း ပြောစမ်း သမီးတို့ မောင်နှမ ဘာဖြစ်လို့ စကားမပြောကြတာလဲ"

"အမေကလဲပဲ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ မောင်အေးနဲ့ ဘာလို့စကားမပြောတာလဲ"

"သူမှ မလာတာ"

"လာသားပဲ၊ မလာပါနဲ့တော့လို့ သမီးပြောတာ အမေ နဲ့ ကြားပါတယ်။ ဘာဖြစ်လို့လဲ"

"အလကားပါ အမေရာ မသိချင်ပါနဲ့"

"သမီး မသိစေချင်ပေမယ့် အမေ အားလုံး သိပြီးပြီ"

"ဟင်...ဘာကိုသိတာလဲ"

"မောင်အေးနဲ့ ကိစ္စကိုပေါ့၊ ဒါပေမဲ့ သမီးဘက်က ဘယ် ဆနေတယ်ဆိုတာ အမေ သိချင်တယ်"

"ဘာယူဆနေစရာလိုလဲ အမေရယ်၊ မျက်မမြင်မ ဆိုပေ

www.burmeseclassic.com

www.burmeseclassic.com



မဲ့ ရုပ်ကလှတော့ ခဏအပိုင်ကြံချင်လို့ပေါ့"

"သမီး မှားနေပြီ သမီးဟာ"

"အမေကပါ သူ့ဘက်က မလိုက်ပါနဲ့ အမေရယ်။ သမီးကို အမေပြုစုရတာ ဝန်လေးလို့လားဟင်"

"ဒီလို အမေ့ပေါ် ထင်ရင် မှားမှာပေါ့ မဖြူ။ မငိုနဲ့လေ အမေပြောတာကို နားထောင်စမ်း"

မျက်ရည်များကို သုတ်သိမ်းပြီးမှ အမေ့စကားကို နား ထောင်ရပါသည်။ ကျွန်မအတွက် အမေ ဝန်လေး၍ အိမ်ထောင် ချပေးလိုခြင်း မဟုတ်ကြောင်း ကျွန်မ သိသော်လည်း အစ်ကို ဘက်က လိုက်ပြီး ပြောသည်ထင်၍ တမင်ရွဲ့ပြောလိုက်မိပါသည်

"သမီး စဉ်းစားကြည့်စမ်း သမီးပြောသလိုသာ သူဟာ အပိုင်ကြံချင်ရင် သူနဲ့သမီး မကြာခဏဆိုသလို အတူနေတာ အမေ မဖွားသုန်တို့နဲ့ ရွှေစက်တော်ဘက် လိုက်သွားတုန်း မောင်အေးပဲ အဖော်လာအိပ်တာပဲ မဟုတ်လား။ ယောကျ်ား ကွယ် ကြံချင်ရင် အချိန်မရွေးရနိုင်တာပေါ့။ ဒါပေမဲ့ ဒီသူငယ် အကြောင်း အမေ သိတယ် အမေ ယုံတယ် မဖြူ။ ဒါကြော အမေ့ သမီးလေးကို သူများ စော်ကားမှာ စိုးလို့တောင် အ စောင့်ခိုင်းထားရတာပါ"

"ဒါတွေက ဟုတ်ပါပြီ သမီးကို အမေ ဘာပြောချင် လဲဟင်"



အမေ၏ အစပျိုးသော စကားကို ကျွန်မ ရိပ်မိပါပြီ။ အစ်ကိုနှင့် အမေ နားလည်မှုယူ၍ ကျွန်မကို သူ့လက်အပ်ကာ လက်ထပ်ပေးဖို့ နားချပေတော့မည်။ အမေက ကျွန် အမေးကို ဆက်လက်ပြီး...

"အမေပြောချင်တဲ့ အဓိက အကြောင်းဟာ သူ သစ္စာရှိလှ ကြောင်း သမီး ယုံကြည်စေချင်လို့ပါပဲကွယ်၊ ပြီးတော့..."

"ပြီးတော့ ဘာဖြစ်သလဲ အမေ"

အမေ ဝေ့လည် သွယ်ဝိုက်နေသည်ကို ကျွန်မ သည်းမခံ နိုင်တော့ပါ။ အမေ ပြောလာသည့်အခါ ချေပရန် ကျွန်မ ရင်မှာ ဒေါသ ထန်နေပါပြီ။

"ပြီးတော့ သူ သိပ်ပြီး မှားသွားကြောင်း အမေကို ဖွင့် ပြီး တောင်းပန်ရှာပါတယ်။ သမီးက မလာဖို့ စကားမပြောဖို့ ပြောတော့ မောင်အေးဟာ သိပ်ပြီး ယူကြုံးမရ ဖြစ်နေရှာတယ် သမီး။ သူမှားကြောင်း သူ့လောက်မိုက်တဲ့ကောင် ကမ္ဘာပေါ်မှာ မရှိကြောင်း ပြောပြီး အမေ့ရှေ့မှာတင် မျက်ရည်တွေ ကျလာတယ် ကွယ်"

အမေပါ လိုက်လှဲ ဝမ်းနည်းလာသလို ဆို့နှင့်သောအသံ ဖြင့် ပြောရင်း စကားစဖြတ်ထားပါသည်။ ကျွန်မအတွက် အစ်ကို သည်မှု ထိခိုက်ရပါကြောင်း ကြားသိရသည်အခါ ရင်မှာ ဒေါသ ဆို့ ချုပ်ငြိမ်းကာ ကရုဏာတို့ ကိန်းဝပ်ရပါချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မမြင်တွေ့ မဆုံးဖြတ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်မယ်ဆိုတာ သူ တစ်ကိုယ်ကောင်း သိပ်ဆံသွားပါတယ်တဲ့။ မဖြူ မျက်စိပြန်မြင်လာတော့ သူ ကြိုက်သလို ဆုံးဖြတ်ပါစေ။ ဒီအတွင်း ဒီစကားမျိုး မပြောတော့ပါဘူးလို့လည်း အမေ့ကို ဂတိပေးပါတယ်"

"မဖြူမျက်စိပြန်မြင်လာတော့မှ ဟုတ်လား။ မဖြူ ဘယ်တော့များ ပြန်မြင်လာမှာမို့လဲ အမေရယ်"

"မြင်ရမယ် သမီး မုချမြင်ရမယ်။ မျက်ခမ်းစပ်ရောဂါကြောင့် မျက်စိကွယ်သွားတဲ့ သူတွေကို ခွဲစိတ်ကုသလို့ ရနေပြီဆိုတာ မောင်အေးက ပြောတယ်။ အဲဒီ ခွဲစိတ်ကုသပေးနိုင်တဲ့ ရန်ကုန်က ဆေးရုံကို သွားကုဖို့ သူဟာ ဘယ်လောက် ကြိုးစားနေရှာတယ်ဆိုတာ သမီး မြင်စမ်းစေချင်တယ်"

"ဘာပြောတယ် အမေ"

"ဟုတ်တယ် သမီး ရသမျှလခလေးကို တစ်မတ် ငါးမူးကအစ မသုံးရက်ရှာဘူး၊ သူ့ငွေဦးယာရဲ့ ရှစ်တန်း ဖြေမယ့် သားနဲ့ သမီးကိုလည်း လခနဲ့ စာပြပေးလိုက်သေးတယ်။ အလုပ်ကြမ်းကစ ငွေရမယ်ဆိုရင် ကြိုးလုပ်ပြီး ငွေစုနေတာ၊ မဖြူ မျက်စိကုပေးဖို့တဲ့။ မျက်စိ အစားထိုးပြီးသာ ကုခွင့်ရရင် သူ့မျက်လုံးတစ်လုံး ထုတ်ယူဖို့ ပြောပါမယ်တဲ့၊ ပြီးတော့ အမေတို့ အိမ်စရိတ်ဆိုလည်း သူပဲ ထောက်ပံ့နေရတာ၊ ကုန်ကုန်ပြောလိုက်



ယ် အထမ်းဌာ သလိုသလိုနဲ့ သမီး ရေချိုးဖို့ကအစ သူ ရေခပ်သ:ရှာတာပါ"

"အို…အစ်ကိုရယ်"

"ဟုတ်တယ် သမီး သူဟာ ငယ်ရွယ်တဲ့ ယောကျ်ားလေးဆိုတော့ မိန်းကလေးတစ်ယောက်နဲ့ ဒီလောက် နီးနီးစပ်စပ် နေတဲ့အခါ စိတ်ရိုင်းလေးတော့ ဝင်မိမှာပေါ့၊ ပုထုဇဉ်ကိုး ကွယ့်။ ဒါပေမဲ့ အရွယ်နဲ့မလိုက်အောင် ထိန်းသိမ်းနိုင်ရှာပါတယ်။ သမီး ပြောမိတာလည်း သံလုံးတို့ကိစ္စကြောင့် သူများစော်ကားခံရလေခြင်းလို့ သနားစိတ် ဒေါသစိတ်တွေကြောင့် မဆင်ခြင်မိဘဲ လွှတ်ခနဲ ပြောလိုက်မိပါကြောင်း အမေ့ကိုလည်း တောင်းပါတယ်။ ဒီတော့ သူ့ရဲ့စစ်မှန်သန့်စင်တဲ့ စေတနာကို သမီးလည်ပါ လက်ခံပါ"

"နားလည်ပါပြီ၊ မဖြူ နားလည်ပါပြီ အမေရယ် သမီးပါတယ် အစ်ကို့ကို သမီး တောင်းပန်ပါမယ်"

ကျွန်မလို တွယ်ရာမဲ့ တစ်ယောက်အပေါ်တွင် သည်မျှလောက်မြတ်သော စေတနာတရားထားနိုင်သော အစ်ကို့ပေါ်တွင် ကျွန်မ အထင်မှားမိခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်အောင် ဖြစ်ရပါပြီ။ အမေ့စကားများကို တွေးလေလေ အစ်ကို့ သိက္ခာတရားကို လေးစားရလေလေပါ။ ကျွန်မကို လက်ထပ်ည်ဆိုခြင်းမှာ ကျွန်မပေါ်တွင် အပိုင်ကြံခြင်းသာ ဖြစ်မည်ဆို

www.burmeseclassic.com

www.burmeseclassic.com



သော ကျွန်မ အတွေးများ အတွေးမိုက်အတွက် ရှက်လှပါဘိခြင်း။

တကယ်တော့ သူတစ်ပါး မထီလေးစားသော ကျွန်မဘာ
ရှေ့မှ တံတိုင်းပမာ ကာရံကာ မားမားရပ်မည့်သူပါတကား။

“မဖြူရေ ဒီမှာ မောင်အေးကို အမေခေါ်လာတယ်၊ အမေ
အစ်ကိုကြာအိုင့်ဆီ သွားလိုက်ဦးမယ်၊ မောင်နှမနှစ်ယောက်
စကားပြောကြဦး”

အမေ၏အသံနှင့်အတူ တက်လာသော အစ်ကို့ခြေသံ
ကြားရပါသည်။ အစ်ကို ထိုင်လိုက်သံကြားရသည်နှင့် ကျွန်
အနားတိုးသွားကာ–

“အစ်ကို”

“ဟင်”

ထူးသံကြားသည့် အနားသို့ တိုးသွားကာ စမ်းလိုက်
ဒူးထောင်ထိုင်နေသော အစ်ကိုခြေဖမိုးအစုံကို စမ်းမိသည်
ကျွန်မလက်အုပ်ချီကာ ခြေဖမိုးပေါ်သို့ နဖူးနှင့်ထိအောင် ဝပ်ချ
လိုက်ရင်း–

“အစ်ကိုရယ် မိဖြူ မှား...မှားပါ.....”

လှိုက်လှဲကြေကွဲသောအသံနှင့် အတူ မျက်ရည်ပူတို့လ
လိမ့်ဆင်းလာသည်မို့ အစ်ကို့ခြေခုံတွင် ကျွန်မ၏ မျက်ရည်တို့
စွတ်စိုလာသည့်အခါ အစ်ကိုက ကျွန်မ ခေါင်းကို ပွတ်သပ်ရင်

“ထ ထ ညီမလေး မငိုပါနဲ့ကွယ်၊ ညီမလေး မှား



မဟုတ်ပါဘူး အစ်ကို မှားတာပါ”

အစ်ကို့စကားကြောင့် ခေါင်းထောင်မတ်လိုက်ပြီး မျက်ရည်
သုတ်ကာ အစ်ကို့လက်တစ်ဖက်ကို ကျွန်မလက်နှစ်ဖက်ဖြင့်
ဖမ်းဆွဲယူပြီး ရင်ခွင်ထဲတွင် အပ်တာမိပါသည်။ အစ်ကိုကြီး
တစ်ယောက်လို မြတ်နိုးခြင်း၊ ဖခင်တစ်ယောက်လို ချစ်ကြည်
ညိုမိခြင်း စသည့် စိတ်များက ကျွန်မ၏ နှလုံးသားတပြင်လုံး
ဖုံးအုပ်ပြည့်လျှမ်းနေပါပြီ။

“ညီမလေး ခွင့်လွှတ်တယ်ဆိုရင်ပဲ အစ်ကိုက ဝမ်းသာ
လှပါပြီ။ ကဲပါကွယ် ဒီအကြောင်းတွေ မေ့လိုက်ကြစို့ရဲ့။ အစ်ကို
တို့ အရင်လိုပဲ ပျော်ပျော်ပါးပါး နေကြမယ်နော် ညီမလေးပြုံးစမ်း
ဒီရက်ထဲမှာ သိပ်စိတ်ပင်ပမ်းနေရှာတယ်၊ အစ်ကို့ကို ပြုံးပြစမ်း”

အစ်ကို့စကားအတိုင်း ကျွန်မတို့နှစ်ယောက် ဘဝအတွက်
သည်အဖြစ်အပျက်ကလေးကို ချန်လှပ်ထားပါတော့မည်။ အစ်ကို
ပြုံးခိုင်းသည်ကို ကျွန်မ အမှန်ပင် ရယ်ချင်သွားမိသည်မို့ နှစ်နှစ်
ခြိုက်ခြိုက်ပြုံးလိုက်မိပါသည်။ ပြီးမှ တစ်ခုသတိရကာ...

“အစ်ကိုရယ် အစ်ကိုရဲ့ ခွင့်လွှတ်တဲ့အပြုံးကိုလည်း ညီမ
လေး မြင်ချင်လိုက်တာ”

အစ်ကို့ထံမှ သက်ပြင်းချသံတစ်ချက် ကြားလိုက်ရပါ
သည်။ ကျွန်မစကားအတွက် အစ်ကို စိတ်ထိခိုက်သွားကြောင်း
ကျွန်မ တွေးမိပါပြီ။ အစ်ကို သည်သို့ စိတ်ထိခိုက်သည် ဆိုခြင်း

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ကျွန်မပေါ်တွင် သနားကြင်နာရလွန်းသော စိတ်ကြောင့်သာ ဖြစ်ရပါမည်။ သူ့စိတ်ကို သူ ပြန်ထိန်းလိုက်ဟန်ဖြင့်...

"မကြာခင် ညီမလေး မြင်ချင်တာတွေ အားလုံး မြင်ရတော့မှာပါ၊ နောက်တစ်လခွဲကြာရင် ကျောင်းပိတ်ပြီလေ။ အစ်ကိုတို့ ရန်ကုန်ဆင်းကြတော့မယ်။ ညီမလေး မျက်စိကို ကုတော့မယ်"

ကျွန်မ ရင်ခွင်ထဲတွင် ဖက်တွယ်ထားဆဲဖြစ်သော အစ်ကိုလက်ကို တင်းတင်းကျပ်ကျပ် ဖိကပ်ထားလိုက်မိပါတော့သည်။

"ခြင်ထောင်ထဲက လှုပ်လှုပ် လှုပ်လှုပ်နဲ့ ခုထိ မအိပ်သေးဘူးလား"

စကားသံဖြင့် မဟုတ်ဘဲ လေသံဖြင့် ပြောသော်လည်း အစ်ကို့အသံက ငေါက်သံပါနေ၍ ကျွန်မ အိပ်ချင်ဟန်ဆောင်ကာ ငြိမ်နေရပါသည်။

သရက်တောကျောင်းတိုက် ကျောင်းတစ်ကျောင်း ပေါ်တွင် အိပ်စက်နေရပါသော်လည်း စိတ်ကမူ လယ်ကိုင်းမြို့ရှိ အဘကြီး



အိုင်၏ ဝိုင်းတွင်းသို့ ရောက်ကာ အစမှအဆုံးတိုင် ပြန်လည်မြင်ယောင်နေခဲ့သော အတွေးကို ရပ်သိမ်းကာ အိပ်စက်ဖို့ ကြိုးစားရပါတော့သည်။

ကျွန်မဘေးရှိ အမေသည်ပင် နစ်နစ်ခြိုက်ခြိုက် အိပ်ပျော်နေပေပြီ။ ကျွန်မ အိပ်ရာ၏ ဘေးတစ်ဘက်ထောင့်အိပ်ရာက အစ်ကိုက ကျွန်မကို အိပ်မအိပ် သတိထားကာ လှမ်းကြည့်နေဟန်တူပါသည်။ အတွေးရော လူပါ ငြိမ်သက်လိုက်ရသည့်အခါမှာ အိပ်ချင်စိတ်တို့ ဖြစ်ထွန်းလာရပေပြီ။

နောက် ငါးရက်ခန့် ကြာသည်အထိ သရက်တောကျောင်းတိုက်တွင်ပင် နေဖြစ်ကြသည်။ ဦးပဥ္စင်း ဦးရေဝတကလည်း ကျွန်မတို့အတွက် များစွာ အားနာကာ စိတ်မကောင်း ဖြစ်နေကြောင်း ကျွန်မ ကြားသိရပါသည်။

သူ မပိုင်နိုင်သော ကျောင်းအတွက် သူ့မှာ မည်သို့မျှ မတတ်နိုင်ရှာပါ။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနှင့် အမေသည် သည်နေရာမှ တခြားနေရာသို့ ပြောင်းရွှေ့ဖို့ စီစဉ်နေကြပြီဆိုသော်လည်း လူနေမှုစရိတ် ကြီးမြင့်လှသော ရန်ကုန်ရှိ အိမ်တိုင်းလိုတွင် လူသုံးယောက်လာနေရန် မည်သူကမျှ လက်ခံချင်ကြမည် မဟုတ်ပါ။

စေထနာရှိသည်ပင်ထား ငွေကြေးက တတ်နိုင်ကြမည် မထင်။

အကယ်၍ ကျွေးမွေးနိုင်သော်လည်း အိပ်စရာ နေစရာက ကျဉ်းကြပ်လှပေမည်။ ရှိတာနှင့် စားကား ဖြစ်သလို တိုးတိုးဖွေ့ဖွေ့ အိပ်လောက်အောင် ရင်းနှီးသည့် ဆွေမျိုးရင်းချာလည်း မရှိကြပါ။

အစ်ကို့အနေနှင့် သူငယ်ချင်း မိတ်ဆွေများရှိသော်လည်း သူငယ်ချင်း၏ မိဘကို လည်းကောင်း၊ သူငယ်ချင်း၏ ဇနီးကို လည်းကောင်း၊ အားနာရမည်ဖြစ်၍ တည်းခိုရန် ခက်ခဲလှကြောင်း ကျွန်မသိလာရသည့်အခါ ...

"ဒီမှာအစ်ကို အမေလည်း လာပါဦး၊ မဖြူ မျက်စိဟာ ဝင်္ကနာထင်ပါရဲ့ ကုလည်းပျောက်မှာ မဟုတ်ပါဘူး၊ ဒီမှာလည်း ဒီလောင်တောင် နေဖို့ထိုင်ဖို့ ခက်နေရင် လယ်ကိုင်းပဲ ပြန်ကြပါစို့နော် အစ်ကို"

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ်၊ တယ်မိုက်ပါလား"

"သူပြန်ချင်တာ ကျွန်တော်တို့ အတွက်ပါ အမေ၊ ဒီမှာ



ညီမလေး ဝင်္ကနာဆိုတာ ဆေးမစွမ်းတဲ့ ခေတ်က လွဲချတဲ့ စကားပါ။ ဒီခေတ်မှာ မျက်စိ တစ်မျိုးထဲကို ခွဲစိတ်တဲ့ ပါရဂူတွေ ရှိနေပြီ၊ သေခါစ လူရဲ့ မျက်စိအကြည်လွှာလေးကို ခွဲပူပြီး မျက်မမြင်သူကို အစားထိုး ကုသပေးနိုင်တဲ့ ခေတ်အထိ တိုးတက်နေပါပြီ။ မျက်စိအာရုံကြောတွေ ပျက်ပြားပြီး မျက်စိက မမြင်တော့ဘဲ လယ်နေရင်သာ အစားထိုးပြီး ကုလို့မရတာ"

"ညီမလေးလို မမြင်တာကျတော့ရော"

"ညီမလေးလို မျက်ခမ်းစပ်ရောဂါကြောင့် တိမ်သလွှာဖုံးပြီး ကွယ်နေတာ တတ်ကျွမ်းတဲ့ ဆရာဝန်တွေအဖို့ အလွယ်လေးနေမှာပါကွယ်၊ ညီမလေးရောဂါကို မကုဘဲနဲ့မှ ဘယ်နည်းနဲ့ မပြန်ရဘူးဆိုတာသာမှတ်ထား။ နောက် ဒီစကားမပြောနဲ့ ကြားလား မဖြူ"

"ဟုတ်ကဲ့"

အစ်ကို့စကားကြောင့် ကျွန်မ အရှိန်သပ်ကာ ဟုတ်ကဲ့လိုက်ရပါသည်။ ယခုအခါတွင် ကျွန်မ၏ မျက်ခမ်းစပ်ရောဂါဒိုးသတ်သည့် ကိစ္စပြီးပြီ ထင်သည်။ မျက်ခမ်းကို အရင်ခွဲစိတ်ပေးမည်ဟု ဆိုပါသည်။

ဆေးရုံသို့ မတက်ရသေးပါ။

မျက်စိအတွင်းဘက်သို့သာ စိုက်ခါပေါက်လေ့ရှိသော မျက်တောင်မွေးများကြောင့် အစဉ်လို စူးရှနာကျင်ကာ မျက်ရည်ပူများ

www.burmeseclassic.com

www.burmeseclassic.com



ကျဆင်းရသော ဝဋ်မှ ကျွတ်လွတ်ရပေတော့မည်။ မျက်ခမ်းကို ခွဲကာ မျက်တောင်မွေး ပြန်ကော့ပြီး သဘာဝအတိုင်း ပေါက်လာစေရန် ပထမအဆင့်အနေဖြင့် ကုသရတော့မည်။

✻ ✻

ယနေ့ အမေတစ်ယောက်တည်း မြို့ထဲသို့ ထွက်သွားသဖြင့် ကျွန်မ အစ်ကို့ကို...

"အမေနဲ့ ဘာလို့လိုက်မသွားသလဲ အစ်ကို"

"အမေ သွားတတ်ပါတယ် ညီမလေး၊ မြို့ထဲဘင်ပါ နီးနီးလေးပဲ၊ ညီမလေး တစ်ယောက်ထဲ စိတ်မချလို့ အစ်ကို နေခဲ့တာ"

"အမေက ဘယ်သူ့ဆီ သွားတာလဲဟင်"

"သူ့အသိလို့ ပြောတာပဲ၊ အစ်ကိုပဲ နေရာရှာပေးလိုက်ရတာပါ၊ မတွေ့တာကြာတော့ အကြာကြီး စကားပြောချင် ပြောနေဦးမှာ၊ ဒါကြောင့် အစ်ကို လိုက်မသွားတာပါ"

အမေ လမ်းထွက်သွားခြင်းမှာ အကြံအစည် ဟန်ခုရှိကြောင်း ကျွန်မ အတတ်တွေးမိသည်မို့...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

"ဟင်"

"မဖြူကို ရန်ကုန်မှာ တစ်ယောက်ထဲ မထားခဲ့ပါနဲ့နော်"

ကျွန်မ၏ စကားမှာ မှန်၍ပင် နေသလားမသိ။ အစ်ကိုထံမှ စကားပြန်မရဘဲ ကျွန်မ၏ ပခုံးစွန်းနှစ်ဘက်ကို ဖြစ်ညှစ်ကိုင်ရင်း ခဏအကြာတွင်မှာ…

"ထားခဲ့ရက်ပါ့မလားကွယ်"

"ဒါပေမဲ့ ရောဂါကလည်း ကုမှဖြစ်မှာ မဟုတ်လား"

"ဟုတ်တယ် ဒါပေမယ့် သဘက်ခါဆို အစ်ကို ခွင့်ဆုံးပြီ"

"ဟင်…ဒါဖြင့် အစ်ကိုပြန်ရမယ်ပေါ့ ဟုတ်လား အစ်ကို"

"ဒါကို စီစဉ်နေတုန်းပဲ ညီမလေး"

"အစ်ကို့ကို မဖြူ မခွဲချင်ဘူး အစ်ကိုရယ်၊ ပြန်သာ လိုက်ချင်တော့တာပဲ၊ အစ်ကိုက ဒီစကားမပြောရဘူးဆိုလို့သာ ငြိမ်နေရတာပါ"

အစ်ကိုကလဲ ဘယ်ခွဲချင်ကြပ့ါမလဲ၊ ညီမလေးရောဂါပျောက်မှ အားလုံး စိတ်ချမ်းသာကြမှာမို့ပါကွယ်"

"ဒါဖြင့် အမေနဲ့ မဖြူက ဒီကျောင်းမှာ ဆက်ပြီး နေခဲ့ရမှာလားဟင် အစ်ကို"

"အဲဒါတော့ အမေ ဘယ်လို စီစဉ်ဦးမယ် မသိသေးဘူး"

"ဟင် အမေပါမှုား လယ်ကိုင်း ပြန်ကြမှာလား၊ မဖြူကိုတော့ တစ်ယောက်တည်း ထားမပစ်ခဲ့ပါနဲ့ အစ်ကိုရယ် နော် နော် အစ်ကို"



"အေးပါကွယ်"

သည်စကားသုံးလုံးကို အစ်ကို့မှာ မနဲအားယူကာ ပြောရရှာကြောင်း ကျွန်မ နားလည်လာသည့်အခါ ကျွန်မစကားအတွက် နောင်တရ၍ မဆုံးတော့ပါ။

အစ်ကို့ထံမှ စကားပြန်သံ မကြားရသည်မို့ ကျွန်မအတွက် အစ်ကို ငိုရှိုက်၍ပင် နေလေသလား၊ အခြားစကားများကို အစားထိုးပြောကာ ပြေပျောက်စေရပါသည်။

နေ့လယ်ပိုင်းတွင် အမေ ပြန်ရောက်လာပါသည်။

အမေနှင့် အတူ ရည်မွန်သွက်လက်ကာ အထက်တန်းကျလှသော အသက်လေးဆယ်ကျော်ရွယ် အမျိုးသမီးကြီးတစ်ဦးလည်း လိုက်ပါလာကြောင်း သူတို့၏ကားဖြစ်ဟန်တူသော ဖယ်မလီးယားကားအနီရဲရဲလေးနှင့် လာကြကြောင်းကို အစ်ကိုက ကျွန်မကို ပြောပြပါသည်။

အမေတို့ ကျောင်းပေါ်ရောက်လျှင်ပင်…

"ဒီမှာလေ ကျွန်မသမီး မဖြူ"

"အို…စပယ်မှ စပယ်ပါပဲလား၊ ကြည့်စမ်း တူတူသာထားရင် ကျွန်မတောင် ရွေးရမှာမဟုတ်ဘူး"

ထိုအမျိုးသမီးကြီး၏ အသံကြောင့် ကျွန်မ အံ့ဩလို ရင်

www.burmeseclassic.com

www.burmeseclassic.com



ခုန်လာမိပါသည်။

“စပယ်”

ဘုရားပေါ်တွင် ကျွန်မအား မှားကြသည့် စပယ်မည်သော မိန်းကလေး၏ အကြောင်းကို ထပ်၍ ကြားရပြန်ပါပြီ။

ထိုအမျိုးသမီးကြီးသည် စပယ်၏ သက်ဆိုင်သူ၊ သို့မဟုတ် အုပ်ထိန်းသူသာ ဖြစ်ရပါမည်။

ထိုစပယ်တို့ အသိုင်းအဝိုင်းနှင့် ကျွန်မအား ပတ်သက်စေအောင် အမေ စွမ်းဆောင်နေသည်ကို ကျွန်မ တွေးမရတော့ပါ။

“ကျွန်မတို့ကလဲ ကြီးမှတစ်ဆင့် မွေးရတာဆိုတော့ အသေးစိတ် သိပ်မသိလှဘူးလေ။ ဒေါ်မြခင် ပြောတဲ့ ၄၂ လမ်းက ဝမ်းဆွဲဆရာမကြီး နော်အဲလာဆိုတာလည်း ဆုံးသွားပြီဆိုတော့ ယုံရလည်း ခပ်ခက်ခက်ပဲလို့ ထင်နေတာ၊ ခုလိုတွေ့ရတော့ ကျွန်မ ယုံပါပြီ။ အကြွင်းမဲ့ကို ယုံပါပြီ။ စပယ်တွေ့ရင်လည်း ဝမ်းသာရှာမှာပါ။ သူ ခရီးထွက်နေတယ်။ နက်ဖြန်ဆို ပြန် ရောက်လာမှာပါ။ သူပြန်လာမှ အကြောင်းစုံပြောပြပြီး ကျွန်မ ယောက်ျား ကိုစံလှထွန်းနဲ့ပါ တိုင်ပင်ပြီး လိုအပ်သလို အကူအညီ ပေးပါမယ်လေ”

“ကျေးဇူးတင်လှပါတယ် သူဌေးကတော်ရယ်။ ကျွန်မ ဒီအကြောင်းကို ကျွန်မ သေတဲ့အထိ ယူဆောင်သွားဖို့ ဆုံးဖြတ်ပြီးသားပါရှင်။ ခုတော့ ကျွန်မသမီးလေး မျက်စိမြင်ရင်ပြီးရော ဘာမဆို လုပ်ရတော့မှာပဲဆိုတဲ့ သန္နိဋ္ဌာန်နဲ့မို့ ကျွန်မ ခုလို လာ



တွေ့ခဲ့ရတာပါ။ ကျွန်မတို့ အခက်အခဲကိုလည်း သူဌေးကတော်ကို ပြောပြပြီးပြီပဲ”

အမေနှင့် သူဌေးကတော်ဆိုသော အမျိုးသမီးကြီး၏ စကားများကို ကျွန်မမှာ လုံးဝ နားလည်နိုင်စွမ်း မရှိခဲ့ပါချေ။ ဘာကိုရည်ညွှန်းကာ ဘာအဓိပ္ပာယ်နှင့် ပြောဆိုနေကြကြောင်းလည်း ကျွန်မဉာဏ်နှင့် လိုက်မမှီတော့ပါ။

ကျွန်မကို ဖက်လှဲတကင်း ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီးမှ ပြန်ထွက်သွားပါသည်။ အစ်ကိုက ကားအထိ လိုက်ပို့ကာ စကား ပြောသွားကြကြောင်း ကျွန်မ ကြားရပါသည်။ သူတို့အသံ ဝေး သွားလျှင်ပင် ကျွန်မ အမေ့ကို လှုပ်ကိုင်ခါ–

“အမေ အမေ”

“ဟင်”

ကျွန်မ တက်ကြွ သိချင်စောကြီးနေသလောက် အမေ၏ ထူးပုံက အားရစရာ မကောင်းလှပါ။ အမေ့တွင် ထူးခြားသော ခံစားမှု ရှိနေကြောင်း ကျွန်မ သိပြီးပါပြီ။ ချွေးစေးများပြန်ကာ အေးစက်နေသော အမေ့လက်ကို ဆုပ်ကိုင်လှုပ်ရမ်းကာ–

“အမေ အမေတို့ ဘာတွေပြောပြီး ဘာတွေ လုပ်နေကြတာလဲ အမေရယ် ဟင်၊ သမီးကိုများ ပြောကြစမ်းပါဦး၊ စပယ်ဆိုတာ ဘယ်သူလဲ ဘာလဲ၊ အမေနဲ့ ဘယ်လိုပတ်သက်သလဲဟင်၊ အမေ သမီးမေးတာ ပြောလေ သမီးကို သနားပါဦး အမေရယ်

www.burmeseclassic.com

www.burmeseclassic.com



သမီးက ဘာမှ မမြင်ရတော့ သိပ်သိချင်တာပေါ့”

“ပြော…ပြောပါ့မယ် သမီးလေးရယ်၊ အမေ့ အသည်းနှလုံး တွေကို ခွဲပြီး ပြောရမှာပါ သမီးရဲ့”

အမေက ချုံးပွဲချခါ ငိုးကြွေးပါတော့သည်။ အမေ သည်မျှ လှိုက်လှိုက်လှဲလှဲ ငိုကြွေးသည်ကို ကျွန်မတစ်သက်တွင် သည် တစ်ခါသာ ကြုံဖူးပါသည်။ ကျွန်မမှာ ဘာပြော၍ ဘာလုပ်ရမှန်း မသိတတ်နိုင်အောင် ပြာယာခပ်ကာ အမေ့ကို နှစ်သိမ့်ရပါသည်။

အစ်ကို ပြန်ရောက်လာသည့်အခါ ကျွန်မတို့ သားအမိ၏ အဖြစ်ကို ရင်နင့်စွာ မြင်ရပြီ ထင်သည်။ သက်ပြင်းရှည်ချကာ ကျွန်မတို့နား လာထိုင်ပါသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်မှ ဇာတ်လမ်းကို အမေသည် ခရေစေ့တွင်းကျ တီတီပပ ပြန်၍ ပြောခဲ့ပါပြီ။

နှလုံးသား၏ နက်ရှိုင်းသော အတွင်းပိုင်းမှ လှိုက်လှဲသော အသံဖြင့် ပြောသည့် စကားများကို ကျွန်မမှာ နားနှင့် ကြားရသည် မထင်၊ နှလုံးသားပြင်သို့ တိုက်ရိုက် သိကြားစေသည့်အသွင် ထင်မြင်မိပါသည်။

ဖြစ်ရပ်မှန်တို့က သရုပ်ဆောင် ကပြနေသည့်ပမာ ကျွန်မ၏ အတွေးအာရုံသို့ ပီပီပြင်ပြင် ဝင်ရောက် သိမှတ်နေမိပါပြီ။

❋ ❋ ❋

မိဘနှစ်ပါး သေဆုံးပြီးစ အသက်သုံးဆယ်ရွယ် မမြခင် မှာ လယ်ကိုင်းမှ အစ်ကို ဦးကြာအိုင်နှင့် စီးပွားရေး နေရေး ထိုင်ရေး မပြေမလည် ဖြစ်ကြကာ အကြီးအကျယ် စကားများ၍ ထိုယ့်ဒူးကိုယ်ချွန်မည်ဟု စိတ်ပိုင်းဖြတ်ကာ ရန်ကုန်သို့ ဆင်း လာခဲ့လေသည်။

တိုးကြောင်လေးဘက်ရှိ အစ်မတစ်ဝမ်းကွဲ၏ အိမ်တွင် နို့လုံးရင်း ရရာအလုပ်အကိုင်ဖြင့် တစ်ဝမ်းတစ်ခါး ရှာဖွေစား သောက်မည်ဟု စိတ်ပိုင်းဖြတ်ကာ ရောက်ရှိလာခဲ့လေသည်။ ပထမ တွင် ဈေးတောင်းခေါင်းတင်ကာ ကြုံရာ လျှောက်ရောင်းရသည်။

အစ်မ၏ ယောကျ်ားမှာ ဆေးရုံမှ ထမင်းချက် အမှုထမ်း တစ်ဦးဖြစ်၍ မကြာမီတွင် မမြခင်သည် သန့်ရှင်းရေး အမျိုးသမီး အဖြစ်နှင့် အလုပ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံထုံးစံအတိုင်း လူနာများ၏ ဝေယျာဝစ္စလေးများကို လုပ်ကိုင်ပေးခြင်းဖြင့် ရရှိသော ဝင်ငွေများမှာ ၈၂ ကျပ် လခ လောက်နီးနီး စည်ပေသည်။ ဝင်ငွေဟန်ကျသော်လည်း အနေ အထိုင်က ဟန်မကျပြန်၊ တိုးကြောင်လေးနှင့် ရန်ကုန်ဆေးရုံ ကြီးသို့ လာရ သွားရသည့် စရိတ်စကနှင့် ဒုက္ခက မသေးလှပေ။

သည်သို့ နေရေး သွားရေး ခက်ခဲနေချိန်တွင် ဆေးရုံကြီး မှ ကရင်သူနာပြုဆရာမလေး နော်ဟယ်လင်က သူ့အစ်မအိမ် တွင် လူလိုကြောင်း၊ တစ်လတစ်ရာ ပေးမည့်အပြင် နေဖို့ စား ဖို့ပါ အသင့်ပေးမည့်အကြောင်းများ ပြောကြားသဖြင့် အားလုံး အဆင်ပြေသည်မို့ လုပ်ရမည့် အလုပ်ကို မေးကြည့်သောအခါ–

“သူက ကျွန်မလို ဆရာမပဲ။ ဒါပေမဲ့ အစိုးရအလုပ်က ထွက်လိုက်ပြီလေ။ အိမ်မှာပဲ မွေးလူနာတွေ လက်ခံပြီး မီးဖွားပေး တယ်။ အဲဒီလူနာတွေအတွက် အစားအသောက် စီမံပေးဖို့ မွေး တဲ့အခါ ကူဖို့လောက်ပါပဲ။ အဝတ်လျှော်မဲ့ ကုလားမလည်း ရှိတယ်။ အသေးအဖွဲလုပ်ဖို့ ကောင်မလေးတွေလည်း ရှိပါတယ်။ ဒေါ်မြခင်ကတော့ ရိုးသားတယ်၊ သန့်ရှင်းတယ်။ ဒါကြောင့် ကျွန်မ ခေါ်တာပါ”

ဆရာမလေး၏ အလုပ်ကို အလွန်သဘောကျကာ မြခင် မှာ တိုးကြောင်လေးမှ အစ်မအား အပြေအလည်ပြောဆိုပြီး ၄၂ လမ်းရှိ ဆရာမကြီး နော်အဲလာအိမ်သို့ အပြီးအပိုင် ပြောင်းရွှေ့



ာခဲ့တော့သည်။

မမြခင်၏ ကြိုးစားမှု၊ ဝီရိယရှိမှု၊ သေသပ်မှုတို့ကြောင့် ရာမကြီး၏ များစွာနှစ်ခြိုက်ခြင်းကို လက်ခံရပေသည်။ တစ်လ ကြာသည်အထိ စပ်စုလိုစိတ် အလျဉ်းမရှိသော မမြခင်မှာ ိုပ်စားမိသေးပါပေ။ ရိုးရိုး ကလေးပျက်ကြသူများနှင့် သွေး သားရိုး ကလေးမီးဖွားကြသူများဟုသာ ထင်ခဲ့မိပါသည်။

လာမွေးသမျှသော မိန်းကလေးများမှာ သူတို့၏ လင် သောကျားများက တစ်ခေါက်တလေမျှ လာကြည့်ဖော်မရဟု ကေ တွေးထင်မိခဲ့ပါ၏။

အပျိုကြီးဖြစ်သော်လည်း သည်လိုစီးပွားရှာခြင်းကို အံ့ဩ ည်ထက် အသက်ပေါင်းများစွာကို သတ်ဖြတ်ကာ ငွေရှာသော လုပ်ကို ဖောက်ချလုပ်သည့် နော်အဲလာကို လူသားစား ဘီလူးမ ြီးအသွင် မမြခင် မြင်လာမိတော့သည်။

ကိုလိုနီခေတ်နှောင်းပိုင်း၏ အရိပ်အငွေ့ကျန်ခဲ့သော အချိန် ွင် ဥရောပ၏ ယဉ်ကျေးမှုကို အတုယူသော မိဘများ၏ အုပ် ိန်းမှုကြောင့် မိန်းကလေးများ မပျက်စီးသင့်ဘဲ ပျက်စီးခဲ့ကြရလေ ည်။ ကပွဲများ၊ မိတ်ဆုံပွဲများမှ ညဉ့်နက်သန်ခေါင်တွင်မှ ြန်လာကြသော စိတ်လှုပ်ရှားလွယ်သည့် လူငယ်စုံတွဲတို့အဖို့ မှောင်က အားပေးကူညီခဲ့လေပြီ။

မမြခင်သဘောကတော့ မှောက်မှား ဖောက်ပြန်မိပြီထား

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်တွင်းသို့ ရောက်ရှိလာသော သန္ဓေမှာ အပစ်ဟူ၍ မွေး တစ်စေ့မှ မရှိရာ။ ဖြစ်သည့်နည်းနှင့် လူ့လောကသို့ အရောက် ပို့ပေးသင့်သည်ဟု ယူဆမိသည်။ မွေးဖွားပေးခြင်းသည်သာ တရားရာကြသည်ဟု မမြခင် ထင်သည်။ မိမိ၏ မိုက်မှားခဲ့မိ မှုကို မိမိကမခံ၊ ကိုယ့်ရင်သွေးကို မမွေးရဲဘဲ သတ်ပစ်ကာ မိမိ က လောကအလယ်တွင် နောက်ထပ် လင်သားတစ်ယောက် ရရန် ဟန်ဆောင်နေကြသော ထိုအမျိုးသမီးများကို မမြခင်သာ အာဏာရှင်ဖြစ်ပါလျှင် ကြိုးစင်တင်ပစ်ချင်မိသည်။

သည်အိမ်တွင်နေကာ လူသတ်နေသောအလုပ်ကို ကူညီ လုပ်ကိုင်ပေးနေရခြင်းအတွက် မမြခင်မှာ ကြောက်ရွံ့ ရွံရှာစက် ဆုပ်လှပါပြီ။ တစ်လခ ကြိုတင်ပေးထားသောကြောင့် လကုန်ပြီး မှ အပြီး ပြန်ရန် ဆုံးဖြတ်ကာ စောင့်ဆိုင်းနေစဉ် အကူဆရာမလေး က နော်အဲလာအား-

"အန်တီ ဒီည ရိုစီလာမယ်လို့ ဖုန်းဆက်ပါတယ်"

"ဘယ်က ရိုစီလဲ"

"ဒီမှာ ကလေးလာဖျက်တာ မပျက်တဲ့ လှလှကောင်မလေး ဟာလေ"

"ဩော်...သိပြီ ရိုစီဆိုတဲ့အတိုင်း နှင်းဆီပွင့်လေးလို သိပ် လှတဲ့ မိန်းကလေးပဲ မှတ်မိပြီ၊ ဟုတ်သားပဲ သူ့ တောမှာ သွား ရှောင်နေပြီး အချိန်နီးမှ အန်တီဆီ လာပါရစေလို့ ပြောပြီး မွေ



တောင် စရံပေးသွားသေးတယ်။ သူ့အတွက် အခန်းကောင်းကောင်း ပြင်ပေးလိုက်ပါ မမြခင်"

မမြခင်မှာ သန့်စင်ဖြူဖွေးသော မွေ့ယာခင်း ခေါင်းအုံး စွပ်များကို လဲလှယ်ပေးပြီး ခုတင်၊ ဘီရို၊ စားပွဲ၊ လက်ဆေးကြွေ ဇလုံ စသည်တို့ကိုလည်း ပြောင်လက်နေအောင် သုတ်သင် သန့်စင် ပေးရပါသည်။ ထိုနေ့ည ၈ နာရီခန့်တွင် ကိုယ်ဝန်အရင့်အမာ နှင့် မိန်းကလေးတစ်ယောက် သည်အခန်းသို့ ရောက်လာခဲ့ပေ သည်။

"လှလိုက်တဲ့ မိန်းကလေး ပန်းချီလေး ရေးထားသလိုပဲ"

မမြခင်စိတ်မှ သည်သို့ ထင်မြင်ကာ ငေးကြည့်နေမိပါ သည်။ အသားမှာ တရုတ်အမျိုးသမီးများ ဖြူလေ့ရှိသလို ဆွတ် ဆွတ်ဖြူမဟုတ်၊ ဆင်စွယ်နှစ်ရောင်လေးနှောကာ ဖြူဖွေး အိစက် နေပေသည်။ မျက်နှာတပြင်လုံးလည်း မျက်ခုံး မျက်လုံး နှုတ် ခမ်း စသည်တို့ တစ်နေရာချင်း ထုတ်ယူကြည့်လျှင်လည်း အပစ် ပြောစရာ တစ်ခုမှ မရှိပါပေ။

အလှအပအားလုံး စုရုံးကာ တန်ဆာဆင်ထားသော သည် မျက်နှာလေးကို ထိုင်ငေးကြည့်နေချင်စရာပင် ကောင်းတော့သည်။

မိန်းကလေးမှာ ကောင်းစွာ ကျန်းမာပုံမရပေ။ သူ၏ ကိုယ်ဝန်မှာလည်း အဆမတန် ကြီးမားနေသည်ဟု မမြခင် ထင် မိသည်။ မြင်နေကျ ပုံစံမျိုး မဟုတ်ပေ။ ဆရာမကြီး နော်အဲလာ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဆေးအချိန်မှန်ထိုး ဆေးတိုက် အာဟာရဖြစ်စေမည့် အစားအစာများကို မမြခင်အား ချက်ပြုတ်၍ ကျွေးမွေးစေပါသည်။

ဒေါ်မြခင်က လှပလွန်းသော ရုပ်ရည်ပိုင်ရှင်လေးမို့ အလေးထား ပြုစုသော်လည်း သည်မိန်းကလေးမှာ မာနကြီးပုံရပါသည်။ မမြခင်ကို တတန်းတစားတည်းထား၍ မဆက်ဆံပေ။ အခိုင်းအစေသဘောဖြင့်သာ အထက်စီးက အမိန့်ပေးသလို ဆက်ဆံသော်လည်း မမြခင်မှာ အတတ်နိုင်ဆုံး သည်းခံ၍သာ အစစအရာရာ လုပ်ပေးခဲ့ရှာသည်။

တစ်နေ့တွင်–

"ဒီမှာ ဒီမှာ အဒေါ်"

"ဘာခိုင်းချင်လို့လဲ မိန်းကလေး"

"ဆရာမကြီးတို့ အပြင်ထွက်သွားကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီအိမ်မှာ ဒိပြင် ဘယ်သူရှိသေးလဲ"

"ကျွန်မနဲ့ ကောင်မလေးနှစ်ယောက်ပဲ ရှိပါတယ်။ သူတို့က မီးဖိုခန်းထဲမှာပါ ကုလားမကတော့ ရေချိုးခန်းမှာ အဝတ်လျှော်နေတယ်။ ဘာလုပ်ပေးရမလဲ ပြောလေ"

သူ တစ်ခုခု ခိုင်းချင်ပုံရနေကြောင်း မမြခင် သိပေသည်။ ဘာမဆို လုပ်ပေးမည်ဟုလည်း မမြခင်က စိတ်ပိုင်းဖြတ်ထား



ပြီ ဖြစ်ပေသည်။

ဆရာမကြီး နော်အဲလာကပင် မမြခင်ကို အစေအပါး တစ်ယောက်လို သဘောမထားခဲ့ပါ။ ငွေရေးကြေးရေးကအစ စိတ်ချရှာသည်။ ဈေးဝယ်လျှင် မမြခင်သဘောအတိုင်း ဝယ်ခြမ်း ချက်ပြုတ်ကာ အိမ်ဖော်မိန်းကလေးနှစ်ယောက်ပေါ်တွင်လည်း သြဇာညောင်းစေခဲ့ပါသည်။

သူက စီးပွားရေးကိစ္စ လုံးပမ်းနေရသဖြင့် မမြခင်ကို အိမ်တွင်းမှုကိစ္စ အုပ်ချုပ်နိုင်သည့် သဘောမျိုးဖြင့်သာ ထားခဲ့ပါသည်။ အခြားသော တရားသဖြင့် အလုပ်မျိုးနှင့်သာ စီးပွားရှာသော နော်အဲလာဖြစ်ပါလျှင် မမြခင် သည်အိမ်တွင် အသက်ထက်ဆုံး အေးအတူပူအမျှ နေနိုင်ပါသော်လည်း–

တွေးနေသော မမြခင်မှာ အသိဝင်လာပြီးမှ ရီစီဆိုသည့် မိန်းကလေးကို ထပ်မေးမိလိုက်သည့်အခါ–

"ဟောဒီနံပါတ်နဲ့ ရီစီကို ဖုန်းဆက်ပေးစမ်းပါ။ ပထမ အော်ပရေတာကို ခေါ်ရတယ်။ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်၊ ကျွန်မ တယ်လီဖုန်း ဆက်တတ်ပါတယ်။ ဆရာမကြီး ကိစ္စတွေလည်း ကျွန်မကို ခိုင်းနေကျပါ။ ဆက်ရမယ့် နံပါတ်နဲ့ ဘာအကြောင်း ပြောရမလဲသာ ပြောပါ"

"ဟောဒီနံပါတ်တောင်းပြီးရရင် တရားသူကြီး ဦးမြတ်ထွန်း အိမ်ကလားလို့ မေးပါ။ ဟုတ်တယ်ဆိုရင် ဒေါက်တာအောင်မျိုး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စကားပြောပါရစေလို့ ပြောပါ"

"ဘယ်သူကလဲလို့ မေးခဲ့ရင်ကော"

"ဩော် သူ့အသိပါ သူ့လူနာအိမ်ကပါနဲ့ ကြုံသလို ပြောပေါ့ အဒေါ်ကလဲ"

"ထားပါ ဟုတ်ပါပြီ။ အဲဒီ ဒေါက်တာအောင်မျိုး လာရင် ဘာပြောပေးရမလဲ"

"ရိုစီ ဒီလမ်း ဒီနံပါတ် အိမ်မှာ ရောက်နေပါတယ်။ ဒီည ရတဲ့အချိန်မှာ ဆက်ဆက်လာတွေ့ပါလို့ ပြောပေးပါနော်"

သူကိုယ်တိုင် မဆက်ပါဘဲ တစ်ဆင့် ဆက်ခိုင်းခြင်းအတွက် မမြခင် နားမလည်နိုင်အောင် ရှိရပါသည်။ မေးနေလျှင်လည်း အသိပေးမည် ပြေလည်မည် မထင်ပါ၍ အသာ အိမ်ရှေ့ခန်းသို့ ထွက်ခဲ့ကာ၊ တယ်လီဖုန်း အော်ပရေတာမှ တစ်ဆင့် ခေါ်ပြီး ရသည်နှင့် ဒေါက်တာအောင်မျိုးအား မေးလိုက်ရာ...

"ခဏ ကိုင်ထားပါရှင် အစ်ကိုလေးကို ခေါ်ပေးပါ့မယ်"

မဝံ့ရဲသော လေသံလေးဖြင့် ပြန်ထူးသော မိန်းကလေးသံကြောင့် ညီမငယ်လေးလား၊ အိမ်ဖော်ပဲလား တွေးထင်ကာ ဒေါက်တာအောင်မျိုးအလာကို စောင့်နေစဉ် အိမ်တွင်းမှ ရယ်မောသံ ဖွန်းသံ ပန်းကန်သံ သီချင်းသံများကို သဲ့သဲ့လေး ကြားနေရပါသည်။ မင်္ဂလာရှိသော ကျွေးမွေးပွဲတစ်ခုလုပ်နေလေသလားဟု မမြခင် တွေးထင်နေမိစဉ်-



"အမိန့်ရှိပါခင်ဗျာ ကျွန်တော် အောင်မျိုးပါ"

"အော် ဟိုဟာ ရိုစီက ဆက်ခိုင်းလို့ပါ။ သူ ၄၂လမ်း၊ နံပါတ်(--)နော်အဲလာအိမ်မှာ ရောက်နေပါတယ်တဲ့"

"ဗျာ...ဘယ်သူပါလဲခင်ဗျာ၊ နပြောတာ ဘယ်သူလဲလို့ သိပါရစေ"

"ကျွန်မ အဲဒီအိမ်က အလုပ်သမား တစ်ယောက်ပါ။ ရိုစီက ဆက်ခိုင်းလို့ ဆက်ရတာပါ။ ဒီည ရတဲ့အချိန်မှာ သူနဲ့ ဆက်ဆက်လာတွေ့ပါတဲ့"

"ဟာ...အော်...ကျွန်တော်...ကျွန်တော်..."

သူ့စကားမဆုံးမီပင် တယ်လီဖုန်းချကာ မမြခင် ထွက်လာပါတော့သည်။ ဒေါက်တာဟု ဆိုသော်လည်း အလွန်ပင် နိမ့်ချယဉ်ကျေးသော လေသံဖြင့်သာ စကားပြောရှာသည်။ လူ မမြင်ဘူးသော်လည်း ယင်းအသံပိုင်ရှင်ကို မမြခင် သဘောတွေ့ နှစ်မြို့က်မိပါသည်။ သဘောသကာယ ကောင်းမည်၊ စိတ်ထား မြင့်မြတ်ခါ ခွင့်လွှတ်တတ်မည့် လေသံမျိုးဟု မမြခင် တစ်ယောက်တည်း တွေးကြည့်မိကာ ကြားသိရသော အကြောင်းများကို အားလုံး ရိုစီအား ပြန်ပြောပြသည့်အခါ-

"သူပြောတာ ဆုံးအောင် နားထောင်ရောပေါ့ အဒေါ်ကလည်း ဒုက္ခပါပဲ။ ရိုစီဟာ ရိုစီ ဆက်မိရင် ကောင်းသား။ အဘွားကြီးနဲ့ သွားတိုးနေမှာကြောက်လို့ သူ့ ဆက်ခိုင်းမှာပ"

www.burmeseclassic.com



သူတစ်ပါးပေါ်တွင် အပစ်ရှာတတ် မကျေနပ်တတ်သည့် သဘော ရှိဟန်တူသော ရိုစီ၏ စကားကို မမြခင် ဘာတစ်ခုမျှ မချေပတော့ဘဲ သူ့တာဝန် ပြီးဆုံးပြီဟုသာ ယူဆကာ ရိုစီ အခန်းမှ ထွက်လာခဲ့ပါတော့သည်။

● ● ●

ညည့်ခန်းတွင် မမြခင် ဖုန်သုတ်ကာ သိမ်းဆည်းနေစဉ် ရိုစီ သူ့အခန်းမှ အပြင်သို့ ထွက်လာပေသည်။ ရိုစီ၏ ကိုယ်ဝန်မှာ သဘာဝထက် လွန်ဆန်ကာ ကြီးမားလွန်းနေပါ၍ သူ လျှောက်ရသည်မှာ ခက်ခဲပင်ပန်းလှပုံရပါသည်။ မျက်နှာတပြင်လုံးလည်း ညှိုးလျော်ကာ မျက်တွင်းများ ကျနေသည်မို့ ညက နှစ်ခြိုက်စွာ အိပ်ပျော်ပုံမရပေ။ ရိုစီက မမြခင်ကို ပြုံး၍သော်မျှ မပြဘဲ တယ်လီဖုန်းရှိရာသို့ တန်းသွားပေသည်။ သူမှာသော ဒေါက်တာ အောင်မျိုးမှာ ညက ရောက်မလာကြောင်း မမြခင် ယခုမှ သအိရမိတော့သည်။

"ဟဲလို တရားသူကြီးဦးမြထွန်းအိမ်ကပါလား၊ အော် ဂျွန်မ ဒေါက်တာအောင်မျိုးနဲ့ ခဏ စကားပြောပါရစေ"

"ရှင် သူ သူ ညက အင်္ဂလန်သွားပြီ ဟုတ်လား"

ရိုစီ၏ အထိတ်တလန့်အသံကြောင့် မမြခင်ပင် ကြောင် ငေးကြည့်နေမိစဉ် ရိုစီမှာ တယ်လီဖုန်းလက်ကိုင်ကိုပင် နေသား

www.burmeseclassic.com

www.burmeseclassic.com



တကျ မတင်ဖြစ်ဘဲ စားပွဲပေါ်သို့ မှောက်ချခါ ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။

မမြခင်မှာ ပြေးချော့ရလေမည်လား၊ မသိဟန်ဆောင်ကာ ရှောင်၍ ထွက်သွားရလေမည်လားဟု စဉ်းစားတွေးတောရင်း ငေးမောနေမိစဉ် ရိုစီမှာ သူ့ခန္ဓာကိုယ်ကို အနိုင်နိုင်သယ်ကာ သူ့အခန်းတွင်းသို့ ပြန်ဝင်ကွယ်ပျောက်သွားပါတော့သည်။

ရိုစီ ရောက်ပြီး ဆယ်ရက်လောက်အကြာတွင် ခက်ခဲပင်ပမ်းလှစွာဖြင့် သမီးလေး အမွှာပူးနှစ်ယောက်ကို မွေးဖွားသန့်ခဲ့ပေသည်။

မမြခင် သည်အိမ်သို့ ရောက်လာမှ သည်တစ်ယောက်သာ အောင်မြင်စွာ မွေးဖွားသည်ကို မြင်တွေ့ရပါ၏။ တခြားသော မိန်းကလေးများမှာ သုံးလေးငါးလဖြင့် ပျက်ကျစေခါ ၇ ရက်တာလောက် နေစေပြီး ကျော့ကျော့ ကော့ကော့လေး ပြန်ထွက်သွားကြပေသည်။ ယခု ရိုစီမှာမူ ဖြူဖွေးလှပသော သမီးလေးနှစ်ယောက်ကို ရင်ဝယ်ပိုက်ခါ အင်အားပြည့်လာသည့်အခါ ထွက်ခွာသွားလိမ့်မည်ဟု မမြခင် ထင်ခဲ့မိပေသည်။

ကလေးနှစ်ယောက်အား ရေချိုးသန့်စင်ကာ နို့ဗူးများ တိုက်ရသည့် အလုပ်ကို မမြခင် တာဝန်ယူရသဖြင့် မအေ့တူ တိတိရိုရိုဖြင့် လှပသော မျက်နှာဆင်တူလေးများနှင့် အိညက်ဖြူဖွေး နေသော အသားလေးများကြောင့် မမြခင်မှာ သနားချစ်ခင်လာမိ



တော့သည်။

ရိုစီသည် အိမ်ရောက်နေခိုက် ရိုစီအား တစ်စုံတစ်ယောက်ကမျှ သတင်းလာမေးဖော်မရပေ။ ရိုစီ ဆက်သွယ်သော ဒေါက်တာအောင်မျိုးဆိုသည်မှာ ရိုစီ၏ ခင်ပွန်းသည်ပင်လားဟု မမြခင် စိတ်တွင် ကြိတ်ကာသာ တွေးထင်နေမိပါသည်။

လကုန်တွင် ပြန်ရန်ဖြစ်သော်လည်း သည်သားအမိ သုံးယောက်၏ ဝေယျာဝစ္စများကို ပြုလုပ်ပေးရန် လိုအပ်ပါသဖြင့် မော်အဲလာ၏ တောင်းပန်ထားမှုကြောင့် မမြခင် မပြန်ဖြစ်သေးပေ။

ရိုစီတွင် မိခင်စိတ် မဝင်သေးဟု မမြခင် တွေးနေမိပါသည်။ ကလေးနှစ်ယောက်အား ယုယချီပိုးခြင်း၊ နို့ချိုတိုက်ကျွေးခြင်းများကိုလည်း မမြင်ရပေ။ သဘာဝက ပေးအပ်လာသည့် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိလှသော မည်သည့် သိပ္ပံပညာရှင်မှ ထပ်တူညီစွာ အစားမထိုးနိုင်သေးသော "မိခင်၏နို့ရည်"ကို ရိုစီက ညှစ်ထုတ်ပစ်ကာ ကလေးများအား နို့ဗူးသာ တိုက်စေခဲ့ပါသည်။ ရိုစီတွင် ငွေကြေး များများစားစား ပါပုံမရပေ။ သို့သော် ခရစ်ယာန်ဘာသာဝင်သူချင်းမို့ ရိုင်းပင်းလေသလားမသိ။ မော်အဲလာကပင် ငွေကြေးအကုန်အကျခံကာ အထူးဂရုစိုက်ပါသည်။

ဆယ့်ငါးရက်ခန့်အကြာတွင် ရိုစီသည် တယ်လီဖုန်း ကြာမြင့်စွာ ဆက်နေပြန်ပါသည်။ ဧည့်ခန်းတွင် မမြခင် ရှိနေသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အင်္ဂလိပ်လိုပြောသဖြင့် မမြခင် ဘာမျှ နားမလည်ပါ။ ရိစီသည် အင်္ဂလိပ်ဘာသာကို ကောင်းမွန် ရေလည်စွာ တတ်ကျွမ်းသူတစ်ယောက်ဖြစ်၏။

တယ်လီဖုန်းဆက်ပြီး နောက်တစ်နေ့တွင် ကျော့နေအောင် ပြင်ဆင်ပြီး ပါလာသည့် သေတ္တာတစ်လုံးဆွဲကာ ရိစီ ထွက်လာပြီး နော်အဲလာအား ဖက်လှဲတကင်း နှုတ်ဆက်ပါသည်။ မြန်မာစကားအနည်းငယ်သာ သုံးပြီး အင်္ဂလိပ်စကားများဖြင့်သာ ပြောဆိုသဖြင့် မမြခင် နားမလည်လိုက်ပါပေ။ ရိစီ မျက်နှာမကောင်းလှစွာဖြင့် ဆင်းသွားသည်ကိုမူ မမြခင် မှတ်မိလိုက်ပါသည်။

ညဦးပိုင်းထိ ရိစီ ပြန်မလာပေ။ ကလေးနှစ်ယောက်လုံး တပြိုင်တည်း ငိုသဖြင့် မမြခင် မနိုင်မနင်း ဖြစ်နေရပါပေသည်။ အကြီးမလေးမှာ တောင့်တင်း သန်မာသော်လည်း အငယ်လေးမှာ အင်အားနည်းပုံရနေပါ၏။ အဖျားကလည်း ဝင်နေသဖြင့် ကလေးမှာ နို့ပင် ကောင်းစွာ မစို့နိုင်ရှာပါ။

ညကိုးနာရီထိုးသည်အထိ ရိစီ ပြန်လာခြင်း မရှိသေး၍ မမြခင် မနေနိုင်တော့သဖြင့်–

"ဆရာမကြီး ရိစီလဲ ခုထိ ပြန်မလာသေးပါလား"

"ရိစီ မလာတော့ဘူးလေ ပြန်သွားပြီ"

"ဟင်...ဘယ်လို ကလေးတွေရော ဘယ်တော့ လာခေါ်မှာလဲ"



"မခေါ်တော့ဘူး၊ ဒီမှာပေးခဲ့ပြီ ဒီကပဲ ကြည့်စီစဉ်ပေးရမှာပဲ။ ကလေးတွေက ချစ်စရာလေးတွေဆိုတော့ မသတ်ရက်ပါဘူးကွယ်၊ သူများ လာယူရင် ပေးလိုက်ရမှာပဲ"

"ဘုရား...ဘုရား"

မမြခင်မှာ မျက်လုံးအပြူးသားနှင့် ရင်ဘတ်နှိပ်ကာ ဘုရားအလိုက်မိပါသည်။ မမြခင် တစ်သက်တွင် သည်မျှ ဆန်းပြားသော စကားကို သည်တစ်ကြိမ်သာ ကြားဖူးပါသည်။ ကိုယ့်ရင်မှာ ခိုနားကာ မွေးဖွားလာသော ရင်သွေးစင်စစ်မှာ မိခင်၏ လုံးသည်းပွတ်တမျှ အသက်နှင့် ထပ်တူ ချစ်မြတ်နိုးကြသည်သာ ကြားဖူးပါသော်လည်း ရိစီလို ပက်ပက်စက်စက် စွန့်ပစ်ရက်သော လူသားမျိုး ဒီကမ္ဘာတွင် ရှိသေးကြောင်း မမြခင် ယခုမှသာ ကြားဖူး မြင်ဖူးရပါပြီ။ အဟိတ်တိရစ္ဆာန်ထက်ပင် ရက်စက်သော်မာသော ရိစီပါတကား။

နော်အဲလာ၏ အိမ်ရောက်မှ သူတို့၏အလုပ်ကို ဘာတမျှ စပ်စပ်စုစု မေးမြန်းခြင်း မပြုခဲ့မိသော မမြခင်မှာ သည်တစ်ခါ မနေနိုင်လွန်းပါသဖြင့်–

"ရိစီက သူ့ကလေးတွေကို ဘာလို့မမွေးဘဲ စွန့်ပစ်ခဲ့ရတာတဲ့ရှင်။ ပြီးတော့ ဒီကလေးတွေ အဖေကရော မကြည့်တော့ဘူးလား"

"ခက်သားကွယ့် ကောင်မလေးကလည်း ခပ်ရှုပ်ရှုပ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး နော်အဲလာမှာ မကောင်းမှုဖြင့် အသက်မွေး သည်ဆိုသော်လည်း ပွင့်လင်းခြင်း၊ တစ်ပါးသူပေါ် ကူညီခြင်း စသည့် စိတ်ထားမျိုးရှိသူ ဖြစ်ပေ၏။ သိချင်လွန်းသည့် ဇော ကြီးနေသည့် မမြခင်၏ အတွင်းစိတ်ကို သိမြင်သည့်ပမာ သူ သိသမျှ ရှင်းပြရှာပါသည်။

“ရိုစီဟာ သူ့အဖေက အင်္ဂလိပ်ကပြား အမေကတော့ မြန်မာပဲ။ အမေက ဗုဒ္ဓဘာသာ ယူစေချင်တယ် သူက မယူဘူး အမေက မြန်မာမိန်းကလေးလို ဣန္ဒြေရရ နေစေချင်တယ်။ သူက ဆိုရှယ်ကျတယ်။ ဒီတော့ သမီးတစ်ခု အမေတစ်ခုကို အတူ မနေနိုင်ကြဘူး။ သူ့အမေလည်း ဘယ်ရောက်နေမှန်းတောင် သူ မသိဘူးတဲ့။ သူကတော့ လမ်းသုံးဆယ်ထဲမှာ အခန်းတစ်ခန်း ငှားနေတယ်။ ထမင်းချက်တစ်ယောက် ခေါ်ထားပြီး သူကတော့ နိုင်ငံခြားလေယာဉ် ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တယ်။ ကျွန်မ နဲ့တော့ ဘုရားရှိခိုးကျောင်းမှာ ဆုံရင်း ခင်နေကြတာပါ”

“အော်...တစ်ယောက်ထဲ နေတာကိုး”

“ရန်ကုန်မှာ သူ့လိုမိန်းကလေးတွေ ပြည့်လို့ပဲ။ အုပ်ထိန်း သူလည်း မရှိ၊ လှကလည်း လှတော့ သူနဲ့ နီးစပ်ချင်တဲ့လူ အများကြီးပဲ သူကလည်း တွဲတာပဲ။ ဘုရားရှိခိုးကျောင်း လာ ဒီဆန်းဒေး တစ်ယောက်၊ နောက်ဆန်းဒေး တစ်ယောက်ပဲ။ အထဲမှာ တရားသူကြီးသား ဒေါက်တာအောင်မျိုးက သူ့ကို အ



ဆုံး သူကလည်း အတွဲဆုံးပဲ။ ဒီဒေါက်တာကိုတော့ ကျွန်မ ဆေးရုံကြီးမှာ လုပ်နေထဲက အလုပ်သင်ဆရာဝန်အဖြစ်နဲ့ တွေ့ ရတာပါ။ သိပ်သဘောကောင်းတဲ့သူပဲ။ ဒီလိုနဲ့ ရိုစီမှာ ကိုယ်ဝန် ရှိတော့ လက်ထပ်မယ့်ဆဲဆဲ သူ့မိဘတွေ သိသွားတော့ အပြင်း အထန်တားမြစ်ကြတယ်။ တက္ကသိုလ်က ဆရာမတစ်ဦးနဲ့ ချက်ချင်း လက်ထပ်ပေးလိုက်တော့တယ်။ ဒီတော့ ရိုစီက ကိုယ်ဝန် အတော် လေး ရင့်လာပြီမို့ ကျွန်မ ဖျက်ပေးမယ့် မပျက်တော့လို့ သူ တောမှာ သွားပုန်းနေပြီး ခုမှ လာမွေးတာ”

“ခုတော့ သူဘယ်ပြန်သွားလဲ”

“သူ့အိမ်ပဲလား၊ တခြားလားတော့ မပြောကတ်ဘူး၊ အလုပ်က သူ ခွင့်ယူလာတယ် ပြောတယ်။ အလုပ် ပြန်ဝင်မှာပေါ့။ ဒေါက်တာအောင်မျိုး ပါရဂူဘွဲ့ယူဖို့ နိုင်ငံခြားသွားပြီလေ။ ရိုစီ လည်း ဒီအဖြစ်အပျက်တွေ မေ့လိုက်ပြီး ဘဝသစ်တစ်ခု ဖန်တီး မှာပေါ့”

ဆရာမကြီးထံမှ ကြားသိရသော ရိုစီ၏ အဘိဓမ္မာကို ရွံရှာစက်ဆုပ်စွာဖြင့် မမြခင် ကြားသိခဲ့ရပေပြီ။

နောက်တစ်ပတ်အကြာတွင် ခရစ်ယာန် တရားဟောဆရာ ဟုဆိုသော သားသမီးမရှိသည့် လင်မယားနှစ်ယောက် ရောက် လာကာ ဝဖြိုးကျန်းမာသော အကြီးမလေးကို ယူသွားပေသည်။ အငယ်မလေးမှာ အကြီးလို အော်ဟစ်ငိုယိုခြင်း မရှိရှာ။ အားဆေး

www.burmeseclassic.com

www.burmeseclassic.com



စွာ နိုးစိုးရှာသည်။ မကျန်းမာသဖြင့်သာ မမြခင်မှာ ညမအိပ်ရပါ။

တစ်လကြာသည့်တိုင် ယူမည့်သူ မရှိ၍ မမြခင်နှင့် အဖတ်တင်နေစဉ် မမြခင်မှာ ကလေးပေါ်တွင် သနားကြင်နာစိတ် ချစ်ခင်မြတ်နိုးစိတ်တို့ ယှိုဖိတ်လာသည့်အချိန်တွင် ခရစ်ယာန်ဘာသာဝင် ကုလားတစ်ယောက်က ကလေးယူရန် လာကြည့်ပြီး သူ့မိန်းမနှင့် တိုင်ပင်ဦးမည်ဟုပြောကာ ထွက်သွားသည့်အခါ စီးပွားရေး ချောင်လည်ပုံမရသော ထိုကုလားလက်သို့ သမီးလေးအား မမြခင် မအပ်ရက်တော့ပေ။

"ဆရာမကြီးရယ် ဘယ်သူ့မှ မပေးပါနဲ့ ဒီကလေး ကျွန်မပဲ မွေးပါရစေတော့၊ ကျွန်မ ယူသွားပါ့မယ်။ အလုပ်ထွက်ခွင့်လည်းပေးပါ"

ဟုသာ မမြခင် ပြောဖြစ်လိုက်တော့သည်။ မိမိကိုယ်တိုင် အလုပ်ကိုင် အတည်တကျ မရှိချိန်တွင် ကလေးတစ်ယောက်အား ကောက်ယူမွေးစားဝံ့သော သတ္တိကို ကြည့်ခြင်းအားဖြင့် ကလေးငယ်လေးပေါ်တွင် မမြခင် အဘယ်မျှ မေတ္တာသက်ဝင် ချစ်ခင်နေမိပြီဖြစ်ကြောင်း သိသာလှပါတော့သည်။

သည်အိမ်တွင် နေသမျှကာလပတ်လုံး ငြိုငြင်စရာ တစ်ကွက်မျှမရှိခဲ့သော မမြခင်အား ဆရာမကြီး နော်အဲလာက ကျေနပ်နှစ်သက်စွာဖြင့် ငွေသုံးရာ ပေးလိုက်ပါ၏။

တစ်လအရွယ် ကလေးငယ်ကို ပိုက်ကာ တိုးကြောင်းလေး



အိမ်တွင် ခိုနား၍ ပါလာသော ငွေလေးဖြင့် ချွေတာကာ ကလေးအား နို့ဗူးတိုက်ကျွေး၍ မွေးလာခဲ့သည်။

သုံးလအကြာတွင် ဦးကြာအိုင်ထံမှ မမြခင်အား ပြန်လာစေလိုကြောင်း စာရသဖြင့် ကလေးကို ရင်ဝယ်ပိုက်ထွေးကာသည် သယ်ကိုင်းသို့ မမြခင် ပြန်လည်ရောက်ရှိခဲ့ရပေသည်။

ရောက်စက မေးသမျှ သူ့ကလေးဟုသာပြောသဖြင့် မမြခင်အား ရစရာမရှိအောင်ပင် ပြစ်တင် ကဲ့ရဲ့ခြင်း ခံခဲ့ရပေသည်။

နောင်မှ တိုးကြောင်းလေးအိမ်နှင့် ဆက်သွယ်မိ၍ ဆရာလေးကိုချစ်ဖွယ် အပါအဝင် တစ်ယောက်စကား တစ်ယောက်အားဖြင့် ကြားသိကုန်ကြတော့သည်။

သမီးလေး သိတတ်လာသည့်အရွယ်တွင် တစ်ယောက်တား တစ်ယောက်နားနှင့် ပြောကြားလာသည့်အခါ မမြခင်မှာ အကက်ကက်လန်အောင် ရန်တွေ့တတ်ပေသည်။

အဖြစ်မှန်ကို သူ့သမီးသာ သိသွားပါလျှင် ပြောသည့်သူကို အသက်ချင်းလဲမည်ဟု ကြုံးဝါးထား၍ သူ့ပါးစပ် သူ့ဒေါသများကို ကြောက်၍ တစ်ကြောင်း မဖြူကို ချစ်သနား၍ တစ်ကြောင်း ကြောင့်သည်သူကမျှ မဖွင့်ဟကြသည်မှာ ယနေ့တိုင်သာ။

www.burmeseclassic.com

www.burmeseclassic.com

အမေ၏ ပုံပြင်ကြောင့် ကျွန်မရင်မှာ ပွင့်ကွဲထွက်မတတ် ဝမ်းနည်းပက်လက် ဖြစ်ရပါပြီ။ တစ်သက်တာ အမေစစ် ထင်မှတ်ကာ ချစ်ခင်မြတ်နိုးခဲ့ရသော အမျိုးသမီးကြီးမှာ ကျွန်မနှင့် သွေးတစ်စက်သော်မျှမစပ်သည့် တစိမ်းပြင်ပြင်သာ။

"ဖြစ်မှဖြစ်ရလေ အမေရယ်။ မဖြူဟာ ကံဆိုးလှချည်လားရှင်၊ အမေ သမီးကို တကယ်မှ ချစ်သေးရဲ့လားဟင်"

"ဒီစကားက အမေက မေးရမယ့် စကားပါ သမီးရယ်။ အမေ့သမီးရင်းချာ မဟုတ်မှန်း အမေ အသိဆုံးပေါ့။ ဒါပေမဲ့ သမီးလေးကို အမေ ဘယ်လို ချစ်မြတ်နိုးတယ်ဆိုတာ သမီး အသိပါ။ သမီးကသာ ဒါ ငါ့အမေ မဟုတ်ဘူးဆိုပြီး အချစ်ပျက်ရင် အမေ ရင်ကွဲမှာပါ သမီးရဲ့"



ကျွန်မ အမေ့ကို လှမ်းဖက်လိုက်သလို အမေကလည်း တင်းတင်းကြပ်ကြပ် ကျွန်မအား ပြန်ဖက်ထားပါသည်။ ကပ်ထားကြသော ပါးပြင်နှစ်ခုကြားတွင် မျက်ရည်များ ပေါင်းစပ်စီးဆင်းပါလေပြီ။

"တိတ်...တိတ်ကြပါ အမေ ညီမလေးရယ် မငိုပါနဲ့"

အစ်ကို ကိုယ်တိုင်ပင် ငိုရှိုက်နေကြောင်း သူ့အသံ ကြားသည်နှင့် ကျွန်မ သိပါသည်။

"နေစမ်းပါဦး အမေရဲ့၊ သမီးကို ဘာရည်ရွယ်ချက်နဲ့ ဒီအကြောင်းကို ပြန်ပြောပြရတာလဲ ဟင်။ သမီးသိရင် သမီး စိတ်ဆင်းရဲရမယ် ဆိုတာများ အမေ မတွေးမိတော့ဘူးလား ဟင်။ ပြောစမ်းပါဦး အမေ"

"ခွင့်လွှတ်ပါ သမီး၊ ဒီအကြောင်းကို အမေ့ရင်တွေ ခွဲပြီး ပြောရသလိုပါလို့ အမေ စကားပလ္လင်ခံထားခဲ့ပါတယ်"

အမေသည် ငိုရှိုက်နေသဖြင့် စကားရှေ့မဆက်နိုင်သေးပါ။ သည်အကြောင်း ကျွန်မအား အသိပေးကာ ပြောကြားလာခြင်းအတွက် အမေ့ကို ကျွန်မ အမှန်ပင် ဒေါသဖြစ်မိရပါသည်။ ကျွန်မအား ထိခိုက်စေလိုသော သဘောဖြင့် အသိပေးခြင်း မဟုတ်ကြောင်း အမေ ငိုရှိုက်နေခြင်းက သက်သေခံနေပါချေပြီ။

"ဒီလို ညီမလေးရယ် အစ်ကိုနဲ့ အမေဟာ ညီမလေးပေါ်မှာ ဘယ်လောက်များ သံယောဇဉ်ရှိရတယ် ချစ်ရတယ်ဆိုတာ ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



အသိပါကွယ်။ ညီမလေးအမေနဲ့ အမေ့ပေါ် ခွင့်လွှတ်ဖို့ အစ်ကို တောင်းပန်ပါတယ်"

"မလိုပါဘူး အစ်ကိုရယ် ညီမလေး ဝမ်းနည်းတာတစ်ခု ပါပဲ"

"မငိုပါနဲ့ကွယ် အစ်ကိုတို့ ဘာဖြစ်လို့ ဒီလိုပြောရတယ်ဆိုတာ ရှင်းပြပါရစေ။ ခု အစ်ကိုတို့မှာ နေရေးထိုင်ရေး သိပ်ခက်ခဲနေပြီ"

"အမေပြောတဲ့ တိုးကြောင်လေးက အစ်မဆိုတာရော"

"ဆုံးရှာပြီကွယ့်။ အရင်းအချာထဲက ရန်ကုန်မှာဆိုလို့ ဒီဦးခွင်းတစ်ပါးပဲ ရှိတော့တယ်။ ဒီမှာ အကြာကြီး လက်ခံမထားပါရစေနဲ့လို့ အဘွားကြီးက ပြောင်ဖွင့်ပြောလာတယ်။ ဒီတော့ အစ်ကိုတို့ ဘယ်လိုမှ ဆက်နေလို့ မဖြစ်ဘူး။ ခက်တာက ငွေ သိပ်မရှိတော့ဘူး။ တည်းခိုခန်းလို အိမ်ခန်းလိုသာ ငှားနေနိုင်ရင် ဘာအကြောင်းလဲကွယ်။ ခုတော့ ဆေးကုသရေးမှာ သုံးဖို့ ငွေလေး ချိုးခြံထားရသေးတယ်။ ညီမလေးသာ ကောင်းနိုးရာရာ ကျွေးပြီး အမေနဲ့ အစ်ကိုဟာ ဖြစ်သလို စားနေကြတာပါ"

"ဖြစ်ရလေ အစ်ကိုရယ် မဖြူအတွက် ဒုက္ခရောက်လိုက်ကြတာ"

"ဒါ အကြောင်း မဟုတ်ပါဘူးကွယ်။ ခုချက်ချင်း ဆင်းစရာ နေရာမရှိတာ ခက်လွန်းလို့ အစ်ကိုတို့ ဒီလိုကြံရတာပါ"



"ဘယ်လိုကြံတာလဲ ဟင်"

"အမေက ခုနပြောတဲ့ ဇာတ်ကြောင်းတွေ အစ်ကို့ကို ပြောပြတယ်။ ဒီတော့ မဖြူရဲ့ အမွှာအစ်မ စပယ်ဆိုတာကို ရှာဖို့ အကြံရလာတာနဲ့ မဖြူ ဆေးရုံက တစ်နေ့အပြန်မှာ စပယ်လို့ လူမှားပြီး ခေါ်တဲ့လူနောက်ကို လိုက်ပြီး လိပ်စာမေးတော့ ရလာပြီ၊ အမေ သွားတွေ့ပြီဆိုပါတော့ အစ်ကိုတို့ အကြံက တစ်ဝမ်းတွင်း အတူအောင်းလာတဲ့ ညီအစ်မဟာ ဘာပဲဖြစ်ဖြစ် သွေးဆိုတဲ့ စိတ်နဲ့ ချစ်မှာ ကူညီမှာပဲလို့ မြင်လို့ အကူအညီ တောင်းရအောင် သူ့ဆီ ချဉ်းကပ်ရတာပါ။ တကယ်လို့ သူနဲ့ အဆင်ပြေမယ်ဆိုရင် အမေနဲ့ မဖြူကို သူ့ဆီမှာ ထားခဲ့ပြီး အစ်ကို ပြန်နှင့်မယ်။ ညီမလေး မျက်စိကုပြီး ပြန်မြင်လာတော့ အစ်ကိုလာခေါ်ပြီး တို့မိသားစု အရင်လိုပျော်ပျော်ရွှင်ရွှင်နေကြ တာပေါ့နော်။ နေရေးထိုင်ရေး ခက်ခဲလွန်းတာရယ်၊ ဒီကမ္ဘာမှာ ဒီ ညီအစ်မသာ အရင်းနီးဆုံးဖြစ်လို့ တွေ့ပေးစေချင်တဲ့ စေတနာတွေ ရယ်ကြောင့် အမေဟာ ရင်ဖွင့်လိုက်ရရှာတာပါ ညီမလေးရယ်"

အစ်ကို၏ စကားမှာ သင့်လျော်မှန်ကန်လှပါသော်လည်း ဘွန်မ စိတ်မှာ ဝမ်းနည်းနေမိဆဲပင်။ ကိုယ့်သမီးလေးတွေကို ဆောင်းစုတ်ပလုံးစုတ်ကို ပစ်သလို ရက်ရက်စက်စက် ပစ်ခွာ ထွက်သွားရက်သော ရိုစီဆိုသည့် မွေးမိခင်အားလည်း နာကျည်း စွာဖြင့် တွေ့မြင်ချင်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ သွေးသားရင်းချာဖြစ်သော အစ်မရင်း စပယ်အားလည်း မတွေ့မမြင်ရပါဘဲ သံယောဇဉ်စိတ်ဖြင့် ချစ်ခင်တမ်းတနေမိပါသည်။ အမေရင်းမဟုတ်ကြောင်း သိပါရသဖြင့် အမေ့ပေါ်တွင် အချစ်မပေါ့သည့်ပြင်၊ အမေ၏ ကျေးဇူးကြောင့် အသက်မသေဘဲ လူတစ်ယောက်အဖြစ် ရပ်တည်အောင် ကျွေးမွေးပြုစုခဲ့ရှာသော အသက်သခင် ကျေးဇူးရှင် ကျွေးမိခင်ကြီးအား ပို၍ပင် ချစ်ကြည်ညိုမိပါကြောင်း ကျွန်မ ပြောပြကာ ငိုရှိုက်နေသော အမေကို နှစ်သိမ့်ရပါသည်။

သည်နေ့အဖို့ ကျွန်မတို့ သုံးယောက်လုံး၏ ရင်တွင်းဝယ် မထွေးနိုင် မအန်နိုင်လောက်အောင်ပင် တင်းကြပ် ဆို့နင့်သော ခံစားမှုကိုယ်စီဖြင့် မစားနိုင် မအိပ်နိုင်ကြပါပဲလျက် တစ်ညတာ လွန်မြောက်ခဲ့ရပါပြီ။

❁ ❁ ❁

"မာမီတို့ပြောတုန်းက သိပ်မယုံချင်လှဘူး၊ ခုတော့ ဟုတ်ပါပြီ။ မျက်စိပျက်နေတာကလွဲရင် စပယ့်ကိုယ် စပယ် မှန်ထဲပြန်ကြည့်နေရသလိုပါပဲလား။ ဖြစ်မှဖြစ်ရလေ ညီမလေးရယ်၊ တောကြိုအုံကြား ရောက်သွားပြီ ဆင်းရဲဒုက္ခ ရောက်လှချည်လားကွယ်"

ကျွန်မပခုံးကို ဖက်ကာ ရင်းနှီးကျွမ်းဝင်စွာဖြင့် အကြင်နာစကား ပြောကြားနေသော ကျွန်မ၏ အစ်မ စပယ်ဆိုသူကို ကျွန်မ ပြန်လည်ဖက်တွယ်ကာ ရင်မှာ တလှိုက်လှိုက်ဖြင့် ခံစားမှုတို့က နှလုံးသားဖြင့် မဆန့် ရင်တပြင်လုံးသို့ တင်ကြပ် ပြည့်သိပ်နေပါ၏။

ဝမ်းသာလွန်းသော ခံစားချက်ပင်လား၊ ဝမ်းနည်းလွန်းသော ခံစားမှုပေလား သရုပ်ခွဲခြားနိုင်စွမ်းမရှိသော်လည်း ရောထွေး

www.burmeseclassic.com

www.burmeseclassic.com



ယှက်တင်ကာ ရင်တပြင်လုံး ခံစားမှု ဖုံးနေကြောင်းသာ ကျွန်မ သိမှတ်မိပါသည်။

"အန့်တီက ဒီအကြောင်းကို အနှစ်နှစ်ဆယ်လုံးလုံး သိထားပါရက်နဲ့ ဘာဖြစ်လို့များ ထိန်ချန်ထားရတာလဲ ဟင်။ စပယ်ကတော့ ဒီအကြောင်းတွေကို ခုမှပဲ သိရပါတယ်။ စပယ့် ညီမလေးဟာ ရန်ကုန်မှာသာ စပယ်နဲ့အတူ ရှိနေရင် ဒီဘဝမျိုး ရောက်ရမှာ မဟုတ်ဘူး"

"ဒီလိုလဲ မဟုတ်သေးပါဘူး မမရယ်၊ အမေ့ကြောင့် မဖြူ အသက်ရှင်နေရတာပါ။ မဖြူရောဂါကတော့ အမေ ဂရုစိုက်နေပါရက်နဲ့ ဒေသကြောင့် ဖြစ်ရတာ မဖြူ ကံပါလေ။ ခုလဲ ဆေးကုသဖို့ အမေနဲ့ ဟော့ဒီက မဖြူအစ်ကိုတို့ဟာ ကိုယ်အားရှိသလောက် ဉာဏ်အားရှိသလောက် ကြိုးစားအားထုတ်ကြလို့သာ မဖြူ ဆေးကုသခွင့် ခံယူနေရပါပြီ။ ပြီးတော့ ခုလို မမနဲ့ တွေ့ခွင့်ရတာ သူတို့ကျေးဇူးကြောင့်ပါ"

ကျွန်မအစ်မ စပယ်၏ စကားထဲတွင် အပစ်တင်သံ နှောနေသည် ထင်၍ အမေ့ဘက်က ကာကွယ်ကာ ကျွန်မ ရှင်းပြမိပါသည်။

စပယ်၏ ကိုယ်ခန္ဓာတွင် မွမွလေးနှင့် အိညက်နေသော အင်္ကျီ၊ လုံချည်တို့ကို စမ်းသပ်မိသဖြင့် အစ်ကို ပြောသည့် ဖော့ခရစ်ဆင်တူ ဝတ်ထားခြင်း ဖြစ်ပေလိမ့်မည် ထင်ပါသည်။ လက်



တစ်ဖက်တွင် လက်ကောက်၊ လက်စွပ် စသည့် လက်ဝတ်တန်ဆာနှင့် တစ်ဖက်တွင် နာရီကို စမ်းမိသည့်အပြင် ဆွုံနံမြနေသော ထက်သည်းတို့ကိုလည်း ကျွန်မ တွေ့ရပါသည်။ စပယ်၏ ကိုယ်မှ မွှေးကြိုင်လွှန်းသော ရေမွှေးရနံ့ကလည်း ကျွန်မ ရင်ကို အေးမြစေပါ၏။

ကျွန်မ၏ အစ်မ စပယ်သည် ရန်ကုန်မြို့၏ ခေတ်အမီဆုံးသော အမျိုးသမီး အတန်းအစားတွင် ရှေ့ဆုံးမှ ပါဝင်နေသူ ဖြစ်ပေလိမ့်မည်။ ကျွန်မ၏ စကားကြောင့် သူသည် စဉ်းစားတွေဝေနေဟန်ဖြင့် စကားခဏရပ်ပြီးမှ ရှည်လျားသော စကားကို ဆက်ပါသည်။

"ဟုတ်တယ်နော်၊ ဒီက အန့်တီသာ ဒီအကြောင်း ထိန်ချန်ထားမယ်ဆိုရင် စပယ်တို့ညီအစ်မ တစ်သက်လုံး ဆုံစည်းခွင့် ကြုံတော့မှာ မဟုတ်ဘူး။ စပယ်ဟာ အဲဒီခရစ်ယာန် တရားဟောဆရာ လင်မယားကိုပဲ အဖေ အမေအရင်း ထင်နေမိတာ စပယ့်ကို ခုမွေးထားတဲ့ အိမ်ကပါ ဒီလိုထင်နေကြတာပါ"

"အဲဒီ မိဘတွေကကောကွယ်"

"ဆုံးကုန်ကြပါပြီ အန့်တီ။ စပယ် ဆယ်နှစ်သမီးလောက်မှာ မာမီဟာ သားအိမ်ကင်ဆာရောဂါနဲ့ တောင်ကြီးဆေးရုံမှာ ဆုံးပါတယ်။ နောက် နှစ်နှစ်လောက်ကြာတော့ ဒယ်ဒီလည်း အားမှောက်ပြီး ဆုံးရှာပါတယ်။ အဲ တောင်ကြီး သာသနာပြု

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတစ်ကျောင်းမှာ ဒယ်ဒီရဲ့အသိ အင်္ဂလိပ်ဘုန်းကြီးဆီမှာ စပယ်ဆက်နေခဲ့ပြီး လွန်ခဲ့တဲ့ သုံးနှစ်လောက်ကမှ ခုရှိတဲ့ မိဘတွေနဲ့ ဆက်သွယ်ပြီး ရန်ကုန် ဆင်းလာခဲ့တာပါ”

စပယ်၏ ဖြတ်သန်းလာခဲ့ရသော ခရီးကို ကျွန်မပါ စိတ်ဝင်စားစွာ နားထောင်နေမိပါသည်။ စပယ်မည်သော ကျွန်မ၏ အစ်မမှာလည်း ကျွန်မကို တွေ့ရခြင်းအတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းပမ်းတသာ ရှိနေကြောင်း တွေ့ရပါသည်။

“ဒီလောကမှာဖြင့် သွေးသားရင်းချာတစ်ယောက်မှ မရှိဘူးလို့ သိမှတ်ထားခဲ့တာ။ ခုလို ညီမလေးကို ပြန်တွေ့ရတော့ စပယ် တကယ့်ကို ဝမ်းသာအားတက်မိပါတယ်။ တို့များရဲ့ မိဘနဲ့ အဆက်အနွယ်တွေလည်း ရှိချင်ရှိဦးမှာပါ။ ညီမလေး ရောဂါပျောက်တော့ တို့ညီအစ်မ လက်တွဲပြီး ရှာကြရအောင်နော်”

“မဖြူတို့ရဲ့ အမေ ရိုစီဆိုတာဟာ မဖြူတို့ကို တကယ်ရက်စက်ခဲ့တာပဲနော်၊ မဖြူဖြင့် တွေ့ချင်သလိုလို မတွေ့ချင်သလိုလိုနဲ့ပါ”

“ဒါနဲ့ ဒီကအစ်ကိုတော့ သိမှာပေါ့ မဖြူရောဂါက ဘာတဲ့လဲ ဘယ်သူနဲ့ ပြသလဲ။ အိုင်းစပယ်ရှယ်လစ်(စ)တွေထဲက စပယ် အတော်လေးသိတာ များပါတယ်”

“အပြင်ဆေးတိုက်မှာ မပြနိုင်ပါဘူးခင်ဗျာ။ အထူး ကု



တစိုက်ရှိလှတဲ့ အထက်ပန်းဆိုးတန်းလမ်းက အိုပီ တီမှာပဲ ပြပါတယ်။ သူ့ရောဂါကတော့ Trachomaပါ။ ကုလို့ရတဲ့ ရောဂါပါ။ ခု အပြင်လူနာဌာနမှာပဲ မျက်ခမ်း ခွဲစိတ်ပြီးပါပြီ။ မကြာခင် အီးအီးအဲ(န်)တီ (EENT) ဆေးရုံကို တက်ရတော့မှာပါ”

“အော် အော် ကောင်းပြီလေ သူ့ရောဂါကို ပျောက်ကင်းဖို့ စပယ်လည်း အစွမ်းကုန် ကူညီပါ့မယ်”

“ကျေးဇူးတင်ပါတယ် စပယ်ရယ် ဟော့ဒီသမီးလေးရောဂါသာ ပျောက်မယ်ဆိုရင်လေ အမေ့မျက်လုံးတွေ ထုတ်ပေးရပါစေ ပေးပါ့မယ်။ သူသာ မျက်စိပြန်မြင်ရင် အမေ သေပျော်ပါပြီ။

“ဒီလိုကြားရတာ စပယ်လည်း ဝမ်းသာပါတယ်ရှင်။ ကဲ ခုဟာက မနေ့က စပယ့် မာမီကို ပြောလိုက်သလို နေဖို့ ထိုင်ဖို့အတွက် စပယ်က အရင်ကူညီရမှာ မဟုတ်လား။ စပယ်တို့ အိမ်က မြို့လယ်ခေါင်ဆိုတော့ အိမ်က သိပ်မကျယ်လှဘူး။ လူကလည်း များတယ်လေ၊ ဒယ်ဒီနဲ့ ပြန်ပြီး တိုင်ပင်လိုက်ပါဦးမယ်။ မဖြူ နေဖို့ ထိုင်ဖို့ ဆေးကုသဖို့ စပယ် အားလုံး တာဝန်ယူပါတယ်။ ကဲ စပယ့်ကို ခွင့်ပြုကြပါဦး”

ပြန်ခါနီးတွင် ကျွန်မအား ဖက်ထားမတတ် ကိုင်တွယ်နှုတ်ဆက်ကာ ထောင်ခန့်မည်သော ပိုက်ဆံအိတ်ဖွင့်သံ ပိတ်သံတို့ကို ကြားရပြီး ကျွန်မလက်ထဲသို့ ငွေတထပ်ထည့်ကာ ပြန်လည်ထွက်ခွာသွားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စပယ်၏ မာမီဆိုသူသည် ပြန်သွားမှသာ နှုတ်ဆက်သံကြားရပါသည်။ စပယ်ပြောဆိုနေသည့်အထဲတွင် ဘာတစ်ခွန်းမျှ ဝင်ရောက်ပြောဆိုခြင်း မရှိပါ။ စပယ်မှာ သူ့ပိုက်ဆံအိတ်ကို ဖွင့်ကာ ငွေသုံးရာတိတိ ပေးခဲ့နိုင်လောက်အောင်ပင် အခွင့်အရေးရှိနေသူ ဖြစ်ပေသည်။

သူ့အိမ်အကြောင်း မသိရသေးသော်လည်း စပယ့်မာမီဆိုသူအပေါ်တွင်မူ စပယ် လွှမ်းမိုးနိုင်ကြောင်း သိသာလှပါသည်။ အပြန်တွင် သူတို့စီးလာသော ဖယ်မေးလီးယားကားကို စပယ်ကိုယ်တိုင် မောင်းကာ ထွက်ခွာသွားကြောင်း အစ်ကိုက ပြောပြပါသည်။

ကျွန်မတို့ထံသို့ စပယ် ရောက်ရှိလာခြင်းအတွက် အမေနှင့် ကျွန်မမှာ ဝမ်းသာ အားတက်လွန်းကြပါသော်လည်း အစ်ကို၏ တက်ကြွသံကို ကျွန်မ မကြားရပါ။

အစ်ကိုသည် စပယ်ဆိုသော ကျွန်မအစ်မအား နှစ်နှစ်ခြိုက်ခြိုက် လက်ခံချင်ကြောင်း မပေါ်လွင်ခဲ့ပါ။

အစ်ကို့အတွေးတွင် မည်သို့မြင်နေသည်ကို ကျွန်မ မတွေးထင်တတ်တော့ပါ။

"အစ်ကို မဖြူနား လာပါဦး၊ အစ်ကို ဘာတွေ အလုပ်ရှုပ်နေတာလဲ"

"လာမယ် ညီမလေး ပစ္စည်းတွေ စုနေလို့ပါ"

"အစ်ကို နက်ဖန် ပြန်ရတော့မယ်နော်"

"အေးကွယ် ဒီမှာလဲ မဖြူ နေဖို့ကိစ္စက မတင်မကျနဲ့ဆိုတော့ အစ်ကိုလည်း သွားရမှာ စိတ်မချနိုင်အောင်ပါပဲ"

"တမ်ပတ်လောက် ထပ်နေလို့ မရတော့ဘူးလားဟင် အစ်ကို"

"သိပ်နေချင်တာပေါ့၊ အစ်ကို့ကျောင်းမှာ အစ်ကိုမရှိရင် မဖြစ်ဘူးဆိုတာ ညီမလေး အသိပဲ၊ ဆရာကြီး ဦးချစ်ဖွယ်ကလည်း အသက်ကြီးလှပြီ၊ ကျန်တာလဲ ဆရာမတွေချည်းပဲဆိုတော့ ရုံးကိစ္စလည်း အစ်ကိုပဲ၊ ကျောင်းပစ္စည်းဝယ်လည်း အစ်ကို

www.burmeseclassic.com



ပဲ သောက်ရေအိုးကိစ္စက အိမ်သာကိစ္စကအစ အစ်ကို လုပ်ရတာ ညီမလေး အသိပဲလေ”

“တာဝန်အနေနဲ့တော့ အစ်ကိုတစ်ယောက်ထဲကို ပေးထား တာမှ မဟုတ်ဘဲ။ အစ်ကို့ စေတနာနဲ့ အစ်ကို လုပ်တာမဟုတ် လား”

“ဒါတော့ ဒါပေါ့လေ၊ ကျောင်းကိစ္စချည်းလည်း မဟုတ် သေးဘူး။ ရပ်ကွက် သံဃဒါန ဆွမ်းခံ့အသင်းကိစ္စ တစ်ပတ် တစ်ကြိမ် သန့်ရှင်းရေးလုပ်ဖို့ နှိုးဆော်ရတဲ့ ကိစ္စတွေကလည်း ရှိသေးတဲ့အပြင် စာကြည့်တိုက်ကလေးဖွင့်ဖို့ အားလုံး အသင့် ဖြစ်နေပြီ။ အစ်ကို ရန်ကုန်ကက စာအုပ်စုံအောင် စုခဲ့ပြီး ပြန်လာ မှ ဖွင့်ပေးဖို့လည်း ပြောထားခဲ့တယ်”

“သွားပါ ဒါတွေက မဖြူထက် ပိုပြီး အရေးကြီးတာကို”

“ဒီလို အစ်ကို စိတ်မကောင်းအောင် မပြောနဲ့ကွာ၊ ရပ်ရွာ ရေးကိစ္စ မလုပ်ဘူးပဲထား အစ်ကို ခွင့်မတင်ခဲ့ဘူး၊ ဒီအတွက် ပြန်ရမှာပါ။ အစ်ကို့တစ်သက်မှာ မဖြူထက် အရေးကြီးတဲ့ကိစ္စ မရှိပါဘူးကွယ်။ ညီမလေးကသာ သူ့အစ်မအရင်း တွေ့ရတော့ အစ်ကို့ကို အချစ်ပေါ့သွားမှာ စိုးရပါတယ်”

“မပေါ့ပါဘူး အစ်ကိုရယ် အစ်ကို့ရဲ့ ကျေးဇူးတရားတွေကို မဖြူ အသက်နဲ့ ထပ်တူ တမလွန်ထိအောင် ယူဆောင်သွားပြီး သတိရ မှတ်သားနေပါ့မယ်”



“ကောင်းပါ့ဗျာ၊ ဒီစကားတွေ မှတ်ထားမယ် ဟုတ်တီလား၊ အဲဒီတမလွန်မှာ ဥစ္စာစောင့်မ ဖြစ်ရင်သာ အစ်ကို့ကို ရွှေမန်း ကျည်းတောင့်လေး ဘာလေး ပေးပေါ့”

“ဟား ဟား တကယ်နှောက်တဲ့ အစ်ကို၊ နေပါဦး၊ အဲဒီ မစပယ်ဆီကို ဘယ်လိုသွားပြီး ဆက်သွယ် ခေါ်လာခဲ့တာလဲ”

“အစ်ကိုက လိပ်စာရတော့ အမေက သူကိုယ်တိုင် အိမ် ပေါ်တက်ပြီး အခြေအနေကြည့်မယ် ဟန်ရင်လည်း ပြောမယ်၊ မဟန်ရင်လည်း ပြန်ခဲ့မယ်ပေါ့။ တို့အမေက စကားပြော ပါးနပ် လိမ္မာတယ် မဟုတ်လား။ စပယ်တို့ ဒယ်ဒီဆိုတာနဲ့ တန်းတွေ့ ပြီး စပယ်ကလည်း မရှိတုန်းဆိုတော့ ပြောလို့ဟန်ကျသွားတာ ပေါ့။ အဘိုးကြီးကတော့ သိပ်ပြေလည်တယ်ဆိုပဲ။ သူကတော့ အဆစ်အမြစ်ရောင်တဲ့ ရောဂါကြောင့် လမ်းမထွက်နိုင်လို့ သူ့ မိန်းမကို ထည့်လိုက်တာပဲတဲ့။ စပယ်ကိုသာ ငယ်ငယ်လေးထဲက မွေးတဲ့လူဆိုရင် ဒီလိုလာပြောတော့ မိဘအရင်းမဟုတ်မှန်း သိမှာမို့ ဒီက ပြောတာတွေ စပယ်ကို ပြန်ပြောချင်မှ ပြောမှာ၊ ခု စပယ်နဲ့နေတဲ့ ဦးစံလှထွန်းဆိုတာ ခရစ်ယာန်တရားဟောဆရာ ဟုတ်တာ သေချာလို့ တက်ပြောရဲတာပေါ့”

“မဖြူတာဝန်ကြီးကို မမစပယ်ပခုံး ပြောင်းပေးလိုက် တာတော့ မဟုတ်ပါဘူးနော်”

“ဟုတ်တယ်လို့သာ ထင်ရင် ညီမလေး မှားမှာပေါ့ကွယ်။

www.burmeseclassic.com



နေရေး ထိုင်ရေး ခက်တယ်ဆိုပေမယ့် အစ်ကိုတို့ဒုက္ခကို ဆရာဝန်ကြီးတွေ တင်ပြပြီး မဖြူကို ဆေးရုံမှာတင်ထားဖို့ ပြောရင် ရပါတယ်။ ခုခေတ် ကျန်းမာရေးဌာနတွေဟာ လူမှုရေးပါကြည့်ပါတယ်။ ဆေးရုံက ဆင်းသင့်နေပြီး အပြင်ကလာပြဖို့ရတဲ့ လူနာတွေဟာ ခုလို တည်းခိုဖို့ အဆင်မပြေရင် ဆေးရုံမှာပဲ ထားခွင့်ပြုကြပါတယ်။

"ဆေးရုံမှာတော့ နေရဲပါတယ်"

"အင်း ညီမလေးကို ဆေးရုံတင်ပြီး အစ်ကိုနဲ့ အမေဟာ လမ်းပေါ်မှာအိပ်နိုင်ကြပါတယ်။ အစ်ကိုတို့ဟာ ညီမလေးရဲ့ သွေးသားရင်း တစ်ယောက်လုံးရှိတဲ့ ဒီမြို့ကို ရောက်လာတုန်းမှာ တွေ့ပေးချင်တဲ့ စေတနာသက်သက်ကြောင့် အမေဟာ ရင်ကွဲပက်လက်နဲ့ ဇာတ်ကြောင်းလှန်ရတာပါ ညီမလေး။ ဒီစပယ်တို့အိမ် ရောက်တဲ့အထိ အစ်ကို နေလို့မဖြစ်တော့ဘူး၊ ဘာမဆို သတိနဲ့ယှဉ် ဆင်ခြင်ပြီးသာ အမေနဲ့ မခွဲခွာပါနဲ့လို့ အစ်ကို မှာခဲ့မယ် ဟုတ်လား ညီမလေး"

○

အစ်ကိုနှင့် စတင်တွေ့ဘူးမှ ဒီတစ်ခါသာ ခွဲခွာဘူးပါသည်။ ဘုတာဆင်းခါနီးတွင် ကျွန်မလက်ကို ဖြစ်ညှစ်ဆုပ်ကိုင်ရင်း ဘတွတ်တွတ် မှာကြားသွားသော စကားများက နားလျှံမျှပါပင်။

ကျွန်မ စပယ်၏အိမ်သို့ လိုက်နေမည့် ကိစ္စကို စိတ်ချခြင်းမရှိလှကြောင်း သူ့စကားများက ပေါ်လွင်နေပါ၏။ အမေ့ကိုလည်း ဘာပဲဖြစ်ဖြစ် ကျွန်မအား ခွဲခြား၍ တစ်ယောက်တည်း ထားခဲ့ရန် အတန်တန် မှာကြားသွားပါသည်။

စပယ်လာပြီးမှ ကျောင်းအမ ဒေါ်သဲညွှာလေးသံပင် ပြောင်းသာ ပျော့လာပေသည်။ ကျွန်မ၏ အစ်မအရင်းသည် သည်မျှ ထိုက်တန်ဂုဏ်မြင့်သော အခြေအနေတွင် ရှိနေကြောင်း သူမြင်တွေ့သွားရသဖြင့် ကျွန်မတို့ ဇာတ်ကြောင်းကို အလုံးစုံသည်း မသိ

www.burmeseclassic.com

www.burmeseclassic.com



သည်မို့ ကျွန်မတို့ကို အထင်ကြီးသွားကြောင်း သူ့လေသံက ဖော်ပြနေပေသည်။ အမေကမူ နဂိုပကတိအတိုင်း ဘာတစ်ခုမျှ မပြောင်းလဲပါပေ။

အစ်ကိုသွားသော ညနေစောင်းကပင် စပယ်တို့ သားအမိ ကျွန်မတို့ကို လာခေါ်ကြပါသည်။

များများစားစား မပါသော ပစ္စည်းလေးများကို တခဏချင်း သိမ်းပြီးသည်နှင့် အမေရော ကျွန်မပါ ခိုကိုးခဲ့ရသော ကျေးဇူးတရားကို ထောက်ထားကာ ကျောင်းအစ်မကြီးအား ရိုကျိုးစွာ နှုတ်ဆက်ပြီး ဆရာတော်များကို ရှိခိုးကာ နှုတ်ဆက်ပြီးသည့်အခါ အမေက ကျွန်မနား ကပ်ပြီး–

"စပယ်တို့က ဘုန်းကြီးတောင် ဦးမချပါလား"

"သူက ခရစ်ယာန် တရားဟောဆရာဆိမှာ ကြီးလာတာဆိုတော့ ဗုဒ္ဓဘာသာဖြစ်နိုင်ပါ့မလား အမေကလဲ"

"အေး ဟုတ်သားပဲ"

သူတို့နှင့် ပါလာသော ကလေးမငယ်တစ်ဦးကို ပစ္စည်းများ သယ်ခိုင်းစေပြီး စပယ်၏မာမီနှင့် စပယ်က ကျွန်မကို တစ်ဘက် တစ်ချက်စီ တွဲခေါ်ကြပါသည်။

အမေမှာ ကျွန်မနှင့် ခေးခါ လွတ်နေရရှာသည်မို့ အမေများ စိတ်မကောင်း ဖြစ်နေလေမလားဟု ကျွန်မ မဲတင်းခါ အမေ့ကို လှမ်းစကားပြောသည့်အခါ အမေ့ထံမှ ပြုံးရွှင် ကြည်နူး



သော အသံများ ကြားရသဖြင့် ကျွန်မ ထင်သလို အမေ့မှာ မခံစားရပါကြောင်း သိရ၍ ကျွန်မ စိတ်အေးရပါပြီ။

စပယ့် မာမီ၊ ကျွန်မ၊ အမေနှင့် ကလေးမလေးတို့က ကားနောက်ခန်းတွင် ထိုင်ကြပြီး ကျွန်မက ရှေ့ခန်းတွင် စပယ်၏ဘေးမှ ထိုင်စေကာ ကားကို မောင်းထွက်လာပါသည်။ စပယ် မောင်းလာသောကားမှာ လေးသောင်းလောက် တန်ဖိုးရှိကြောင်း အစ်ကို ပြောပြဖူးပါသည်။ ဤမျှ တန်ဖိုးရှိသော ကား၏ အိစက်ညက်သော ကူရှင်ပေါ်တွင် ထိုင်ကာ ကျွန်မအစ်မကိုယ်တိုင် မောင်းနေသည်ကို စီးရသည်မှာ ကျွန်မအဖို့ အဘယ်မျှ ဂုဏ်ယူဖွယ်ရာ ကောင်းလိုက်ပါသလဲ။

ကားစီး၍မှ ဖိမ်ကျပည် ကြာခါရှိသေးသည် ရောက်ပြီထင်ပါသည်။ ကားက ထိုးရပ်သွားလေပြီ။ စပယ်က အရင်ဆင်းကာ ကျွန်မကို တွဲထုတ်ပြီးမှ အမေတို့ သုံးယောက် ဆင်းကြရပါသည်။ အားလုံး လှေကားထိပ် ရောက်ပြီးသည့်အခါ–

"မာမီက အန်တီခေါ်ပြီး တက်နှင့်၊ စပယ်နဲ့ အေးခင် မဖြူကို တွဲပြီး ခေါ်ခဲ့မယ်။ စပယ်တို့အိမ်လာတဲ့ လူကတော့ ဘက်လမ်းရှိတယ်နော်။ တကယ်၊ တကယ် တက်လမ်းရှိတာမှ လှေကားပေါင်း ငါးဆယ့်ခုနစ်ထစ်ထိအောင်ကို တက်လမ်းရှိတာ ဟား...ဟား"

စပယ့်စကားကို ကျွန်မ အဟုတ်မှတ်နေရာက ပျက်ရယ်

www.burmeseclassic.com



ပြုမှန်း သိရသည်နှင့် ကျွန်မပါ ပြုံးမွှင် ရယ်ချင်လာမိပါသည်။ ရင်ဒိတ်ဒိတ်ခုန်အောင် မောပြီးခါမှ အပေါ်ဆုံးထပ်သို့ ရောက်လာပါတော့သည်။

အခန်းထဲအရောက်တွင် ကျွန်မကို တွဲခါ ဆိုဖာပေါ်တွင် ထိုင်စေပြီး အေးမြသော ရေခဲရေတစ်ခွက် လာတိုက်ပါသည်။ ရေခဲသေတ္တာဆိုသည့် အထဲမှ ထုတ်ယူလာသည့် ရေဆိုသည်ပင် ဖြစ်မည် ထင်ပါ၏။

"ဗဲရီးဝန်းဒါးဖူးလ် စပယ် တချို့ တွင်းစ်တွေ ဒယ်ဒီ မြင်ဘူးတယ်၊ ခုလောက် ထပ်ချပ်တူတာ ရှားတယ်၊ ဒါနဲ့ နာမည်က ဘာတဲ့လဲ"

"ပြောလိုက်လေ ညီမလေး၊ ဒါ စပယ်ရဲ့ ဒယ်ဒီဦးစံလှထွန်းပဲ"

"မဖြူလို့ ခေါ်ပါတယ်ရှင်"

"စိမ်းမ် အိုင်ဒီယာပဲနော်"

သူပြောသော စကားသံများကို ကျွန်မ မှတ်သားနိုင်သော်လည်း အဓိပ္ပာယ်ကို ရေလည်အောင် မသိပါ။ ကျွန်မ ငယ်စဉ်က အေဘီစီနှင့် မူလတန်းအဆင့်ထိလောက် အင်္ဂလိပ်စာ သင်ကြားခဲ့ဖူးပြီးနောက် အခေါ်အဝေါ်အချို့ကို အစ်ကိုက သင်ပြထား၍ ကျွန်မ နားမရိုင်းပါ။

"ဒယ်ဒီပြောတာ တို့နှစ်ယောက် နာမည်ဟာ တသဘော



ထဲပဲတဲ့။ ဟုတ်ပါရဲ့ 'စပယ်တောင် ခုမှ စဉ်းစားမိတယ်။' စပယ်ဆိုတာ ကိုယ့်ဟာကိုယ် အသားဖြူလို့ ကြီးမှပေးတဲ့ နာမည်ပါ။ ငယ်နာမည်ကတော့ ဒိုရင်း။ မဖြူဆိုတာလဲ အသားဖြူတာကို အစွဲပြုပြီး ပေးထားတာ ဟုတ်လား အန်တီ"

"ဟုတ်ပါတယ်ကွယ်"

"မဖြူရဲ့ ရောဂါ ကုသဖို့ ဘယ်လောက်ကြာဦးမလဲ၊ စ,ကုပြီးမှ ပျောက်ကင်းတဲ့အထိကရော ဘယ်လောက် အချိန်ယူရမယ် ပြောသလဲကွယ့်"

"အားလုံးဆိုရင် နှစ်လသုံးလလောက်တော့ ကြာမယ် ထင်ပါတယ်။ ဦး...ဦးလေး"

လူချင်းစတွေ့လျှင်ပင် ကြာမည့်အချိန် မေးခြင်းကို ထောက်ထားခြင်းအားဖြင့် ကြာရှည် မနေစေလို၍ များလားဟု ကျွန်မ အားငယ်စွာ တွေးနေမိစဉ် ဦးစံလှထွန်းက—

"မေးမိတာကို တလွဲမတွေးလိုက်နဲ့နော် သမီး။ စပယ်ဟာ ဒယ်ဒီတို့ရဲ့သမီး။ စပယ့်ညီမဟာလည်း ဒယ်ဒီတို့ရဲ့ သမီးပဲပေါ့ကွယ်။ ဒယ်ဒီတို့မှာ စပယ်လို ချစ်စရာသမီးလေး တစ်ယောက် တိုးလာတယ်လို့ မှတ်ယူပါမယ်။ ဘယ်လောက်ကြာမလဲဆိုတာက ကြာစေချင်လို့ မေးတာပါ။ ရောဂါပျောက်ပြီး ပြန်သွားမယ့်အချိန်ကို မရင်ဆိုင်ချင်လို့ ကြိုတင်မေးမိတာ ဒယ်ဒီ ဖြစ်လာသွားပါတယ်။ ခွင့်လွှတ်ပါကွယ်။ သမီး မဖြူအနေနဲ့ ဒီ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို တစိမ်းပြင်ပြင်လို သဘောမထားပါနဲ့။ မဖြူရဲ့ သွေးသားရင်းချာ စပယ်လည်း ရှိနေသားပဲ။ ဒယ်ဒီတို့ကို မိဘအရင်းလို သဘောမထားနိုင်တောင်မှ ဦးကြီး ဦးလေးနဲ့ ကြီးဒေါ်မိကြီးလို သဘောထား ဆက်ဆံပါနော်။ ဘာမဆို မဖြူလိုတာရှိရင် ပြောပါ မကျေနပ်တာရှိရင် ဆိုပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်လှပါတယ် ဒယ်..."

သူပြောသလို ဒယ်ဒီဟု ခေါ်ဆိုရန် နှုတ်က မထွက်ရဲသည်မို့ ဆွံ့အသလို အသံက တိမ်ဝင်သွားမိပါသည်။ ကျွန်မ၏ ရောဂါကုသရန် ကြာမြင့်မည့်အချိန်ကို မေးစဉ်က ကျွန်မ တလွဲထင်ကာ အားငယ်စွာဖြင့် မျက်နှာညှိုးနွမ်းသွားမိသည် ထင်ပါသည်။ ဦးစံလှထွန်းက ချက်ချင်းလို စကားကို ပြန်ပြင်ကာ သူ၏စေတနာကို ရှည်လျားစွာ ရှင်းပြရှာပါသည်။

အမေသည် အိမ်သို့ စတင်လာစဉ်ကလည်း သူနှင့်ပင် တွေ့ဆုံကာ ပြေလည်လာကြသည်ဟု သိရပါသည်။ ပြောပုံမှာ မျော့ပြောင်းယဉ်ကျေးလှပေသည်။ သူ့အသံလုံးက ကြီး၍ ကြည်လွင်လေသည်။ တစ်ခါကြားဖူးလျှင် အစဉ်မှတ်မိနိုင်သော အသံမျိုး ဖြစ်ပါသည်။

သူနှင့် စကားပြောဖူးလျှင်လည်း သူ၏ ယဉ်ကျေးဖော်ရွေလွန်းသောစကားများကြောင့် ခင်မင်မှု ခိုင်မြဲကာ သူ လွှမ်းမိုးရာသို့ လိုက်လျောလိုသည့် ဆန္ဒများ ဖြစ်ပွားအောင် စွမ်းဆောင်နိုင်မည့်



အရည်အချင်းမျိုးလည်း ရှိဟန်တူပါသည်။

"သြော်...ဒေါ်မြခင် အနေနဲ့တော့ ကျွန်တော်တို့ဆီမှာ ထားခဲ့ရမှာကို အစစအရာရာ စိတ်ချစေချင်ပါတယ် ခင်ဗျာ"

သူ့စကားကြောင့် ကျွန်မ အံ့အားသင့်ရပါပြီ။ ကျွန်မကိုသာ လက်ခံပြီး အမေ့ကို ပြန်ရန် နှင်နေသည့်သဘောပါပင်။ အစ်ကိုက အမေနှင့် မခွဲမခွာနေပါရန် တတွတ်တွတ် မှာကြားသော စကားကို ကျွန်မ နာခံလိုပါ၍–

"မဖြူရောဂါ ကုသပြီးသည်အထိတော့ အမေနဲ့ နေပါရစေလားရှင်၊ ကျွန်မရဲ့ ဒုက္ခိတ ကရိကထကို အမေသာ သည်းခံနိုင်မှာမို့ပါ၊ တကယ်လို့"

"အို...နိုးနိုး မဖြူ တလွဲထင်သွားပြန်ပြီ ဒေါ်မြခင် လာပြောတုန်းက ဟိုကျောင်းဆရာဆိုတာကလည်း ကျောင်းပိတ်ရက်ပြီးမှ ထပ်ယူတဲ့ခွင့် စေ့ပြီ၊ ဒေါ်မြခင်ကလည်း ယာကိစ္စလေးတွေ ထားခဲ့ရလို့ ရက်ရှည်ကြီး နေဖို့ မဖြစ်နိုင်လို့ မဖြူ နေထိုင်ဖို့အရေး စိတ်အေးချင်တယ် ဆိုလို့ပါ၊ ဒယ်ဒီတို့ အိမ်က ဘယ်နှစ်ယောက်ကျွေးရကျွေးရ အကြောင်းမဟုတ်ပါဘူး သမီးရယ်"

"ဟုတ်တယ် မဖြူ ပြန်မယ်လို့ ပြောထားလို့ ဒယ်ဒီက ပြောတာပါ။ နေနိုင်သလောက် ရပါတယ်ကွယ်၊ အရင်းအချာလို သဘောထားပါလို့ ပြောထားမှပဲ အန်တီလည်း ဘာမှ အားနာစရာ မရှိပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"မဖြူ မှားသွားရင် တောင်းပန်ပါတယ်။ အမေနဲ့ မဒွေ ရရင် မဖြူအဖို့ အားလုံး ပြည့်စုံပါပြီရှင်"

စကားဝိုင်းမှာ ပြေလည်လိုက်လျောမှုများဖြင့် ပြီးဆုံးသွားပါသည်။ ကျွန်မတို့ နေဖို့ အိပ်ခန်းသို့ လိုက်ပို့ပြီး အထဲမှာသာ စိတ်လွတ် လက်လွတ်နေကြပြီး အစားအစာကို အခန်းတွင်း အရောက်လာပို့ပါမည့်အကြောင်းနှင့် အခန်းပြင်သို့ သိပ်ပြီး မထွက်စေလိုကြောင်းများကို ဒေါ်သိန်းတင် ဆိုသည့် သည်အိမ်၏ ချက်ပြုတ်စီမံမှု တာဝန်ခံ အမျိုးသမီးကြီးက မှာကြားသွားပေသည်။

သူတို့စကားကို ဆန်းပြားသည်ဟု စိတ်ဝယ် ထင်မိသော်လည်း ကျွန်မလို မျက်မမြင်မကို စပယ့်ညီမလို့ လူသိမှာ စိုး၍ပင် ထင်သည်ဟု အားငယ်စွာ တွေးတောမိရပါသည်။

ထမင်းစားပြီးခဲ့ပါပြီဆိုသော ကျွန်မတို့ သားအမိ၏ ညစာအတွက် ပလာတာကြီးလေးချပ်နှင့် ကြက်သားဟင်းများ ရေခဲနှင့် လိမ္မော်ရည် နှစ်ပုလင်းကို အခန်းတွင်းသို့ လာပို့နိုင်းထားသည်ဟု အမေက ပြောပြပါသည်။

ကျွန်မတို့ အိမ်ရာမဝင်မီအချိန်ထိ တိတ်ဆိတ်နေပေသည်။ စပယ်လည်း အပြင်ထွက်သွားသည်။ သည်အိမ်တွင် စပယ်တို့ သားအမိ သားအဖသုံးယောက်နှင့် ဒေါ်သိန်းတင်၊ မအေးခင်တို့သာ ရှိကြမည်ဟု ကျွန်မ တွေးမိခဲ့ပါ၏။

အမေသည် အရုဏ်တက် ထလေ့ရှိသူမို့ စောစီးစွာ အိပ်ပျော်တတ်ပေသည်။ ချောမွေ့သော ခုတင် ထူထဲသန့်ပြန့်သော မွေ့ယာ၊ ခြင်ထောင်၊ ခေါင်းအုံးတို့၏ အသစ်နံ့များကို ကျွန်မ ရှူရှိုက်ရပါသည်။

စပယ်တို့၏ ချမ်းသာကြွယ်ဝမှုကို ကျွန်မမှာ တအံ့တသြ ဖြစ်ရင်း ကိုယ့်အစ်မရင်းတွက် ဝမ်းသာကာ ပီတိဖြာရပါသည်။

အမေမှာ အိပ်မောကျနေရှာပြီ ဖြစ်သော်လည်း ကျွန်မက အိပ်မရသေးပါချေ။ အစ်ကိုကို လွမ်းဆွတ်သော စိတ်လည်း ပါပါသည်။

သည်အိမ်၏ သစ်ဆန်းသော အတွေ့အကြုံကြောင့် လည်း ဖြစ်ပေသည်။ ဆယ်နာရီကျော်ကျော်လောက်တွင် အိမ်ရှေ့ခန်းဆီမှ စကားသံများ ကြားရပါသည်။

ခဏအကြာတွင် ကျွန်မတို့ အခန်းဆီမှ ဖြတ်ကာ နောက်ဖေးခန်းသို့ ဝင်သွားသော ခြေသံများကို ကြားရပေသည်။

လူလေးငါးယောက်ထက်မနည်း ဖြစ်မည် ထင်ပါသည်။ ကျွန်မတို့ အိပ်ရသောအခန်းမှာ နောက်ဖေးနှင့် အနီးကပ်ဆုံး အခန်းပါပင်။

စကားသံများနှင့်အတူ လှေကားတစ်ခုပေါ်သို့ တက်သွားသော ဖိနပ်သံများကိုပါ ကြားလိုက်ရပါသည်။ သည်တိုက်ခန်းသည် လေးထပ်တိုက်၏ အမြင့်ဆုံးအထပ်ဖြစ်သည်ဟု သိခဲ့ရသော်လည်း သည်အထပ်၏ အထက်သို့ နောက်ဖေးမှ သင့်ပ်တက်



www.burmeseclassic.com

www.burmeseclassic.com



စရာ လေ့ကားရှိသေးကြောင်း ကျွန်မ သိရှိရပါပြီ။

လူသံများ ပျောက်ကွယ်သွားလျှင် မတိုးမကျယ်သော လေတစ်ချက်ဖြင့်–

"စပယ် ကျွန်းမာရေးဆိပ်ကမ်းဘက် လမ်းလျှောက်ရ အောင်လား"

"လမ်းလျှောက်တာ ဝါသနာမပါဘူး"

"ကိုယ့်မှာ ကားပါပါတယ်၊ လေညှင်းသွားခံရအောင်ပါ"

"ဟင့်အင်း ကိုကိုအောင် စပယ် ဒီနေ့ ပင်ပမ်းနေတယ် အပြင်မထွက်ချင်ဘူး"

"တားပါတော့ ထားပါတော့ ဖရိုင့်(က)နဲ့ဆို ဒီဆင်ခြေ တွေ သူမရှိဘူး၊ အပြင်မထွက်ရင်လည်း အပေါ်လိုက်ခဲ့ ကိုကို အောင်ကို လိုက်အားပေးဦး နှစ်ယောက် အိုင်ဒီယာနဲ့မှ ပိုပိုင်မှာ"

"အမလေး ဝတ်လုံပီပီ၊ သူ့ဘက်ချည်း မရရအောင် ဆွယ်နေတာပဲ၊ ကြွတော်မူ ကြွတော်မူ ဒယ်ဒီနဲ့ ငွေရှင်းစရာလေး ရှိသေးတယ် လိုက်ခဲ့မယ်၊ အပေါ်ကဟာတွေ သိပ်အသံမကျယ် ကြဖို့ သတိပေးထားပါ ကိုကိုအောင်"

သူတို့စကားများမှာ ဆန်းပြားလွန်းလှပါချေသည်။ မြန်မာ လို ပြောနေကြသော်လည်း အဓိပ္ပာယ် ပြည့်စုံအောင် ကျွန်မ နားမလည်ပါ။

ပြန်လည်တိတ်ဆိတ်သွားကြပြန်သည်။ အိမ်ရှေ့ဆီမှ



တစ်ခါတစ်ရံစကားအသံသဲ့သဲ့လေးကိုသာ ကြားမိသည်။ ယောကျာ်း သံ မိန်းမသံပင် ခွဲခြား၍မရနိုင်အောင် အသံက တိုးတိတ် လွန်းလှသည်။

စပယ် ဒယ်ဒီနှင့် ငွေရှင်းနေသည်ဟုပင် တွေး မိပါသည်။ သားအဖချင်း ညအချိန်တွင် ငွေစာရင်းရှင်းနေရ လောက်အောင် စပယ်တို့ အလုပ်က မည်မျှ ကြီးကျယ်ပါလေ သနည်း။ ထိုစဉ် ဖိနပ်သံတဖြတ်ဖြတ်ဖြင့် အပေါ်ထပ်မှ ဆင်းလာ သံဆုံးသည်နှင့်–

"အန်တီခင် ရွှေဘိ ရှိသလား၊ ကျွန်တော် ခေါ်သွားချင်လို့"

"ဘယ်ကများ အိပ်မက်လာသလဲ ဇင်မောင်မောင်ရယ်၊ ရွှေဘိ တောင်ကြီးက သူ့ဒွေး ဦးဘော်ဆိုင်းနဲ့ ပါသွားတာ တစ်ပတ် လောက်တောင် ရှိနေပြီ"

"ဒါဖြင့် ဘယ်သူရှိသလဲ"

"ဘယ်သူမှ မရှိဘူး၊ ဘွတ်ကင်လုပ်ထားရတယ်ဆိုတာ ဇင်မောင်မောင် မေ့နေပြီ ထင်တယ်"

နှစ်ယောက်သား ပြိုင်တူရယ်ကာ အသံများ တိတ်သွား ကြပါသည်။

"အေးခင် လက်ဖက်ရည်ချိုနဲ့ မုန့် အပေါ်ကို အရင်ပို့ လက်ဖက် သုံးပွဲလောက် သုပ်၊ ရေနွေးကြမ်းတစ်အိုးပါ အပေါ် တင်ပြီးရင် နင် အိပ်ချင် အိပ်တော့"

အပြောကလေး တက်သွားသော စပယ့်အသံ၊ [illegible]ကြားသံ

www.burmeseclassic.com

www.burmeseclassic.com



များကို အားလုံး ကြားသိရပြီး အသံများ အားလုံး တိတ်ဆိတ်သွား တော့သည်။

စပယ်တို့သည် မည်သို့သော အလုပ်အကိုင်ဖြင့် အသက်မွေး ဝမ်းကျောင်း ပြုကြလေသနည်း။ သမ္မာအာဇီဝမှ ဟုတ်ပါလေစ ဟူသော သံသယဖြစ်ရပါချေပြီ။

❖ ❖ ❖

နောက်တစ်နေ့သည် တနင်္ဂနွေနေ့ ဖြစ်ပေသည်။

နံနက်စာမှာ မွှေးကြိုင်လွန်းသော နက်(စ)ကဖီ ကော်ဖီဆီနှင့် ဖျော်သည်ဟု ဆိုပါသည်။ နွားနို့မလိုင်အပြည့်ဖြင့် ဖျော်ထားသော ကော်ဖီနှစ်ခွက် ပေါင်မုန့်ထောပတ်သုတ်၊ ဂျိတ်မုန့်နှစ်မျိုးနှင့် ကြက်ဥကြော်နှစ်လုံးတို့ ပါရှိသည်ဟု အမေက ပြောပြပါ၏။

ညက အဖြစ်အပျက်ကို တစ်ကွက်ကလေးမှ မကြားသိရသော အမေမှာ နှစ်ခြိုက် ရွှင်လန်းစွာ စားသုံးရင်း စပယ်တို့အိမ်သားများအား မေတ္တာပို့သနေပါသည်။ ကျွန်မတွင် ဝင်နေသော သံသယစိတ်များကို အမေ့အား ပြန်လှန်မပြောကြားတော့ပါ။

မျက်နှာသစ်ရန်နှင့် အခင်းသွားရန်၊ ရေချိုးရန်တို့ကိုသာ ကျွန်မတို့ သားအမိအား လာခေါ်ပါသည်။ ကျန်သောအချိန်တွင် အပြင်သို့ ထွက်၍ နေထိုင်ပါရန် မည်သူကမျှ မခေါ်ပါ၍ ကျွန်မတို့သားအမိမှာ အခန်းအောင်း၍သာ နေကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ အားလပ်ရက်မို့ ထင်သည်၊ သည်အိမ်တွင် ဧည့်သည်များ များပြားလှပေသည်။ ဖွန်းသံ ခရင်းသံ စကားပြောသံ ရယ်မောသံများ ကြားနေရပါသည်။

စပယ်ကမူ ဆယ်နာရီကျော်မှ ကျွန်မတို့ထံ လာရောက်ကာ သူ ယခုမှ အိပ်ရာကထကြောင်း မနက်က စားသောက်ရသည်မှာ ကောင်း မကောင်းလည်း မေးပါသည်။ သူ့ပေါ်တွင် အစ်မဟူသော မေတ္တာစိတ် ဝင်နေ၍ပေလားမသိ လိုက်လှဲသော စေတနာနှင့် လာမေးသည်ဟု ကျွန်မ ယုံကြည်မိပါ၏။

သည်တစ်နေ့လုံး စပယ် လမ်းသုံးခေါက်ထွက်သည်၊ ထွက်လိုက်ပြန်လိုက်နှင့် သူမို့ပင် မမောမပမ်း တတ်နိုင်ရှိလှပေသည်။ စပယ်ကိုယ်တိုင်ကလည်း ကျွန်မကို အပြင်သို့ ထွက်ရန် မခေါ်ပေ။ ပိတ်လှောင်နေသော အခန်းငယ်ထဲတွင် အစားကောင်းများ စားနေရပါသော်လည်း အမေရော ကျွန်မပါ စိတ်ကျဉ်းကြပ်လှပါသည်။

စပယ်တို့၏ မိသားစု၏ ချိုသာ၍ စေတနာပါသော စကားများကမူ ကျွန်မတို့ စိတ်ကို ကြည်လင်စေပြန်လေသည်။ ညဦးပိုင်းတွင် အခန်းတွင်းထိအောင် စပယ်နှင့် သူ့ဒယ်ဒီက လာရောက်၍ စကားများ ကြာမြင့်စွာ ပြောကြားအပြီးတွင်–

"စပယ်နဲ့ မဖြူက ရုပ်ရည်အရုပ်အမောင်း ကိုယ်လုံးကိုယ်ထည်တင် တူတာမဟုတ်ဘူး အသံပါတူတယ်ကွယ်။ နှစ်ယောက်လို့ ဒယ်ဒီ စိတ်ထဲမှာ မထင်တော့ဘူး၊ တစ်ယောက်လို့သာ မြင်တော့တယ်"

သည်သို့ပင် ရုပ်ချင်း အသံချင်း ဆင်ကြောင်း ပြောအပြီး ကျွန်မ၏ အခန်းမှ ထွက်ခါနီးတွင်–

"သမီး စပယ် အိပ်ရာမဝင်ခင် ဒယ်ဒီနဲ့ ခဏလာတွေ့ဦးနော်"

"ကောင်းပြီ ဒယ်ဒီ"

စပယ်မှာ ကျွန်မ အိပ်ရာထက်တွင် လဲလျောင်းကာ မွေးသည်မှစ၍ အတူတကွ နေထိုင်လာကြသည့် ညီအစ်မများပမာ ရင်းနှီးစွာ ဆက်ဆံပါသည်။ ကျွန်မက ကျွန်မတို့ မိဘများကို ရှာဖွေရလျှင် ကောင်းလေမလားဟု ထင်မြင်ကာ တွေ့ရှိလိုပါကြောင်း ပြောမိရာ–

"သူတို့က တို့များကို သေချင်သေ ရှင်ချင်ရှင် စွန့်ပစ်ထားကြတာ။ ခွေးလေး ကြောင်လေးတွေကိုတောင် လူတွေဟာ မစွန့်ပစ်ရက်ကြဘူး မဖြူ။ တို့ပေါ် ဒီလောက်ရက်စက်ထားတာ တွေ့ချင်စရာ ဘာအကြောင်းထူးမှာလဲ။ စပယ်တော့ တွေ့မယ်ဆိုရင်တောင် "ရှောင်"ချင်တယ်။ ဘာဖြစ်လို့ လဲဆိုရင် လက်စားချေမိမှာစိုးလို့"

စပယ်၏ ရဲရင့်ပြတ်သား စိမ်းကားရက်စက်သော သဘောထားပြတ်ချက်မှာ မှန်ကန်နေလေသလား၊ ကျွန်မ၏ မိဘကို

www.burmeseclassic.com



မြတ်နိုးချစ်ကြင်စိတ်ဖြင့် တွေ့မြင်လိုသော ဆန္ဒပင် မှန်ကန်လေသလားမှု ခွဲခြားနိုင်စွမ်း မရှိနိုင်တော့ပါချေ။

စပယ်မှာ ကျွန်မ၏ ရှေးဟောင်းနှောင်းဖြစ်ရပ်များကို မေး၍ ကျွန်မ အစမှအဆုံးတိုင် တစ်လုံးမကျန် ပြန်ပြောပြရပါသည်။

ကျွန်မ၏ ဇာတ်လမ်းထဲတွင် အဓိက ဇာတ်လိုက်ဖြစ်သော အစ်ကို၏ သဒ္ဓါတားသော စေတနာများကို ပြောပြမိသည့်အခါ ကျွန်မကို သည်မျှ လိမ္မာပါးနပ်စွာ စကားတတ်လိမ့်မည် မထင်ကြောင်း ဗဟုသုတ ဘာမျှမရှိသော နလပိန်းတုံးဟုသာ ထင်မှတ်မှားခဲ့သော်လည်း ယခုလို စုံစေအောင် သိရှိကာ ဉာဏ်ပညာ အမြော်အမြင်ရှိနေသည့်အတွက် အားတက် ဝမ်းသာ ဂုဏ်ယူပါကြောင်း ပြောဆိုကာ ဆယ်နာရီကျော်မှ ပြန်ထွက်သွားပါတော့သည်။

ကျွန်မမှာ သည်အိမ်၏ စီးပွားရှာဖွေပုံကို အမျိုးမျိုး တွေးတောနေမိသည်။ သံသယစိတ်တို့ကို စပယ်၏ စေတနာစကားများနှင့် ဖုံးလွှမ်းသွားလေသည်မို့ ကျွန်မ သည်ည နှစ်ခြိုက်စွာ အိပ်ပျော်နိုင်ပါပြီ။

📖 📖 📖

သည်နေ့သည် ကျွန်မ ဆေးရုံသို့ သွားပြရမည့်နေ့ ဖြစ်ကြောင်း စပယ်ကို ပြောထားပြီးလေပြီမို့ သူကိုယ်တိုင် လိုက်ပို့သော်ထင်ခဲ့သော်လည်း ကျွန်မတို့ကို တခြားသောကား တခြားသော ဒရိုင်ဘာနှင့်သာ သွားစေခဲ့ပါသည်။ မသွားခင် ဦးစံလှထွန်းက ကျွန်မတို့ကို ရှည်လျားသော စကားများဖြင့် ယဉ်ကျေးစွာ ပြောပြသည်မှာ–

“ဒယ်ဒီက ကုန်သည်ပွဲစားအလုပ် ရပ်ရှင်ကုမ္ပဏီကလည်း ထောင်ထားပြီး လက်ရှိနှစ်ကားကလည်း ရိုက်ဆဲပဲ။ အလုပ်က သိပ်ကျယ်ပြန့်များပြားတော့ ကိစ္စကလည်းများ ဧည့်သည်ကလည်း များနဲ့ ဆိုတော့ မဖြူတို့ နေထိုင်ရတာ ကျဉ်းကြပ်လွန်းတယ်။ ဒါ့အတွက် ဒယ်ဒီ အများကြီး စိတ်မကောင်းဖြစ်ရပါတယ်။

“အို…မဖြူတို့က အားနာရမှာပါရှင်”

www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်မြို့လယ်မှာတော့ ဒယ်ဒီတို့လို ပေအစိတ် ပေခြောက်ဆယ်နဲ့ နောက်ဖေးဘက် လသာဆောင်မှာ အထပ်ခိုး ယ်လေး ဆောက်ထားနိုင်တဲ့ အိမ်ဟာ အကျယ်ဆုံးလို့ ဆိုရမှာ ပဲ။ ဒါတောင် ဒီလောက်ကျဉ်းကြပ်နေတာသာကြည့်။ ဟော ခု ဒီညနေ ရထားနဲ့ တောင်ကြီးက ဦးဘော်ဆိုင်းတို့ လာကြလိမ့်မယ်"

"ဟင်...ဧည့်သည်တွေလာကြမယ်"

ဟုတ်တယ် သူတို့က ဖော်ဘွားအဆက်အနွယ်တွေ သူဌေးတွေဆိုတော့ လာတဲ့ လူကလည်းများ ဧည့်ခံရတာလည်း သိပ်ပြီးတာဝန်ကြီးပါတယ်။ ဒီအချိန်မျိုးမှာ မဖြူ သိပ်ပြီး အနေ အထိုင် ကျဉ်းကြပ်မှာကို မဖြူ အစ်မတော်ကရော ဒယ်ဒီကပါ မလိုလားလို့ မဖြူအတွက် အကောင်းဆုံးဖြစ်မယ့် အစီအစဉ်ကို ဒယ်ဒီတို့ စီစဉ်ထားပါတယ်။

ဒါပေမယ့် မဖြူ စိတ်ညစ်ညူးများ သွားမလားလို့လည်း ဒယ်ဒီတို့ သားအဖနှစ်ယောက်လုံး စိုးရိမ်နေကြပါတယ်"

"ပြောသာပြောပါရှင်၊ မဖြူအတွက် ဘယ်လိုပဲ နေရနေရ ပါ။ မဖြူဆန္ဒက ဆေးကုသမှု ပြီးဆုံးအောင် ခံယူချင်တာရယ် ဟောဒီ အမေနဲ့ မခွဲမခွာ နေလိုတာရယ်၊ အဲဒီ နှစ်ချက်ပြည့်ရင် မဖြူ ကျေနပ်ပါပြီ။ မဖြူအတွက် ပြည့်စုံပါပြီရှင်"

❦❦❦

နောက်အပတ်တွင် မျက်စိ အထူးကုဆေးရုံကြီးသို့ ကျွန်မ တက်ရောက်ခွင့် လက်မှတ်ရလာပါပြီ။ ကျွန်မ၏ အမှောင်ဘဝမှ တင်းလွတ်နိုင်မည့်ရက်မှာ တစ်နေ့တခြား နီးလာခဲ့ပါပြီ။

ဆေးရုံမှ အပြန်တွင် ကျွန်မတို့ လှစ္စလမ်းအိမ်သို့ မပြန်ကြ ရတော့ပါ။

ကြာမြင့်စွာ ကားစီးလာခဲ့ရပြီး လမ်းတစ်ခုကို ချိုးကွေ့လိုက် ပါသည်။ လမ်းမှာ ကတ္တရာလမ်းဖြစ်ဟန်မတူ မြေလမ်း ဖြစ်ပါ လိမ့်မည်။ လမ်း၏ ချိုင့်ဝှမ်းများကြောင့် ကားပေါ်ပါသော ကျွန်မ တို့မှာ ခလောက်ဆန်နေပါသည်။ အမေက—

"ဒါ ရှစ်မိုင်ဘက်ပဲ"

ဆို၍ ရှစ်မိုင်ဘက်ရှိ ကတ္တရာလမ်းမနှင့် အလှမ်းကွာလှသော ခြံတစ်ခြံအတွင်းသို့ ကျွန်မတို့ကို ပို့ပါသည်။ ကျွန်မတို့နှင့်အတူ ဒေါ်သိန်းတင်၊ မအေးခင်တို့လည်း လိုက်ပါလာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းတင်က တံခါးဖွင့်ကာ မအေးခင်က တံမြက်လှည်းနေသည်ကို အမေက ဝင်ကူညီမည့်အကြောင်းများ ပြောနေသံကြားရပါသည်။

တစ်နာရီခန့်ကြာမျှ အလုပ်ရှုပ်နေပြီးမှ ကျွန်မတို့ကို ထားရစ်ခဲ့ကာ ဒေါ်သိန်းတင်က ကျွန်မတို့ စီးလာသည့် လေးဘီးမာဇဒါဆိုသောကားဖြင့် ပြန်လည် ထွက်ခွာသွားပြီး မအေးခင်ကိုမူ ကျွန်မတို့နှင့်အတူ နိုင်းစေရန် ထားရစ်ခဲ့ပါသည်။

"အိမ်လေးက ပျဉ်ထောင် ခြေတံရှည် တစ်ထပ်အိမ်လေးသမီး၊ ရေရော မီးရော အပြည့်အစုံ၊ မျက်နှာကျက်မှာလည်း ကျောက်ပြားတွေ ကပ်လို့ မပူအောင်ပေါ့။ အိမ်ထဲမှာလည်း အိုးခွက်ပန်းကန် အိပ်ရာ ဘီဒိုကအစ အပြည့်အစုံပဲ။ ရေခဲသေတ္တာအသေးလေးတောင် ရှိလိုက်သေးတယ် ချစ်စရာလေး"

"ဟုတ်လား"

ပစ္စည်းတွေလည်း အပြည့်အသိပ်ပဲအေ ပေးလိုက်တာ။ မသိန်းတင်က အိပ်ရာပြင် ပစ္စည်းတွေနေသားတကျထား ရေနံဆီကအစ ရေနံဆီမီးဖိုထဲ ထည့်ပေးခဲ့တယ်။ ကောင်မလေးကိုလည်း အမေတို့ သားအမိကို ဂရုတစိုက်လုပ်ပေးဖို့ အတန်တန်မှာပြီးမှ ပြန်သွားရှာတာ။

"ကျေးဇူးတင်စရာပဲနော် အမေ"

အင်း ကျေးဇူးကြီးလိုက်တာ ချမ်းသာကြပါစေတော်။



အမေဖြင့် ဟိုအခန်းကျဉ်းလေးထဲမှာ နေရတာ စိတ်ကို အိုက်နေတာပဲ။ ပြတင်းပေါက်မရှိတော့ ဆေးလိပ်မီးခိုးတွေ လုံနေမှာစိုးလို့ သိပ်ပြီး မသောက်ဝံ့ဘူး။ ခုမှ တဝသောက်ရတော့မယ်။ ဒီအိမ်လေးကို ရောက်လာရတာ စိတ်ချမ်းသာလိုက်တာ"

ဦးစံလှထွန်း အနားယူသည့်အခါ လာရောက် နေထိုင်လေ့ရှိသည့် အိမ်လေးသို့ ကျွန်မတို့ကို ပို့ထားသည်မှာ သင့်မြတ်လှပါသော်လည်း ကျွန်မတို့ကို လွှစ္စလမ်းအိမ်မှာ ရှိမနေစေလိုသောသဘောဖြင့် လွှတ်လိုက်ကြောင်း ကျွန်မ တွေးမိပါသည်။

မျက်စိပင်မမြင်သော်လည်း လုပ်ဆောင်ချက်များကို မှန်းပြီး ကျွန်မ၏ ယူဆချက်များမှာ လွဲခဲ့ပါသည်။

ယခု ဦးစံလှထွန်းတွင် လျှို့ဝှက် သိသိပ်စရာအကြောင်းအရာများရှိနေမည် ဖြစ်ကြောင်းကိုမူ ကျွန်မ ကောင်းကောင်းသိရှိပါပြီ။

ကျွန်မအပေါ်တွင် စပယ်ရော ဦးစံလှထွန်းပါ လိုလားနှစ်ခြိုက်စွာ လက်ခံကြပြီး ပြည့်ဝသော စေတနာဖြင့် လိုလေသေးမရှိအောင် ပြုစုကြသည်ကိုဖြင့် ကျွန်မမှာ ဝမ်းသာရပါသော်လည်း စပယ်သည် မည်သည့် နေရာမျိုးမှ လှုပ်ရှားနေသည်၊ ဦးစံလှထွန်း၏ အကျိုးစီးပွားရေးတွင် မည်သို့ ကူညီစွမ်းဆောင်နေသည်များကို ကျွန်မ သိလိုလှပါ၏။

အိမ်၏ ခြံဝင်းမှာ ပေနှစ်ရာပတ်လည် ကျယ်ဝန်းသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်အဘိုးကြီး ဦးဆိုင်ထံမှ သိရပါသည်။ ယခင်က သည်အိမ်တွင် ရှမ်းနှင့် တရုတ်စပ်ဟန်တူသော သူတစ်ဦးက ပိုင်ဆိုင်ထားပြီး တစ်နေ့သောအချိန်က ရဲများ လာဝိုင်း၍ ရှာကြံကြောင်းများပါ ဦးဆိုင်ထံမှ သိရပါသည်။ ယခု အချိန်ပိုင်းတွင်မူ ခြေထောက်သိပ်မသန်သော ဦးစံလှထွန်းတို့ မိသားစုသာ တစ်ခါတစ်ရံ လာရောက်နေထိုင်ပြီး လခလည်း မှန်မှန်ပေးကြောင်းများပါ ကြားသိရပါသည်။

ညပိုင်းတိုင်းတွင် စပယ် ကားမောင်း၍ ရောက်လာလေ့ရှိပါသည်။ စားစရာမျိုးစုံကလည်း စားမကုန်အောင်ပင် ကျွေးရှာပေသည်။ အမေရော ကျွန်မပါ နေထိုင်စားသောက်ရသည်မှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိလှပါသည်။

သည်အိမ်ရောက်ပြီး နောက် ငါးရက်လောက် အကြာတွင် ဒေါ်သိန်းတင်နှင့် စပယ်၏ ကားကို တခြားလူတစ်ယောက် မောင်းကာ ရောက်လာပြီး-

"မဖြူရေ ဦးလေးက ခဏ ခေါ်ခိုင်းလိုက်တယ်။ စပယ် ကိုယ်တိုင် လိုက်လာမလို့ပဲ ဧည့်သည်တစ်ယောက်ကို မင်္ဂလာဒုံလေယာဉ်ကွင်းမှာ သွားကြိုဖို့ တယ်လီဖုန်းလာလို့ လိုက်သွားရတယ်။ ရော့ ဒီမှာ စပယ်က အင်္ကျီ လုံချည်တွေ ပေးလိုက်တယ်။ ခြောက်စုံတောင် မဖြူနဲ့လိုက်မယ့် တစ်ထည် ကျွန်မ ရွေးထုတ်လိုက်မယ်နော်"



"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဒေါ်သိန်းတင်"

ဒေါ်သိန်းတင်က ကျွန်မ၏ ဆံပင်ကိုပါ ထုံးဖွဲ့ပေးပါသည်။ ခေတ်မှီ ပုံစံမို့ ထင်သည် တင်းတင်းလေးလေးကြီးနှင့်မို့ ကျွန်မ စက်ကြောတင်းလှပါသည်။ အင်္ကျီ လုံချည်ကလည်း ကရစ်နှင့် ဟက်ထွန် အဝါရောင် ဆင်တူဟု ပြောပါသည်။ ကျွန်မ အနေရအကြပ်ဆုံးက ဘော်လီအင်္ကျီပါပင်။ ပထမ ဘရာစီယာ ဝတ်ပေးသည်ကို ကျွန်မ ငြင်းဆန်၍ ဘော်လီနှင့် လဲပြောင်းပေးပါသော်လည်း ရင်သားများကို တင်းမောက် ပြည့်ဖြိုးနေစေအောင် အံဝင်ခွင်ကျ ရှိလှပါသောကြောင့် ကျွန်မ အနေရခက်လှပါသည်။ ဒါကိုပင် သင့်တင့်ရဲ ပြင်ပေးခြင်းပါဟု ဒေါ်သိန်းတင်က ဆိုပါသေးသည်။

"အမေရော အဝတ်လဲပြီးပလား၊ တံခါးတွေ ပိတ်ခဲ့ရမလား ဒေါ်သိန်းတင်"

"ဒေါ်မြခင်တော့ နေခဲ့ပါလိမ့်မယ် အေးခင်တစ်ယောက် ထဲမို့ပါ မဖြူ၊ အဘိုးကြီးလည်း မြို့ထဲသွားတယ် မကြာပါဘူး။ ကျွန်မတို့လည်း မိုးမချုပ်ခင် ပြန်လာကြမှာပါ"

ဘာကိစ္စများမို့ သီးသန့်ခေါ်ဆောင်လာခဲ့ကြောင်း ကျွန်မ နားမလည်နိုင်တော့ပါ။ စေတနာထားကြသော စပယ်၏ လူယုံများနှင့် စပယ်၏ ကားကြောင့် အမေက စိတ်ချလက်ချ သည့်လိုက်ဟန် တူပါသည်။ ကားကြာရှည်စွာ စီးရသဖြင့် ကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရာများ ခေါ်သွားကြလေမလားဟူသော စိုးရိမ်စိတ်ဖြင့် ရင်ထိတ်စွာ လိုက်ပါခဲ့ရပါ၏။

အမှန်ပင် လွှစ္စလမ်းအိမ်သို့ ခေါ်ဆောင်လာကြကြောင်း တွေ့ရမှ ကျွန်မ ရင်အေးပါပြီ။ မောဟိုက်စွာ တက်လာပြီး အပေါ်ရောက်သည့်အခါ စပယ်၏ ဒယ်ဒီနှင့် မာမီက ပြာပြာသလဲ ဆီးကြို ပြုစုကြပါသည်။ ဒေါ်သိန်းတင်မှာ ကျွန်မကို အပေါ်အရောက်ပို့ပြီး ပြန်ဆင်းကာ ကားထွက်သွားသံ သဲ့သဲ့ကို ကြားရပါသည်။

"စပယ် မင်္ဂလာဒုံသွားတာ ဘယ်အချိန်ပြန်ရောက်မယ် မသိဘူး၊ လေယာဉ်ပျံကလည်း အချိန်မမှန်ဘူး၊ မိုးလေဝသကြည့်ပြီးမှ ထွက်ကြရတာ မဟုတ်လားကွယ့် သမီး"

"ဟုတ်ကဲ့ ဒါနဲ့ မဖြူကို ဘာကိစ္စရှိလို့များ ခေါ်ခိုင်းတာပါလဲရှင်"

"ဩော်...ပြောမယ် ပြောမယ်၊ ဒီလိုကွာ မန္တလေးက မိတ်ဆွေတွေက အခု နှစ်နာရီ ရထားနဲ့ ပြန်တော့မှာ အဲဒါ ခုမှ လာပြီး ငွေတစ်သောင်းကျော် ပေးချေချင်လို့တဲ့။ ရောင်းဝယ်ထားတာက စပယ်နဲ့ လုပ်ထားကြတာ၊ စပယ်မရှိဘူးဆိုရင် ဒီငွေ လက်လွတ်သွားမှာစိုးလို့ သမီးကို စပယ်အနေနဲ့ ခဏ ပြထားပြီး သူတို့နဲ့ ဒယ်ဒီ စကားပြောရအောင်လို့ပါ"

"ရှင်...မဖြူ မလုပ်ရဲဘူး"



"ဩော် ငါ့သမီး မဖြူနှယ် ရိုးအရန်ကောကွယ်၊ ဘာမှ ပြောစရာမလိုပါဘူး။ သူတို့ကို အယ်ကယ် အန်တီလှ ခေါ်ရင် ပြီးပါတယ်၊ စပယ် နေမကောင်းဘူး၊ မျက်စိဖွင့်မရအောင် နာနေလို့ မျက်မှန်တပ်ထားရတယ်လို့ ပြောလိုက်ပြီး တစ်ခွန်းစ နှစ်ခွန်းစ ပြောရုံပါ၊ ဒယ်ဒီတို့လည်း အနားမှာ ရှိပါတယ်၊ သမီးအတွက် ဘာမှ ဖြစ်မလာစေရပါဘူး စိတ်ချပါ၊ ဒယ်ဒီနဲ့ စပယ့်ကို ကူညီပါကွယ်"

"ကောင်းပါပြီလေ၊ မဖြူ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ ကိစ္စပြီးပြီးချင်းသာ အမေ့ဆီ ပြန်ပို့ပေးပါနော်"

အားနာ သနားလာလောက်အောင်ပင် ဦးစံလှထွန်းနှင့် ဒေါ်ခင်ခင်တို့က ပြောဆိုကြသည်မို့ ကျွန်မ အတတ်နိုင်ဆုံး ကူညီပါတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည့် အချိန်မှာ တံခါးခေါက်သံ ကြားရပါပြီ။

ကျွန်မအား ဆိုဖာများ၏ ခေါင်းရင်းဘက်ရှိ ပက်လက်ကုလားထိုင်တွင် ပြောင်းရွှေ့ထိုင်စေပြီး မျက်မှန်လာတတ်ပေးပါသည်။ စွယ်တာတစ်ထည်လည်း လွှမ်းခြုံပေးပြီး ကြွန္နေမပျက် ဆရန် ဦးစံလှထွန်းက အတန်တန်မှာကြားပြီးမှ တံခါးဖွင့်လိုက်ပါတော့သည်။

"ကြွပါ ကြွပါ ဦးမိုးမြင့်၊ ဒေါ်လှလှလည်း ထိုင်ပါ၊ ပြန်ခါနီး လာနှုတ်ဆက်မယ်ဆိုလို့ ကျွန်တော် စောင့်နေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့တွေ့ဘဲ ဘယ်ပြန်လိမ့်မလဲဗျာ"

ပြောပြောဆိုဆိုဖြင့် ကျွန်မနှင့် အနီးကပ်ဆုံး ဆိုဖာတွင် ဦးမိုးမြင့်ဆိုသူ လာရောက် ထိုင်ကြောင်း ကျွန်မအသံကြားရပါသည်။ ကျွန်မ၏ ကုလားထိုင်နှင့် ကြားတွင် ခုံတစ်လုံးသာ ခြားပေသည်။

"ဟော စပယ် ဘာဖြစ်လို့လဲ"

"မျက်စိနာနေလို့ပါ အန်တီလှ"

"အို အချိန်မဟုတ် အခါမဟုတ်ကွယ် ဖြစ်ရလေ၊ ဘယ်ဆရာဝန်နဲ့ ပြသလဲ"

"ဆရာဝန်တော့ မပြသေးပါဘူး အိမ်မှာပဲ ဆေးထည့်ပါတယ် မသက်သာမှ ပြမလို့ပါ အယ်ကယ်"

"အေး မျက်စိဆိုတာ မပေါ့နဲ့"

ကျွန်မနှင့် သည်မျှသာ စကားစပြတ်သွားသည်မို့ တော်ပါသေးသည်။ ကျွန်မ လက်ပိုက်ကာ ခပ်တည်တည်ပင် ထိုင်နေလိုက်ပါသည်။ သူတို့စကားများထဲတွင် ငွေရေးကြေးရေး မပါသေးပါ။ တခြားအိမ်ထောင်စုအကြောင်း အင်္ဂလိပ်ရုပ်ရှင်အကြောင်း ကုန်ဈေးနှုန်းကြီးမြင့်ခြင်း ပန်းချီပြပွဲ အကြောင်းတွေသာ ပါဝါသည်။ ဒေါ်လှလှက "ပြန်ဦးမှ"ဟု စကားပျိုးထားချိန်တွင် တယ်လီဖုန်း ခေါင်းလောင်းက မြည်လာပါသည်။ နီးကပ်လွန်းသော အသံကြောင့် ကျွန်မပင် လန့်သွားမိသော်လည်း ဣန္ဒြေဆောင်နေရပါသည်။ ကျွန်မ ၏ ပက်လက်ကုလားထိုင်နှင့် ဦးမိုးမြင့်၏ ဆိုဖာကြားရှိ ခုံသည် တယ်လီဖုန်းတင်သည့်ခုံဂင် ဖြစ်ပေလိမ့်မည်။ ဦးမိုးမြင့်က ဖုန်းကို ချက်ချင်းကိုင်လိုက်ကာ–



"ဟုတ်ကဲ့ အမိန့်ရှိပါ၊ အော် စပယ်တဲ့ ရော့"

ကျွန်မရင်မှာ ထိတ်ပြာသွားမိပါသည်။ ဦးစံလှထွန်းနှင့် ဒေါ်ခင်ခင်တို့လည်း မျက်လုံးပြူးကုန်ကြလိမ့်မည် ထင်ပါသည်။ အခြေအနေမှာ မြန်ဆန်လွန်းပါ၍ ထိန်းသိမ်းဖို့ မလုံလောက်တော့ပေ။ ကျွန်မ ဇွန့်စားရပါတော့မည်။ သူပေးလာသော တယ်လီဖုန်း လက်ကိုင်ကို ကျွန်မ တခြားစီ လွဲယူမိမှာစိုး၍ လက်ကို ကြွရုံသာ လှမ်းလိုက်ရာ ကျွန်မ၏လက်သို့ အရောက် လာပေးသည်မို့ တစ်ချက်ဖြင့် ဟန်ပြီး ရှေ့ဆက်ကြရန်သာ ရှိပါတော့သည်။ ကျွန်မ စာဖတ်နိုင်စဉ်က တယ်လီဖုန်းပြောနေပုံများကို စာအုပ်တွင် မြင်ဖူးပါ၍ နားနှင့် ဖိကပ်ပြီး–

"ဘယ်သူပါလဲ"

"စပယ်လား"

"ဟုတ်ပါတယ်"

"ခင်မောင်မောင်ပါ ဘယ့်နဲ့လဲ မသွားသေးဘူးလား"

"စပယ် နေမကောင်းလို့"

"ဟောဗျား ဒီတစ်ချီလွဲရင် သိပ်နာတယ်ကွာ၊ ကြိုးစားခမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



“ဘယ်တတ်နိုင်မလဲ၊ နေမှမကောင်းတာ”

“စပယ့်အသံ ကိုယ်ဖြင့် အားမရလိုက်တာ အဘိုးကြီးဆီမှာ အပြည့်ပါမှာ ခင်ဗျာရဲ့၊ ကိုယ်တောင် ချလောင်ချင်တာ ကပ်မရလို့၊ နေပါဦး ဘာဖြစ်တာလဲ၊ နေမကောင်းဘူးဆိုတာက ဖျားတာလား”

“မဟုတ်ပါဘူး မျက်စိနာတာပါ၊ စိတ်ညစ်လို့ ဘယ်မှ မထွက်ဘူး”

“မနေ့က ဝတ်လုံတော်ရကြီးနဲ့ ရုပ်ရှင်ကြည့်တော့ရော”

“အဲဒီက ပြန်လာမှ နာတာပါ၊ တကယ် မျက်စိဖွင့်မရဘူး။ ဒါပဲလေ နောက်မှ ပြန်ဆက်ပါလား”

“နေပါဦး ဘယ်သူတွေ ရောက်နေလဲ ဦးဘော်ဆိုင်းရော”

“အော်...အန်ကယ်ဦးမိုးမြင့်နဲ့ အန်တီဒေါ်လှလှတို့ပါ။ ကဲ...ဒါပဲနော်”

ကျွန်မ တယ်လီဖုန်းလက်ကိုင်ကို နားဆီမှ ခွာလိုက်လျှင်ပင် ကျွန်မလက်မှ လှမ်းယူခြင်း ခံလိုက်ရပါသည်။ အန်တီခင်ပါပင်။ ကျွန်မတင်လျှင် တစ်လွဲစီ ဖြစ်နေမှာစိုး၍ စောင့်နေဟန် တူပါသည်။ ဦးမိုးမြင့်နှင့် ဒေါ်လှလှတို့လည်း ကျွန်မကို နှုတ်ဆက်ကာ ထွက်သွား၍ တံခါးပိတ်ပြီးလျှင်ပင် ဦးစံလှထွန်းက ကျွန်မ ပခုံးစွန်းများကို ကိုင်လှုပ်ရင်း–

“တော်ပါပေတယ် ပီယိပါပေတယ် မဖြူရယ်၊ စပယ့်



ညီမလို့ မပြောရဘူး၊ ပါးလိုက်တာ လုစ်နေတာပါပဲလား၊ မျက်စိသာ ပြန်ကောင်းရင် ဒယ်ဒီ အားကိုးတစ်ခု တိုးပါပြီကွယ်”

“ဝမ်းသာပါတယ်ရှင်၊ မဖြူဖြင့် ရင်တွေတောင်တုန်လို့ နေကြနွေးဆယ်နေရပါတယ်။ ခုနဆက်တာ ဇင်မောင်မောင်တဲ့။ အဘိုးကြီးဆီ မသွားသေးဘူးလားဆိုလို့ စပယ် နေမကောင်းလို့ သွားနိုင်ကြောင်း မဖြူ ပြောလိုက်ပါတယ်”

“ဟန်ကျလိုက်လေကွာ”

ဦးစံလှထွန်းထံမှ စကားသံနှင့်အတူ လက်ဖျောက်တီးသံ တစ်ချက်ပါ ကြားလိုက်ရပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်မ၏ စွမ်းဆောင်ချက်ကို သူတို့ နှစ်ခြိုက်သော အံဝင်ခွင်ကျမှုရှိသည်ဆိုလျှင် ကျွန်မ ကျေနပ်လှပါပြီ။ ကျွန်မ ပြန်ချင်ကြောင်း ပြောသဖြင့် အားအဆင်သင့်ရှိ၍ ပြန်နိုင်ပြီဖြစ်ကြောင်း ပြောဆို အပြီးတွင်–

“သြော်...မေ့နေလိုက်တာ နေ့လယ်က မဖြူတို့အတွက် အတစ်စောင် ရောက်လာတယ်။ လယ်ကိုင်းက အေးမင်းတဲ့”

“ဟာ...ဝမ်းသာလိုက်တာ၊ အဲဒီစာ ဘယ်မှာလဲဟင်”

“နေဦး အန်တီခင် ယူလိုက်ဦးမယ်၊ အန်တီခင် ဖွင့်ပြီး တော်ပြရမလား”

“ရပါတယ် အန်တီခင်၊ ဟိုရောက်မှ အမေဖောက်ပြီး တော်ပါလိမ့်မယ်”

“ဟုတ်သားပဲ ခင်ခင်ကလည်း သူတို့နဲ့ သက်ဆိုင်တဲ့စာ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဖတ်လိမ့်မပေါ့ကွ"

အန်တီခင်က စေတနာနှင့်မြွော်ဆိုပါကြောင်း ချေပအပြီး တွင် ကျွန်မတို့ ပြန်လာကြပါသည်။ ဦးစံလှထွန်းက ငွေ တင် သောင်းကျော် ပေးချေရန်ဟု ပြောသော်လည်း ငွေစကား အရောင် အဝယ်စကားများ ပြောကြားသံ မကြားခဲ့ရပါပေ။

ဖင်မောင်မောင်၏ တယ်လီဖုန်းမှ စကားများမှာလည် ထူးခြားနေသည်မို့ ကျွန်မ ဉာဏ်မီသမျှ တွေးယူရပါလျှင်-

ကျွန်မကို စပယ်အဖြစ်နှင့် ရုပ်ပြထားပြီး စပယ်အစစ် မည်သို့သော အကြံအစည်ဖြင့် ငုပ်လျှိုးနေပါသနည်း။ ကောင် မြတ်သော အကြံ လူသိခံဝံ့သော အလုပ်မျိုးမှ ဟုတ်ပါလေစ ကျွန်မမှာ စပယ့်ပေါ်တွင် သံသယဝင်ရပြီ။

အန်တီခင်တို့ ကားပြန်ထွက်သွားသော်လည်း အမေ့ ကျွန်မ အလုံးစုံ ပြန်မပြောပြတော့ပါ။ ကျွန်မကို ခေါ်ကာ ဆေး ရုံတက်ခါနီး အားပေးစကား ပြောကြားခြင်းသာ ဖြစ်ကြောင် အမေ စိတ်ချမ်းသာစေရန် လိုးလွဲပြောဆိုပြီး ကျွန်မမှာ အဝတ် အစားပင် မလဲနိုင်သေးဘဲ အစ်ကို့စာအား အမေ့ကို ပေး၍ ဖတ် ပြပါစေသည်။ ပထမတစ်ရွက်တွင် အမေ့အား အိမ်၏ အခြေအနေ များ ဦးကြာအိုင် အနည်းငယ် မကျန်းမာ ဖြစ်နေပုံများနှင့် ကျွန် ကို ဂရုစိုက်ဖို့ မှာကြားစာများသာ ဖြစ်ပါသည်။ ကျွန်မအတွက် စာတွင်မူ-



အစ်ကို့ညီမလေး မိဖြူ

နေမှကောင်းရဲ့လား၊ ဆေးရုံက ဘာထပ်ပြီး ပြောတယ်၊ ဘယ်တော့ ဆေးရုံ တက်ရမယ်ဆိုတာတွေ အစ်ကို သိချင်လိုက် တာ။ ဝတ္ထုရားတွေ များပြားလွန်းလို့သာ ပြန် ခဲ့ရပေမယ့် အစ်ကို့စိတ်က ရန်ကုန်က မိဖြူ ဆီမှာပါကွယ်။

ဆေးကုသရေးအတွက်တော့ အစ်ကို စိတ် အေးပါပြီ။ ငွေရှိမှ ဆေးကုလို့ ရတယ်။ ဆရာဝန်ကို လာဘ်ပေးမှ ဂရုတစိုက် ရှိတယ် ဆိုတဲ့ခေတ်ဟာ ကုန်ခဲ့ပြီ။ ကျန်းမာရေးဌာန တွေ တိုးတက်လာတယ်ဆိုတာထက် မြင့်မြတ် ဖြူစင်လွန်းသော စေတနာနဲ့ လူနာအများကို တသားတည်းထားကုတဲ့ ဆရာဝန်ကြီးတွေ တစ်နေ့တခြား များပြားလာပြီလို့ ဆိုရမယ်။

ညီမလေး ဆေးရုံသွားတိုင်း ရောဂါပိုး သပ်၊ ဆေးထည့် စမ်းသပ်ပေးရတဲ့ လက် ထောက်ဆရာဝန် "ဒေါက်တာသက်ထွန်းကျော်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ဘယ့်လောက်များ စေတနာထားရှာ သလဲကွယ်။ အစ်ကိုနဲ့လည်း စကားပြော ပြေလည်ခင်မင်ခဲ့ပါတယ်။ မဖြူ ဆေးရုံတက်ချိန်မှာ သူဟာ မျက်စိအထူးကု ဆေးရုံကြီးမှာ တာဝန်မကျခဲ့ရင်တောင်မှ လာကြည့်ပြီး လိုအပ်တာ ကူညီပါမယ်လို့ ပြောထားတယ် မဟုတ်လား။ သူများလာရင် ညီမလေး လေးလေးစားစား ဆက်ဆံနော်။

အစ်ကိုတို့ဆီမှာတော့ အားလုံး သာသာယာယာပါပဲ။ အကြောင်းစုံ အမေ့စာထဲမှာ ရေးပြီးပြီလေ။ အစ်ကို စိတ်မချတာက လွှစ္စလမ်းအိမ်ပဲ။ အဲဒီအိမ်က ဦးစံလှထွန်းဆိုတာ ပညာတတ် ဂုဏ်သရေရှိ လူကြီးတစ်ဦးဖြစ်ခဲ့ဖူးပေမယ့် ထောင်ကျခဲ့ဖူးတယ်လို့ ကြားရတယ်။ ခုတော့ ဘယ်လိုအလုပ်မျိုးနဲ့ ရှာဖွေလုပ်ကိုင်နေတယ်ဆိုတာ အစ်ကိုလည်း အတိအကျ မသိခဲ့ရဘူး။

အေးလေ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က သတိဝီရိယရှိရင်တော့ မမှားဘူးပေါ့။ ကြောက်ပြီး အားလည်း ငယ်မနေပါနဲ့ဦးနော်။ အစ်ကို



က စိုးရိမ်လို့ သတိပေးရတာပါ။ စပယ်ကတော့ အင်မတန်မှ လည်ပတ်ပုံ ရပေမယ့် ညီမလေးပေါ်မှာ လိုက်လိုက်လှဲလှဲ စေတနာရှိရှာပါတယ်။ ညီမလေးလည်း စပယ်ကို ဖြစ်ဖြစ် အမေ့ကို ဖြစ်ဖြစ် စာရေးခိုင်းပြီး အစ်ကို့ဆီ ပြန်စမ်းပါဦး။ အစ်ကို လွမ်းလှပြီ။

ညီမလေးရောဂါ အမြန်ပျောက်ကင်းပါစေ ဆိုတဲ့ တစ်ခုတည်းသော ဆန္ဒနှင့်...

**အေးမင်း**

လယ်ကိုင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

"မဖြူ နေကောင်းလား"

"ရှင် ဘယ်သူပါလိမ့်"

"ကျွန်တော့်ကိုတော့ မဖြူက သိချင်မှ သိမှာပါ၊ မဖြူ အစ်ကိုနဲ့ ခင်မင်သွားလို့ မဖြူကို ကြည့်ပေးဖို့ မှာခဲ့လို့ ကျွန်တော် သတင်းမေးလာတာပါ၊ ကျွန်တော် သက်ထွန်းကျော်ပါ ခင်ဗျာ"

"အော် ဟုတ်ကဲ့ ဟုတ်ကဲ့၊ သိပါတယ် ဆရာ၊ အစ်ကို့ စာထဲမှာတောင် ဆရာ့အကြောင်း ထည့်ရေးလိုက်ပါသေးတယ်"

ကျွန်မ ဆေးရုံသို့ မနေ့ကပင် တက်ခွင့်ရပါသည်။ ခုတင်ထက်တွင် လှဲကာ ပုတီးစိပ်နေရင်း သက်ထွန်းကျော်ပါ ဆိုသဖြင့် ကျွန်မ လှူးလဲထကာ ပြန်ဖြေမိပါသည်။

"အိပ်နေပါ မဖြူ၊ မခွဲခင် အနားယူနေနိုင်ရင် ပိုကောင်းပါတယ်"



"မအိပ်ပါဘူး ဆရာ၊ မဖြူ ပုတီးစိပ်ပြီး ဘုရားအားရုံ ပြုနေတာပါ။ ဆရာ မတ်တတ်ကြီးလား ဟင်၊ မဖြူ ခုတင်မှာ ထိုင်ပါလား ရှင်"

ကျွန်မ ခုတင်မှ ဆင်းပေးရန် ဟန်ပြင်လိုက်စဉ်–

"အို...အို မဟုတ်တာ မဖြူရယ် လူနာခုတင်မှာ ဘယ်သူမှ ထိုင်ခွင့်မပြုဘူး။ ဆေးရုံဆိုတာတော့ စည်းကမ်းကြီးတယ်လေ။ မဖြူ အနေရ အထိုင်ရ ကျဉ်းကြပ်မလားဘဲ၊ မကြာပါဘူး အများဆုံး တစ်လလောက်ပါ"

"အဲဒီ တစ်လလောက်ပြီးရင် မဖြူ ပြန်မြင်မှာ သေချာသလားရှင်"

"သိပ်ကို သေချာတာပေါ့"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ဟိုတုန်းက ကြားရတာ မဖြူကို နှစ်သိမ့်နေကြတယ် ထင်မိတာ။ ခုလိုဆရာဝန်တစ်ယောက်နဲ့ စကားကြားရတော့ မဖြူ အားတက်လိုက်တာ ဆရာရယ်"

"ကျွန်တော်လဲ နောက်အပတ်လောက်ဆို ဒီဆေးရုံမှာ ပြန်ပြီး တာဝန်ကျပါလိမ့်မယ်။ မဖြူ ခွဲတဲ့အချိန်လောက် ဖြစ်မှာပါ။ ကျွန်တော်လည်း မကြာမကြာ လာကြည့်ပေးပါမယ်၊ သွားလိုက်ပါဦးမယ် မဖြူ"

"ဟုတ်ကဲ့ဆရာ ဟုတ်ကဲ့၊ မဖြူ သိပ်ကို ကျေးဇူးတင်ပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၏ ကြည်လင်သောအသံ မစေတနာပါသော စကားများကြောင့် ကျွန်မရင်မှာ တလှပ်လှပ်တုန်ခါသည်အထိ ဝမ်းသာကြည်နူးမိပါသည်။

သည်အခန်းတွင်းရှိ တခြားသော လူနာများကလည်း ကျွန်မကို မြင်မြင်ခြင်း သနားချစ်ခင်၍ ဖေးမကူညီကြပါသည်။

တခြားလူနာများမှာ ကျွန်မလို လုံးဝမျက်စိကွယ်နေသူများ ချည်း မဟုတ်ဟု သိရပါသည်။ ကျွန်မ၏ ဘီရိုလေးထဲတွင်လည်း စားသုံးစရာ ပစ္စည်းများအပြည့် အန်တီခင်က ထည့်ပေးထားပါသည်။ အားလုံးသောပြည့်စုံခြင်းထက် ဓါက်တာ သက်ထွန်းကျော် အားပေးမှုက ပိုမိုပြည့်စုံသည်ဟု ထင်မိပါ၏။

ဆေးရုံသို့ ညနေတိုင်းပင် အန်တီခင်နှင့် အမေတို့ လာကြည့်ကာ စားသောက်ဖွယ်ရာများ ပို့သည့်အပြင် နံနက်စာကိုလည်း ၁၀ နာရီအမီ ကောင်းမွန်သော ဟင်းလျာများဖြင့် ထမင်းချိုင့် ပို့ပေးပါသည်။

ကျွန်မ စားရလွယ်သော ငါးဟင်းလျာ ဆိုပါလျှင် အရိုးထွင်ပြီးသား အသင့်ပြင်ပို့ပေးပါသည်။

"ဆေးရုံမှာ သန့်ရှင်းပြီး စည်းကမ်းစနစ်ကျနလွန်းပါ၍ လူနာများအတွက် "ဘာအနှောင့်အယှက်မှ မတွေ့ကြရပါဘဲ အနားယူသည့် ဟိုတယ်ခန်းသဖွယ် တိတ်ဆိတ် အေးချမ်းလှပါပေသည်။



ကျွန်မလည်း နေကောင်း ထိုင်သာ ရှိနေသည်မို့ ညနေတိုင်း အမေတို့ မလာကြရန် တောင်းပန်သော်လည်း မရပါ၊ ကျွန်မအတွက် ပင်ပမ်းမှာစိုး၍ပါပင်။ အန်တီခင်ကမူ ဆေးရုံခေါင်းလောင်းထိုးသည်အထိ မနေနိုင်လျှင်သာ ရှိမည်၊ နေ့စဉ် လာတွေ့ရှာပါသည်။

ကျွန်မထံသို့ စပယ်တစ်ခေါက်မျှ မလာပါ။

စပယ် ခရီးထွက်နေကြောင်းသာ အန်တီခင်က ပြောပြပါသည်။ စပယ် မလာနိုင်သည်မှန်သော်လည်း သူ့ပြဒါး သူ့အရှိန်အဝါကြောင့် ကျွန်မ သူဌေးသမီးတမျှ နေထိုင်နိုင်သည့် ကျေးဇူးများကို ဘုရားရှိခိုးအပြီး သူ့ပါ ထည့်၍ ကန်တော့မိပါသည်။

"မဖြူ ဒီအပတ်ခွဲတဲ့အထဲ မပါသေးပဲကိုး"

"ဟုတ်ကဲ့ ဆရာ နောက်တစ်ပတ်မှ ခွဲရမယ်လို့ ပြောပါတယ်"

မိန်းမသားတို့၏ လစဉ် အာဝေနိက ဒုက္ခ ကျရောက်လာ၍ ကျွန်မ မခွဲဖြစ်သေးကြောင်း ဆရာ့အား ပြောရမှာ ခက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြူ အိမ်က မလာကြသေးဘူးလား"

"လာပြီး ပြန်သွားပါပြီ ဆရာ၊ ဒါနဲ့ ဆရာ ဒီဆေးရုံမှာ တာဝန်ကျပါသလား"

"အခု အချိန်အားပါ။ ညှေ့ချိန်မှာ မဖြူရဲ့ ညှေ့သည်အဖြစ် တမင်လာပြီး သတင်းမေးတာပါ"

"အို...ဟုတ်လား ဝမ်းသာပါတယ်၊ ကျေးဇူးတင်လိုက်တာ ဆရာရယ်"

"မဖြူတည်းတဲ့အိမ်က အတော်ဂရုစိုက်ပုံရသားပဲ။ ဘယ်နေရာမှာလဲ ဘာတော်သလဲ ဟင်"

"လွှစ္စလမ်း၊ အို မဟုတ်ပါဘူး ရှစ်မိုင်မှာတည်းပါတယ် မဖြူနဲ့-မဖြူနဲ့ အမျိုးပါ ဆရာ"။

"ဒီရန်ကုန်မှာ မဖြူနဲ့ အမှာညီအစ်မရှိတယ် ဆိုတာ ဘယ်သူ့မှ အသိမပေးပါနဲ့ ညီမလေး၊ ဒါကို ကတိပေးစမ်းပါ" ဆိုသည့် စပယ်၏ စကားကို ကျွန်မ ကြားယောင်လာကာ ဆရာအား လိုးလွှဲပြောလိုက်ရပါသည်။ ကျွန်မ၏ ယစ်ငေါ့သော စကားကို ဆရာ တစ်မျိုး တွေးမိပြီထင်သည်။

"ကျွန်တော် မေးတာ စပ်စုတယ် မထင်ပါနဲ့နော်၊ မဖြူတို့ လယ်ကိုင်းက လာတယ်ဆိုလို့ပါ။ ရန်ကုန်က အိမ်ခံတွေ ဂရုစိုက်တော့ မဖြူရောဂါကို စိတ်လက်ချမ်းသာ ကုရမှာမို့ ကျွန်တော် ဝမ်းသာလို့ပါ။ မဖြူရဲ့ဘဝကို ကျွန်တော် ကိုယ်ချင်းစာကြည့်ပြီး သနားနေမိလို့ပါ"

"စပ်စုတယ် မထင်ပါဘူး ဆရာရယ်။ မဖြူလို ကျေးတောသူမကို ဆရာ့လို ပုဂ္ဂိုလ်က စောင်းငဲ့ကြည့်ဖော်ရပြီး သနားတယ် ဆိုတာပဲ မဖြူ ဝမ်းသာလှပါပြီ"

"လူလူချင်းပါ မဖြူ၊ ကျွန်တော်ဟာ လူသားတွေရဲ့ ရောဂါဆဒနာကို ကုစားပေးနိုင်တဲ့ အတတ်ပညာရှိတာကလွဲလို့ ဘာများ ရှိပြီး မြင့်မြတ်မှာမို့လဲဗျာ"

"အင်းလေ ဆရာတို့လို ပညာရှင်တွေဟာ ကိုယ့်ကိုယ်ကို အထင်မကြီးတတ်ကြပဲကိုး"

"ဒါနဲ့ မဖြူ လယ်ကိုင်းမှာတုန်းထဲက ဘာလို့ မကုသလဲ။ မင်းဘူးဆေးရုံမှာ ကုလည်း ရသားပဲ။ မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးအဖွဲ့တွေကလည်း ဆရာဝန်ကြီးတွေကိုယ်တိုင် ဦးစီးပြီး ကွင်းဆင်း ကုသနေကြသားပဲ"

"ဟုတ်ပါတယ် ဆရာ၊ မဖြူတို့ရဲ့ မင်းဘူးခရိုင် အပါအဝင် မျက်ခမ်းစပ်ရောဂါ အဖြစ်များတဲ့ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ စတဲ့ နယ်တွေက ဝေဒနာရှင် တစ်သန်းခွဲကို ဆေးခပ်ပေးခဲ့ပြီ။ ရွာပေါင်း နှစ်ထောင့်ရှစ်ရာကျော်ထဲက ခွဲစိတ်မှုငယ် သုံးထောင်နီးပါး၊ ခွဲစိတ်မှုကြီး နှစ်ထောင်ကျော်အထိ ကုသပေးပြီးပြီဆိုတာ သိပေမယ့် မဖြူအစ်ကိုက ဟိုမှာ ကုရဘူးတဲ့။ သူက ဒီဆေးရုံမှာမှ တက်ပြီး ကုချင်တယ်တဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြူက ဘယ်ဆိုးလို့လဲ ကျွန်တော် ထင်တာထက် တောင် ဗဟုသုတတွေ ကြွယ်နေပါလား။ မဖြူ အစ်ကိုဟာ ရှေ့ တော်တစ်ယောက်ပဲနော်။ မဖြူတို့က ဒီမောင်နှမနှစ်ယောက်ထဲ လား။ မဖြူက အစ်ကိုတွေ အမေတွေနဲ့လည်း မတူပါလား။ မဖြူ အဖေကရော ဘာလုပ်သလဲဟင်"

"ကိုယ်နဲ့ သက်ဆိုင်တဲ့ ကိစ္စမို့ အစ်ကို ပြောထားတာတွေ မှတ်ထားတာပါ ဆရာ။ မဖြူ ဗဟုသုတ ကြွယ်စရာ ဘာအခြေ အနေကမှ မပေးပါဘူးရှင်။ နေရတာလည်း ဝေးခေါင်လှတဲ့အပြင် မျက်စိကလည်း မမြင်တော့...။ မဖြူမှာ အဖေမရှိပါဘူး ဆရာ၊ အမေပဲ ရှိပါတယ်။ အစ်ကိုကလည်း အရင်းမဟုတ်ပါဘူး။ ဒါပေ မယ့် ကိုအေးမင်း ဆိုတဲ့ လူတစ်ယောက်ရှိလို့သာ မဖြူ ဒီဆေးရုံ ပေါ် တက်ခွင့်ရတဲ့အဆင့်အထိ ရောက်ခဲ့ရတာပါ။ မဖြူက ဒုက္ခိတဘဝဆိုတော့ အမေက ဈေးရောင်းရပါတယ်။ ဈေးရောင်း တယ်ဆိုတာလည်း အရင်းနဲ့ အနှီးနဲ့ ရောင်းနိုင်တာ မဟုတ်ပါ ဘူး။ ဓိးယိုလေး မြေပဲလှော်လေးမျိုးပါ။ အဲဒီ အစ်ကိုက ထောက်ပံ့ တော့ မဖြူတို့ ဝမ်းဝရုံလေးသာ ဖြစ်သလို စားနေရတာပါ ဆရာရယ်"

"အို...မဖြူရယ်"

ဆရာ့ ဆီမှ သနားကြင်နာလွန်းပါသည် ဆိုသော စကား များ။ ကူညီချင်ပါသည် ဆိုသော စကားများ။ ဆက်ကာဆက်ကာ



ကြားလာရမှ ကျွန်မ နောင်တရမိသွားပါသည်။ ကျွန်မ၏ ဘဝအမှန်အတိုင်း ပြောကြားလိုက်မိခြင်းမှာ ဆရာ့ သနားလာ စေအောင် ဆွယ်၍ ပြောမိသလိုများ ဖြစ်နေလေသလား။

ဆရာနှင့် ကျွန်မ၏ ခင်မင်မှုသည် ကြာလေ ခိုင်မြဲလေ အတွေ့ရများလေ ကြင်နာခြင်း ကျေးဇူးတင်ခြင်းတို့ လှဲလှယ် ကာ ပိုကဲရလေပါပင်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

“ညီမလေး မဖြူ”

“ဟင် အစ်ကို အစ်ကိုပါလား”

အစ်ကို့ အသံကြောင့် ဝမ်းသာ ကြင်နူးခြင်း၏ အထွဋ်ထိပ်သော စိတ်ဖြင့် ကျွန်မထူးကာ အစ်ကို့လက်ကို မှန်း၍ ဆွဲပြီး ကျွန်မ ဖက်ထားလိုက်မိပါသည်။

“အစ်ကို ဒီနေ့ပဲ ရောက်တယ်၊ ဆေးရုံအောက်မှာ နေ့ခင်းထဲက စောင့်နေတာ ညီမလေး ရောဂါအခြေအနေ ပြောစမ်းပါဦး၊ အစ်ကို သိပ်သတိရတယ်ကွာ”

“ညီမလေး မျက်စိရဲ့ မျက်ကြည်ပေါ်မှာ ဖုံးလွှမ်းနေတဲ့ တိမ်သလ္လာကို ခွဲထုတ်ပြီး ကုပါတယ်။ ခွဲမယ့်နေ့ကများ တွန်းလှည်းကြီးနဲ့ တင်ခေါ်သွားတော့ ကြောက်လိုက်တာ အစ်ကိုရာ၊ အစ်ကို မရှိတော့ ပိုပြီး အားငယ်တာပေါ့။ ဒေါက်တာသက်ထွန်းကျော် ကိုယ်တိုင် လာအားပေးပါတယ်။ သူက မခွဲရဘူးတဲ့။



နိုင်ငံခြားပြန် မျက်စိခွဲစိတ်မှု ပါရဂူ ဆရာဝန်ကြီးတွေ ကိုယ်တိုင် ခွဲပေးတာကိုး အစ်ကိုရဲ့။

“ဟုတ်လား”

“နှစ်ရက်လောက်အကြာမှာ ပတ်တီးဖြေပြီး ဆေးထည့်ပေးထဲက မြင်လားလို့ စမေးတာပဲ အစ်ကို”

“အဲဒီတော့ မြင်လားဟင်”

အရင်တုန်းက အမည်းပြင်ချည်း မြင်နေရာက အနု အဖြူတွေလို မြင်ရပြီး ဝါးဝါးလေး တွေ့လာရပြီ သိလား။ မကြာခင် မဖြူမြင်ရတော့မယ်၊ မဖြူချစ်တဲ့ အစ်ကို့မျက်နှာကို မြင်ရတော့မယ်”

ကျွန်မကိုယ်တိုင် ဝမ်းသာခြင်းထက် ပိုကဲလျှင်သာ ပိုကဲမည် မလျော့နည်းသော ဝမ်းသာခြင်းဖြင့် အစ်ကို ဝမ်းသာနေရှာကြောင်း အစ်ကို၏ တုန်ရီနေသော အသံများက သက်သေခံနေပါသည်။

“ဟော ကိုအေးမင်း ဘယ်တုန်းကများ ရောက်နေပါသလဲ”

“ဟာ ဒေါက်တာ ကျွန်တော် ဒီနေ့ပဲ ရောက်ပါတယ်၊ ဒီဆေးရုံမှာပဲလား”

“ဟုတ်ပါတယ်၊ ခုတော့ ကျွန်တော် မဖြူကို လာကြည့်သည့်သည်ပါ”

“ပြောပါတယ် မဖြူက ဒေါက်တာ့အကြောင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ပြောပါတယ်။ အမေ့စာထဲမှာလည်း ဒေါက်တာ ဂရုစိုက်ကြောင်း အမြဲပါပါတယ် ခင်ဗျာ။ ကျွန်တော်တို့ အနေနဲ့ ဘယ်လို ကျေးဇူး ပြန်ဆပ်ရမှန်းတောင် မသိတတ်နိုင်အောင်ပါပဲ ခင်ဗျာ"

"မလိုပါဘူးဗျာ တကယ် ကျေးဇူးတင်သင့်တာက မဖြူကို ကိုယ်တိုင်ခွဲစိတ်ကုသပေးတဲ့ ဆရာဝန်ကြီးကိုပါ။ ကျွန်တော်တို့က တော့ သေးက အားပေးရုံပါပဲလေ"

ကျွန်မ၏ကိစ္စကို အရင်းတည်ကာ အစ်ကိုနှင့် ဆရာတို့ ပြေလည်ရင်းနှီးစွာ စကားပြောနေကြသည်များကို ကြားရသည့် အတွက် ကျွန်မတွင် ကြီးမြတ်သော ချမ်းမြေ့မှုကို ရရှိနေပါပြီ။

အစ်ကိုနှင့်အတူ သာတင်းတစ်ခုလည်း ပါလာပါသည်။ အဘ ဦးကြာအိုင် မျှော်လင့်ဖွယ် မရှိလောက်အောင်ပင် မကျန်းမမာဖြစ်နေကြောင်းပင်။ သည်စကားကို အစ်ကို ပိတ်ခဲ့သော် လည်း အမေ့ထံမှ ကျွန်မ ပြန်သိရပါသည်။

အမေက သုံးရက်သာနေရမည့် အစ်ကိုအပြန်နှင့် လိုက် သွားရန် ကျွန်မထံ ခွင့်ပန်နေချေပါသည်။ အစ်ကို အမေ့ကို မပြောမပြီး၍သာ ပြောရသည်။ အမေ ကျွန်မကို ခွဲမည့် အတွက် စိတ်ချလက်ချ ရှိပုံမရပေ။

အမေကမူ စပယ်၏ အခြေအနေကို လည်း အကဲခတ်မိခြင်း ရှိဟန်မတူ။ လွစ္စလမ်းအိမ်တွင် အိပ်သည့်ညက ကျွန်မ ကြားခဲ့ ရသောအသံများကိုလည်း အမေ အိပ်ပျော်နေ၍ မသိရှိခဲ့။ ကျွန်မ



ဆေးရုံ မတက်ခင် လွစ္စလမ်းအိမ်တွင် ဦးမိုးမြင့်တို့ လင်မယားအား ရုပ်ပြထားခြင်းကို လည်းကောင်း၊ ဇင်မောင်မောင်ဆိုသူ၏ ဒုစရိုက် တင်းဟန်မတူသည့် ပြောကြားထားသော စကားများကို လည်း ကောင်း၊ အမေ့အား ကျွန်မ ပြန်ပြောမထား၍သာ အမေ စိတ်ချ နေကြောင်း ကျွန်မ သိရပါသည်။

အစ်ကိုကမူ ဘာမဆို ဒေါက်တာ သက်ထွန်းကျော်အား မှင်ဟအကူအညီတောင်းသင့်ကြောင်း သဘောထား မြင့်မြတ်သော ပညာတတ်တစ်ဦးဟုလည်း ချီးကျူးကာ ဆရာ့အားလည်း ကျွန်မ ကို ကြည့်ပေးဖို့ အပ်နှံသွားပါသေးသည်။

●

ဆေးရုံသို့ စပယ် တစ်ခေါက်မှ ရောက်မလာပါ။

သုံးပတ်အကြာတွင် မျက်လုံးအိမ်ထဲ၌ ချုပ်နှောင်ထားသော ချုပ်ရိုးကိုဖြည်ကာ ပလာစတာနှင့် အုပ်ထားသည်ကိုလည်း အပြီး အပိုင် ခွာလိုက်ပါတော့သည်။ ဒေါက်တာသက်ထွန်းကျော် ကိုယ် တိုင် လက်ဆောင်အဖြစ်ဟုဆိုကာ ပေးအပ်လာသော မျက်မှန် အနက်ကို တပ်ဆင်ကာ ကျွန်မ ဆေးရုံမှ ဆင်းခွင့်ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်ကို မကြည့်နိုင်လောက်အောင်ပင် မျက်စိက ကြိမ်းစပ်လွန်းနေပါ၏။

မျက်မှန်၏ နောက်ကွယ်မှသာ အမြင်တို့က ညှိမှိုင်းအေးမြနေပါသည်။

ဆေးရုံ၏ ဝရန်တာမှ လှမ်းမြင်ရသော ဆေးရုံဝင်း၏ သန့်ရှင်းလှပသော ပန်းခင်းများ၊ မော်တော်ကားနှင့် လူအများ အလံပြဘုရားလမ်းတစ်လျှောက် မောင်းနှင်ပြေးလွှားနေကြသော ကားကြီးကားငယ် အသွယ်သွယ်နှင့် စစ်ရုံးမှ တပ်မတော်သားများနှင့် တပ်မတော်ကားများကိုလည်း ကျွန်မ မြင်တွေ့ရပါပြီ။

ဝမ်းသာကြည်နူးခြင်းအဟုန်က နှလုံးအိမ်အပြည့်မက ယိုဖိတ်လျှံကျနေပါပြီ။

လူသားတစ်ယောက်အဖို့ ကိုယ်ခန္ဓာ အစိတ်အပိုင်းအားလုံးတွင် မျက်စိသည်သာလျှင် အဖိုးတန်ဆုံး ရတနာပင်တကား။

❑ ❑ ❑

"လာ တို့နှစ်ယောက် ဘယ့်လောက်တူသလဲဆိုတာ ရုပ်ကြည့်ရအောင် မဖြူ"

စပယ်၏ လှိုက်လှဲတက်ကြွလွန်းသော လှုပ်ရှားမှုဖြင့် ကျွန်မကို တွဲခေါ်ကာ မှန်ရှေ့ ရောက်လာသည့်အခါ ထပ်တူထပ်မျှပင် တစ်နေရာမှ ကွဲပြားသည့်အသွင် မမြင်ရပါ။ ကျွန်မကိုယ်ကို နှစ်ကိုယ်ပွားထားသလို မြင်ရပါသည်။ စပယ်သည် အားပါးတရ ရယ်မောကာ ဝမ်းသာအားတက်စရာ စကားများချည်းသာ ဆိုပါသည်။

ကျွန်မ ဆေးရုံမှ ဆင်းလာသည့်ညက သူလည်း ရှစ်မိုင်အိမ်တွင်ပင် ကျွန်မနှင့်အတူ လာအိပ်ပါသည်။ တစ်အိပ်ရာတည်းတွင် နှစ်ယောက်တွဲကာ လဲလျောင်းရင်း ရှေးဟောင်းနှောင်း ဖြစ်များ၊ ကျွန်မတို့၏ မိဘများအား လက်လှမ်းမှီသမျှ စုံစမ်းကြည့်ရန် အကြောင်းများနှင့် ရုပ်ရှင်အကြောင်း၊ ခေတ်ပေါ် အဝတ်အစားများအကြောင်းပါ ပြောဆိုအပြီး ကျွန်မနေရေး ထိုင်ရေးအတွက်မှု—

www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာတော့ မဖြူ တစ်ပတ်နှစ်ပတ်လောက် နေပါဦးနော်။ အိမ်က ဦးဘော်ဆိုင်းတို့ ပြန်သွားမှ လွှစက်လမ်းအိမ် ပြောင်းကြတာပေါ့။ ဟို…အန်တီ ပြန်မလာခင် စပယ်ကိုယ်တိုင် ဖြစ်ဖြစ် စပယ်မအားရင် မာမီဖြစ်ဖြစ် ခေါ်သိန်းတင် ဖြစ်ဖြစ် လာအိပ်မှာပါ။ ဒီမှာ ကောင်မလေးနှစ်ယောက်နဲ့ ဦးဆိုင်လဲ ရှိသားပဲ"

"ရပါတယ် မမစပယ်၊ မှန်တာပြောရရင် ဒီအိမ်မှာ နေရတာ မဖြူ ပိုပြီး လွတ်လပ်သလိုပဲ။ မဖြူ နေလည်း နေရဲပါတယ်။ ဒါနဲ့ မဖြူ မေးပါရစေနော်။ မဖြူ ဘဝကို လူမြင်မခံစေဘဲ ဘာလို့ ဝှက်ထားရတာလဲဟင်"

"စပယ်ဟာ အရာရာမှာ ရဲတင်းသလို ပွင့်လင်းတာကို လည်း ကြိုက်တယ်၊ စပယ်တို့ အလုပ်တွေက သိပ်ရှုပ်ထွေးများပြားတယ်၊ အလုမ်းကျယ်တယ်၊ စပယ်ဟာ ရန်ကုန်မှာ အရေးကြီးသလို နယ်မှာလည်း စပယ် မပါရင် မပြီးတာတွေ ရှိနေတယ်၊ နှစ်ကိုယ်တောင် ခွဲချင်မိတယ်လို့ ပြောပြောနေမိရာက မဖြူ ရောက်လာတော့ သိပ်ဟန်ကျသွားတာပေါ့။ ဒါကို ဒယ်ဒီက စပြီး အကြံရတာပါ။ မဖြူအနေနဲ့ ဒီမှာဖြစ်ဖြစ် လွှစက်လမ်းအိမ်မှာ ဖြစ်ဖြစ်၊ ပုန်းလျှိုးနေရရင်လည်း ဘာမှ ဝန်မလေးဘူးထင်တယ်။ စပယ် ခရီးသွားတဲ့အခါ စပယ်အဖြစ်နဲ့ ရန်ကုန်မှာ ရုပ်ပြထားနိုင်တာပေါ့။ မဖြူ လမ်းထွက်ချင်တဲ့အခါလည်း



စပယ် နေခဲ့မှာပေါ့။ သွားချင်ရာသွား အများတွေ့တော့ စပယ်ပေါ့။ ဟားဟား မဟုတ်ဘူးလား ညီမရယ်"

စပယ်၏ စကားကို ကျွန်မ သဘောမတွေ့လှပါ။ ဦးစံလှထွန်းနှင့် စပယ်တို့၏ အကြံဉာဏ်ကြောင့် ကြီးပွား ချမ်းသာနေကြသည် မှန်သော်လည်း သူတို့သည် မည်သို့သော လျှို့ဝှက်အလုပ်ဖြင့် ကြီးပွားနေလေသနည်း။

မကောင်းသော စီးပွားရှာမှု ဆိုပါလျှင် ဥပဒေဘက်တော်သားများက လက်ပိုက်ကြည့်နေမည်မထင်။ ဘာပဲဖြစ်ဖြစ် ကျွန်မပေါ်တွင် လိုလေးသေးမရှိ စေတနာ ထက်သန်လွန်းနေရှာသော စပယ်၏ ကျေးဇူးတရားကိုဖြင့် ကျွန်မ ထောက်ထားရပါတော့မည်။

❖

"ဒါ ကျွန်တော်တို့ ဟိုဘက်ခြံက မောင်မျိုးထွန်းတဲ့ ဆေးကျောင်းရောက်တာ နှစ်နှစ်ရှိပြီလေ။ သူလည်း အားနေလို့ လိုက်ချင်တယ် ဆိုတာနဲ့ ခေါ်လာခဲ့တာ။ ဒါ အစ်ကိုပြောပြောနေတဲ့ မဖြူမလေး မောင်မျိုးထွန်း"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ချီးမွမ်းတာထက်ဘောင် မမဖြူက ပိုလှနေပါလား မမမျက်စိ လုံးဝကောင်းသွားပြီနော်"

"တစ်ပတ်နှစ်ကြိမ်တော့ ဆေးရုံသွားပြရပါဦးမယ် မောင်မျိုးထွန်း"

"ကျွန်တော်သာ မျက်စိပါရဂူဖြစ်ရင် မမဖြူတို့လို ချောချောလှလှလေးနဲ့ ဘဝဆုံးနေတဲ့ အမျိုးသမီးလေးတွေချည်း လိုက်ကုပေးမှာပဲ"

"အဘွားကြီးတွေ ဆိုရင်ကော"

"ဒါတော့ ဖြည်းဖြည်းပေါ့"

အားလုံး ပိုင်းရယ်မိကြပါသည်။ မောင်မျိုးထွန်းမှာ အသားဖြူ၍ ဖွံ့ထွားစအရွယ်လေးတွင် အပစ်ကင်းစင်၍ ရိုးသားသော အမူအရာ အပြောအဆိုလေးများကြောင့် ကျွန်မ လိုက်လှဲစွာပင် ခင်မင်မိပါသည်။

ဝိုင်းစက်သော မျက်လုံး၊ ထူထဲသော မျက်ခုံးနှင့် ပြန့်ပြူးသော နဖူးကျယ်ပေါ်တွင် ဆံပင်များက ဖြာကျနေသည်မှာ တစ်မျိုးချစ်စရာကောင်းနေပါသည်။ အသက်မှာ ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်ထက် ကြီးပုံမရသေးပါ။ လူကောင် ထွားကျိုင်းနေသော်လည်း မျက်နှာလေးမှာ နုနယ်သော ကလေးငယ်တစ်ယောက်၏အသွင် မပျောက်လှသေးပါ။

ကျွန်မတို့နှင့် စကားပြောနေရာက ဆရာ့အား လက်မထောင်ပြပြီး ဦးဆိုင် သစ်ပင်စိုက်နေရာသို့ ဆင်းသွားပါတော့သည်။ ဤမောင်မျိုးထွန်းလေး အမူအရာ အပြောအဆိုများကြောင့် ကျွန်မ မြင်မြင်ချင်း ချစ်ခင်မိလှပါသည်။



"မဖြူ ဘာတွေတွေးနေတာလဲ"

"မောင်မျိုးထွန်း အကြောင်းပါ"

"သူဟာ ရိုးသားပွင့်လင်းလွန်းလို့ ကျွန်တော့် အချစ်တော်လေးပါပဲ။ အိမ်ချင်းနီးတော့ စာလည်း ပြပေးနေရတယ်လေ။ ကျွန်တော် ဒီခြံရောက်တာ ဒါပါနဲ့ဆို သုံးခါက်ရှိပြီနော်၊ အဲဒီအဘိုးကြီးနဲ့ မသိမိသေးဘူး။ ဟော ခုကြည့် မျိုးထွန်းဝို့ ဦးဆိုင်နဲ့ လေပေးဖြော့နေပြီ"

"ဒီနေ့ ဆရာလာမယ်ဆိုလို့ မဖြူ လက်ဖက်ရည် အသင့်ဖျော်ထားတယ်။ မဖြူ မျက်စိ လုံးလုံးပျောက်သွားမှ ဆရာ့ကို ထမင်းဟင်း ကောင်းကောင်း ချက်ကျွေးမလို့"

"မဖြူ မျက်စိ ကောင်းကောင်းပျောက်ရင် လယ်ကိုင်းပြန်မှာလားဟင်"

"ပြန်ရမလား နေရမလား၊ ဘာလုပ်ရမှန်းတောင် မသိသေးပါဘူး ဆရာရယ်။ အမေလည်း ပြန်မလာသေးဘူး။ အစ်ကိုလည်း မေးကြည့်ရဦးမှာပါ၊ နေဦး မဖြူ စားစရာ သွားယူလိုက်ဦးမယ်"

"နေ နေပါဦး မဖြူ၊ ကျွန်တော် ဘာမှ မစားချင်ပါဘူး၊

www.burmeseclassic.com



မဖြူကို ပြောစရာရှိလို့ ပြောရအောင် မျိုးထွန်းတောင် ခေါ်လာရတယ်”

“ဟင် ဆရာကလည်း ဘာများလဲ”

“ကျွန်တော် သွယ်ဝိုက်ပြီး စိတ်ပါလာအောင် မပြောတတ်ဘူး မဖြူရယ်၊ ကျွန်တော့်ရင်ထဲမှာ အပြည့်ခံစားနေတာကို အတိုဆုံး စကားလုံးနဲ့ ပြောရရင် မဖြူ လယ်ကိုင်း မပြန်ပါနဲ့တော့ ကျွန်တော် လက်ထပ်ယူပါရစေ၊ မဖြူကို ကျွန်တော် ချစ်တယ်”

“ရှင်”

အမြောက်ထဲတွင် ကျည်ဆန်အဖြစ် ကျွန်မကို ထည့်ကာ ပစ်လွှတ်လိုက်သည့်ပမာ ဝေးလွင့်ကာ လေထဲမှ ပြန်ဝဲကျလာသလို ခံစားရပါသည်။ အံ့သြခြင်း၏ အထွဋ်အထိပ် မယုံကြည်နိုင်လွန်းခြင်း၏ အခေါင်အဖျားသို့ ရောက်နေရသဖြင့် ရုက်ရွံ့စိတ်တို့နှင့် အတူ ကျွန်မ ဆရာ့ကို ရင်မဆိုင်ရဲဘဲ ခေါင်းငုံ့ချထားလိုက်ရပါသည်။

“စိတ်များ ဆိုးသွားလား မဖြူရယ် ဟင်။ ကျွန်တော့်ကို မော့ကြည့်ပါဦး၊ ကျွန်တော့်ကို အဖြေပေးပါဦးနော်”

ယုက်လိမ် ပွတ်ချေနေမိသော ကျွန်မ၏ လက်နှစ်ဖက်မှ တစ်ဖက်ကို ခွဲထုတ်ကာ သူ့လက်ဝါးနှစ်ဘက်တွင် ညှပ်ထားပါသည်။ ကျွန်မ လက်ချောင်းလေးများမှာ ခံစားမှုသစ်ကြောင့် အေးစက် ကျင်ခဲနေပေသည်။ ဆရာက ပွတ်သပ် ဆုတ်နယ်နေ



သည်ကို ကျွန်မ မေ့နေ၍လား ကြောက်နေ၍ပင်လား မသိမရုန်းမိပါ။

“ပြောလေ ပြောပါဦးကွယ်”

“မ...မဖြစ်နိုင်တာ ဆ ရာ ရယ်”

“ဘာကို မဖြစ်တာလဲ မဖြူဘက်ကလား”

“မ...မဖြူနဲ့ ဆရာနဲ့ မတန်လွန်းပါဘူးရှင်”

“ဖြစ်မှ ဖြစ်ရလေ အချစ်ရယ်၊ မဖြူက မိန်းမသားပဲ ကိုယ့်ကို မြတ်နိုးရင် ကိုယ်က ကြည်ဖြူရင် ဂုဏ်ဒြပ်ရွေးနေဖို့ မလိုပါဘူး။ ကျွန်တော့်ဘက် စိတ်ချပါ၊ မဖြူဘက်က တန်တယ်ဆိုရင် လက်ခံမှာပေါ့နော်”

“အို...ဒီလိုလည်း မဟုတ်သေးပါဘူး၊ မဖြူကို အချိန်ပေးပါဦး ဆရာ”

နောက်ထပ် ပြောစကားများကို ခံစားမှု ပြင်းထန်နေပါသော ကျွန်မမှာ ကောင်းစွာ မမှတ်သားမိတော့ပါ။ မောင်မျိုးထွန်း၏ ပြုံးစရယ်ကြီးသော မျက်နှာထားကိုသာ မှတ်မိလိုက်ပါသည်။ ဒီကိစ္စတွင် သူသာ ဆရာကြီး ဖြစ်မည် ထင်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ အခန်းတွင်းဝယ် အရိပ်လို မြင်ရသဖြင့် နောက်သို့ ဖြတ်ခနဲ လှည့်ကြည့်လိုက်မိရာ အခန်းဝတွင် လူတစ်ယောက်ရပ်ကာ ကျွန်မအား စားတော့ ဝါးတော့မည့်အသွင်ဖြင့် စိုက်ကြည့်နေပါသဖြင့် ကျွန်မ သူ့ကို ပြန်ကြည့်မိရာ အသားညိုညို အရပ်ငါးပေကျော်ခန့်နှင့် ဝေါလွင်သော နှာတံ၊ ထူထဲသော နှုတ်ခမ်းနှင့် စူးရှထက်မြက်သော မျက်လုံးပိုင်ရှင်ပါပင်။ သူက ကျွန်မနားသို့ တစ်လှမ်းချင်း တိုးလာသဖြင့်–

"ဟင် ရှင် ရှင် ဘယ်သူလဲ"

"ပြောသော်လည်း မဖြို၊ ဆက်လက် လျှောက်လာသည်မို့–

"ရှင် ခုထွက်သွား မတိုးနဲ့ မတိုးနဲ့နော်"

"ဟား ဟား ဒီသတ္တိမျိုးနဲ့မို့ ရန်ကုန်မှာ စိတ်ချပြီး ထားတာပေါ့ဗျာ"

"ဟင် အစ်ကို အစ်ကိုရယ်"

ကျွန်မ အစ်ကို့ခါးကို ပြေး၍ လှမ်းဖက်လိုက်မိပါသည်။



အစ်ကိုသာ ဟန်မထားလျှင် နောက်ပြန်လဲကျသွားမည် ထင်ပါသည်။

"မဖြူ မျက်စိမြင်ရပြီ အစ်ကို့ကို ကြည့်ချင်တယ်ဆိုတဲ့ စာရလို့ ပြေးလာခဲ့ရတာ။ ဟား...ဝမ်းသာလိုက်တာ ညီမလေးရယ်"

"မေ့လို့ ဖက်ထားမိတယ် သွားပါ တခါထဲ အစ်ကိုလို့ ပြောလိုက်ရင် သူများ ချက်ချင်း ဝမ်းသာရမှာစိုးလို့ လူဆိုးလိုလို သူခိုးလိုလို လုပ်လာတယ်။ ပြီးတော့ သူ့မျက်နှာက သူရဲကြီးလိုပဲဆို"

အစ်ကိုက ကျွန်မကို ချော့မော့ နှစ်သိမ့်ရှာပါသည်။ ကျွန်မမှာ အစ်ကို့ကို အားပါးတရကြည့်ရင်း စကားတွေ မမောနိုင်အောင် ပြောနေမိပါသည်။

အစ်ကို့ကို ကျွန်မအသည်းနှလုံး၏ နက်ရှိုင်းသော အတွင်းပိုင်းမှ အေးမြသော မေတ္တာဖြင့် အမှန်ပင် နှစ်နှစ်ကာကာ ချစ်မိပါသည်။ ပူပန်ခြင်းတို့ဖြင့် ဖွဲ့စည်းထားသော ကိလေသာမေတ္တာသို့ ကူးပြောင်းလို့ရမည် မထင်ပါ။ အစဉ်သာ အစ်ကိုရင်းချာသို့ ချစ်မိခဲ့ပါသည်။

စပယ်ပြောပြသော မဖြူဆိုသည့် ကျွန်မဘဝ ခဏမျှောခဲ့ ထားရမည့်အကြောင်းနှင့် ဒေါက်တာသက်ထွန်းကျော်၏ ချစ်ရေး ဆိုသော စကားများကို အစ်ကို့အား ဖွင့်ပြောသင့် မသင့် ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ချင့်ချိန်နေမိပါသည်။

အဘဦးကြာအိုင်၏ အခြေအနေမှာ တစ်နေ့တခြား ဆိုးရွားနေ၍ အမေ လာရောက်ရန် မလွယ်ကူသေးကြောင်း အစ်ကိုက ပြောပြပါသည်။ သည်အိမ်အကြောင်း စပယ်နှင့် ဦးစံလှထွန်းတို့၏ အကြောင်းများကို အစ်ကိုက စေ့စုံစွာ မေးပါသည်။ ကျွန်မမှာ အစ်ကိုနှင့် တစ်ပါတည်း လယ်ကိုင်းသို့ လိုက်ပြန်ရန်လည်း မဖြစ်သေးပါ။ ဆေးကုသမှုလည်း မဆုံးသေးပေ။ ဒီမှာ နေရမည့်အတူတူ အစ်ကို စိတ်ချလက်ချ ပြန်သွားနိုင်ပါစေ ဆိုသောသဘောဖြင့် ကျွန်မ၏ သံသယများကို ထိန်ချန်၍သာ အစ်ကို့ကို ပြောပြမိပါသည်။ အစ်ကို့ကို ပြောချင်သည့်စကားကို တိုက်ရိုက် မပြောကြားဝံ့ပါ၍–

"အစ်ကို မဖြူ လယ်ကိုင်းမပြန်တော့ဘဲ ကုလားကြီးတစ်ယောက်နဲ့ ယူလိုက်ရင် ဘာလုပ်မလဲဟင်"

"လုပ်ဝံ့လုပ်ကြည့်လေ လိုက်သတ်မှာပေါ့။ အေး…မှိုရိုလောက်တဲ့ လူမျိုးဆိုရင်တော့"

"ဆက်လေ အစ်ကို ဘာဖြစ်လဲ"

"အစ်ကို ညီမလေးကို တစ်ခါက ပြောဖူးတယ် မဟုတ်လား၊ ညီမလေး မျက်စိပြန်မြင်လာမှ ကြိုက်သလို ဆုံးဖြတ်ပါလို့။ အစ်ကိုအနေနဲ့ကတော့ မဖြူ ဘာကိုပဲ ဆုံးဖြတ် ဆုံးဖြတ် အစ်ကို့ ညီမလေး ကောင်းစားမယ်၊ တင့်တောင့်တင့်တယ် နေ



နိုင်မယ်ဆိုရင် အစ်ကို့အသည်းနှလုံးတွေ ထုတ်နုတ်ပြီး လဲလှယ်ပေးနိုင်ပါတယ် မိဖြူရယ်။ ညီမလေးပင်ကိုယ်ဉာဏ်နဲ့သာ အရာရာ ဆုံးဖြတ်ပါကွယ်"

"အစ်ကို"

"ဟင်"

"မဖြူ အဲလို တစ်ခုခုများ ဆုံးဖြတ်လိုက်မိရင် အစ်ကို စိတ်ဆင်းရဲနေမလား ဟင်"

"ချစ်ခြင်းမေတ္တာဆိုတာ ပေးဆပ်ခြင်း၊ လိုက်လျောခြင်း၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်းတွေလည်း ပေါင်းစပ်ဖွဲ့စည်းထားပါတယ် ညီမလေး။ ဗုဒ္ဓဘာသာဝင်ရဲ့တရား လေးပါးထဲမှာ သူတစ်ပါး ကောင်းစားတာ မြင်ရင် ဝမ်းမြောက်ရမယ်ဆိုတဲ့ "မုဒိတာ" တရားတစ်ပါး ပါပါတယ်။ သူတစ်ပါး ကောင်းစားရင်တောင် ဝမ်းသာရဦးမယ်လို့ ဆိုထားတာ ကိုယ့်ချစ်တဲ့သူတစ်ယောက် ကောင်းစားမှာဆိုရင် ဘာလို့ ဝမ်းမမြောက်နိုင်ရမှာလဲ"

အစ်ကို ပြန်သွားပြီးသည့်နောက် အစ်ကို့စကားများကို အထပ်ထပ် အခါခါ စဉ်းစားတွေးတောနေမိပါသည်။ ကျွန်မတွင် ဆရာအမြင်ရှိနေ၍ မဟုတ်ပါ။ အစ်ကို့ကို ထောင်ငါးရာမေတ္တာနှင့် ခည်သို့မျှ ချစ်မရနိုင်ကြောင်း ကျွန်မကိုယ် ကျွန်မ အသိဆုံးပါ။ အစ်ကိုသည် ကျွန်မအား စောင့်မျှော်နေဆဲရှိသော်လည်း ကျွန်မ ဆုံးဖြတ်သည့်ကိစ္စတွင် ကျွန်မ ကောင်းစားမည်ဆိုလျှင် ကျေနပ်

www.burmeseclassic.com



နှစ်သိမ့်နိုင်ကြောင်း အစ်ကို့ စေတနာက ပေါ်လွင်လှပါသည်။

ကျွန်မ၏ ငယ်သူငယ်ချင်း ညွှန့်မေသည် အစ်ကို့အား တဖက်သတ် ကြိုက်နေသော်လည်း အစ်ကိုက ဂရုမထားကြောင်း အမေ့ထံမှ တစ်ဆင့် သိပြီး ဖြစ်ပါသည်။ အစ်ကိုသည် ကျွန်မအား ညီမလေးတစ်ယောက်ထက် ပိုကဲသော မေတ္တာများနှင့် စောင့်မျှော်နေဆဲပင်လား။

❋

ဟာ…အဝတ်တွေက များလှချည့်လား မမရယ်။ မဖြူ ဘယ်မှလည်း သွားစရာမရှိဘဲနဲ့ ဒီလောက်အဖိုးတန်တွေ ဘယ်လိုလုပ်ပြီး ဝတ်ရပါ့မလဲ။ မဖြူအတွက် ငွေတွေ သိပ်ကုန်နေပြီ"

"စပယ့်မှာရှိတဲ့ ငွေဟာ မဖြူငွေလို့ သဘောထားတော့ ကမ္ဘာပေါ်မှာ တို့ ညီအစ်မနှစ်ယောက်ပဲ အရင်းဆုံးရှိတာ။ မဖြူလည်း မျက်စိ မြင်လာမှပဲ လမ်းထွက်စရာတွေ များလာတော့မှာပါ။ မဖြူ ပုန်းနေရရင် ဒီတစ်လပါပဲလေ"

"မဖြူ ဆေးရုံကို သွားဖို့ မလိုတော့ရင် လယ်ကိုင်း ပြန်ရမှာဝဲ"



"ဖြစ်မှဖြစ်ရလေ မဖြူရယ်။ ဟိုမှာ သွေးသားရင်း တစ်ယောက်မှ မရှိမှန်းသိရက်နဲ့ ဘာလို့များ ပြန်ချင်ရတာလဲ ပြောစမ်းပါဦး။ သူတို့ကျေးဇူး ဆပ်ချင်တယ်ဆိုရင် ဒီက ရှာဖွေပြီး ငွေနဲ့ ကန်တော့လိုက်ပေါ့။ ရန်ကုန်မှာ တို့ညီအစ်မနှစ်ယောက် ရှာရင် ကားမကဘူး တိုက်ကြီး ဟီးနေအောင်တောင် ဆောက်နိုင်တယ် သိလား"

"ဘာအလုပ်လုပ်ရမှာလဲ၊ မမလို အင်္ဂလိပ်စကားလည်း တစ်လုံးမှ မတတ်၊ ဘာပညာမှလည်း မရှိ"

"ဒါတွေ အကြောင်းမဟုတ်ပါဘူး၊ လူ့အရည်အချင်းသာ အဓိကပါ။ မဖြူ စဉ်းစားကြည့်စမ်း လယ်ကိုင်းပြန်သွားရင် မြေပဲခွန်ခွာ ဓနိသီးထုနဲ့ပဲ ပြီးမှာပဲ။ ဟိုတုန်းကဆို မဖြူအစ်ကို ဆိုတာက ထောက်ပံ့တာ ယူလို့ကောင်းတယ်၊ ခုလို မျက်စိမြင်လာတော့ မဖြူကို ဘယ်သူက ထောက်ပံ့တော့မလဲ၊ မဖြူ တစ်ဝမ်းတစ်ခါးအတွက် ပင်ပင်ပမ်းပမ်း လုပ်စားရတော့မယ်။ စပယ့်အနေနဲ့ကတော့ မဖြူကို တားပိုင်ခွင့် မရှိဘူးလေ။ ဒါပေမယ့် မဖြူ ဟိုပြန်ရင် သိပ်ပြီး ဆင်းရဲမှာကို သနားလွန်းလို့ပါ။ ဘာပဲဖြစ်ဖြစ် သွေးဆိုတော့ တွေးပူမိတာပဲပေါ့ ညီမရယ်။ ဒီမှာပဲ စပယ်နဲ့ မခွဲမခွာ တို့ညီအစ်မ နေသွားကြပါစို့နော်"

စပယ်၏ စကားကို ကျွန်မ နက်နက်နဲနဲ စဉ်းစားရပါသည်။ ကျွန်မမှာ စပယ်ပြောသလို ဒီမှာ ဆက်နေသင့်သလား၊

www.burmeseclassic.com

www.burmeseclassic.com



ပြန်သင့်သလား စဉ်းစားဝေခွဲ၍ မရနိုင်ပါပေ။

လယ်ကိုင်းပြန်ရင် သံယောဇဉ်တမျှင်ကြိုးက ကျွန်မ၏ အသည်းနှလုံးအား ရစ်ပတ်ဆွဲငင်နေပြီမို့ နှလုံးသားမဲ့သော မိန်းမ အဖြစ်နှင့်လည်း မပြန်ချင်ပါ။

ဖြူဆွတ်သောအသား မြင့်မားသောအရပ်နှင့် ဥရော တိုင်းသား တစ်ယောက်ပမာ ယောကျ်ားပီသလှသော ဆရာ့၏ ကြည်နေသော မျက်လုံးနှင့် အပြုံးများက ကျွန်မ၏ အသည်းပြင် တွင် ကပ်ထားသလိုပင် အစဉ်မြင်ယောင်နေမိပါသည်။

အကယ်၍ ကျွန်မ မပြန်တော့ဘဲ သည်မှာသာ ဆက်နေပါ လျှင် အမေနှင့် အစ်ကို၏ ကျေးဇူးတရားကို မထောက်ထားရာ များ ကျနေလေမလား။

ကျွန်မ ပြန်သွားပါလျှင်လည်း ဝင်ငွေရှိအောင် စွမ်းဆောင် နိုင်ခြင်းမရှိသော ကျွန်မအတွက် သူတို့ ပို၍ ဝန်လေးနေလေမလား ဟူသော အတွေးပေါင်းစုံ၏ အဖြေက ရှာလေမရလေပါပင်။

နောက်ဆုံးတွင်မှ စဉ်းစား၍ရပါပြီ၊ အစ်ကို့ထံ အကြောင်း စာရေးလိုက်တော့မည်။ အစ်ကိုက ပြန်ခဲ့ဆိုလျှင် ပြန်လာပါမည် အစ်ကိုက ဆက်နေဆိုလျှင် ဆက်၍ နေပါမည်ဟူ၍။

**စပယ်**

ဦးသော်ဆိုင်းနဲ့ ဟိုပစ္စည်းတွေ အရောင်းအဝယ်လုပ်ဖို့ နှစ်ဦး ကျေနပ်ပြီးကြပြီး သူနဲ့ အတူ စပယ်၊ အမြဲရှိနေတော့ မှန်တာပြောရရင် မင်းကို တို့ စိတ်မချဘူး။ မစဉ်းလဲတတ်တဲ့ ဦးသော်ဆိုင်းနဲ့ ရဲအဖွဲ့ကို အိတ်ထဲထည့်ထား နိုင်တဲ့ တို့ကို တစ်ပတ်ရိုက်ဖို့တော့ မကြံနဲ့လို့ စံလှထွန်းကိုပါ အသိပေးလိုက်ပါ။ မင်း ဘာ ရည်ရွယ်ချက်နဲ့ ဒီမှာ လာနေတယ်ဆိုတာ လည်း တို့ သိပါတယ်။

**ချိန်သီး**

www.burmeseclassic.com

www.burmeseclassic.com



“မအေးခင် မအေးခင် ဒီစာ ဘယ်သူ လာပေးတာလဲ”

“ကျွန်မ ဈေးက ပြန်လာတော့ မောင်တော်ဆိုင်ကယ်နဲ့ လူနှစ်ယောက် ကျွန်မရှေ့က ပိတ်ရပ်ပြီး ရော့ ဒီစာ နင့်အိမ်က အစ်မကို ပေးလိုက် သူ့လက်ထဲ မရောက်ရင် နင် အသေပဲ ဆိုပြီး ကြိမ်းမောင်းသွားသေးတယ်။ ကျွန်မ ကြောက်လိုက်တာ ဘာစာလဲ မမဖြူ”

“မမဖြူစာပါ၊ မအေးခင်က ဘာပြန်ပြောလိုက်သေးလဲ”

“ကျွန်မ ဘာမှမပြောပါဘူး၊ ဘဘကြီးက ဒီအိမ်မှာနေတာ သူများမေးရင် စပယ်လို့ပဲ ပြောရမှာယ်လို့ မှာထားလို့ ကျွန်မ ဘာမှ မပြောရဲပါဘူး။ ဘဘကြီးကို ကြောက်တယ်၊ သူက ယောင်ထွက်ကြီးတဲ့ မမဖြူရဲ့”

“အေး အေး သွားတော့”

သူ့စကားကို ကျွန်မ ဆက်လက်နားထောင်လိုစိတ် မရှိတော့ပြီမို့ ကျွန်မနားမှ ခွာနိုင်းလိုက်ပါသည်။ သည်စာကို ကျွန်မ စပယ့်အား ပေးရပါမည်။ စဉ်းစားပြီး အိမ်ရှေ့ထွက်လာစဉ် ခြေခန်း၌ လူတစ်ယောက် ထိုင်နေသဖြင့် လှမ်းကြည့်လိုက်ရာ–

“အော် မောင်မျိုးထွန်း တစ်ယောက်ထဲလား”

“ဟုတ်တယ် မမဖြူ တစ်ယောက်ထဲပဲ ကိစ္စရှိလို့”

“ဘာကိစ္စများလဲကွယ်”

“သိပ်အရေးကြီးတယ် မမဖြူရဲ့”



“ဘာလဲ မောင်မျိုးထွန်းရယ် ပြောမှာပြောစမ်းပါ”

“အစ်ကို သက်ထွန်းကျော် ကားမှောက်လို့”

“အမယ်လေး ဘုရား ဘုရား၊ ခု ခု ဘယ် ဘယ်လိုနေသေးလဲ ဟင် ဘယ်မှာလဲ”

“ဆေးရုံမှာပေါ့ ဒီကိစ္စမှာ မမဖြူကို ကျွန်တော် အပြစ်တင်ချင်တယ်”

“အရေးထဲကွယ် မမဖြူနဲ့ ဘာဆိုင်လို့လဲလို့”

“ဆိုင်တာပေါ့ဗျာ သိပ်ဆိုင်တာပေါ့၊ မမဖြူဆီက အဖြေကို မျှော်နေရှာတာ သူဟာ တကယ့်ကို လူရိုးလူအေးကြီးပါ မမဖြူရာ။ သူ့ကို ကောင်မလေးတွေ ဝိုင်းနေတာပါ။ ဒါပေမယ့် သူဟာ မမဖြူကို သိပ်ချစ်ရှာတာ မမဖြူက ငြင်းလိုက်တော့ ငါ စိတ်ညစ်တယ် မျိုးထွန်း၊ ဘာပဲဖြစ်ဖြစ် ငါလုပ်ပစ်တော့မယ် ပြောပြီး ကားမောင်းထွက်သွားတာ ရွှေညောင်ပင်နားမှာ မှောက်တာ ဒဏ်ရာ သိပ်ပြင်းလို့ သေတမ်းစစ်ချက်တောင် ယူထားတယ်”

ငယ်ထိပ် မြွေပေါက်တယ်၊ မိုးကြိုးဆယ်စင်း ပစ်ခွင်းခြင်းခံရတယ်ဆိုတဲ့ ဥပမာများကို တပြိုင်တည်း ခံစားရသလိုပင်။ ကျွန်မ၏ မှလည်း ဖြစ်မှဖြစ်ရလေ ဆရာရယ်ဟု မည်တမ်းရင်း မျက်ရည်တို့က သွယ်ဖျာကျလာသည်။

“မမဖြူ သူ့ သူ့ကို ငြင်းတာ သူ့အတွက် သက်သက်ပါ

www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးထွန်းရယ်၊ မမဖြူနဲ့ မတန်လွန်းလို့ သူ့ဂုဏ်ငယ်မှာစိုး လို့ ငြင်းရတာပါ၊ ချစ်ခြင်းဆိုတာ အနစ်နာခံခြင်းပဲ မဟုတ်လား ကွယ်။ တကယ်တော့ မမဖြူ ဆရာ့ကို သိပ် သိပ် ချစ်ပါတယ်"

"ဟား ဟား ဟား ဟား ကြိုက်ပြီ သိပ်ကြိုက်ပြီ အစ်ကို ရေ ဝင်ခဲ့တော့ဗျို့၊ ဟဲ ဟဲ မမဖြူ ကျွန်တော် ပြန်တော့မယ်နော်"

"ဟင် ဟင်၊ အို ဘယ်လိုလဲ ခွေးကောင်လေး ငါ့ကို သက်သက်"

ပုဏ္ဏားကွယ်ကြားမှ ဘွားခနဲ ထွက်လာသော ဆရာ့မျက်နှာ ပြုံးပြုံးကြီးကို မြင်လိုက်ရ၍ ကျွန်မ တစ်ကိုယ်လုံး မြေမျိုပါ လိုက်ချင်လောက်အောင် ရှက်ကြောက်လွန်းအားကြီးပါ၍ ဆက် လက် မရပ်တည်ရဲတော့ပြီမို့ အခန်းတွင်း ပြေးဝင်ကာ ခုတင်ထက် တွင် မှောက်အိပ်ကာ ခေါင်းအုံးကြားတွင် မျက်နှာဝှက်ထားမိပါ တော့သည်။

"ဖြူ"

ကျွန်မပခုံးကို ညင်သာစွာ ဖက်တွယ်ရင်း သာယာညင် ပြောင်းစွာ ခေါ်လိုက်သော ဆရာ့အသံသည် နားမှတစ်ဆင့် နှလုံးသားတိုင်တိုင် ရိုက်ခတ်သွားပြီ ထင်သည်။ ကျွန်မ မထူး မကြည့်ရဲသည်မို့ ခေါင်းအုံးထဲသို့ မျက်နှာကို ပြားနေအောင် ကပ်ထားလိုက်မိပါသည်။

"ကြည့်စမ်းကွယ် မွှန်းနေတော့မယ် ထပါဦး အချစ်ရယ်"



"ဟင့်အင်း ဟင့်အင်း မဖြူ ရှက်တယ်"

"ကိုယ့်တို့ရင်ထဲမှာ အချစ်တွေ ကိုယ်စီရှိကြပေမယ့် ဖွင့်ရဲ မပြောရက်တာတွေကို မောင်မျိုးထွန်းက လမ်းဖွင့်ပေး သွားတာပါ။ နှလုံးသားနှစ်ခုကို တံတားခင်းပေးသွားရှာတာပါ။ သူ့ကို စိတ်မဆိုးပါနဲ့နော်။ ဆရာ့ကို သိပ် သိပ်ချစ်တယ်ဆိုတဲ့ ဖြူရယ် ထပါဦးကွယ်။ ဒီမှာ မကောင်းဘူး အပြင်မှာ သွား ထိုင် စကားပြောကြရအောင်ပါ။ ကိုချစ်ရလွန်းတဲ့ ဖြူမျက်နှာလေး ကို တဝကြီး ထိုင်ကြည့်စမ်းပါရစေဦး"

"ဒီမှာ မကောင်းဘူး"ဆိုသော စကားကြောင့် ကျွန်မ အသိတရားဝင်ကာ လူးလဲထမိပါသည်။ ကျွန်မ၏ အိပ်ခန်းထဲ သို့ ဆရာရောက်ရှိနေသည်ကို မအေးခင်တို့ မြင်လျှင် ခက်ရပေ တော့မည်။ အိပ်ခန်းတွင်း ပြေးဝင်လာမိသည်ကိုပင် ဆရာ့အနေ နှင့် တစ်မျိုးထင်သွားလေမလား တွေးမိကာ ကျွန်မရင် သွက် သွက်ခါအောင် လှုပ်ရှားရှက်ကြောက်နေမိပါသည်။

ကျွန်မ ထိုင်မိလျှင်ပင် ကျွန်မ ပခုံးစွန်းနှစ်ဖက်ကို ဖြစ်ညှစ် လှုပ်ကိုင်ရင်း ဆံယဉ်နုတို့ ဝဲလွင့်နေသည့် နဖူးထိပ်ဆီသို့ ဆရာ နှုတ်ခမ်းဖြင့် တအားဖိကပ်လိုက်ပြီးမှ ကျွန်မ လက်ကို ဆွဲကာ အိပ် ခန်း ထွက်သွားသည်မို့ ကျွန်မ မငြင်းသာတော့ဘဲ သူဆွဲရာ နောက်သို့ လိုက်လာခဲ့ရင်း နောက်ဖေးဘက်သို့ ပာစ်ချက် ချောင်းကြည့် လိုက်မိရာ ရေချိုးခန်း ဆီမှ ရေသံကြား၍ မအေးခင် မပြင်သည်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးရင်အေး ရပါသည်။

"လှလိုက်တဲ့ မျက်နှာလေးရယ် တကယ့်ကိုပါပဲ။ ကို မိန်းမပေါင်း သောင်းခြောက်ထောင် တွေ့ဖူးပေမယ့် ဖြူ့လောက် အပြစ်မရှိအောင်လှတာ ဒီတစ်ခါသာ တွေ့ဖူးပါတယ်။ ခုနလို ပြန်ပြောစမ်းပါဦး။ ဘာတဲ့ ဆရာ့ကို သိပ် သိပ်ချစ်ပါတယ် ဟုတ်လား။ ခုနလို ငိုပြီး မပြောရဘူး ပြုံးပြီး ပြောရမှာ"

"ဟင့် အင်း မပြောချင်ဘူး ဆရာရယ်။ မဖြူ ရှက်တယ်"

"ဘာ ဆရာလဲ၊ ဆရာလို့ မခေါ်ရတော့ဘူး။ ဘာလို့ ဒီလောက်ကြီး ငုံ့ထားရတာလဲ။ သူ့မျက်နှာ လှလှလေး ကြည့်ချင်တယ်ဆိုလို့ တမင်ငုံ့နေတာလား ပြောစမ်း"

ကျွန်မ မေးစိကို ဆွဲမော့ပြီး သူ့မျက်နှာနှင့် နီးကပ်စွာ အသေအချာကြည့်ကာ ပြုံးနေသော သူ့အပြုံးက ကျွန်မကိုပါ ကူးစက်ပါပြီ။

ကျွန်မ၏ အသည်းနှလုံးတပြင်လုံးတွင် ဆရာ၏ ချစ်မေတ္တာရည် ကျွန်မ၏ ချစ်ရပါသော စိမ့်စမ်းပမာ မေတ္တာတို့ဖြင့် စွတ်စိုပါလေပြီ။ ချစ်ခြင်း မေတ္တာ၏ သဘော၊ ချစ်သူ၏ အတွေ့တို့ကို နမူးတွေ့ ဒူးတွေ့ ပထမဆုံး စတင် တွေ့ရသော မိန်းမငယ် တစ်ယောက်၏ စိတ်လှုပ်ရှားရခြင်း စံချိန်ကို မည်သည့် သိပ္ပံပညာရှင်မှ တိုင်းတာပြနိုင်မည် မဟုတ်ပါပေ။

"ဖြူ လယ်ကိုင်း မပြန်ပါနဲ့တော့နော်။ ကိုကို ခွဲမသွား



နဲ့တော့ ချစ်ရယ်၊ ဖြူတို့ အမေကို အကြောင်းကြားပြီး ကိုတို့ အမြန်ဆုံး လက်ထပ်ကြရအောင်ပါနော် ဖြူ"

"ဆရာ"

"မထူးဘူးကွာ ကိုလို့ ခေါ်မှ"

"သိပ်ခက်ပါလား၊ ကဲပါ ကို"

"ပြန်ခေါ်"

"ကို"

"ဒီလိုမှပေါ့ ကို့အချစ်ရယ်၊ ကဲ ဘာပြောမလို့လဲ ဆိုပါဦး"

"မဖြူစိတ်ထဲမှာ ကိုကိုချစ်ရတာ မရဲသလိုပဲကွယ်။ အရည်အချင်း တစ်စိုးတစ်စိမှ မရှိတဲ့ မဖြူကို ကို တစ်သက်လုံး လက်တွဲရဲပါ့မလားရှင်။ ကို့ဘက်က ပြန်စဉ်းစားပါဦးလေ၊ တော်ကြာ ကို့မိဘတွေက"

"အားလုံး စဉ်းစားပြီးပြီ။ အိမ်ထောင်ရေးကိစ္စမှာ ကို့စိတ်ကြိုက် ရွေးဖို့လည်း ပြောပြီးသားပါ။ ဒီသံသယစကားတွေ မပြောကြပါစို့နဲ့လား ဖြူရယ်"

"မဟုတ်သေးဘူး မဖြူ ကြားရတဲ့ ဒဏ္ဍာရီလေး တစ်ခုလိုများ ဖြစ်ရရင် မဖြူ ရင်ကွဲပြီး သေမှာပါ ကိုရယ်"

"ဘာ ဒဏ္ဍာရီလဲ ဖြူ"

"တစ်ခါတုန်းက ဆရာဝန်တစ်ယောက်ဟာ ...လူတန်း အမျိုးသမီးတစ်ယောက်နဲ့ ချစ်ကြိုက်တယ်တဲ့။ ဒါပေမယ့် သူ့မိဘ

www.burmeseclassic.com

www.burmeseclassic.com



တွေက သဘောမတူလို့ ခွဲပြီး နိုင်ငံခြားကို လွှတ်လိုက်ပါရောကို။ ဒီမှာတော့ အမျိုးသမီးလေးဟာ ဟို ကန်တော့ ကိုရယ် သမီးလေးအမွှာကို မွေးဖွားပြီး တခြားလူကို ပေးလိုက်ရတယ်။ သူ့ဘဝဟာ”

“တော် တော်ပါ ဖြူရယ်။ ကို့ကို ဖြူ ယုံလာအောင် ကိုဘာတွေလုပ်ပြရမလဲကွယ်။ စိတ်ချပါ ဖြူ၊ ဖြူရဲ့ ချစ်ဂတိကို ကိုယ်ဟာ ရှားပါးလှန်းတဲ့ ရတနာတစ်ခု ရထားသလို အစဉ်မြတ်နိုးနေမှာပါ။ ဖြူ့ကို မပိုင်နိုင်သေးသရွေ့ သစ္စာတရားကိုလည်း ကို ယုယပိုက်ထွေးထားပါမယ့်။ ကို့ကို ယုံပါ ဖြူ၊ ကို့မေတ္တာကို အကြွင်းမဲ့ ယုံစမ်းပါ ကို့ချစ်သဲ ဖြူလေးရယ်”

ချိန်သီး၏စာကို စပယ် အသေအချာဖတ်ကာ မျက်ခုံးကလေးများ ထောင်တက်သည်အထိ နက်နက်နဲနဲ တွေးနေပါသည်။ ပြီးမှ ဖြတ်ခနဲထကာ–

“ကဲ မဖြူ စပယ်တို့ လွှစ္စလမ်းအိမ် ပြန်ပြောင်းကြစို့၊ မဖြူ ဒီပုံစံနဲ့ လိုက်လို့တော့ မဖြစ်သေးဘူး။ ဟော အတော်ပဲ မာမီ သက္ကလပ်အင်္ကျီကြီး ကျန်ခဲ့တယ်။ အဲဒါ မဖြူ ဝတ်စမ်း၊ ရော့ ဟောဒီမျက်နှာသုတ်ပုဝါ ခေါင်းပတ်လိုက် အဲ...ဟုတ်ပြီ။ ပစ္စည်းတွေတော့ နောက်မှ သယ်ခိုင်းလိုက်မယ် လာ မဖြူ၊ မြန်မြန်သွားကြရအောင်”

ကျွန်မမှာ စပယ်ကို သည်စာပေးမိခြင်းအတွက် မှားသွားလေသလားဟုပင် ထင်ရပါသည်။ သူ့မှာ ရေးကြီးသုတ်ပြာနိုင်လွန်းသည်။ သူ့အပြုအမူများကို ကျွန်မမှာ နားမလည်နိုင်စွာဖြင့် အိုးနင်း ခွက်နင်း ထ၍ လိုက်လာခဲ့ရပါသည်။ ကျွန်မဘဝကို

www.burmeseclassic.com



ဖျောက်ကာ အဘွားကြီးတစ်ယောက် အသွင်ဆောင်၍ စပယ့်သောမှ လိုက်လာခဲ့ရသည်ကို ကျွန်မမှာ စဉ်းစားရ ခက်လှပါသည်။ စပယ်တို့၏ အကြံအစည်မှာ မည်မျှ နက်ရှိုင်းလှပါကြောင်း ကျွန်မ ဉာဏ်နှင့် လိုက်မမှီနိုင်တော့ပါချေ။

လွှစ္စလမ်းရောက်သည့်အခါ စပယ်က ကားတံခါးကို အမြန်ပိတ်ကာ ရှေ့မှ ပြေးတက်သွားပါသည်။ ကျွန်မ နောက်ကသူ့ကို မှီအောင် မနည်းလိုက်ရသဖြင့် ဆင်းတက်နေကျ မဟုတ်သော ကျွန်မမှာ ရင်ဆို့မတတ် မောလှပါသည်။ ကျွန်မ ဧည့်ခန်းရောက်သည့်အခါ ဦးစံလှထွန်းက စာဖတ်ပြီးနှင့်လေပြီ။ စာကို မအေးခင်မှတစ်ဆင့် ရသည့်အကြောင်းများကိုလည်း ဦးစံလှထွန်းအား ကျွန်မ အသေးစိတ် ပြောပြပြီးပါပြီ။

ဦးစံလှထွန်း၏ မျက်နှာမှာ တင်းမာခက်ထန်စွာဖြင့် အောက်နှုတ်ခမ်းကို အပေါ်သွားများဖြင့် ဖိကိုက်ထားလေသည်။ မျက်လုံးမှာလည်း မီးဝင်းဝင်းတောက်မတတ် ဒေါသခိုးတို့ လျှံနေပေသည်။ စာ၏အဓိပ္ပာယ်နှင့် သူတို့အဖြစ်သနစ်ကို ဆက်စပ် တွေးယူရပါလျှင် ဘယ်နည်းနှင့်မျှ တရားမျှတ သမ္မာအာဇီဝ အလုပ် မဟုတ်နိုင်ကြောင်း ကျွန်မ တွေးမိသဖြင့် သည်အိမ်မှ ထွက်ပြေးချင်လောက်အောင်ပင် စိတ်၏ ဒုက္ခကို ခံစားရပါပြီ။

သူတို့၏လုပ်ငန်းသည် ကောက်ကျစ်စဉ်းလဲသော လုပ်ငန်း ဟုတ် မဟုတ် ကျွန်မ အတိအကျ မသိရသော်လည်း ကျွန်မ



ပေါ်တွင်မူ ဂရုစိုက်လွန်းစွာဖြင့် လိုသည်ထက် ပိုကာ ပေးကမ်းထောက်ပံ့ကြရှာပါသည်။

မည်သူ၏ တိုက်တွန်းခြင်း လှုံ့ဆော်ခြင်းမှမရှိပါဘဲ ကျွန်မအတွက် စေတနာသက်သက်ဖြင့် ကူညီနေကြကြောင်း ကျွန်မ ယုံကြည်ပါသည်။

စပယ်က သွေးသားရင်းချာမို့ထား ဦးစံလှထွန်း ကိုယ်တိုင်ကလည်း ကျွန်မကို အစဉ်လိုပင် တလေးတစားနှင့် အရေးထားကာ ဆက်ဆံပါသည်။ သူ့ဩဇာခံဖြစ်သော ဇနီးသည်ကလည်း ကျွန်မဆေးရုံတက်စဉ်က သူကိုယ်တိုင်ပင် ကိုယ်ဖိရင်ဖိ ပြုစုရှာပါသည်။ ဘာပဲဖြစ်ဖြစ် စပယ်တို့ အိမ်သားများသည် ကျွန်မ၏ ကျေးဇူးရှင်များပါပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့ညီမလေး မိဖြူ

ညီမလေး လွှစ္စလမ်းအိမ် ပြန်ရောက်နေကြောင်း စာရလို့ အစ်ကို စာပြန်လိုက်ပါတယ်။ ညီမလေး လက်ရေးလေးနဲ့ ကိုယ်တိုင်ရေးလိုက်တဲ့ စာလေးတွေ ဖတ်ရတော့ အစ်ကို့ရင်မှာ ကြည်နူးချမ်းမြေ့လိုက်ရတာ ပြောမပြတတ်တော့ဘူး ညီမလေးရေ။

အစ်ကို တပင်တပန်း ပြုစုခဲ့ရတဲ့ ပန်းလေးခုတော့ ပွင့်ပြီ။ ပွင့်တာမှ လှလွန်းလို့ မြင်သူငေးနေလောက်အောင်ပါပဲ။ ခေတ်ရှေ့ပြေးတဲ့ မြို့ကြီးသူတွေရဲ့ အဖိုးတန်ဆုံး အဝတ်တွေဝတ်လို့ အစ်ကိုတို့ တစ်မြို့လုံးမှာ ရှာမရနိုင်တဲ့ အစားတွေစားလို့ နေရတာတွေ မြင်တော့ အစ်ကို ပြန်မခေါ်ရက်နိုင်အောင် ဖြစ်နေရပါပေါ့ မဖြူရေ။

အစစအရာရာ လိမ်လိမ်မာမာနဲ့ အစဉ်သတိနဲ့ ယှဉ်ပြီး နေပါ ထိုင်ပါ။ ရန်ကုန်မြို့ကြီးဆိုတာ အစ်ကိုတို့ တောမြို့လို တရားသေ



တွက်ဆလို့ မရဘူး၊ အစဉ် လှုပ်ရှားပြောင်းလဲနေတယ်။ မြို့ကလူတွေဟာ အစ်ကိုတို့ဆီမှာလို မတည်ငြိမ်ကြဘူး။ အစဉ် ရုံးကန်နေကြရတယ်။ စီးပွားရေး လူမှုရေးတွေကြောင့်ပဲပေါ့။ အေးလေ တို့ဆီမှာလို မြေကြီးက ထမင်းမကျွေးနိုင်ပဲကိုး။ တောသူ တောင်သားတွေရဲ့ ခွန်အားနဲ့ မြေကြီးက သီးပွင့်လာသလိုလည်း ဟိုမှာမရှိတော့ လူတွေကိုက မြေနဲ့ မတန်သလိုကောင်းကင်ဆံနေကြတယ် ညီမလေး။

အဘကြာအိုင်လည်း အခြေနေ မကောင်းဘူးကွယ်။ သူ့ရဲ့ ကံကုန်မယ့်နေ့ကို အမေဟာ အားကျိုးမာန်တက် ပြုစုရင်း စောင့်နေရသလို ဖြစ်နေပြီ။ အမေ ရန်ကုန်လာဖို့ မလွယ်သေးဘူး။ အမေက ညီမလေးစာကို ဖတ်ပြီး အောက်မေ့လွန်းလို့ မျက်ရည်တောင် ကျရှာတယ်။ အစ်ကိုလဲပဲ အေးလေ အစ်ကို မရေးချင်တော့ပါဘူး။

ရှေ့လဆန်းရင် ညီမလေး ဆေးရုံပြရက်ပြီးပြီနော်။ အရက် နှစ်ဆယ်ကျော်ပဲ လိုတော့တယ်။ အစ်ကိုတော့ ဆုံးဖြတ်မပေးပါရစေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရဲ့ စာပါ ဆုံးဖြတ်ချက်ကိုပဲ စောင့်နေတော့မယ်နော်။ ကြီးပွားချမ်းသာနေတဲ့ သွေးသားရင်းချာ အစ်မရှိတဲ့ မြို့ကြီးကနေ ဒီတောကို ပြန်လာဖို့ဆိုတာ အစ်ကို မမျှော်ရဲပါဘူး ညီမလေးရယ်။

“ညီမလေး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ”

အေးမင်း

လယ်ကိုင်းမြို့။

အစ်ကို၏ စာကို ရင်မှာ အပ်ထားလိုက်မိပါသည်။ ဆရာ့အား ကျွန်မ ချစ်ကတိပေးလိုက်မိခြင်းကို အစ်ကိုသာ သိပါလျှင် မည်သို့များ ခံစားရလေမလဲ ဟူသော အတွေးဖြင့် အစ်ကို မျက်နှာကို ပြေးမြင်ကာ လှိုက်လှိုက်လှဲလှဲ သနားမိရပြန်ပါပြီ။ ကျွန်မ ကောင်းစားမည်ဆိုလျှင် အရာရာတွင် စွန့်လွှတ်နိုင် အနစ်နာခံနိုင်သည်ဆိုသော အစ်ကိုသည် ခွင့်လွှတ်နိုင်လိမ့်မည် ထင်ပါသည်။



မျက်စိကွယ်ကာ သည်လောကကြီးအား ဘာတစ်ခုမျှ မမြင်ရပါဘဲ မှောင်မည်းမည်းနှင့် နေရသည်က စိတ်ရှုပ်ထွေးဆဲသော တွေးစရာများ မရှိခဲ့ပါ။

သည်လောကအလယ်တွင် လူတစ်ယောက်အဖြစ်နှင့် ပါဝင်ခွင့်ရလာသည်နှင့် ရှုပ်ထွေးပွေလီ လှသော လူ့သဘာဝကို ကျွန်မ မျက်ဝါးထင်ထင် မြင်ခဲ့ရပါပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ၏ ဆေးရုံရက်ချိန်းဖြစ်သော တနင်္လာတစ်နေ့တွင် အိမ်မှ မအားလပ်ကြ၍ မအေးခင်သာ ခေါ်ကာ လေးဘီး မာဇဒါ ကားနှင့် ဆေးရုံသို့ လာခဲ့ကြပါသည်။ ဆေးရုံအပေါ်ထပ်သို့ တက်ကာ ဆေးရုံတက်စဉ်က ခင်နေသော ဆရာမများအား ဆရာ့ အကြောင်း တစေ့တစောင်း မေးကြည့်ရပါသည်။

ဆရာသည် ဆေးရုံမှာ တာဝန်မကျတော့သော်လည်း ဆရာ၏ တယ်လီဖုန်းနံပါတ်ကို ရယူလာခဲ့ပါသည်။

ကျွန်မ မျက်စိအား အသေအချာ ကြည့်ကာ အသေးစိပ် ညွှန်ကြားမှုကို ခံယူပြီး ပြန်လာရပါသည်။

အိမ်ရောက်လျှင်ပင် ဆရာအားသည့် ညနေပိုင်းတွင် ဆရာ ထံ တယ်လီဖုန်းဆက်ရန် လူအရှင်းကို စောင့်နေရပါသည်။ ကျွန်မ တယ်လီဖုန်း တစ်ခါမျှ မဆက်ဘူးသော်လည်း သူများဆက်သည် ကို ဆေးရုံမှာရော အိမ်မှာပါ မြင်ဖူးပါသည်။



စပယ်တို့သားအမိ ထွက်သွားပြီး ဦးစံလှထွန်း သူ့အခန်း တွင်း ဝင်သွားသည့်အခါ ကျွန်မ ပြေး၍ တယ်လီဖုန်း လက်ကိုင်ကို ကိုင်ကာ ထိစပ်နေသော ဂဏန်းများကို မနဲမမှားအောင် လှည့် လိုက်သော်လည်း ဘာသံမျှ မကြားရပါ။ တယ်လီဖုန်းလိုင်း မဝင်ဟုထင်သဖြင့် စပယ်တို့ လုပ်သလို ဘုလေးကို နှိပ်ပြီး သတိ ထားကာ လှည့်လိုက်ရာ ခဏအတွင်း လိုင်းဆက်မိသံနှင့်အတူ တဂိဂိမြည်နေသံပါ ကြားလာရပါသည်။ ထိုအသံသည် ကျွန်မရင် မှ နှလုံးခုန်သံလောက် ပြင်းထန်မည် မထင်ပါ။

"ဟယ်လို ဘယ်ကပါလဲ"

"အော် ဟို ကျွန်…ကျွန်မ ဒေါက်တာသက်ထွန်းကျော်နဲ့ စကားပြောချင်လို့ပါရှင်"

"ကောင်းပြီ ခဏကိုင်ထားပါ အန်တီခေါ်လိုက်ဦးမယ် နော်"

အဘွားကြီး၏ ပြေလည်သော အသံကြောင့် ရင်အေးသွား ရပါသော်လည်း ဆရာ့အလာတွင် ဘာတွေပြော၍ ဘယ်လိုရင် ဆိုင်ရမည်ကို ကျွန်မမှာ တွေးကြောက်လှပါသည်။ အတွေးပေါင်း ၄ စိုးထိတ်ရခြင်း အဖုံဖုံဖြင့် စောင့်နေရစဉ်–

"ဟုတ်ကဲ့ သက်ထွန်းကျော်ပါ"

ချစ်သူ၏ အသံသာသာလေးကိုပင်လျှင် မိုးကြိုးပစ်သံလို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင်မှာ ဒိန်းခနဲလာဆောင့်ပါသည်။ တံတွေးမျိုချကာ မနည်းအားတင်းပြီးမှ-

"မ ဖြူ ပါ ကို"

"ဟာ…ဖြူ ကို လိုက်ရှာနေတယ်။ ခု ဘယ်ရောက်နေသလဲ ဟင်။ ရှစ်မိုင်အိမ်သွားတော့ တံခါးကြီး ပိတ်ထားလို့ လယ်ကိုင်းများ ပြန်သွားပြီလား၊ ဘယ်ပြောင်းသွားမှန်းလည်း မသိတော့ ကို ဘယ်လိုနေရမှန်းတောင် မသိဘူး ဖြူရယ်၊ ခု ဘယ်က ပြောနေတာ ဖြူ"

"မြို့ထဲကပါ"

"လိပ်စာနဲ့ ဖုန်းနံပါတ်ပေး၊ ကို လာခဲ့မယ်လေ"

"ဟာ ကို မလာပါနဲ့ဦး၊ ဖုန်းနံပါတ်ပေးရင်လည်း သူတို့ ကြိုက်ချင်မှ ကြိုက်မှာ"

"သူတို့ဆိုတာ ဘယ်သူလဲ ဖြူ၊ ခု ဖြူ ဘယ်ရောက်နေတာလဲ၊ ကို စိတ်မချဘူး ဖြူ၊ ကို လာတွေ့ချင်တယ်၊ ပြောစမ်း ဖြူ ဘယ်ရောက်နေတယ်လဲဆိုတာ"

"ဟို လွှစ္စလမ်းမှာ"

"မဖြူ အမျိုးအိမ် ဆိုတာလား"

"ဟုတ်ကဲ့"

"ဘာပဲဖြစ်ဖြစ် ကို စိတ်မချနိုင်ဘူး ဖြူ၊ ဖြူက လောက



အကြောင်းကို ခုမှသိရတာ၊ ပြီးတော့ အင်မတန်မှ ရိုးသားဖြူစင်တဲ့ ကို့ရဲ့ ချစ်သူလေးကို ဘယ်လိုပတ်ဝန်းကျင်မှာ ရောက်နေတယ်ဆိုတာ ကို သိပါရစေ ဖြူ၊ ကို လာတွေ့ပါရစေ"

"ဟင် ခက်တာပဲ၊ ဒီလိုဆို မဖြူ ဆေးရုံ နောက်တစ်ပတ် ချိန်းတဲ့နေ့ ဆယ်ရက်နေ့မှာ ကို လိုက်ပို့လေ။ ဒါလဲ ဒီမှာ ပြော ကြည့်ရဦးမှာ၊ အဲဒီမနက် ၇ နာရီလောက်ကို အကြောင်းပြန်လာပါနော်၊ မဖြူ လိပ်စာပေးလိုက်မယ် ကို ရေးထား အဲဒီမှာတိုင်ခင် လာနဲ့နော်၊ ဟင့်အင်းကွယ် မဖြူ ဖုန်းနံပါတ် မပေးရဲဘူး"

တယ်လီဖုန်း ချပြီးသည်အထိ ရင်က မတည်ငြိမ်နိုင်သေးပါ။ ကိုနှင့်ဖြင့် ချိန်းဆိုပြီးပေပြီ။ မမစပယ်ကို ဘယ်လိုပြောရပါ့လဲ။ ဆရာအား ချိန်းပြီးမှဖြင့် မထူးတော့ပြီ အရဲစွန့်၍သာ ပြောရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင် အလုပ်ရှုပ်နေကြပေသည်။ လာမည့် တနင်္ဂ နေ့တွင် စပယ်၏ မွေးနေ့ပွဲ ကျင်းပမည်ဟု သိရပါသည်။ ရင်း ခင်မင်လွန်းသော မိတ်ဆွေ တစ်ရာလောက်ကို ဖိတ်ကာ ဒန်ပေါ ထမင်းနှင့် ရေခဲမုန့် ကျွေးမွေးမည်ဟု ဆိုပါသည်။ သည်နေ့တွ ကျွန်မ ကိုယ်ရောင်ဖျောက်ကာ ကွယ်ဝှက်၍ နေရပါလိမ့်မည်

ကျွန်မအခန်းသို့ ညဦးပိုင်းဝင်လာကာ စကားပြောနေ သော စပယ့်ကို မရဲတရဲဖြင့် စကားပလ္လင်တွေခံပြီးမှ ကျွ အကြောင်းကို အစမှ အဆုံးတိုင် ပြန်ပြောမိရာ–

“ဟာ ငါ့ညီမက ဘယ်ဆိုးလို့လဲ ဆရာဝန်တစ်ယော တောင် ရအောင် ချိန်နိုင်တယ်”

“မဖြူ ချိန်တာ မဟုတ်ပါဘူး မမရယ် သူက”

“ဘာပဲဖြစ်ဖြစ် လက်လွတ်မခံနဲ့ပေါ့ကွယ်။ အဲဒီ သွားမယ့်နေ့မှာ သူ့ အိမ်လာခေါ်ပါစေလေ။ မဖြူ ဖုန်းဆက် ဟုတ်လား။ စပယ်လည်း တိတ်တခိုး အကဲခတ်ရတာပေါ့”

“ဟုတ်ကဲ့”

“အေးလေ မိန်းမသားဆိုတာ လင်ရဲ့ အရှိန်အဝါအောက်မှာ အေးအေးဆေးဆေးတည်ငြိမ်ပြီး ဇိမ်နဲ့ နေချင်ကြတာချည်းပဲပေါ့။ စပယ်လည်း အလုပ်တွေ ရှုပ်လွန်းလို့ စိတ်ကုန်လှပါပြီ”

စပယ်မှာ သူ၏ အလုပ်ပေါ်တွင် နှစ်ခြိုက် ပျော်ပိုက်စွာ အပတ်တကုတ် ကြိုးစား အားထုတ်နေသည်ဟု ထင်ခဲ့မိသော်လည်း စပယ့်ထံမှ ညည်းညူသံကို ကျွန်မ အံ့ဩစွာ ကြားလိုက်ရပါသည်။

စပယ် ဝတ်ခိုင်းသော ဖော့ခရစ်ပန်းနုရောင် အင်္ကျီလက်တို ရင်စေ့နှင့် ဒေါက်များပါသော ဆင်တူပန်းနုရောင် အပွင့်လေး ရေးရေးများပါရှိသော ထဘီတို့မှာ ကျွန်မကိုယ်နှင့် ကပ်လျက် ချပ်ချပ်ရပ်ရပ် ရှိလှပါသည်။ တစ်လုံးချင်း စီချယ်ထားသော

www.burmeseclassic.com

www.burmeseclassic.com



ပုလဲဆွဲကြိုး လက်ကောက် လက်စွပ်အပြင် စိန်တစ်လုံးနားကပ် တစ်ရံနှင့် ပန်းရောင်ကြိုး ပန်းရောင်ဒိုင်ခွက်ပါသော နာရီတို့ကို စပယ်ကိုယ်တိုင် ဆင်မြန်းပေးရှာပါသည်။ ချစ်သူအမြင်တွင် လှပနေစေချင်သော ကျွန်မတို့ မိန်းမသားများ၏ ဓမ္မတာကြောင့် စပယ် ဆင်သမျှ ကျွန်မ မကန့်ကွက်မိတော့ပါ။

ဆေးရုံက ဆင်းသည့်ရုပ်နှင့် တခြားစီဖြစ်နေသော ကျွန်မ အလှကို ကျွန်မ ပီတိဖြစ်ရင်း မှန်ရှေ့တွင် အားပါးတရ ပြင်ဆင်နေမိပါသည်။ ပါးဆီမှ ပန်းနုရောင်နှင့် နှုတ်ခမ်းနီရောင်တို့သည် ကျွန်မ အဝတ်များနှင့် တစ်ထပ်တည်း တူညီနေကြပေသည်။

ဆံပင်ကိုလည်း မရှိင်းလှသော အလိပ်အခွေများဖြင့် စပယ်ကိုယ်တိုင် မြင်ပေးရှာပါသည်။ ကျွန်မတို့ အလှပြင်ပြီးချိန်လောက်တွင် အိမ်ရှေ့မှ တံခါးခေါက်သံ ပေါ်လာသည်။

တံခါးကို ခေါက်သည်မထင် ကျွန်မ အသည်းနှလုံးကို လာခေါက်သည်ပင် ထင်မိပါသည်။

ချစ်ဦးသူနှင့် တွေ့ရမည်ကို မိန်းမသားတိုင်း ကြည်နူးကြပါသော်လည်း ကြောက်စိတ် ရှက်စိတ်တို့ကြောင့် ဘာအစာမှ စား မရအောင်ပင် ရင်တပြင်လုံး ပြည့်လျှမ်းသော ခံစားမှုများကြောင့် လက်ဖျားခြေဖျားများ အေးစက်ကာ စကားသံများ တုန်ရီနေတတ်ပါကြောင်း ခံစားဖူးသော မိန်းမသားချင်းမှ ကိုယ်ချင်းစာ



တတ်ကြပါလိမ့်မည်။

ကျွန်မ အိမ်ရှေ့ထွက်လာချိန်တွင် ဆရာကို ဦးစံလှထွန်းက ဧည့်ခံနေပေသည်။ ကျွန်မ ထွက်လာသည်ကို ဆရာက လှည့်ကြည့်ရင်း အံ့ဩသလို ငေးမောနေသဖြင့် ပြောလက်စ စကားဖြတ်ထားလိုက်ရသော ဦးစံလှထွန်းမှာ–

"ကဲ ကဲ သွားကြလေ ဆေးရုံချိန် မမှီဘဲ နေဦးမယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ ခွင့်ပြုပါဦး၊ အော် ဦး ခွင့်ပြုမယ်ဆိုရင် ကျွန်တော် မဖြူကို ရုပ်ရှင်လေး ဘာလေး ပြပါရစေ"

"ခွင့်ပြုပါတယ်ဗျာ၊ ခွင့်ပြုပါတယ် ဦးကလည်း ခြေထောက်နာသန်တော့ လိုက်မပို့နိုင်ဘူး၊ သူ့ခမျာလည်း မျက်စိမြင်တော့ ကြည့်ချင်မှာပေါ့၊ ဒေါက်တာပဲ လိုက်ပြပြီး ဦးတူမကို မိုးမချုပ်ခင် ပြန်ရောက်ရင် တော်ပါပြီ"

ဦးစံလှထွန်းအား ကျွန်မ နှုတ်ဆက်ကာ ထွက်လာခဲ့ပါသည်။ စပယ်သည် ပုံးကွယ်ကာ ကြည့်နေလိမ့်မည် ဖြစ်ကြောင်း ကျွန်မ အတတ်တွေးမိပါသည်။ ဦးစံလှထွန်းကိုယ်တိုင် စဂယ့် ၁၀ ခဏဖျောက်ကာ ကျွန်မ၏ ဦးလေးအသွင် ဖာတ်လမ်းဆင်ထားပြန်သည် လှေကားအဆင်းတွင် ကျွန်မလက်ကို ကိုဘ ဆွဲကာ ဆင်းလာရင်း–

"လှလိုက်တာ ဖြူရယ်၊ ကိုဖြင့် လူတောင် မှားတယ်

www.burmeseclassic.com

www.burmeseclassic.com



တကယ်၊ ဒီလောက်လှတဲ့ ချစ်သူလေးနဲ့ တွဲရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့ဖူးဘူး"

"တော်စမ်းပါ သူနဲ့ တွဲရတာ မဖြူ ကိုယ် မဖြူ ပိုပြီး သိမ်ငယ်သွားသလိုပဲ အားငယ်မိတယ်"

ကျွန်မတို့ လက်ချင်းတွဲကာ ဆင်းလာစဉ် လှေကားဝမှ လူတစ်ယောက်က တက်မည့်ဟန်ပြင်ပြီးမှ လှစ်ခနဲ ပြန်လည် ကွယ်ပျောက်သွားသည်ကို ကျွန်မ တွေ့လိုက်ရသော်လည်း သေချာစွာ သတိမထားလိုက်မိပါ။

ဆေးရုံမှအပြန်တွင် လမ်းလျှောက်လာခဲ့ကြကာ ဆရာက သမ္မတရုံမှ ရုပ်ရှင်ကြည့်ရန် ပြောသော်လည်း ကျွန်မ မျက်စိ ကျွန်မ မရဲ၍ မကြည့်လိုသေးကြောင်း ငြင်းဆန်ရပါသည်။

"ရုပ်ရှင်မကြည့်ဘူးဆိုရင် ဘယ်သွားမလဲ မဖြူ"

"အိမ်ပြန်မှာပေါ့"

"ကောင်းပြီလေ ပြန်ပို့ပေးပါ့မယ် ညနေ ခြောက်နာရီ လောက်ကျတော့ ဟုတ်လား"

"ဟွန်း ကိုကလဲ ကို ဆေးရုံ မသွားရဘူးလား"

"မသွားဘူး၊ ခွင့်ယူထားတယ်။ ကိုချစ်သူ ဘယ်လောက်လှ ကြောင်း ရန်ကုန်တစ်မြို့လုံး လျှောက်ကြွားမလို့"

ရင်ကော့ပြပြီး ပြောသော ကို့စကားကို ကျွန်မမှာ အသံ ထွက်သည်အထိ ရယ်မောမိပါသည်။

ဆေးရုံမှ ထွက်ပြီး တိရစ္ဆာန်ရုံသို့ ခြေလျှင်လျှောက်သွား ကြပါသည်။ တိရစ္ဆာန်ရုံတွင်းရှိ လူများက ကျွန်မတို့ စုံတွဲအား နှစ်ခါပြန်ကြည့်သူ၊ လည်ပြန်ကြည့်သူများသာ တွေ့ရပါသည်။ လိုက်ဖက်လှပါပေသည်ဟု သူတို့မျက်လုံးများက ဖော်ပြနေသော အပြုံးများကို ကျွန်မ မြင်ရပါသည်။

"ဟေး ဟိုမှာ စပယ်ပါလား"

သည်အသံကြောင့် ကျွန်မ လှမ်းနေသော ခြေပင် တုန့်၍ ရပ်သွားအောင် လန့်သွားမိပါသည်။ ဆရာကို လှမ်းကြည့်မိရာ ဘာမှ မထူးခြားသည်မို့ ကျွန်မ ဟန်မပျက် ဆက်လျှောက်လာမိ ပါသည်။

စပယ်ဆိုသော စကားနှစ်လုံးသည် ကျွန်မနှင့် ပတ်သက် ပေလိမ့်မည်ဟု ဆရာ တွေးမိဟန်ပင် မတူပါ။

တိရစ္ဆာန်ရုံ၏ စားသောက်ဆိုင်တွင် ထိုင်ကာ ကော်ဖီနှင့် မုန့်များ မှာသောက်ကြရင်း ယောကျ်ားပီသ လှပလွန်းပါသော တည်တည်ကြည်ကြည် သိက္ခာရှင်ကြီး ကျွန်မ ချစ်သူအား ချစ် မြတ်နိုးစွာ ငေးစိုက်ကြည့်နေမိစဉ် သူ့အကြည့်နှင့် ဆုံ၍ ရင်ခုန် ခုန်ဖြင့် မျက်လွှာချကာ နေရပါသည်။

"တကယ့်ကို ကြည့်မဝတဲ့ မျက်နှာလေးပဲ ဖြူရယ်။ ကို ခွဲ

www.burmeseclassic.com



မထားချင်တော့ဘူး။ ကိုတို့ ဘယ်တော့ လက်ထပ်ကြမလဲ ဖြူ”

“ကို့ဘက်က သေသေချာချာ စဉ်းစားပါဦး ကိုရယ်၊ အချိန်ကလည်း စောလွန်းပါသေးတယ်”

“တိရစ္ဆာန်ရုံတော့ နဲ့ပြီလား ဘုရားတက်ကြရအောင် ဖြူ၊ သံသရာ ဘဝဆက်ဆက် ပေါင်းရပါစေဆိုတဲ့ ဆုတွေကို မတောင်းချင်ဘူး ဖြူ၊ ဒီလောက် အလှမ်းမကျယ်ချင်ဘူး၊ ကိုယ်လိုချင်တဲ့ ဆုက ဟောဒီ ကိုကို့ ချစ်သဲနဲ့ အမြန်ဆုံး နီးစွင့်ကြွရပါစေ၊ အသက်ထက်ဆုံး ပေါင်းရပါစေ၊ ဖြူ့လို လှပတဲ့ သားသမီးတွေ အများကြီး မွေးပါစေ အား...ဟား ဟား...”

ကို့စကားကြောင့် ကျွန်မ သူ့လက်မောင်းကို လိမ်ဆွဲလိုက်သဖြင့် ကိုက လန့်အော်ရင်း သဘောကျစွာ ရယ်မောနေပါသည်။ ရှက်ရှက်နှင့် လိမ်ဆွဲလိုက်မိသော်လည်း ကိုများ နာသွားလေမလားလို့ စိုးရိမ်စိတ်ကြောင့် ကို့လက်မောင်းကို ပြန်ပွတ်ပေးမိပါသည်။

တိရစ္ဆာန်ရုံမှအပြန် အငှားလေးဘီးကားနှင့် ဘုရားသို့ လာခဲ့ကြပါသည်။ဆရာ့အိမ်တွင် ကားတစ်စင်းသာရှိ၍ ဆရာ့ဖေဖေမှာ အသက်ကြီးပြီဖြစ်သော တက္ကသိုလ်မှ ပါမောက္ခဖြစ်၍ သူ စီးရန်အတွက်သာထားပြီး ဆရာက ကြုံသလို သွားကြောင်း ကျွန်မအား ပြောပြပါသည်။

ဘုရားလှေကားအတက်တွင် ဆရာက ကျွန်မလက်ကို



ဆွဲကာ တက်လာကြ၍ ကျွန်မမှာ အစ်ကို့အား ပြေးသတိရလိုက်မိသဖြင့် ရင်ထဲတွင် နင့်ခနဲနေအောင် ခံစားလိုက်ရပါသည်။

သည်ဘုရားပေါ်သို့အရောက် ဖေးမတွဲတင်ကာ ဖူးနိုင်းရှာသော အစ်ကို့အား ကျွန်မ ဘုရားကန်တော့ပြီး ထည့်ကန်တော့လိုက်မိသည့်အခါ မျက်ရည်များ လျှံလာအောင် အစ်ကို့အား လွမ်းဆွတ်တသသော စိတ်များ ဖြစ်ပွားရမိပါသည်။ အမေ့ကိုလည်း အောက်မေ့လိုက်သည့် ဖြစ်ခြင်း။

ကျွန်မမှာ မျက်စိမြင်ကာ တင့်တယ်စွာနေရသည့် အချိန်အခါတွင် အစ်ကိုနှင့် အမေ့အား ပစ်ပယ်ထားရာများ ကျနေလေသလားဟု ကျွန်မကိုယ်‌ ကျွန်မ အပစ်တင်မိပါတော့သည်။

“မျက်နှာညှိုးနေပါလား ဖြူ ဘာဖြစ်လို့လဲ အချစ်ရယ်”

“အမေနဲ့ အစ်ကို့ကို အောက်မေ့လို့ပါ”

“ကို ရှိနေပြီပဲ ဖြူရယ် ကို့ကို ချစ်တယ်ဆို ကိုတို့ လက်ထပ်ပြီးရင် ဖြူချစ်တဲ့ သူတွေကို ခေါ်ထားပြီး ကိုယ်တို့ အတူတူ နေကြမယ်နော်”

အင်း အစ်ကိုက လာနေမှာ မဟုတ်ဘူးလေ”

“ဘာဖြစ်လို့လဲ ဖြူ”

“သူက အလုပ်နဲ့လေ ကို”

အစ်ကို မနေမည့်အကြောင်းရင်းကို ကျွန်မ သိသလို

www.burmeseclassic.com

www.burmeseclassic.com



ပြောဆို၍ မဖြစ်ပါ။ တကယ်တော့ အစ်ကိုပြောခဲ့သလို အစ်ကို ပြုစုလို့ ပွင့်ခဲ့တဲ့ ပန်းလေးဟာ အမြင့်မှာ စံနေပြီး အစ်ကို့ကို လှျစ်လျူရှုနေသလိုများ ဖြစ်နေလေမလား။

"ဟော စပယ် စပယ် တွေ့လား"

အသံကြားသော်လည်း အနားသို့ လာရောက် နှုတ်ဆက်ခြင်း မရှိကြပါ။ ကျွန်မနှင့် တွဲလာသော အစ်ကို၏ ထည်ဝါသော ဟန်ပန်ကြောင့် အနားသို့ပင် သီရဲကြဟန်မတူ။

လမ်းထွက်သည်ဆိုလျှင် စပယ့်အသိများနှင့် ကြုံတွေ့တတ်သော်လည်း ဆေးရုံတက်စဉ်က ကျွန်မမှာ စပယ်အဖြစ် မှား၍ အခေါ်မခံရပါ။ မျက်စိကောင်းနေသော စပယ်မှာ သည်ဆေးရုံသို့ တက်နေစရာ အကြောင်းမရှိကြောင်း သိကြသည်ကတစ်ကြောင်း၊ ဆေးရုံအဝတ်အစားဖြစ်သော လုံချည်အပြာဖြူဖျော့ဖျော့ အင်္ကျီနောက်ကွဲ ပွပွကြီးနှင့် မျက်စိတစ်ဖက်အုပ်ထားသော ကျွန်မရုပ်ကို စပယ်နှင့် ယိုးမှားကြမည်မထင်။

ကျွန်မအား ဂရုတစိုက်ကြည့်ကာ ယုယစွာ စကားပြောနေသော ဆရာ့အား ကျွန်မ စိတ်ဝေဒနာကို ချုပ်တည်းကာ အပြုံးဖြင့် တုံ့ပြန်ရပါသည်။

"ဟော အစ်ကို မမဖြူလည်း ပါသကိုး ဖြစ်ရမယ် ဖြစ်ရမယ် ဖြစ်ကိုဖြစ်ရမယ်"



မောင်မျိုးထွန်း၏ အသံနှင့် ဟန်ပန်ကြောင့် ကျွန်မမှာ ရုတ်စိတ်ဝင်ရင်းက ပြုံးရွှင်စွာ နှုတ်ဆက်ရပါသည်။

"ပေး...မင်း ဘာလာလုပ်သလဲ"

"အင်း ကိုကလဲဗျာ ဘုရားနဲ့ ကျွန်တော် မအပ်စပ်တာကျ နေတာပဲ မေးလိုက်တာ။ ဟဲ ဟဲ တကယ့်တော့လည်း အရောက်အပေါက်နည်းသား အစ်ကို့လို ပြေလည်ရင်တော့ လာချင်တာပေါ့၊ ခုလည်း အဘွားကြီး ပါလာတယ်လေ အစ်ကို ဟိုမှာ"

"အေး ဒါဖြင့် ငါ သွားနှုတ်ဆက်လိုက်ဦးမယ်၊ မင်းရဲ့ မမဖြူနဲ့ နေခဲ့ဦး"

အစ်ကိုထွက်သွားသည့်အခါ မောင်မျိုးထွန်းက ဆရာ့နောက်မှ လက်ဝါးနှစ်ဖက်ကို ဖြန့်ကာ ရှေ့နောက် လှုပ်ယမ်းပြပါသည်။ ကြွပါ ကြွပါ ဟူသော သဘောမျိုးပင်။

"ကျွန်တော်လည်း ကျွန်တော့်အဘိုးဆုံးနေတာနဲ့ မမဖြူတို့ ခြံတောင် မရောက်ဖြစ်ဘူး"

ကျွန်မ ရစ်မိုင်ခြံမှ ပျောက်သွားပုံ ဆရာ လိုက်ရှာပြီးမှ လွှစ္စလမ်းအိမ်မှ ကျွန်မနှင့် ပြန်လည်ဆက်သွယ်မိပုံများကို မောင်မျိုးထွန်း သိဟန်မတူပါ။

ကျွန်မ သူ့ကို ပြောပြရန်မလိုသဖြင့် သူ့အဘိုးဆုံးသည်ဆိုသော အကြောင်းကို သတင်းမေးရန် အကြောင်းရှိသဖြင့်-

www.burmeseclassic.com

www.burmeseclassic.com



“မောင်မျိုးထွန်း အခုဆိုးတာ မမဖြူ လုံးဝမသိရပါဘူး ကွယ်။ သတင်းမမေးရ အသုဘမပို့ရတာ အားနာစရာတောင် ဖြစ်နေပြီ”

“ကိစ္စမရှိပါဘူး မမဖြူရာ အသက်လည်း ကြီးပါပြီ၊ အမှည့်ကြွေပါ”

“အသက် ဘယ်လောက်ရှိပြီလဲ”

“ရှစ်ဆယ် မမဖြူ သတင်းစာထဲမှာ တွေ့လိုက်မိမလားဘဲ စက်ရှင်တရားသူကြီး (အငြိမ်းစား) ဦးမြတ်ထွန်းလို့ ပါတယ်”

“သတိမထားလိုက်မိဘူး မောင်မျိုးထွန်းရယ်”

“တရားသူကြီး ဦးမြတ်ထွန်း “တရားသူကြီး ဦးမြတ်ထွန်း” ကျွန်မရင်မှ သည်သို့ မည်တမ်းကာ သတိတစ်ခု ဝင်လာသည်နှင့်–

“ဒါနဲ့ မောင်မျိုးထွန်း မေမေနာမည်က ဘယ်သူလဲဟင်”

“ဦးအောင်မျိုးပါ မမဖြူ”

တိုက်ဆိုင်လှချေလား ဟူသော စိတ်ဖြင့် ကျွန်မ နှလုံးခုန်သံ မြန်လာရာက–

“သူ သူက ဆရာဝန်လားဟင်”

“ဟုတ်ပါတယ် မမဖြူ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော် လောက်ထဲက အင်္ဂလန်က FRCS ဘွဲ့ရထားပြီး အခု ရန်ကုန် ဆေးရုံကြီးမှာ ခွဲစိတ်မှုသမားတော်အဖြစ် အမှုထမ်းဆဲပါ”



ကျွန်မ ရင်ကိုဖိကာ မနည်းဟန်ထားလိုက်ရပါသည်။ အမေ ပြောပြသော ဇာတ်ကြောင်းထဲမှ ရိုစီဆိုသည်မှာ ကျွန်မ မိခင်။ သူချစ်သူ ဒေါက်တာ အောင်မျိုးသည် ကျွန်မ၏ဖခင်။ ကျွန်မရှေ့မှ မောင်မျိုးထွန်းသည် ကျွန်မ၏ မောင်လေးပါတကား။

“ဒီ ဒီမှာ မောင်မျိုးထွန်း”

“ဟုတ်ကဲ့ မမဖြူ”

“မောင်မျိုးထွန်းရဲ့ ဖေဖေ ဦးအောင်မျိုးကို မေးကြည့်ပေး ပါကွယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က ရိုစီဆိုတဲ့ မိန်းကလေးတစ်ယောက်ကိုများ ကြားဖူးသလားလို့”

“ခင်ဗျာ”

“မမဖြူ စကားဆုံးအောင် နားထောင်ပြီး ကူညီပါကွယ်၊ အဲဒီရိုစီမှာ သမီးလေးနှစ်ယောက်ရှိတယ်၊ တစ်ယောက်က မမဖြူ ပဲ။ အဲဒါ သိလားလို့ မေးပေးပါ။ ပြီးရင် အကြောင်းပြန်ပါ။ အို...မမဖြူကို ဘာမှ ထပ်မမေးပါနဲ့ မောင်မျိုးထွန်းရယ်၊ ဘယ် သူမှလည်း မသိပါစေနဲ့။ မောင်မျိုးထွန်းနဲ့ မင်းရဲ့ ဖေဖေနဲ့ နှစ်ယောက်ထဲကျမှလည်း ဒီစကား မေးပါနော်။ ဟော ဆရာ တောင် လာနေပြီ မမဖြူပြောတာ ကူညီပေးပါနော်”

သည်စကားဆုံးပြီးလျှင်ပင် ဆရာ ကျွန်မတို့နား ရောက် လာပြီး–

www.burmeseclassic.com

www.burmeseclassic.com



“အဘွား ဆင်းချင်ပြီတဲ့ မောင်မျိုးထွန်း၊ ကဲ သွားတော့”

“ဟုတ်ကဲ့ အစ်ကို၊ သွားမယ် မမဖြူ”

“ကောင်းပါပြီ မောင်လေးရယ်”

ကျွန်မရင်မှ လှိုက်လှဲစွာ “မောင်လေး”ဟု ခေါ်လိုက်မိသည်ကို ဆရာ့အနေနှင့် မောင်လေးအနွယ်မို့ ခေါ်သည်ပင် ထင်ပေမည်။

ဘုရားသို့လာသော အဘွားအိုမှာ ဦးမြတ်ထွန်း၏ ဇနီး ဦးအောင်မျိုး၏ မိခင်ဟု ပြောပြသဖြင့် မောင်မျိုးထွန်းနှင့် အဘွားအိုအား ကြည့်ပြီး–

“ငါ့ရဲ့ အဘွားအရင်းနဲ့ မောင်လေးတို့ပါပဲလား”

သွေးဆိုသောစိတ်ဖြင့် ရင်တွင် သံယောဇဉ်ကြိုးတို့ ယှက် နွယ်ကာ ကျွန်မမှာ မျက်စိတဆုံး လိုက်လံကြည့်ရှုနေမိပါသည်။

ဘုရားမှ အပြန်တွင် ပန်းဆိုးတန်း နန်းယုဟိုတယ်၌ တရုတ်ဟင်းလျာများဖြင့် ထမင်းစားအပြီး နေပူလွန်းလာသဖြင့် ကျွန်မ၏ မျက်စိအတွက် စိုးရိမ်ကာ ဆရာက အိမ်ပြန်ပို့ပါသည်။

ချစ်သူနှင့် တွယ်ဥတွဲပြီးကာမှ ခွဲခွာရသောအဖြစ် နှလုံးသားများ သူ့ဆီပါသွားသည့်ပမာ ရင်မှာ ဟာလွန်းလှပါသည်။

စတီရီယို ကက်ဆက်မှ အသံသေး အသံကြောင်များနှင့် ...က်ထွက်တော့မည့် အသံမျိုးများဖြင့် ဟာစ်အော်ဆိုနေစဉ် ...သံများကလည်း ဗရမ်းဗတာ ဆူညံစွာ လိုက်တီးနေသော ...ငြီးငွေ့ဖွယ်ရာ သီချင်းများကို ဖွင့်နေပေသည်။

အထဲမှ တယ်ရယ်လင်းသားခံကာ ဇာဖြင့် ထပ်ချုပ်ထား... အနီရဲရဲ အင်္ကျီရင်စေ့ လက်စကနှင့် အနက်ရောင် ဖော့ ...ပေါ်တွင် အနီရောင်စီးကွဲနဲ့(စ်)ပွင့်များ တစ်ထည်လုံး အပြည့် ...ားသော လုံချည်ကို ဝတ်ပြီး ဆံပင်ကိုလည်း အလိပ်အခွေ ...ား ခေါင်းပေါ်တင်ကာ တချို့ တန်းလန်းချထားပေသည်။ ...နှင့် မျက်နှာ အလှချယ်သရန် ဆိုင်မှ အလှပြင် ဆရာမ ...ဦး ငှားကာ ကျွန်မကို ပြင်ဆင်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ စပယ်၏မွေးနေ့။

ဧည့်သည်များကို ဖိတ်ကြားပြီးကာမှ စပယ် ခရီးထွက် ကြွလာပြန်သည်ဟု ဆိုပြီး ကျွန်မ စပယ့်နေရာ အစားဝင်ရ ပါပြီ။ သူ့ဝတ်ဖို့ ချုပ်ထားသော အဝတ်အစားများ ကျွန်မ ဝ ရသည့်အခါ အံဝင်ခွင်ကျ ရှိလှသော်လည်း သည်မျှ ဖိတ်ဖိ တောက် ပြောင်လက်သော အဝတ်အစားများနှင့် ခေတ်မီလှ ၍ ထုံးဖွဲ့ထားသော ဆံပင်အနေအထားကြောင့် နေရထိုင် ခက်ခဲလှပါသည်။

ကျွန်မ အပြင်ထွက်လာသည့်အခါ ဧည့်သည် များများ စားစားမရှိသေးပါ။ ဆယ့်လေးငါးယောက်လောက်သာ ရှိ မည်။ ကျွန်မအနားသို့ တိုက်ပုံအင်္ကျီဝတ်ထားသော အသ သုံးဆယ်အရွယ် အသားညိုညိုနှင့် လူတစ်ယောက် ပြေး လာပြီး–

“ဦးဘော်ဆိုင်းက စပယ်နဲ့ တောင်ကြီး သွားစရာရှိတ ဆိုလို့ ဒီနေ့မှာ မွေးနေ့မှ လုပ်ဖြစ်ပါ့မလားလို့ ကိုဖြင့် စိ လိုက်ရတာ ကို့မှာ ဘာလက်ဆောင်ပါလဲ သိလား”

“ဟင့်အင်း”

“စပယ် လိုချင်နေတယ်ဆိုတဲ့ စိန်လော့ကက်သီး ဝမ်းမသာဘူးလား စပယ်၊ အဲဒါ ခုမပေးနိုင်ဘူး ခင်ဗျ



ဆန်းဒေးက ပေးတာမျိုးရမှ တကယ့်ကို စပယ်ရယ် အဲဒီညဦးက ကိုဖြင့် အရှင်လတ်လတ် နိဗ္ဗာန်ရောက်နေတယ်မှတ်တယ်”

“ဘယ်အချိန်ထဲက ရောက်နေသလဲ ဝတ်လုံကြီးရဲ့”

အမျိုးသမီးကြီးတစ်ဦး၏ အသံကြောင့် ကျွန်မနားမှ အမျိုး သားက ခွာထွက်သွား၍ နှုတ်ဆက်စကားဆိုနေပါ၏။ ထိုသူ သည် စပယ်နှင့် အတွဲအများဆုံး ဖြစ်သည်ဆိုသော ဝတ်လုံတော်ရ ကိုကိုအောင်ဆိုသူပင် ဖြစ်မည်ထင်ပါသည်။ သူတို့၏ ဆက်ဆံရေး နယ်ပယ် မည်မျှ ကျယ်ဝန်းကာ မည်မျှအထိ နီးစပ်နေပြီး ဖြစ် ကြောင်း ကျွန်မ တွေးမိပါပြီ။

ကျွန်မအစ်မ စပယ်သည် လက်ဆောင်ပဏ္ဏာပေးသော လူတစ်ယောက်၏ ရင်ခွင်တွင် တစ်ညတာ ခိုနားရဲသော အခြေ နေမျိုးထိ ရောက်ရှိနေပြီ ဖြစ်ကြောင်း ကျွန်မ ကြေကွဲစွာသိလာ ရပါပြီ။

ကျွန်မကို နှုတ်ဆက်သူများကို အလိုက်အထိုက် ပြုံးရွှင် ရယ်မော၍ ဟန်ဆောင်နေရခြင်းကို ကျွန်မမှာ ထွက်ပြေးချင် လောက်အောင်ပင် စိတ်ရှုပ်မိပါသည်။ ဦးစံလှထွန်းနှင့် ဒေါ်ခင်ခင် က ကျွန်မ မျက်စိနှာ၍ ကောင်းစွာ နေမကောင်းကြောင်း လှမ် ကြောင်းပေးကာ ဆက်ဆံရေးများ ပြေလည်စေရန် ဆော မေး နေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com





အပြင်မှ အော်ကျယ်အော်ကျယ် အသံပြုရင်း ဝင်လာသူကို ကျွန်မ ကြည့်မိရာ ဆောင်းဘီရှည် ကျပ်ကျပ်နှင့် ကြောင်ကြောင်ကြားကြား အင်္ကျီကို ဝတ်ဆင်ကာ မနှစ်မြို့စရာ ဝင်လာသူ၏ အသံကို ကျက်မိပါသည်။

ဇင်မောင်မောင် ...

အိမ်၏ ထောင့်တွင် အရက်ကောင်တာတစ်ခု ဖွင့်ထားပြီး ဧည့်သည်များက ကြိုက်ရာ နိုင်ငံခြား အရက်မျိုးစုံ ငှဲ့ကာ ကျွန်မဆီ တန်းတန်းမတ်မတ် လျှောက်လာရင်း ကျွန်မကို တစ်ခွက် လှမ်းပေးနေပါ၍-

"စပယ် မသောက်ချင်ဘူး ဇင်မောင်မောင်"

"ဘယ်လို ဖြစ်ရပြန်တာလဲကွယ်"

ကျွန်မ ပြုံး၍သာ ခေါင်းခါပြလိုက်ပါသည်။ တစ်ခါကြားဖူးလျှင် မှတ်မိနိုင်သော သူ့အသံကြောင်လေးကြောင့် ကျွန်မ ခေါ်ဝေါ်လိုက်သည်နှင့် ကိုက်ညီသွားသဖြင့် ဦးစံလှထွန်းနှင့် ဒေါ်ခင်ခင်တို့၏ အံ့ဩသော အပြုံးများကို ကျွန်မ မြင်တွေ့ရပါသည်။

အမြင်ချို့တဲ့သူအတွက် အကြားအာရုံ ပို၍ ထက်မြက်နေတတ်သည်မှာ သဘာဝပါ။

ကျွန်မ ထိုင်နေသော ကုလားထိုင် လက်တန်းတွင် ဇင်မောင်မောင်က တင်ပလ္လင်ထိုင်ရင်း-

"ဘယ်နဲ့ အဘိုးကြီးနဲ့ ကိစ္စ ပြီးသွားပလား"

"ပြီးပြီဆိုပါတော့"

ကျွန်မ ဘာမှန်းမှ မသိရပါဘဲနှင့် ရောချလိုက်ရပါသည်။

"ပြီးမှာပေါ့ သူ့ကိုကိုအောင်တစ်ယောက်လုံး ရှိနေတာပဲ"

"အင်း"

"အဲဒီနောက်မှ ကိုနဲ့ စပယ် မတွေ့ရသေးဘူးနော်။ ရဲစခန်းမှာ လိုက်ဖြေရှင်းရသေးတယ်။ ကိုက ဖုန်းဆက်တာပါ ဆိုတာ လက်မခံချင်ကြသေးဘူး။ ဦးမိုးမြင့်တို့ လင်မယားက သူတို့ ကိုယ်တိုင်နဲ့အတူ ရှိနေပါတယ်လို့ သက်သေခံတော့ အဘိုးကြီး ကျွတ်သွားတာပေါ့"

"အင်းလေ၊ သူက ပြန်တပတ်ရိုက်ချင် ထင်ပါရဲ့"

"သိပ်ဟုတ်ပေါ့၊ စိန်ပွဲစား ဦးရွှေတိုးကို ဘယ်သူက စပယ်အယောင်ဆောင်ပြီး စိန်နှစ်သောင်းဖိုး လိမ်သွားတယ် မသိဘူး။ အဘိုးကြီးတော့ ပျော့သွားတာပဲ"

ကျွန်မ ရှေ့သို့ ထိုးမကျသွားစေရန် မနည်းဟန်ထားလိုက်ရပါသည်။ စပယ်သည် ကျွန်မကို သူ့အဖြစ်နှင့် ရုပ်ပြထားခဲ့သော လိမ်လည်မှုတို့ ကျူးလွန်နေသော သူခိုးမ။

ဦးစံလှထွန်းနှင့် စပယ်တို့၏ စီးပွားတိုးတက်နေသော

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းအကြောင်းကို ကျွန်မ လုံးဝဥသုံ အကုန်အစင် သိနိုင်ခဲ့ပါပြီ။

ကျွန်မ ဘာတစ်ခုမျှ စားမရနိုင်လောက်အောင်ပင် ရင်တပြင်လုံး တင်းကြပ်ဆို့နင့်နေပါသည်။ ညည်သည်များ စဲသွားသည့်အခါ ကျွန်မ အခန်းသို့ ဝင်ပြီး တံခါး အသေပိတ်ကာ သည်အဝတ်အစားများနှင့်ပင် ခုတင်ထက်ပေါ် လှဲအိပ်ချလိုက်မိပါသည်။

သည်နေ့လည်း ခရီးထွက်ရမည် ဆိုခြင်းမှာ မဟုတ်တန်ရာပါ။ မကောင်းမှုများကို ကျူးလွန်ရန် ကြံစည်နေကြမည်ပင်ထင်ပါသည်။ ကျွန်မမှာ သူတို့နိုင်းစေရာတွင် ပါဝင်လှုပ်ရှားနေရသော ဘဝမှ ရုန်းထွက်ရပါမည်။ ကျွန်မ မကြောက်ပါ။ ကျွန်မတွင် လုံလောက်သော အားကိုး ရှိမည်သည်။

"ဆရာနှင့် ဆက်သွယ်ပါမည်"

ထိုနေ့တစ်ညလုံး လူမရှင်းသဖြင့် နောက်တစ်နေ့မှ ဆရာထံ တယ်လီဖုန်း ဆက်ခွင့်ရရာ ဆရာကိုယ်တိုင် ကိုင်သည်နှင့်-

"မဖြူပါ ကို"

"အင်း ဆို"

"မဖြူ ကိုနဲ့ တွေ့ချင်လို့ တိုင်ပင်ချင်လို့"

"ဟိုနေ့ကတော့ ဘာလို့မပြောလဲ"



"ဘယ်နေ့ကလဲ"

"ဖြူနဲ့ ဘာလမ်း အိမ်ခန်းမှာ တွေ့ကြတုန်းကပေါ့"

"ဟင်...ဘာ...ဘာ...၊ အဲဒါ...အဲဒါ... မဖြူ မ...မ"

"ဒီမှာ ဖြူ ကိုဟာ မဖြူကို တောသူအရိုင်းလေးလို့ ထင်ခဲ့ပေမယ့် မဖြူဟာ ကို့ထက် အတွေ့အကြုံ ရင့်ကျက်နေပါလား။ မဖြူရှိန်းတဲ့ သဘာက်ခါဆိုတာ ခဏဆိုင်းပြီး ကို အချိန်နည်းနည်း ယူပါရစေလား ဖြူ၊ ခန္ဓာချင်း ရင်းနှီးပြီးမှ သစ္စာမဖျက်ဘူး စိတ်ချပါ ဖြူ၊ ကို့ကိုသာ စဉ်းစားစီစဉ်ဖို့ အချိန်လေးနည်းနည်းပေးပါ၊ ဒါပဲနော် ဖြူ"

"အို...ကို ကို"

တစ်ဘက်မှ တယ်လီဖုန်းချသွားသဖြင့် ကျွန်မ ဟန်မဆောင်နိုင်တော့ဘဲ တယ်လီဖုန်းခုံပေါ်တွင် နဖူးတင်ပြီး မျက်ရည်ပူတို့ တသွင်သွင် စီးကျလာပါပြီ။

စပယ်...

သူ့ကို အသက်ချင်း လဲလှယ်လိုက်ချင်သည်ထိ ဒေါသဖြစ်မိပါပြီ။ သူပေါ်ထားခဲ့သော မေတ္တာတို့သည် ကျွန်မ မျက်ရည်နှင့်အတူ ရောနှောကွယ်ပျောက်သွားပေပြီ။ ကျွန်မ၏ ချစ်သူအားကိုယ်ခန္ဓာ ပေးဆက်ကာ လှယူလိုက်သည်အထိ ပက်ပက်စက်စက် ကြံစည်ရက်သော စပယ်ကို ကျွန်မ အမုန်းဖြစ်အောင် ရေ

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ပစ်ချင်ပါသည်။

အိမ်တွင် မည်သူမျှ မရှိကြပါ။ ဒေါ်သိန်းတင်နှင့် မအေးခင်တို့သာ ရှိကြသည်။

စပယ်နှင့် ဦးစံလှထွန်းတို့အား ကျွန်မရှေ့တွင် ရှိသောပေါင်မုန့်လှီးရန်ထားသည့် ဓားဖြင့် ထိုးသတ်ပစ်လိုက်မည်ဟုပင် ဒေါသအလျှောက် တွေးဖြစ်လိုက်ပါသည်။

ညဆယ့်နှစ်နာရီခန့်တွင် ဦးစံလှထွန်းတို့ လင်မယား ညကိုးနာရီခွဲ ရုပ်ရှင်ကြည့်ပြီး ပြန်လာကြသည့် အသံကြားရသော်လည်း သူတို့နှင့် ထွက်၍ရင်ဆိုင်ရန်လည်း မဖြစ်သေးပါ၍ စပယ်အလာကို စောင့်ကာနေရပါတော့မည်။ ဒေါသစိတ်တို့ဖြင့် တစ်ညလုံး အိပ်မရပါဘဲ မိုးစင်စင်လင်းခဲ့ပါပြီ။

တကယ်တမ်း တွေးကြည့်ရပါလျှင် ဆရာ့တွင် ဘာအပြစ်မှ မရှိရှာပါ။ စပယ် သက်သက် ယုတ်မာ၍သာ သူ့စိတ်တွင် ဒွိဟ ဖြစ်နေပုံရပါသည်။ ကျွန်မအကြောင်းစုံ ဖွင့်ဟကာ တောင်းပန်ပါဦးမည်။

ဆရာတို့အိမ်တွင် တခြားလူများ မရှိ၍လားပင် မသိ တယ်လီဖုန်းကို ဆရာကိုယ်တိုင် ကိုင်ပြန်ပါသည်။

“ကိုရယ် မဖြူစကားပြောတာလေး ဆုံးအောင် နားထောင်ပါနော်”



“ဒီမှာ မဖြူ ညက”

“ကိုရယ် မဖြူ ထပ်ပြီး တောင်းပန်ပါတယ်။ မဖြူစကားဆုံးအောင် နားထောင်ပါဦးရှင်၊ မဖြူကို သနားပါဦး ဆရာ။ မဖြူမှာလေ ဒုက္ခတွေ ပင်လယ်ဝေနေပါပြီ ကိုနဲ့ တွေ့တာ မဖြူ မဟုတ်ရပါဘူး။ ဆရာ့ကို မဖြူချစ်တာဟာ ဆရာဝန်မို့ အို နေနေပါဦး ဆရာ ဆရာနဲ့ တွေ့တာလေ မဖြူအစ်မပါ မဖြူမဟုတ်ပါဘူး၊ သူ့နာမည်က စပယ်ပါ၊ မဖြေလေ...”

“တော်ပါတော့ မဖြူ ကို့ကို ထပ်ပြီး မညာစေချင်ဘူး”

“မဖြူ ရှိခိုးပြီး တောင်းပန်ပါ့မယ် ဆရာရယ်၊ မဖြူနဲ့ ခဏလောက် လာတွေ့ပါ၊ မဖြူ ရှင်းပြပါရစေ မဖြူကို သနားပါဦး ကိုရေ”

“ဒီမှာ မဖြူ ကိုဟာ မရက်စက်တတ်ပါဘူး။ မဖြူ ခိုင်နေတယ် မဟုတ်လား။ ငိုလည်း အပိုပဲ မဖြူ။ ကို့ကို အမိဖမ်း တခွမျိုးတော့ ကို ရွံ့တယ်။ ညကပဲ ဝတ်လုံ ကိုကိုအောင်နဲ့ လက်ချင်းတွဲသွားတာ ကို့ မျက်စိနဲ့ မြင်တယ်။ ဒီတော့ ကိုနဲ့ ဆက်ဆံတာ ဒါ နောက်ဆုံးလို့ပဲ ယူဆလိုက်ပါ။ မဖြူ ဒါပဲ”

အသည်းနှလုံးတို့ကို ထုထောင်း ရိုက်နှက်နေသည့်ပမာ ရင်မှာ နာကျင်လှပါသည်။ ကျွန်မ ခုတင်ထက်တွင် လူးလှိမ့်ရင်း အသည်းနှလုံးတို့ ပွင့်ကွဲထွက်ကုန်မတတ် ပြင်းထန်စွာ ငိုရှိုက်မိ

www.burmeseclassic.com



ပါသည်။

"ကိုရယ် ဆရာရယ် ရှိခိုးပါတယ်"လို့ သည်မျှလောက် အောက်ကျခံကာ တောင်းပန်ပါသော်လည်း စကားပြောခွင့်ပင် မပေးခဲ့သော အသည်းမာ နှလုံးမာ ပိုင်ရှင်ကြီးကို ကျွန်မ အသည်း နှလုံးက နာခဲ့ပါပြီ။

သည်မျှ အကြင်နာတရား ခေါင်းပါးလှသော ဝန်းကျင် တွင် ကျွန်မ မနေချင်တော့ပါ။ စပယ်နှင့် စာရင်းရှင်းရန်ပင် စောင့်မနေချင်တော့။ ကျွန်မအား အေးမြသော မေတ္တာရည်တို့ ဖြင့် အစဉ်စောင့်ကြိုနေကြရှာပါသော အမေနှင့် အစ်ကို့ထံ ပြန် ရန်ပင် ရှိပါတော့သည်။ ဆေးရုံ ရက်ချိန်လည်း ပြီးပေပြီ။

ကျွန်မ၏ ဘီရိုကို ဖွင့်ကာ လယ်ကိုင်းမှ ပါလာသော လွယ်အိပ်ကလေးကို ထုတ်ယူလိုက်သည်။ ကျွန်မအတွက် အဝတ် အစားများက ဘီရိုနှင့် ပြည့်လုခမန်းပင်။ သည်ပစ္စည်းများ ပေး စဉ်က ဝမ်းသာ ကျေးဇူးတင်လိုက်ရသည့် ဖြစ်ခြင်း။ သည်ပစ္စည်း များပေးကာ ကျွန်မပေါ်မှ အမြတ်ထုတ်ကြသည့် လူယုတ်မာ တစ်စုလက်မှ အမြန်ပြေးရန် ကျွန်မ အဝတ်များကို အသင့်ထုတ် ယူပြီး သည့်အခါ အပြင်မှ ဒေါ်သိန်းတင်၏ အသံဖြင့်-

"မဖြူရေ ဟောဒီမှာ လယ်ကိုင်းက စာလာတယ်"

ကျွန်မ တံခါးအမြန်ဖွင့်ကာ စာယူပြီး ကြည့်လိုက်ရာ



အမေ့လက်ရေးနှင့် စာဖြစ်နေကြောင်း တွေ့ရပါသည်။ ခါတိုင် ဆိုလျှင် အစ်ကို့လက်ရေးနှင့် လာပြီး အထဲတွင်သာ အမေ့စာ တစ်ခါတစ်ရံ ပါလာတတ်ပါသည်။ ကျွန်မ သိချင်ဇောဖြင့် ဖွင့် လိုက်ရာ-

သမီးလေး

အမေ စာရေးလိုက်တယ်။ အစ်ကို ကြာအိုင် လဆုပ် ၂ ရက်နေ့က ဆုံးတယ်။ ကံ ကုန် နေ့စွဲ့ပဲ။ သမီး စိတ်မကောင်း မဖြစ်ပါနဲ့။

မောင်အေးမင်း တလောက ရန်ကုန်လာ သေးတယ်၊ သမီးနဲ့ ဆရာသက်ထွန်းကျော် လေကားက ဆင်းလာလို့ သူတောင် ကွယ်နေ လိုက်သေးတယ်။ အပေါ် တက်မေးတဲ့အခါ သမီးနဲ့ ဆရာနဲ့ ရည်ငံနေကြောင်း သိရလို့ သူလည်း ကျေနပ်ရှာပါတယ်။

သူ ဒီအတိုင်းနေရင် သမီး သူ့ပေါ် ငဲ့နေ ရမှာစိုးလို့ ထင်ပါရဲ့ ခု လဆုပ် ၁၃ ရက်နေ့ က ညွှန့်မေနဲ့ လက်ထပ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သမီးလည်း လိမ်လိမ်မာမာနဲ့ ကိုယ့်အစ်မစကား နားထောင်နေပါ။ သမီး လယ်ကိုင်းကို ပြန်မလာနဲ့တော့ကွယ်။

သမီး ဆရာဝန်ကတော်ဖြစ်လို့ အမေ့ကို လိုအပ်ရင် အမေ လာနေမယ်။ အမေ ဒီမှာလည်း နေလို့ဖြစ်တာပဲ။ အမေ့အတွက် နောက်ဆံမတင်းပါနဲ့ မျက်စိကိုလည်း မပေါ်ပါနဲ့ဦး။

သမီးလေး ကိုယ်စိတ်နှစ်ဖြာ
ချမ်းသာပါစေ။

မြခင်

စာလုံးများအားလုံး ကျွန်မ မျက်ရည်ဖြင့် ဖျော်ချလိုက်သလို ပျက်ပြားကုန်လေပြီ။

"အမေ ထင်နေသလို သူဌေးသမီးအသွင်နဲ့ ဆရာဝန်ကတော် ဖြစ်ရတော့မယ် အခြေအနေမျိုး မဟုတ်ဘူး အမေ၊ အမေ့သမီးမှာ ဒုက္ခတွေ ပင်လယ်ဝေနေပြီ၊ သမီးကို ကယ်လှည့်ပါဦး အမေရယ်"

"ငါ ဘာလုပ်ရမလဲ တွယ်ရာမဲ့ ငါ့ဘဝမှာ ငါ ဘာလုပ်မလဲ" ကျွန်မမှာ အမေ့စာကို လက်နှစ်ဘက်ဖြင့် ဆုပ်ချေကာ ရင်မှာ အပ်ထားမိပါသည်။ မီးဝိုင်းနေသော အရှုးပမာ ကျွန်မ ဆောက်တည်ရာ မရနိုင်လောက်အောင် ဖြစ်ရပါပြီ။

"စပယ်ရေ စပယ်"

ဦးစံလှထွန်း၏ အသံကြောင့် သူ ပြန်လာပြီ ထင်သည်။ ခဏအကြာတွင် မျက်စိမျက်နှာ ပျက်နေသော ဒေါ်သိန်းတင်က–

"အိမ်ရှေ့မှာ ဧည့်သည်ရောက်နေလို့ ခဏထွက်ခဲ့ပါတဲ့"

"ဘယ်သူလဲ စပယ် ဧည့်သည်လား၊ ကျွန်မ ထွက်တွေ့ဖို့ မလိုတော့ဘူး ဒေါ်သိန်းတင်"

"ခဏလေးတော့ သွားလိုက်ပါကွယ်"

"အင်း အင်း ကောင်းပါတယ်၊ စပယ့်ဧည့်သည်ဆိုလည်း ဒီတစ်ခါတော့ အကြောင်းပြလိုက်ရတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဓာတ်စုံခင်းတော့မည်ဟု စိတ်ပိုင်းဖြတ်၍ ထွက်လာသည့်အခါ ရဲအရာရှိတစ်ဦးနှင့် ရဲသားသုံးဦးကို တွေ့လိုက်ရ၍ လန့်ကာ ခြေလှမ်းပင် တုံ့သွားမိပါသည်။ နောက်မှ အကြံတစ်ခု ရလာပြီး ကျွန်မမှာ ထွက်ပေါက်မရှိ ပိတ်မိနေသော ဘဝမှ လွတ်ရာလွတ်ကြောင်း အကူအညီတောင်းရပါတော့မည်။ သူတို့၏ ယုတ်မာ ပက်စက်ပုံများကို ရဲရှေ့တွင် ဖွင့်အန်သွန်ချ အကုန်လုံး ပြောပြပါတော့မည်။

"ထိုင်ပါ စပယ်၊ ဟောဒီ ရဲအရာရှိက စပယ်နဲ့ ဆွေးနွေးချင်လို့တဲ့"

"ဒီမှာ ဦးစံလှထွန်း ရှင် ဒီလို ဘာအကြောင်းရိုက်လို့ရမလဲ ကျွန်မ စပယ်မှ မဟုတ်ဘဲ"

"ကဲ...ကဲ ရဲနဲ့သာ စကားပြောပါ မချော၊ ကျွန်တော့်ကို ရန်တွေ့မနေပါနဲ့"

"ဒီမှာ ရဲအရာရှိမင်းရှင့် သူတို့ ဘယ်လို ယုတ်မာကြတယ်ဆိုတာ ကျွန်မ ပြောပြပါမယ်။ ခု ကျွန်မကို စပယ်အဖြစ်နဲ့ ဘာအကြောင်းကြောင့် လာတွေ့ရတယ်ဆိုတာသာ အမိန့်ရှိပါရှင်"

"တစ်နေ့က နှစ်နာရီမှန္တလေးရထားနဲ့ အထူးတန်းအခန်းမှာ စပယ်နဲ့ ဦးဘော်ဆိုင်း လိုက်သွားခဲ့တယ်။ ပဲခူးဘူတာရောက်တော့ သူ့ရဲ့ ငွေနှစ်သိန်းကျော်နဲ့ ကျောက်စိမ်းရိုင်းတုံးနှစ်တုံးကို



စပယ်က ခိုးယူပြီး ထွက်ပြေးသွားပါတယ်လို့ ပဲခူးရဲဌာနမှာ တိုင်ချက်ဖွင့်လို့ ကျွန်တော်တို့ လာစစ်တဲ့အခါ အဲဒီနေ့က စပယ့်မွေးနေ့ပွဲလုပ်နေလို့ စပယ်ဟာ လှုငါးဆယ်ကျော်ရဲ့ ရှေ့မှာ ရှိနေတယ်လို့ အလီဘိုင်ပြနိုင်တာနဲ့ ကျွန်တော်တို့ ဒီအမှုကို ဆက်ပြီး စုံစမ်းဆဲမှာ မနေ့ညက စပယ်နဲ့အတူ ဇင်မောင်မောင်ဆိုတဲ့ လူနဲ့ ထွက်သွားတယ်လို့ မျက်မြင်သက်သေတွေ ရှိနေပါတယ်။ အဲဒီ ဇင်မောင်မောင်ဟာ ဓားဒဏ်ရာတွေနဲ့ သေနေတာ ရွှေညောင်ပင်နားက ရာဘာခြံတွေထဲမှာ တွေ့ရလို့ စပယ် ရဲဌာနကို စစ်ဆေးခံဖို့ ခေါ်လိုက်ခဲ့ပါ"

"ကျွန်မ စပယ်မဟုတ်ပါဘူးရှင့်၊ စပယ်က ဂစ်ယောက်ပါ ကျွန်မရဲ့ အစ်မပါ၊ ကျွန်မက လယ်ကိုင်းမြို့က မျက်စိလာကုတဲ့ ညီသည်ပါ စပယ်နဲ့ အမြွှာညီအစ်မပါ"

"သူပြောတာ အမှန်ပဲလား ဦးစံလှထွန်း"

"ရဲအရာရှိတွေ အိမ်ပေါ်ရောက်နေမှတော့ မလှုတ်နိုင်တော့ပါဘူး စပယ်၊ မဖြူတွေ ဘာတွေဆိုတဲ့ လုပ်ဇာတ်ကိုလည်း ခင်းမနေပါနဲ့တော့။ ရဲဌာနကျမှ ရှင်းပြပေါ့ လိုက်သာသွားပါ"

"ဘာ...ဘာ... ရှင်...ရှင် သိသားနဲ့ ယုတ်မာလှချည်လား ဟင် ဒေါ်သိန်းတင်...ဒေါ်သိန်းတင် မအေးခင်တို့ရော လာကြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ရဲနှင့် ရှင်းရမည့်အရေးအခင်းကြောင့် ကြောက်ရွံ့စိုးထိတ်စိတ်နှင့် ဦးစံလှထွန်းတို့အပေါ် နာကျည်းဒေါသဖြစ်ရသော စိတ်တို့ကြောင့် ကျွန်မမှာ တစ်ကိုယ်လုံး ချွေးစေးများပြန်ကာ တဆတ်ဆတ် တုန်နေပါသည်။

ဟစ်အော်သော ကျွန်မအသံကြောင့် ဒေါ်သိန်းတင်နှင့် မအေးခင်တို့ ထွက်လာကြသည်ကို ကျွန်မမှာ အားကိုးတကြီးဖြင့်-

"ဒီမှာ ဒေါ်သိန်းတင်၊ မအေးခင်ရော ကျွန်မ ဘယ်သူလဲဆိုတာ ပြောပြပေးပါရှင် ပြောကြစမ်းပါ"

"ကျွန်မတို့ သိတာကတော့ သူ သူ စပယ်ပဲ"

"ဟင်...ဟင် ရှင်တို့အားလုံး တစ်ကြိတ်ထဲ တစ်ဉာဏ်ထဲပါလား ကျွန်မ...ကျွန်မ"

ကျွန်မမှာ ရှေ့မဆက်နိုင်တော့ဘဲ လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာအုပ်ပြီး စားပွဲပေါ်သို့ မှောက်ချ၍ သည်းထန်စွာ ငိုရှိုက်နေမိပါသည်။ ငိုရှိုက်နေရင်း ကျွန်မ၏ ခေါင်းတွင်းသို့ အကြံဉာဏ်တစ်ခု လက်ခနဲ ဝင်လာပါသည်။

"ကျွန်မ မှတ်ပုံတင်၊ အစ်ကိုနှင့် အမေတို့၏ လယ်ကိုင်းမြို့မှ ပေးစာများ"

သည်စာများကိုတွေ့လျှင် ကျွန်မရောဂါ လာကုခြင်းအကြောင်း ဆေးရုံဆင်းသည့် လက်မှတ်တို့ကို ပြသနိုင်လျှင်



တရားဝင်ပေမည်။

ကျွန်မ အခန်းတွင်းဝင်ရန် ထပြေးလိုက်ရာ ဖြတ်လတ်လျင်မြန်လှသော ရဲအရာရှိက ကျွန်မလက်ကို လှမ်းဆွဲထားလိုက်သဖြင့်-

"ကျွန်မ ကျွန်မစာတွေနဲ့ မှတ်ပုံတင်ပြမလို့ပါရှင် ခွင့်ပြုကြပါ"

"ကောင်းပြီလေ သွားပါ ကျွန်တော်ပါ လိုက်ခဲ့ပါမယ်"

ကျွန်မ အခန်းတွင်းဝင်ကာ လယ်ကိုင်းပြန်ရန် ဟန်ပြင်ထားသော လွယ်အိတ်ကလေး၏ ကပ်အိတ်ဇစ်ကို ဖွင့်ကာ မှတ်ပုံတင်ထုတ်ပြီး ရဲအရာရှိအား လှမ်းပေးလိုက်မိပါသည်။ ကျွန်မအိတ်တွင်း၌ စာများ မတွေ့ရ၍ ဘီရို ခေါင်းအုံးအောက်နှင့် မွေ့ယာအောက်များ လှန်လှောကြည့်ကာ ရှာသော်လည်း မရပါ။ ပြာယာခတ်ရာ၍ မျက်စိရှန်းနေပြီ ထင်ပါသည်။ ကိစ္စမရှိပါ။ မှတ်ပုံတင် တွေ့ရလျှင်ပင် တော်ပါသေးသည်။

ကျွန်မ အခန်းဝသို့ ဦးစံလှထွန်းနှင့်အတူ အိမ်သားများပါ လာရပ်နေပါ၍ ကျွန်မ ရဲအရာရှိ၏ စကားကို အားကိုးတကြီးဖြင့် မျှော်လင့် စောင့်စားနေပါသည်။ အကယ်၍ ကျွန်မ... ပြေလည်သွားပါလျှင် သည့်အိမ်၌ ဆက်၍ မနေခဲ့ပါ... ကြည့်ပြတ်သားပုံရသော ရဲအရာရှိကြီးအား ကျွန်မ ...

www.burmeseclassic.com



ကြောင်း ပြောဆိုကာ သည်အိမ်မှ ထွက်ခွာသွားတော့မည်။

ကျွန်မဘဝ ရပ်တည်နိုင်ဖို့အတွက် ဘယ်လိုနေရာမျိုးမှာ နိုလှုံရမှန်း မသိတတ်နိုင်သေးပါချေ။ ရဲအရာရှိ၏ တည်ကြည် ပြတ်သားသော အသံက ကျွန်မခေါင်းကို ထုခွဲလိုက်သည့်ပမာ ချာချာလည်ရပါပြီ။

"ဒီမှာ စပယ်ဆိုပါလား တောင်ကြီးမြို့ မှတ်ပုံတင်ပဲ ကဲလေ လိမ်ညာလှည့်ဖြားဖို့ ကြိုးစားမနေပါနဲ့တော့ မစပယ် ကျွန်တော်တို့နဲ့အတူ ရဲဌာနသာ လိုက်ခဲ့ပေတော့"

နောက်ဆုံး ကြိုးစားခြင်းအဖြစ် တင်ပြသော ကျွန်မ မှတ်ပုံတင်မှာ စပယ်၏ မှတ်ပုံတင် ဖြစ်နေချေပြီ။ ကျွန်မကို စပယ်နေရာတွင် ထားကာ အပြစ်အလုံးစုံ ပုံချဖို့ သူတို့ အသေး စိတ် စီစဉ်ထားနှင့်လေပြီ။

ဘာတစ်ခုမျှ ထုချေစရာ မရှိတော့မှန်း သိလာရသည့်အခါ အားမာန်တို့ လျော့ပြီး ဒူးတို့ ညွတ်ခွေကာ ကျွန်မမှာ ပုံရက် သား လဲကျသွားမိပါတော့သည်။

❋ ❋ ❋

ကျေးတောသူတစ်ယောက်အသွင်မျိုးဖြင့် ဘာသာတရား ကို ကိုင်းရှိုင်းလေးစားပြီး ရိုးသားစင်ကြယ်သော အနေဖြင့်သာ ထာဝရ နေထိုင်လာခဲ့ရသော ကျွန်မဘဝမှာ သည်အဖြစ်မျိုးများ နှင့် ကြုံဆုံ တိုးဝင်ရလိမ့်မည်ဟု ရေးရေးသော်မှ မတွေးထင်မိခဲ့ ပါ။ အိပ်မက်သော်မှ မမြင်မက်ဘူးခဲ့သော အကြောင်းအရာ တို့နှင့် ကျွန်မမှာ နပွူးတွေ့ ဒူးတွေ့ ရင်ဆိုင်နေရပါပြီ။

"အချုပ်ထောင်"

မိန်းမသားငယ်တစ်ယောက်နှင့် မည်သို့မျှ မအပ်စပ် မဆုံ ဆည်းအပ်သော နေရာမျိုးသို့ ကျွန်မမှာ အစားထိုးခံဘဝနှင့် ရောက်ခဲ့ရပါပြီ။

"ဒီရန်ကုန်မှာ မပြုနဲ့ အမျှာညီအစ်မ ရှိတယ်ဆိုတာ ဘယ်သူ့ကိုမှ မပြော ဖို့နဲ့ ဒီ တစ်ခုတော့ စပယ့်ကို ဂတိပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားပြောစဉ်က လွယ်လွယ်ပင် ဂတိပေးလိုက်မိပါသည်။ ဤသို့ အကွက်ဆင်ကာ သူတို့ ပြုသမျှ မကောင်းမှုများကို ကျွန်မ တစ်ယောက်တည်းပေါ်သို့ ပုံချလိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။ ရက်စက် နက်ရှိုင်းလှသော သူတို့၏ အကြံအစည်များကို ကျွန်မဉာဏ်ဖြင့် လိုက်မမှီနိုင်ခဲ့ပါ။

ကျွန်မကိုယ် ကျွန်မ မဖြူပါဟု သက်သေပြစရာ ဘာအကြောင်းတစ်ခုမှ မရှိတော့ပါ။ ဆေးရုံမှတ်တမ်းတွင် မဖြူဟူသော အမည်များ မှတ်တမ်းတင်ထားခဲ့ပါလျှင်လည်း မဖြူဆိုသော မိန်းကလေးအဖြစ် စပယ်က သရုပ်ဆောင်နေပေလိမ့်မည်။

ကျွန်မအား စကားပြောခွင့်လေးမှ မပေးခဲ့သော ဆရာများအကူအညီတောင်းရန်လည်း မဖြစ်နိုင်တော့ပါ။ လောလောလတ်လတ် ပေးလိုက်သည့် ပျောက်ဆုံးသွားသော စာထဲတွင်လည်း လယ်ကိုင်းသို့ ပြန်မလာရန် အမေ့ထံမှ အကြောင်းကြားပြီး ဖြစ်သည့်ပြင် ချစ်လှစွာသော ကျွန်မအစ်ကိုသည် အိမ်ထောင်သစ်ထူထောင်စအချိန်တွင် ကျွန်မ၏ အမင်္ဂလာသတင်းကို မပို့လိုတော့ပါ။

မျက်စိကွယ်နေစဉ် အချိန်က မှောင်ကျနေသည် ဆိုသော်လည်း အစ်ကို ညွှန်ပြမှု ဦးဆောင်မှုကြောင့် ညအမှောင်တွင်



လရောင်လေး သာနေသလို ရှိခဲ့သော်လည်း ယခု မျက်စိမြင်လျက်နှင့် ကျနေရသော အမှောင်ဘဝက လရောင်တစ်စက်မှ မလက်နိုင်တော့သည့် အမှောင်မို့ ယခုမှ တကယ့်ကို ကျွန်မဘဝ 'လပျောက်သောည' ဖြစ်ရချေပါပြီ။

●

အမျိုးသမီး ရဲအမှုထမ်းတစ်ယောက်က ကျွန်မအား ခေါ်ထုတ်လာပါသည်။ ကျွန်မကို လာတွေ့သောသူတစ်ဦးရှိ၍ဟု ဆိုပါသည်။ သံတိုင်များကြားမှ ကျွန်မ လှမ်းကြည့်လိုက်ရာ ရဲအရာရှိရှေ့တွင် အသက် ငါးဆယ်ခန့် အရပ်ရှည်ရှည်၊ အသားဖြူဖြူ မျက်နှာမှာ ဝိုင်းဝိုင်းနှင့် ဂုဏ်သရေရှိ အထက်တန်းလွှာမှန်း မြင်လျှင်ပင် သိနိုင်သည့် အမျိုးသားကြီးတစ်ဦး ထိုင်နေပါသည်။ ရဲအရာရှိက ကျွန်မဘက်သို့ ညွှန်ပြလိုက်လျှင်ပင် ထိုသူက ကျွန်မယံ တစ်လှမ်းချင်း လျှောက်လာပြီး-

www.burmeseclassic.com

www.burmeseclassic.com



"စပယ် ဆိုတာလား"

"စပယ် မဟုတ်ရပါဘူး၊ ကျွန်မ မဖြူပါလို့ ပြောလည်း ဘယ်သူကမှ လက်မခံကြဘဲ စပယ်ပဲ ထားလိုက်ပါတော့လေ။ ကျွန်မကို ဘာကိစ္စနဲ့ လာတွေ့တာလဲသာ အမိန့်ရှိပါရှင်"

"စပယ်ပဲ ဖြစ်ဖြစ် မဖြူပဲ ဖြစ်ဖြစ် နှစ်ယောက်လုံးကို တွေ့ချင်တာပဲကွယ်၊ သမီးတို့ရဲ့ ဖေဖေ အောင်မျိုးပါ"

"ရှင်…ဖေ ဖေ"

သံတိုင်ကြားမှ လက်နှစ်ဖက် ဆန့်တန်းကာ ဖေဖေ၏ လက်နှစ်ဘက်ကို အားပါးတရ ဆုပ်ကိုင်ရင်း ကျွန်မ ခွေလဲကျသွားပါတော့သည်။

"သမီး သမီးရယ်"

"တရားခံမဘ၀ ရောက်နေရတဲ့ သမီးကို ဖေဖေလို ဆရာဝန်ကြီးကိုယ်တိုင် လာတွေ့တယ်နော် ဖေဖေ။ ဖေဖေ သမီးကို သမီးအဖြစ် အသိအမှတ်ပြုတယ်လားရှင်။ ဝမ်း... ဝမ်းသာ"

"သိပ် စကားမပြောနဲ့ သမီး။ သမီး သိပ်ပြီး စိတ်လှုပ်ရှားနေတယ်၊ သမီး ရှေ့မှာ ဖေဖေ ရပ်မယ်။ ဘာမှ မကြောက်နဲ့ ကြားလား"

"အို"



သံတိုင်နှင့် ခေါင်းကို ဖိကပ်ပြီး အာမေဋိတ်သံများဆိုရင်း ကျွန်မမှ အဆီးအတားမဲ့ သွန်ကျလာသော မျက်ရည်များကြားမှ အားပါးတရ ပြုံးလိုက်မိပါသည်။

"မမဖြူ မမဖြူ မမဖြူပါလား။ မမစပယ်ဆိုတာလား ဟင်"

"မောင်လေး မောင်မျိုးထွန်း မမဖြူ အစစ်ပါကွယ်။ စပယ်နဲ့ မမဖြူဟာ မျက်မှန်နက်တပ်ထားလို့သာ တူနေတာပါ။ မျက်လုံးချင်းက ခြားပါတယ်။ ရောဂါကြောင့် ခွဲစိတ်ထားရတဲ့ မျက်လုံးနဲ့ နဂိုမျက်လုံးချင်း မတူနိုင်ပါဘူး။ ဒါပေမယ့် မမဖြူ မစပယ် မဟုတ်ဘူးဆိုတာ ဘယ်သူမှ မယုံကြဘူး။ မမဖြူကို ကယ်ပါဦး မောင်မျိုးထွန်းရယ်။ ဘယ်လို သိပြီး လာကြတာလဲ ဟင်"

"ဘုရားမှာ မမဖြူ ပြောလိုက်ပြီးထဲက ဖေဖေ့ ခရီး ခဏ ထွက်သွားလို့ ပြောကို မပြောဖြစ်ခဲ့ဘူး။ ညကမှ မမဖြူပြောတဲ့ အတိုင်း ပြောပြတော့ ဖေဖေဟာ မျက်ရည်တောင် ကျလာရှာတယ်။ မမဖြူ သိပြီးဖြစ်နေမယ့် ဇာတ်ကြောင်းအတိုင်းလည်း ကျွန်တော့်ကို ပြောပြပါတယ်။ ဒါနဲ့ အစ်ကိုသက်ထွန်းကျော်ကို မေးတော့ အင်တင်တင် လုပ်နေသေးတယ်။ နောက်မှ လူ့လမ်း လိပ်စာရလို့ ဒီမနက်လာရှာတော့ အိမ်စောင့်တဲ့ အဒေါ်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



စပယ့်ကို ဖမ်းသွားပြီဆိုလို့ လိုက်လာကြတာပါ။ စပယ်က ဘယ်ရောက်ပြီး မမဖြူက ဘယ်လို ဖြစ်နေရတာလဲ မမဖြူရယ်"

"မမဖြူလည်း ဘယ်လို ရှင်းပြရမှန်းတောင် မသိအောင်ပါပဲ"

ကျွန်မမှာ မောင်မျိုးထွန်းနှင့် စကားပြောနေရာက ဖေဖေအား အားကိုးတကြီး လှမ်းကြည့်လိုက်မိပါသည်။ အမှုသွား အမှုလာနှင့် ကျွန်မအား ဖမ်းဆီးရကြောင်း အကြောင်းရင်းကို မေးအပြီးတွင်–

"ကျွန်တော် သူ့ကို အာမခံခွင့်ရရင် အာမခံနဲ့ ခေါ်သွားပါရစေလား"

"ဆရာ့ကို ကျွန်တော်တို့ အများကြီး လေးစားပါတယ် ဆရာ။ ဒါပေမယ့် သူ့အမှုက သိပ်ပြီး ကြီးနေပါတယ်။ သူဟာ ရိုးသားအပစ်ကင်းမယ့် မိန်းကလေးတစ်ယောက်မျိုး ဖြစ်လိမ့်မယ်လို့လည်း ကျွန်တော်တို့ အကဲခတ်မိပါတယ်။ သူပြောတဲ့ စပယ်ဆိုတာ တွေ့လိုက်ရရင်တော့ အားလုံးရှင်းသွားမှာပါ။ စပယ်ရဲ့ ဖခင် ဦးစံလှထွန်းဆိုတာလည်း ရှောင်နေပါတယ်။ သူ့ကိုလည်း မသင်္ကာလို့ တွေ့တဲ့နေရာမှာ ခေါ်ပြီး စစ်ဆေးဖို့လည်း အားလုံး အကြောင်းကြားထားပြီးပါပြီ။ မကြာခင် ပေါ်လည်ပါလိမ့်မယ်။ သူဟာ စပယ်မဟုတ်ပါဘူးဆိုတဲ့ သက်သေခံပြစရာလည်း



မတွေ့ရသေးခင်တော့ ကျွန်တော်တို့နဲ့အတူ ထားပါရစေဦး ခင်ဗျာ"

"ကောင်းပါပြီလေ။ ဒါတော့ ခင်ဗျားတို့ တာဝန်ရှိသလို သာ ဆောင်ရွက်ကြပါ"

ကျွန်မ၏ ဖခင်ကြီးသည် ကျွန်မရှိရာသို့ ပြန်လျှောက်လာပြီး အားပေးနှစ်သိမ့်မှု စကားများဆိုကာ ကျွန်မ ခေါင်းကို ပွတ်သပ်ပြီး ကျွန်မရှေ့မှ ထွက်ခွာသွားပါသည်။ ကျွန်မမှာ အားကိုးခြင်း ကြီးစွာဖြင့် ကျွန်မ၏ ဖေဖေ ဆိုသူအား ချစ်ကြည်ညိုသော မေတ္တာစိတ်တို့နှင့် မျက်စိတဆုံး လှမ်းကြည့်နေမိပါသည်။ မောင်မျိုးထွန်းကလည်း တဝမ်းတွင်းဆင်းသည့် မောင်နှမရင်းကဲ့သို့ မှတ်ယူကာ အားပေးစကားများ ဆိုရှာပါသည်။ ကြည်နူးဝမ်းသာရခြင်း၊ ယူကျုံးမရ ကြောက်ရွံ့လှခြင်း စသည့် ခံစားမှုပေါင်းစုံများကြောင့် ရင်မှာ ပြောစရာများအပြည့် ရှိနေသော်လည်း အလုံးစုံ ပြောမထွက်နိုင်ပါ၍ ကျွန်မ၏ မိခင် ရိုစီဆိုသူ၏ အကြောင်းကို မမေးဖြစ်လိုက်မိကြောင်း နောက်မှ ကျွန်မ သတိရပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ရဲမှူးရှေ့တွင် ထိုင်နေရပါသည်။ ဘာကိစ္စရှိ၍ ကျွန်မကို ခေါ်တွေ့ကြောင်း သိချင်လှပါသော်လည်း မမေးရဲ၍ ငြိမ်နေရပါသည်။ ခဏအကြာတွင် ကျွန်မ မျက်စိရှေ့မှောက်သို့ ဦးစံလှထွန်းနှင့် ဒေါ်ခင်ခင်တို့ကို ခေါ်ဆောင်လာကြကြောင်း အံ့ဩစွာ တွေ့ရပါသည်။

"ဒီမှာ ဦးစံလှထွန်း ကျွန်တော်တို့ရဲ့ ဝတ္တရားမှာ အပစ် ရှိတဲ့ လူတွေ လွတ်ချင်လွတ်သွားပါစေ။ အပြစ်မဲ့တဲ့သူ တစ် ယောက်ကို ပစ်ဒဏ် မကျစေရပါဘူး။ ဒီသဘောတရား ရှိ ကာမှု စပယ်ပါလို့ အပိုင်ချုပ်ကိုင်ပြီး ကျွန်တော်တို့လက်ထဲ အပ်ထားတဲ့ ဒီမိန်းကလေးပေါ်မှာ သံသယရှိပေမယ့် ကျွန်တော်



တို့ ဝတ္တရားအရ ခဏ ထိန်းသိမ်းထားရပါတယ်။ ဘယ်လိုပဲ အကောင်းဆုံး ပြုစုထားပေမယ့် သူ့ခမျာ ကြောက်ရှာတာပေါ့ ဗျာ။ ကဲ ခင်ဗျားရဲ့ အကြံအစည်လေးကိုလည်း တဆိတ် အမိန့် ရှိပါဦး"

"နေပါဦး သူ့ကိုယ်သူ စပယ် မဟုတ်ဘူးလို့ ပြောနေရင် စပယ် အစစ်က ဘယ်မှာလဲ"

"ကျွန်တော်တို့ရဲ့ ရဲတပ်ဖွဲ့ကြီးဟာ ဒီလောက် မညံ့ပါဘူး ဗျာ။ ခင်ဗျားက စပယ် လွတ်သွားပြီလို့ ယူဆလို့လား"

"မိစေချင်လို့ မိစေချင်လို့ တောက် ! ဒီကောင်မ တစ်ပတ် ရိုက်သွားတာ မခံချင်လွန်းလို့ပါဗျာ။ ငါ့မွေးတဲ့မျောက် ငါ့ပြန် ချောက်ဆိုတဲ့ကိန်းဆိုက်နေပြီ"

"ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ် ဖို့နဲ့ အပစ်မဲ့တဲ့ လူတွေရဲ့ရှေ့က ရပ်ဖို့ဟာ ကျွန်တော်တို့ ရဲတွေ ရဲ့ ဝတ္တရားပါ။ စပယ်ကို ဟဲဟိုးလေဆိပ်မှာ မိထားပါပြီလို့ သတင်းရခဲ့ပါပြီ"

"ဟင် စပယ်ကို မိပြီ၊ ဒါ ဒါဖြင့် ကျွန်မ စပယ်မဟုတ် ဘူးဆိုတာ သိကြပြီပေါ့နော်"

"ဝမ်းနည်းပါတယ် မဖြူ။ ဖမ်းလာတုန်းက စပယ်အဖြစ် နဲ့ ဖမ်းလာခဲ့ပေမယ့် ဒီရောက်ထဲက ကျွန်တော် သံသယဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပါပဲ။ ဒီလောက် အကြဲကြီးကြဲတဲ့ မိန်းကလေးဟာ ဒီလောက်ကြောက်ရွံ့ လှုပ်ရှားနေမှာ မဟုတ်ဘူး။ ပြီးတော့ ရိုးသားပုံလည်းရလို့ ကျွန်တော်တို့ မဖြူရဲ့ စကားကို လက်ခံပြီး အမှုတပြင်း လိုက်ခဲ့လို့ ခု မိပြီ။ ဦးစံလှထွန်းရဲ့ ဒုစရိုက်မှု အားလုံးလည်း သက်သေနဲ့တကွ သိရပြီးပါပြီ၊ မဖြူရဲ့ ဖေဖေဆီတိုလည်း သူ့မှာကြားထားချက်အတိုင်း တယ်လီဖုန်း ဆက်ပြီးပါပြီ။ မကြာခင် လာခေါ်ပါလိမ့်မယ်။ ကဲ ဦးစံလှထွန်း ဒီက မဖြူပါကြားရအောင် အမှု မှတ်တမ်းလည်း ရေးရအောင် မကွယ်မဝှက်ဘဲ အကြောင်းစုံသာ ရှင်းပြ ဖြောင့်ချက်ပေးပေတော့ဗျာ”

ဒေါ်ခင်ခင်၏ ရှိုက်သံက တစ်ချက်ခြင်း လွင့်ပျံ့လာပါသည်။ မာန်ပြေလျော့သော အသွင်ဖြင့် ဦးစံလှထွန်းက ခေါင်းငုံ့ထားရာမှ ဖြည်းဖြည်းချင်း မော့လာပါသည်။ စိတ်ဓာတ်အကြီးအကျယ် ကျဆင်းသွားခြင်းကြောင့်ဟု ထင်ပါသည်။

နှုတ်ခမ်းနှစ်ဘက်ကို တင်းတင်းစေ့ပြီး မျက်လုံးအိမ်တွင် မျက်ရည်ကြည်များ ရစ်ဝိုင်းနေကြောင်း ကျွန်မ မြင်တွေ့ရပါသည်။ မကောင်းမှုဒုစရိုက်ဖြင့် အသက်မွေးသူများ၏ နိဂုံးမှာ တရားရစရာကောင်းလှပါသည်။ တုန်ရီသောအသံဖြင့် ဦးစံလှထွန်းက စကားစလာပါသည်။

“ကျွန်တော်ဟာ စစ်ကြိုခေတ်ထဲက တက္ကသိုလ်ပညာအထိ



သင်ကြားခဲ့ဖူးပါတယ်။ အသက်အခြေမခံ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ရင်း မြင်းပွဲရှုံးလို့ ငွေနှစ်သောင်းကျော် အလွဲသုံးစားမှုနဲ့ ထောင်ခုနစ်နှစ် အပစ်ပေးခံခဲ့ရပါတယ်။ ထောင်က ထွက်လာမှ ဟောဒီ ခင်ခင်နဲ့ ယူခဲ့တာပါ။ ကျွန်တော့် ပထမဇနီးကတော့ ကျွန်တော် ထောင်မကျခင်ကပဲ ကွဲသွားခဲ့ပါတယ်။ ခင်ခင်ဟာ အမျိုးသမီးကလေးတွေ မွေးပြီး ငွေရှာနိုင်းတဲ့ အလုပ်မျိုးကို လုပ်ခဲ့ဖူးတဲ့သူဆိုတော့ ဘာမဆို ငွေရရင်ပြီးစတမ်းလို့ သဘောထားတဲ့ ကျွန်တော်နဲ့ တွဲမိသွားပြီး လွှစ္စလမ်းရဲ့ လေးထပ်တိုက်ပေါ်မှာ အကောက်ကြီးကြီး ယူပြီး ဖဲဝိုင်းထောင် အမျိုးသမီးကလေးတွေကို ပြုစုနိုင်း၊ အပြင်ခေါ်သွားချင်လည်း ထည့်လိုက်ပါတယ်။

“ဆက်ပြောပါ”

ဒီအလုပ်နဲ့ စီးပွားဖြစ်နေရင်း တောင်ကြီးမြို့ကို အလည်သွားမိပါတယ်။ ကျွန်တော်ဟာ ဘာသာလေးမျိုးလောက်ကို ရေလယ်အောင် ပြောတတ်ပြီး ဂုဏ်သရေရှိ လူတွေနဲ့ ပေါင်းသင်းရင်း တောင်ကြီးက ဦးဘော်ဆိုင်းဆိုတဲ့ သူဌေးဆီ သွားလည်ရာက စပယ်နဲ့ တွေ့ရတာပါပဲ။ စပယ်ဟာ မိဘမဲ့နဲ့ လွတ်နေတဲ့ အချိန်မှာ ခင်ခင်က သူ့စီးပွားရေးကွက်မှာ အသုံးချဖို့ စပယ်ကို နှိုးကပ်ပြီး ခေါ်ယူလာခဲ့တာပါပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်လို အမျိုးသမီးကြီးများကြောင့် မိကောင်းဖခင်သားသမီးများမှာ အခြေအနေ တစ်ခုခုကြောင့် အမှောင်ဘဝသို့ ကျရောက်ရရှာကြောင်း ကျွန်မမှာ ယခုမှ ကြားဖူးရပါသည်။ ဦးစံလှထွန်းက ဆက်လက်ပြီး–

“ဒါပေမယ့် စပယ်ဟာ ကျွန်တော်တို့ မျှော်လင့်တာထက် အများကြီး လည်ပတ်နေတာ တွေ့ရပါတယ်။ သူဟာ တောင်ကြီးမြို့က ရွှေချောင်း မှောင်ခိုဂိုဏ်းမှာ ပါဝင်ခဲ့ဖူးသူကိုး။ ဒီတော့ ခင်ခင်နဲ့ အလုပ်မဖြစ်ဘဲ ကျွန်တော့်ရဲ့ အကြံအစည်တွေမှာ ကူညီဖို့ ဖြစ်လာခဲ့ရပါတယ်။ သူ့ဩဇာကတောင် ကျွန်တော့်တို့ အပေါ်မှာ လွှမ်းလာပါတယ်။ ဦးဘော်ဆိုင်းရဲ့ ကြွယ်ဝမှုကို အားကျလာကြပြီး ဦးဘော်ဆိုင်းဆီက ဘယ်လိုနည်းနဲ့ ရယူနိုင်ပါ့မလဲလို့ ကြံစည်စိတ်ကူးကြတုန်း သူ့အမွှာညီအစ်မ မဖြူ ဆိုတာ ရောက်လာခဲ့ပါတယ်။ မဖြူကို ရုပ်ပြထားပြီး စပယ်က လှည့်ပတ်ရှုပ်ထွေးဖို့ကို ကျွန်တော်ကပဲ အကြံပေးပြီး မဖြူကို တိတ်တိတ်ဖုက်ထားလိုက်ကြတာပါ”

“ခင်ဗျားတို့အကြံက ဆေးလာကုရှာတဲ့ မဖြူကို သက်သက် ဒုက္ခပေးဖို့ပါလား၊ ကဲ...ကဲ ဆက်ပြောပါဦး”

“စိန်ပွဲစား ဦးရွှေတိုးကို စပယ်ကိုယ်တိုင် လေယာဉ်ကွင်းကို သွားကြိုတယ်။ အဘိုးကြီးက စပယ့်ကို သိပ်သဘောကျ



နေသူဆိုတော့ သူ့အတွင်းရေးတွေ သိတာပေါ့။ မန္တလေးက အပြန် စိန်နှစ်သောင်းဖိုးပါတဲ့ အိတ်ကိုယူ၊ အဘိုးကြီးကို လမ်းမှာ ချထားပြီး ခပ်တည်တည်နဲ့ ကားမောင်းပြန်လာတာပဲ။ အဘိုးကြီးက ရဲတိုင်တော့ စပယ်ဟာ အိမ်မှာပါလို့ ဦးမိုးမြင့်တို့ လင်မယားနဲ့ ဖင်မောင်မောင်လည်း သက်သေခံတော့ အဘိုးကြီး ဘာတတ်နိုင်တော့မလဲ။ ဒီလိုနေကြတုန်း ရှစ်မိုင်အိမ်မှာ မဖြူကို စပယ်အမှတ်နဲ့ “ချိန်သီး” အမည်ခံ ဦးမြင့်မြတ် ခေါ်ကိုအိမ်လျှောင်က စာတစ်စောင်ပေးပါတယ်။ သူတို့ဟာ ဦးဘော်ဆိုင်းဆီက ကျောက်စိမ်းတုံးတွေ ဝယ်ဖို့ စကားကမ်းလှမ်းနေကြပါတယ်။ ဒီအချိန်မှာ သူတို့အထင်ကြီးနေတဲ့ ဦးဘော်ဆိုင်းနဲ့ စပယ်ဟာ တတွဲတွဲဖြစ်နေလော့ စိတ်မချလို့ မရှုပ်ဖို့ စာပေးခဲ့တာပါပဲ။ ဦးဘော်ဆိုင်းနဲ့ အလုပ်မဖြစ်ခင် တောင်ကြီးက ဘိန်းချသွားတာကို စပယ်ကိုယ်တိုင် သတင်းပေးလိုက်လို့ အဲဒီ တရုတ် အမှု ခုထိ မပြီးသေးဘူးလေ”

“အင်း တော်တော်လယ်တဲ့ စပယ်”

“အဲ နောက်ဆုံး ဦးဘော်ဆိုင်းဟာ ကျောက်စိမ်းရောင်းရတဲ့ ငွေနှစ်သိန်းကျော်ရယ်၊ ကျန်တဲ့ အရိုင်းနှစ်တုံးရယ်နဲ့ အသူ တောင်ကြီးအပြန်မှာ စပယ်ပါ လိုက်သွားပြီး ဒီပစ္စည်းတွေ အပိုင်စီးမယ်၊ အိမ်မှာရောက်နေတဲ့ မဖြူရဲ့ စာရွက်တွေ ဖျောက်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ပုံတင်လဲပြီး မဖြူကို စပယ်အဖြစ်နဲ့ ထားခဲ့မယ်ဆိုတဲ့ မဟာအစီအစဉ်ကို ချခဲ့ကြတာပါပဲဗျာ”

“တောက်…တော်တော် ရက်စက်ကြပါလားဗျာ၊ သူ့ခမျာ သနားပါတယ်”

“သူ့အစ်မကိုယ်တိုင် စီစဉ်တာပဲလေ၊ ဦးဘော်ဆိုင်းအမှုမှာ မဖြူ ထောင်ကျသွားမှာ သေချာဘယ်လေ။ ဒီတော့ ဒီပစ္စည်းတွေနဲ့ တခြားနိုင်ငံဖြစ်ဖြစ်၊ မြန်မာပြည်ထဲမှာပဲ ဖြစ်ဖြစ် ဇိမ်နဲ့ နေထိုင်ကြမယ်ပေါ့။ အဲဒီလို အားလုံး ပိပိယိယိ စီစဉ်ပြီး ပစ္စည်းတွေရတော့ ကျုပ်တို့ဆီ ပြန်မလာဘဲ မချောက လစ်ရော။ ဒီတော့ ကျွန်တော်လည်း မခံချင်တာနဲ့ ဇင်မောင်မောင်ဆိုတဲ့ ကျွန်တော့်ဘက်တော်သား တစ်ယောက်ကို လိုက်ခိုင်းရာမှာ စပယ် ဘယ့်လောက်လယ်သလဲဆိုတော့ ဇင်မောင်မောင်ကို သိမ်းသွင်းပြီး သူ့ဘက်ပါအောင် လုပ်လိုက်တယ်လေ။ ငန်းရှုး ကလည်း အဟုတ်မှတ်ပြီး မင်္ဂလာဒုံ လေဆိပ်ဘက်ကို ထွက်ပြေးကြတာ ကျွန်တော်ကိုယ်တိုင် နောက်ကလိုက်တော့ ကားချင်းလည်း မှီရော ရာဘာတောထဲ ဆင်းပြေးကြပါရော။ ဝေလီဝေလင်းဆိုတော့ ဘယ်သူမှ မသိကြဘူးပေါ့။ ဇင်မောင်မောင်နဲ့ သတ်ပုတ်ရင်း လူငယ်ဆိုတော့ ကျွန်တော် မနိုင်တာနဲ့ ဓား ဓားနဲ့ ထိုးလိုက်တာပါပဲ”



“အို”

ကျွန်မ လန့်ပြီး အသံထွက်သွားမိပါသည်။ ဦးစံလှထွန်းက မျက်ရည်တွေ စီးကျရင်း–

“စပယ်က ကျွန်တော့်ခေါင်းကို ဒုတ်နဲ့ ရိုက်ခဲ့ပြီး ကားမောင်း ထွက်ပြေးသွားပါတယ်။ အဲဒီကနေ ရှမ်းပြည်နယ်ထွက်မယ့် လေယာဉ်ပျံနဲ့ ပါသွားတယ်ထင်ပါရဲ့ဗျာ။ ဒါကြောင့် ဟဲဟိုးလေဆိပ်မှာ မိထားမှာပေါ့။ ဆရာတို့ အသိစောလိုက်တာနော်”

“ဟဲဟိုးရဲတပ်ဖွဲ့က ဒီကအမှုကြောင့် ဖမ်းတာ မဟုတ်ပါဘူး။ ငွေတွေ အများကြီးနဲ့ ကျောက်စိမ်းတုံးတွေရယ်ပဲ ပါပြီး ဘာပစ္စည်းမှ မပါလို့ မဖြူဆိုသူအဖြစ်နဲ့ ဖမ်းထားလိုက်ကြတာပါ။ ဒီက အကြောင်းကြားလိုက်ပြီမို့ ရန်ကုန်ကို ပို့လိုက်ကြတော့မှာပါ။ ဦးဘော်ဆိုင်းကိုလည်း ဖမ်းထားပါပြီ။ အေးလေ ဒုစရိုက်မှုဟာ ဘယ်တော့များ ကောင်းကျိုးပြုရိုးထုံးစံ ရှိသလဲ ဦးစံလှထွန်း။ ကဲပါလေ နှစ်ယောက်လုံး ငိုမနေပါနဲ့တော့။ ဇင်မောင်မောင်ကို ခုခံကာကွယ်ရင်း သေဆုံးရတာပါလို့ တုချေခွင့်တော့ ရှိမှာပေါ့။ တိကျမှန်ကန်တဲ့ တရားဥပဒေက အဆုံးအဖြတ်ပေးလိမ့်မယ်ပေါ့။ ကျွန်တော်တို့ တာဝန်ကတော့ တရားသော ပြည်သူတွေဘက်က အမြဲကာကွယ်ဖို့ပါပဲ၊ ဟော မဖြူ အစ်မက ဆောင် လိုက်လာကြပြီ”

www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်သော မောင်မျိုးထွန်း၏ မျက်နှာနှင့် သိက္ခာရှိသော ကြင်နာသော အပြုံးများဖြင့် ဝင်လာသော ဖခင်၏ မျက်နှာကို လှမ်းကြည့်ကာ ဝမ်းသာလွန်းသော စိတ်ကြောင့် လှုပ်ရှားရန်ပင် မေ့နေကာ ကျွန်မမှာ မလှုပ်မယှက် ထိုင်နေမိပါသည်။

ဖေဖေက ဆောင်ရွက်ဖွယ် ကိစ္စများကို ရဲမှူးနှင့် ပြောဆိုပြီး ကျွန်မအနားသို့ ကပ်လာပါသည်။ ကြောက်ရွံ့လွန်းခဲ့ရသော စိတ်နှင့် မအိပ်နိုင် မစားနိုင်ခဲ့သော နေ့များကြောင့် ကောင်းစွာပင် မလှမ်းနိုင်သော ကျွန်မအား ချစ်ဖေဖေနှင့် မောင်လေးက တစ်ဖက် တစ်ချက်စီ တွဲခေါ်လာကြပါသည်။

"သြော်...ငါ့မြေးလေး မအေနဲ့ တူလိုက်တာ။ လှလှလေး ပါလား။ အဘွားခွဲခဲ့လို့ ငါ့မြေးလေးတွေ ဒုက္ခရောက်နေရရှာ တာပါ။ အဘွား အကြောင်းစုံ သိရပြီးပါပြီကွယ်။ စပယ်ဟာ သူ့အမေရဲ့ စရိုက်ကို အသေအချာ ရလိုက်တာပဲကို"

"ရှင် မဖြူတို့ မေမေဟာ စပယ်လို"

"သူ့ဘဝရဲ့ ပထမပိုင်းကို ပြောတာပါ။ ငါ့မြေးရဲ့ မေမေ အကြောင်း သိချင်ပေလိမ့်မယ်။ အဘွားပြောတာထက် ကိုယ်တိုင် ခံစားခဲ့ရတဲ့ သမီး ဖေဖေက ပြောပြတာ ပိုပြီး သဘာဝကျပါ လိမ့်မယ်ကွယ်။ သမီးဖေဖေကလည်း ဒီအကြောင်းတွေ သူ့ရင်ထဲ မှာ တထွေးတပွေ့ကြီးနဲ့ ငါ့မြေးများကို ရှာနေရှာတာပါ"

အမူအရာ သိမ်မွေ့သလောက် အသံလေးများက ငြင်သာ ချောပျောင်းစွာဖြင့် ကျွန်မပခုံးကို ဖက်၍ "ငါ့မြေး" "သမီး" သည်ဖြင့် ခေါ်ဝေါ်ကာ ပြောဆိုလာသော စကားများကို ကျွန်မ မှာ ကြည်နူးစွာ ခံယူမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအမည်မှာ "ဒေါ်ငြိမ်းသာ" ဖြစ်ပေသည်။ အမည်နှင့်လိုက်အောင် သာယာငြိမ်းချမ်းစွာ အိမ်ထောင်တစ်ခုကို ဦးစီးခဲ့ဟန်တူပါသည်။

မကြာမီကမှ သေဆုံးသွားရှာသော တရားသူကြီး ဦးမြတ်ထွန်းရှိစဉ်က ချစ်မြတ်နိုးလှသော ဇနီးသည်၏ သဘော တစ်ခုတည်းဖြင့်သာ အိမ်ထောင်စုကို အုပ်ချုပ်စေခဲ့သည်။ သည်အာဏာဖြင့်ပင် သူတို့၏ချစ်မြတ်နိုးလှစွာသော တစ်ဦးတည်းသား ကျွန်မ၏ ဖေဖေအား သူနှစ်သက်သူနှင့် အတင်းအိမ်ထောင်ချပေးခဲ့ကြောင်း မောင်မျိုးထွန်းက ကျွန်မအား ပြောပြထားပြီးပေပြီ။

သူစီစဉ်သည့်အတိုင်းပင် မိသားတစ်စုလုံးမှာ တည်ငြိမ်အေးဆေးစွာ မျှတစွာ သုံးပြီး မောင်မျိုးထွန်းတို့ လက်ထက်ထိ မပျက်မပြင် သုံးစွဲစရာ ထုထည်နှင့် ရှိပြီး ဖြစ်နေကြောင်းကိုလည်း မောင်မျိုးထွန်းထံမှ ကျွန်မ သိရှိခဲ့ရပါပြီ။

စိတ်ကြောင့် အားအင်ကုန်ခမ်းကာ နုံးခွေလာသော ကျွန်မအား ဖေဖေကိုယ်တိုင် နားကျပ်ဖြင့် စမ်းသပ်ကာ ဆေးထိုးပေးပါသည်။

ဖခင်တစ်ယောက်ပေါ်တွင် ထားရှိသော သမီး၏ မေတ္တာမှာလည်း မည်မျှ ကြီးမားကြောင်း ကျွန်မ ကိုယ်တွေ့ ကြုံရပါပြီ။ မြိုးရှင်နေသော ဖခင်၏ နဖူးပြင်ကို နမ်းလိုက်ချင်သလို ချစ်



ကြည်ညိုလွန်းပါ၍ ထိုင်ကန်တော့ချင်သလိုလို စိတ်မှာ ဖြစ်နေကြောင်း သိမှတ်မိပါသည်။

ကျွန်မမှာ ကျွန်မ၏ မိခင်အကြောင်း မေးချင်လှပြီ ဖြစ်သော်လည်း အချိန်များများ ဖြုန်းနိုင်ဟန် မတူသော ဖခင်ကြီး၏ အရိပ်အခြေကို ကြည့်ကာ မမေးဝံ့သေးပါ။ အိမ်မှာ နှစ်ထပ်တိုက်ဖြစ်၍ အပေါ်ထပ်ရှိ အဘွားနှင့် ကပ်လျက် အခန်းတွင် ကျွန်မအား နေစေပါသည်။

ညနေပိုင်းတွင် အဘွားနှင့်အတူ အသက်လေးဆယ်ကျော်ရွယ် အမျိုးသမီးတစ်ဦးနှင့် ဆယ့်လေးနှစ်ရွယ် ယောကျ်ားလေးတစ်ဦးနှင့် ဆယ်နှစ်ရွယ် မိန်းကလေးတို့ ဝင်လာကြပါသည်။ ပုဆိုးအစိမ်း ဂါဝန်အစိမ်းလေးများ ဝတ်ထားကြ၍ ကျောင်းမှ ပြန်လာကာစ ဖြစ်ဟန်တူပေသည်။

အမျိုးသမီးကြီးမှာ ဒီဂရီမျက်မှန်တပ်ထားပြီး ရှည်လျားသော အရပ်နှင့် လိုက်ဖက်အောင် ကိုယ်ခန္ဓာက ဝဖြိုးပြီး အသားမှာ ဖြူဆွတ်နေပေသည်။ ကျယ်သောနဖူး ကြည်လင်သော မျက်လုံးနှင့် သိမ်မွေ့သော အပြုံးတို့ကြောင့် မြင်လျှင်ပင် ပညာတတ်အထက်တန်းလွှာ အမျိုးသမီးကြီး ဖြစ်ကြောင်း ခန့်မှန်းနိုင်ပေသည်။ အဘွားက စတင်ပြီး–

"သမီး ဟော ဒါ မောင်မျိုးထွန်းထက်အငယ် မောင်မျိုး

www.burmeseclassic.com

www.burmeseclassic.com



အေး၊ သူက ရှစ်တန်း၊ ဒီသမီးငယ်ကတော့ ငါးတန်း၊ နာမည်က အေးစန္ဒာမျိုးတဲ့၊ သမီးရဲ့မောင် ညီမလေးတွေပေါ့။ ဒါကတော့ မောင်မျိုးထွန်းတို့ မေမေ ရူပဗေဒဌာနက ကထိက ဒေါ်ခင်အေးမှု ပဲ။ ငါ့သမီးအကြောင်း သူတို့အားလုံး သိပြီးကြပါပြီ”

ကလေးနှစ်ယောက်က တိုင်ပင်ထားသလို ကျွန်မ ဘေး တစ်ဘက်တစ်ချက်တွင် ဝင်ထိုင်ကြပြီး ညီမလေးက ကျွန်မ လက်မောင်းကို ဖက်ထားပါသည်။ သူတို့၏ ရိုးသားသော မျက်နှာ သဘောကောင်းပုံရသော မျက်နှာလေးများကို ကျွန်မမှာ ချစ်မြတ်နိုးစွာ ကြည့်ရင်း ပီတိဖြာနေမိစဉ် သူတို့မေမေက–

“မဖြူအကြောင်းကို ကြားသိရတော့ သမီးလေးလို ကိုယ် ချင်းစာမိပါတယ်။ ဒီအိမ်ဟာ မဖြူရဲ့ သွေးရင်းတွေချည်းပဲ အန်တီကလွဲရင်ပေါ့လေ။ အန်တီတွက်တော့ မဖြူစိတ်မှာ ဘာ အနှောင့်အယှက်မှ မဖြစ်ပါစေနဲ့နော်။ ရဲရဲတင်းတင်းသာ အမြဲတမ်း နေနိုင်ပါတယ်လို့ အန်တီ ပြောပါရစေကွယ်”

“ကျေးရူးတင်လိုက်တာရှင် မဖြူရင်ထဲမှာ ဘယ်လိုခံစား နေရတယ်ဆိုတာ ဖော်မပြနိုင်လောက်အောင်ကို ဝမ်းသာနေရပါ တယ်။ အန်တီ့စကားကြားရတော့ မဖြူ ပိုပြီး အားတက်ရပါ တယ် အန်တီရယ်။ မဖြူဟာ ကျေးတောမှာ ကြီးခဲ့ရသူပါ။ ပြီး တော့ မျက်စိကွယ်နေလိုက်သေးတယ်။ ခုမှ မျက်စိလည်း မြင်



မြို့ကြီးလည်း ရောက်လာတော့ ဒီက ဓလေ့စရိုက်ကို မဖြူ ဘာမှ နားမလည်ပါဘူးရှင်။ မဖြူ မှားတာ မလိမ္မာတာရှိရင် အားလုံးက ပြင်ပေးကြပါလို့ မဖြူ ကြိုပြီး တောင်းပန်ထားပါရစေ”

ဒေါ်ခင်အေးမှုသည် ပညာတတ်ပီပီ စိတ်သဘောထား လည်း မြင့်မြတ်လှပေသည်။ ကျွန်မရောက်ရှိလာခြင်းကို သူ့အနေ နှင့် ကျေနပ်နိုင်စရာ မရှိသော်လည်း မည်သူ့မျက်နှာမှ ထောက် ထားခြင်းမဟုတ်ပါဘဲ သူကိုယ်တိုင်ပင် ကြည်ကြည်ဖြူဖြူ ရှိနေ ကြောင်း ဝမ်းသာစွာ တွေ့ရပါသည်။

ကျွန်မ စကားများကို အဘွားက များစွာ ကျေနပ်လက်ခံ ပါကြောင်း မြင်သာပါသည်။

“ငါ့မြေးလေးဟာ ငါ့သားသွေးမို့ ထင်တယ် သဘော ထား ဖြူစင်လိုက်တာကွယ်။ တာကယ့်ကို ဖအေတူလေးပါပဲ။ စပယ်ဆိုတဲ့ မြေးလေးကတော့ မအေနဲ့ တူတယ် ထင်ပါရဲ့လေ။ အင်း...တစ်ဝမ်းထဲမှာ တစ်ချိန်ထဲအောင်းလို့ မိနစ်ပိုင်းသာခြားပြီး လူ့ပြည်ရောက်လာကြပေမယ့် စိတ်သဘောချင်း မတူကြတာ၊ အပြုမူခြင်း ကွဲပြားကြတာ အဘွား ကြားဖူးရုံ ကြားဖူးခဲ့တာ၊ ခု ငါ့မြေးများကြမှ လက်တွေ့ တွေ့ရပြီပေါ့ကွယ်”

စပယ်မှာ ကျွန်မမိခင်နှင့် တူသည်ဆိုသော်လည်း သူမည် မျှ ဆိုးသွမ်းစေကာမူ ကျွန်မ တွေ့ချင်လှပါသည်။ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



အား စွန့်ပစ်သွားခဲ့သည်ဆိုပေမယ့် ပြန်သာတွေ့ရပါလျှင် မေမေ့အား ယခုချစ်ရသော မေတ္တာထက် လျော့နည်းမည် မထင်။ မေမေ့အကြောင်း သိချင် တွေ့ချင်လုပါသော်လည်း သိခွင့်ကို အဘယ်မျှကြာအောင် စောင့်ဆိုင်းရမည် မသိတတ်နိုင်တော့ပါချေ။

ညဦးပိုင်းတွင် မောင်မျိုးထွန်း ကျွန်မအခန်းသို့ ဝင်လာ၍–

"မမဖြူ ဆရာက တွေ့ချင်လို့တဲ့"

"ဘယ်ဆရာလဲ"

"မမဖြူရဲ့ ဆရာပေါ့၊ အစ်ကိုသက်ထွန်းကျော်ပေါ့"

"မမဖြူ နေမကောင်းလို့ မတွေ့ပါရစေနဲ့ဦးလို့သာ ပြောလိုက်ပါ မောင်လေး၊ မမဖြူဆီကို မလွှတ်လိုက်နဲ့နော်"

ဆရာ လာတွေ့သည်ဆိုခြင်းကြောင့် ကျွန်မ အိပ်ရာထက်တွင် လဲလျောင်းကာ စဉ်းစားမိပါပြီ။ လှုပ်ရှားရလွန်းသော စိတ်များကြောင့် သူ့ကို မေ့ထားသလို ရှိခဲ့ပါသည်။

"ဆရာကိုသက်ထွန်းကျော်"

သူ့အကြောင်း တွေးလိုက်သည့်အခါ ရင်မှာ နာလာမိပါသည်။ ကျွန်မ ဘဝ၏ အကျဉ်းကြပ်ဆုံးအချိန်တွင် သူ့ကို အားကိုးတကြီးဖြင့် ဆက်သွယ်ပါသော်လည်း လက်မခံခဲ့ပေ။



စကားပြောခွင့်ပင် မပေးခဲ့ပါချေ။ အကယ်၍ ကျွန်မအား စပယ်လို မိန်းမစားမျိုးပင် ထင်မှတ်သွားသည်ထား "ရှိခိုးပါတယ် ဆရာရယ် မဖြူ ပြောတာလေး ဆုံးအောင် နားထောင်ပါ"ဟု ကျွန်မ ပြောခဲ့မိသည်ကိုပင် ရက်ရက်စက်စက် တယ်လီဖုန်း ချရက်ခဲ့သည်။ ချစ်သူတစ်ယောက်အနေမျိုးနှင့် မဟုတ်ဘဲ မိန်းမသားတစ်ယောက်သည်မျှလောက် တောင်းပန်နေသည် ဆိုလျှင်ပင် လက်ခံဖို့ကောင်းပါသည်။

အစ်ကိုနှင့် ဆရာ့ကို ကျွန်မ နှိုင်းယှဉ်လာမိသည်။

**"ချစ်ခြင်းမေတ္တာဆိုတာ လိုက်လျောခြင်း၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်းတွေလည်း ပေါင်းစပ်ဖွဲ့စည်းထားပါတယ် ညီမလေး"**

တစ်ခုသော အကြောင်းလေးဖြင့် ခွင့်မလွှတ်ခဲ့သော ဆရာနှင့် အရာရာတွင် ခွင့်လွှတ်လိုက်လျောနိုင်စွမ်းရှိသော အစ်ကို့မေတ္တာတို့ ခြားနားခြင်းကို ကျွန်မ တွက်ချက်လို့ ရပါပြီ။

အစ်ကိုသည် ဤခံယူချက်များဖြင့် ညွန့်မေကို လက်ထပ်လိုက်ကြောင်း ကျွန်မ သိပါသည်။

"အစ်ကိုရယ် အစ်ကိုချစ်တဲ့ မိဖြူကို ဆရာဝန်ကတော်ဖြစ်စေချင်လွန်းလို့ အစ်ကိုမချစ်တဲ့ ညွန့်မေကို အစ်ကို ယူလိုက်တာပါ မိဖြူ သိပါတယ်"

"သမီး ဘာတွေ တွေးနေလည်း မျက်ရည်တွေ သုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါဦး"

"ဟင်…ဖေဖေ"

လဲလျောင်းနေရာမှ ကျွန်မ လူးလဲထပြီး မျက်ရည်စများကို သုတ်ပစ်လိုက်ရပါသည်။

"ဖေဖေ ဆေးရုံက ခုဏမှ ပြန်ရောက်လာလို့ သမီးဆီ အလာနောက်ကျသွားတာပါ"

"အို…ကိစ္စမရှိပါဘူး ဖေဖေရယ်၊ အကြောင်းရှိရင် သမီး ဆင်းလာခဲ့မှာပေါ့"

"သမီး သိပ်အားနည်းနေသေးလို့ပါ သမီး သိပ် ငိုလွန်းခဲ့ရတော့ မျက်စိကိုလည်း ထပ်ပြကြည့်ရဦးမယ်"

"ဟုတ်ကဲ့ ဖေဖေ"

"သတ္တဝါတစ်ခုရဲ့ ကံကြမ္မာကို ဘယ်လိုမှ ဖန်တီးယူလို့ မရဘူး သမီး။ ပြုသူအသစ် ဖြစ်သူအဟောင်းပဲ။ စပယ့်ပေါ်မှာ အာဃာတ မထားဖို့ ဖေဖေ ပြောချင်တယ်"

"ဟုတ်ကဲ့ ဖေဖေ၊ သမီး ဝဋ်ကျွေးလို့ပဲ သမီး ယူဆပါတယ်။ အတိတ်ဘဝက သမီးရဲ့ အကုသိုလ်တွေကြောင့် မျက်မမြင်ဘဝနဲ့ ခုလို ဘဝမျိုးရောက်ခဲ့ရပြီမို့ ခုဘဝမှာ အတတ်နိုင်ဆုံး အကုသိုလ်ရှောင်ပါ့မယ်။ စပယ့်ပေါ်မှာ ခွင့်လွှတ်ပါ့မယ်လို့ သမီး ဆုံးဖြတ်ပြီးသားပါ ဖေဖေ"



"သာဓုပါကွယ်၊ သမီးရဲ့ စိတ်ထားတွေ ဒီလိုနူးညံ့ပြီး ဘာသာတရား ကိုင်းရှိုင်းကြောင်း သိရတာ ဖေဖေ ဝမ်းသာလို့ မဆုံးပါဘူး"

"ဒါကလည်း သမီးကို မွေးခဲ့တဲ့ လယ်ကိုင်းက အမေရဲ့ ကျေးဇူးကြောင့်ပါ ဖေဖေ"

"မှန်တယ် သမီး၊ စပယ်ဟာ မိဘရဲ့ စွန့်ပစ်ခံရပြီးနောက် ခရစ်ယာန် တရားဟောဆရာလက်ထဲမှာ ကြီးပြင်း[illegible] အဲဒီ မိဘများကလည်း ဆုံးပြန်တော့ အုပ်ထိန်းခြင်းကင်းနေခဲ့ရရှာတယ်။ ဒီအချိန်မှာ သူ့ကို ကွပ်ကဲသူတွေဟာ ဒုစရိုက်လောကမှာ ကျင်လည်နေသူတွေဖြစ်တော့ သူလည်း ပါရတော့တာပေါ့။ လှချင်ပချင်တဲ့အရွယ် ဆန္ဒတက်ကြွတဲ့အရွယ်ဆိုတော့ လွယ်လွယ်နဲ့ ရတဲ့ ငွေနောက်ကို လိုက်တော့တာပေါ့လေ။ ဗီဇဆိုတာထက် ပတ်ဝန်းကျင်ဆိုတာက ပိုမှန်လိမ့်မယ်။ သမီး ကြားဖူးမှာပေါ့။ ကျေးသားညီနောင် ပုံပြင်လေးလိုပေါ့။ လူဆိုးဓားပြလက်ထဲ ရောက်တဲ့ ကျေးဟာ ရန့်ရင်းကြမ်းတမ်းနေပေမယ့် ရသေ့ဆီ ရောက်တဲ့ ကျေးဟာ လိမ္မာရေးခြား ရှိနေတယ် ဆိုသလိုပေါ့"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ် ဖေဖေ"

"စပယ် ရန်ကုန်ရောက်လာရင် သမီးနဲ့ ဖေဖေ သူ့ကို သွားတွေ့ပြီး သူ ဝမ်းသာအောင် သမီး ခွင့်လွှတ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြ လိုက်ပါ။ မိဘဆိုတာ လိမ္မာတယ် ဆိုးတယ် မခွဲခြားနိုင်ပါဘူး။ သားသမီးပေါ်မှာထားတဲ့ မေတ္တာဟာ အနိမ့်အမြင့်မရှိအပ်ဘူး။ တပြေးတည်းသာ ရှိသင့်တယ်။ မိဘတိုင်းဟာလည်း ဒီလိုပဲ ရှိကြပါတယ် သမီး။ သမီးတို့ဟာ သမီးတို့ရဲ့ မေမေပေါ်မှာ စိတ်နာချင် နာနေကြမယ်၊ ဒီလိုမဖြစ်ရအောင် အဖြစ်မှန်တင်ပြခွင့်ရအောင် ဖေဖေဟာ သမီးတို့ကို ရှာနေခဲ့တာ ကြာပါပြီ”

“မေးဝံ့လို့သာ နေခဲ့ရတာပါ ဖေဖေရယ်၊ သမီးတို့ရဲ့ မွေးမိခင်ကို သိချင် တွေ့ချင်လှပါပြီ”

ဖေဖေသည် ဆေးတံကို အားပါးတရ ဖွာရှိုက်ပြီးမှ ကျွန်မအား ရှည်လျားစွာ ရှင်းပြတော့မည့်ဟန်ဖြင့် ကုလားထိုင်ကျွန်မနား တိုးရွှေ့လိုက်ပြီး–

“ဖေဖေ ဆရာဝန်ဖြစ်ပြီးလို့ လေးနှစ်လောက်အကြာမှာ သမီးတို့မေမေ ရိုစီနဲ့ တွေ့ရတာပဲ။ သူဟာ သိပ်လှတယ်။ ဒါပေမယ့် သိပ်လယ်တယ်လေ။ သူနဲ့တွဲသမျှ လူတွေကို ပစ်ပြီး ဖေဖေနဲ့ပဲ တွဲတော့တယ်။ ဖေဖေဟာ မေတ္တာစစ် မေတ္တာမှန်နဲ့ သူ့ကို တကယ်မြတ်နိုးခဲ့တာပါ။ သမီးတို့ သူ့ရင်မှာ ရှိနေပြီလို့ မသိခင်ကတည်းက လက်ထပ်ဖို့ ဆုံးဖြတ်ပြီး မေမေ့ကို ဖွင့်ပြောခဲ့မိတယ်။ မေမေဟာ ရိုစီအကြောင်း စုံစမ်းတော့ ကောင်းသတင်းတစ်ခုမှ မကြားရတဲ့အပြင် ခရစ်ယာန်ဘာသာဝင်မို့



ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုပြီး ပြင်းပြင်းထန်ထန် ကွန့်ကွက်တော့တာပါပဲ။ ဖေဖေဟာ မေမေ့စကားကို မပယ်ရှားဝံ့ခဲ့တဲ့ သားဆိုတော့ မေမေ့ကို မတော်လှန်ရဲဘူး။ ဒီအချိန်မှာ ဂုဏ်သရေတူ ခင်အေးမူနဲ့ ကြီးကြီးကျယ်ကျယ် လက်ထပ်လိုက်ရတော့တယ်။ ရိုစီကိုယ်တိုင်လည်း ဖေဖေ လက်ထပ်ပြီးမှ သမီးတို့ ရနေကြောင်း သိရှာတယ်ကွယ်။ ဘယ်လိုမှ မဖြစ်နိုင်တဲ့အဆုံး ရိုစီဟာ တစ်နေရာမှာ ပုန်းကွယ်နေရင်း မီးဖွားကာနီးမှာ သူနဲ့ လာတွေ့ဖို့ ချိန်းတဲ့ ညမှာပဲ ဖေဖေဟာ အင်္ဂလန်နိုင်ငံကို ထွက်သွားခဲ့ရတယ်။ သုံးလလောက်အကြာမှာ သူ့ဖခင်ရှိရာ အင်္ဂလန်နိုင်ငံကို လိုက်လာပြီး ဖေဖေ့ဆီ အရောက်ရှာပြီး လာတွေ့ခဲ့တယ် သမီး”

“ဟင်…ဒါဖြင့် သမီးတို့ မေမေဟာ အင်္ဂလန်နိုင်ငံမှာ ကျန်ခဲ့သလားဟင်”

“ဖေဖေ ပြောတာ ဆုံးအောင် နားထောင်ပါ သမီး။ သူဟာ နှစ်လလောက် မမာနေပြီး ဖေဖေ့ကို စိတ်နာနာနှင့် စိတ်လိုက်မာန်ပါ အင်္ဂလန်ကို လိုက်ဖို့ အားလုံး စီစဉ်ပြီးမှ သူ မြန်မာပြည်က မခွာနိုင်တော့ဘူး။ သမီးလေးတွေ ပြန်ခေါ်တော့မယ်လို့ ဆုံးဖြတ်ပြီး နော်အဲလာဆီ ပြန်လာတော့ နော်အဲလာလည်း ရုတ်တရက် ဆုံးသွားတယ်လို့သာ သူ့မှာ ကြားရတယ်။ သမီး

www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ဘယ်ဆီရောက်သွားမှန်း မသိရဘဲ အစပျောက်သွားတော့တယ်။ ဒီမှာတင် ရိုစီဟာ မိခင်စိတ် ဝင်လာတော့တယ် သမီး။ သမီးလေးတွေကို တမ်းတစိတ်နဲ့ ရှာပေမယ့် မတွေ့ရတဲ့ အဆုံးမှာမှ ဖေဖေ့ဆီ ရောက်လာတယ်"

"သမီးလေးတွေကို စွန့်လွှတ်ခဲ့မိတာ မှားလိုက်တာ၊ မိုက်လိုက်တာ သူတို့နဲ့ ခွဲရတာ ရိုစီ နှလုံးသားကို ခွဲပြီး ထုတ်လိုက်သလို ရင်ထဲမှာ ခံစားနေရပါပြီ၊ ရိုစီ နှလုံးကွဲပါပြီ ဒါလင်ရယ်၊ ဒီဒဏ်ရာနဲ့ သေမှာပါ၊ မသေခင် သမီးလေး နှစ်ယောက်ကို ရင်ထဲမှာ ပွေ့ထားချင်လိုက်တာလို့ ပြောရှာတယ်၊ ရိုစီဟာ တကယ်လည်း နှလုံးရောဂါ ဖြစ်နေရှာတယ်။ မြန်မာပြည် ဘီအိုစီရဲ့ အရာရှိကြီးအဖြစ် လာရောက် အမှုထမ်းပြီးမှ ပြန်သွားခဲ့တဲ့ သူ့အဖေဟာ အင်္ဂလိပ်လူမျိုး အစစ်လည်းဖြစ် ငွေကြေးကလည်း တတ်နိုင်တော့ သူ့ဆီလိုက်လာတဲ့ သမီးကို အစွမ်းကုန် ကုပေးရှာပါတယ်။ ဒါပေမယ့် သမီးတို့နဲ့ ခွဲခဲ့မိလို့ သူ့ရဲ့ ရင်ကွဲနာကျတဲ့ ဝေဒနာကို ဘယ်သမားတော်မှ မကုနိုင်ခဲ့လို့ သမီးတို့ ခြောက်လသမီးရွယ်လောက်မှာ ရိုစီဟာ ဖေဖေ့လက်ပေါ်တွင် ဆုံးရှာတယ်"

"အမလေး ဖြစ်မှဖြစ်ရလေ ဖေဖေရယ်၊ သမီး သမီး မေမေ့ကို သနားလိုက်တာ"



"ဖေဖေလည်း ဟိုတုန်းက သိမ်ပြီး ခံစားခဲ့ရပါတယ် သမီး။ အဲဒီနှစ်က စာမေးပွဲတောင် မဖြေနိုင်ခဲ့ပါဘူး။ မိခင်တစ်ယောက်ရဲ့ မေတ္တာဟာ ဘယ်လောက် ကြီးမားတယ်ဆိုတာ ဖေဖေ လက်တွေ့ တွေ့ခဲ့ရပါပြီ။ သမီးတို့ကိုသာ အချိန်မှီ သူပြန်ပြီး ပိုက်ထွေးခွင့်ရခဲ့ရင် သူ မသေဘူးလို့ ဖေဖေ ပြောရဲတယ်။ သူ ရက်စက်မိလေခြင်းလို့ ယူကြုံးမရဖြစ်ပြီး သမီးတွေကို ပေးလောက်အောင် ချစ်သွားရှာတဲ့ မိခင်တစ်ဦးပါ သမီးရယ်။ မိခင်တစ်ယောက်ရဲ့ ကြီးမြတ်သန့်စင်လွန်းတဲ့ အထွတ်အထိပ် မေတ္တာကို သမီး သံသယ မဝင်ပါနဲ့။ သူဟာ သမီးတို့ကို တမ်းတရင်းနဲ့ သေဆုံးသွားရှာတာပါကွယ်"

ဒီနေရာမှာ ဖေဖေ အသံ တိမ်ဝင်သွားပြီး ညှိုးငယ်လွန်းသော ဖေဖေမျက်နှာတွင် မျက်ရည်များ စီးကျလာကြောင်း ကျွန်မ တွေ့မြင်ရပါသည်။ ဖေဖေက ပြန်ထိန်းလိုက်သော်လည်း ကျွန်မ လှိုက်လှိုက်လှဲလှဲ ငိုရှိုက်ဆဲပါ။

ꩤ ꩤ ꩤ

www.burmeseclassic.com

www.burmeseclassic.com

ညက အိပ်မရ၍ နေ့ခင်းဘက်တွင် ကျွန်မ အိပ်ရာ၌ လဲလျောင်းနေမိစဉ်–

"ဖြူ"

ဆရာအသံကြောင့် ကျွန်မ ဆတ်ခနဲ ထထိုင်လိုက်မိပါသည်။ ဖြိုးစစ အမှုအရာဖြင့် ရပ်နေသော မောင်မျိုးထွန်းကိုပါ ကျွန်မ တွေ့ရပါသည်။ ကျွန်မ ဒေါသဖြင့် သူ့ကို လှမ်းကြည့်မှန်း သူ သိသွားပါသည်။ အခန်းပြင်သို့ လှစ်ခနဲ ပြေးထွက်သွားတော့သည်။

"ဖြူ ကို့ကို စိတ်ဆိုးနေသလား ဟင်။ တကယ်တော့ ကို့အပစ်ချည်းပါ ဖြူ"

"ရှိပါစေလေ အပစ်လို့ ကျွန်မ မသတ်မှတ်ဝံ့ပါဘူး။ မိန်းမသားတစ်ယောက်က ဒီလောက် ရှိခိုးမတတ် တောင်းပန်တာကို လက်မခံဘဲ အသည်းမာနိုင်တာကို ကျွန်မ အံ့ဩတာ တစ်ခုပါပဲရှင်"



"ကို ရှင်းပြပါရစေ ဖြူရယ်။ မိုလ်ချုပ်ဈေးမှာ သူ့ကို တွေ့တော့ ကိုက ဖြူမှတ်လို့ လိုက်ခေါ်တာပေါ့။ သူက ပထမ ကြောင်နေပြီးမှ ဖြူအဖြစ်နဲ့ ကို့ကို လက်ခံလာတော့တယ်။ သူခေါ်သွားတဲ့ ဘားလမ်းအိမ်မှာပဲ ကိုတို့ ကိုတို့ နယ်ကျွံမိခဲ့ကြတယ်။ ဖြူ ဒီလောက် ရဲတင်းနေတာကို ကို အံ့ဩပေမယ့် သံသယ မဝင်ခဲ့ပါဘူး။ နောက်တစ်နေ့မှာ သူက ဖုန်းနဲ့ လက်ထပ်ဖို့ ချိန်းတယ်။ နောက်နှစ်ရက်အကြာမှာ လက်မှတ်ထိုးပြီး တောင်ကြီးသွားရအောင်လို့ ပြောပါတယ် ဖြူ။ နောက်ညမှာ ကိုကိုအောင်နဲ့ တွဲသွားတာလည်း ကို မြင်လိုက်ရပါတယ်။ ဒီမှာတင် ကို စိတ်ပျက်သွားပြီး ငြင်းခဲ့တာပါပဲ။ ခုမှ အကြောင်းစုံ သိရပါတော့တယ်။ သူ့အပြစ်တွေ ဖြူ့ပေါ် ပုံချပြီး သူက ဖြူအဖြစ်နဲ့ ကို့ကို အမြန်ဆုံး လက်ထပ်မှာကိုး"

"ဒါတွေ ထားပါတော့လေ။ ခု ဆရာ ကျွန်မကို လာတွေ့တာ ဘာကိစ္စနဲ့ပါလဲ အိမ်သားတွေ မြင်ရင် မကောင်းဘူး ထင်ပါတယ်"

"အဘွားတစ်ယောက်ထဲ အောက်မှာရှိတာပါ။ ဘယ့်နဲ့ ဆရာတွေ ကျွန်မတွေ ဖြစ်နေရတာလဲ ဖြူ ဟင်။ ကို့ကို ချင်တယ် မဟုတ်လားကွယ်"

"လွတ် ဆရာ ကျွန်မ မကြိုက်ဘူး။ ဟိုတုန်းက ဆရာ့ကို

www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ကာကာ ချစ်ခဲ့တာ ဝန်ခံပါတယ်။ ခုချိန်မှာတော့ ကျွန်မ ဘာကို ဆုံးဖြတ်ရမယ်ဆိုတာ ကျွန်မကို စဉ်းစားခွင့် ပေးဦးရှင်"

"ဖြူရယ် ဒီလောက်ချစ်ပြီး ဒီအခြေထိ ရောက်လာမှတော့ ဘာကို ထပ်စဉ်းစားရဦးမှာလဲ"

"ဆရာရော စဉ်းစားပြီးပြီလား"

"ဘာကိုလဲ"

"လူကြီးချင်း ကျေနပ်ပြီးကြတဲ့ တစ်ဦးတည်းသော သူ့ရွှေ သမီးလေး ဥမ္မာနဲ့ ကိစ္စကိုရော"

"ဩ ပါးစပ်စကားပါ ဖြူ ဘာမှတရားဝင် လုပ်ထားတာ မရှိပါဘူး၊ ဖြူ့ကို ဘယ်သူပြောလဲ"

"အဘွား ပြောပါတယ် ဆရာ။ မဖြူနဲ့ ဆရာ့အကြောင်း ကို ရိပ်မိလို့ထင်တယ်တဲ့၊ ဆရာ့အမေကိုယ်တိုင် အဘွားဆီ လာပြီး ဒီအကြောင်း ပြောတယ်လို့ ဆိုပါတယ်။ ဆရာလည်း အကြောင်းစုံ သိပြီးပါပြီလေ။ ကျွန်မမိခင် ရှိစိလို ဖြစ်သွားမှာ စိုးတယ်လို့ အဘွားကိုယ်တိုင်က ကျွန်မကို ပြောပါတယ်"

"ကောင်းပြီလေ ဖြူသာ စဉ်းစားပါ ကိုကတော့ ဖြူ့ကို ချစ်လျက် စောင့်မျှော်နေမယ်ဆိုတာသာ ပြောခဲ့ပါရစေ"

ဆရာထွက်သွားသည့်အခါ ရင်မှာ ဟာရပြန်ပါပြီ။ သူ့ကို ကျွန်မ ရင်မှာ အဖိုးတန်ရတနာလို မြတ်နိုးစွာ သိုဝှက်ထားဆဲပါ



ပင်။ သူ့ပတ်ဝန်းကျင်က ကျွန်မကို လိုလားနှစ်ခြိုက်ခြင်း မရှိကြောင်း အဘွားစကားများက သက်သေခံနေပါသည်။ အဘွားကိုယ်တိုင်ကလည်း မလိုလားသော သူတို့လက်တွင်းသို့ သူ့မြေးကို မထည့်လိုကြောင်း ပေါ်လွင်နေပေသည်။

ဆရာ့အနေဖြင့် ကျွန်မကို စွန့်လွှတ်လိုက်ရသော်လည်း ကျွန်မထက် ရုပ်ရည် အရည်အချင်း ချမ်းသာကြွယ်ဝမှု စသော အဖက်ဖက်က ပြည့်စုံသူတစ်ဦးနှင့် တွေ့ရလျှင် သာယာချမ်းမြေ့မှုများက ကျွန်မအား တ,သ,သော စိတ်ကို ဖုံးလွှမ်းသွားနိုင်ပါလိမ့်မည်။

မေတ္တာ ကရုဏာ ရမ္မက် လောဘ ဒေါသ မောဟတို့ဖြင့် ပြွမ်းတည်းသော လောကကြီး၏ ရှုပ်ထွေးမှုက ကုဋေကုဋာ နက်ရှိုင်းမှု အဖြာဖြာကို မျက်ဝါးထင်ထင် တွေ့မြင်လာရသော ကျွန်မမှာ စိတ်ပျက်ခြင်းကြီးစွာ ဖြစ်ရပါပြီ။ အလင်းမဲ့ရမို့ အမှောင်ဘဝက ဘာမျှ မမြင်တွေ့ရသည်ကပင် အေးချမ်းလှလေစွဟု အောက်မေ့ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

သံတိုင်များကြားမှ ကျွန်မနှင့် ဖေဖေ၏ လက်ကို ဆွဲကာ လိုက်လှဲ့စွာ ငိုကြွေးနေရှာသော စပယ်အဖြစ်ကို ကျွန်မတို့သားအဖ မကြည့်ရက်လောက်အောင်ပင် သနားကြင်နာရပါပြီ။ ဒူးညွတ် ထိုင်ချကာ ကျွန်မ ခြေအစုံကို ဖက်၍ပင် တောင်းပန်ရှာပေသည်။ ကျွန်မက ခွင့်လွှတ်ပါကြောင်း ပြောရင်း ကျွန်မတို့ မိသားစု၏ ဇာတ်ကြောင်း အတိုချုပ်ကို သူ့အား ပြောပြရပါသည်။ မျက်ရည်များကြားမှ ပြုံးလာသော သူ့မျက်နှာလေးသည် အပြစ်ကင်းစင်သော ကလေးငယ်တစ်ယောက်ပမာ သန့်ရှင်းလှပါ၏။

သူ မိုက်မှားမိခဲ့သော အပြစ်များကို သက်သာရာ သက်သာကြောင်း လိုက်လံဆောင်ရွက်ပေးမည့် ဝတ်လုံ ဦးကိုကိုအောင်ကလည်း အသင့်ရှိနေပေသည်။



စပယ်ဖြစ်ပျက်ခဲ့သမျှ အပစ်အားလုံးကို သင်ပုန်းချေကာ လွတ်လာသည့်အချိန်ထိ စောင့်စားကာ တစ်သက်တာလုံး တာဝန်ယူပါမည်ဟု ဖေဖေ့ရှေ့မှာပင် ဂတိပေးရှာပါသည်။ စပယ်ကလည်း သူ့အပြစ်များအတွက် ဥပဒေ၏ အဆုံးအဖြတ်ကို နာခံရင်း ပေးဆပ်ပါမည်။ သူထောင်မှ လွတ်လာသည့်အခါ ခွင့်လွှတ်စွာ စောင့်မျှော်နေမည့် ကိုကိုအောင်နှင့်ပင် အသက်ထက်ဆုံး အေးငြိမ်းသော အိမ်ထောင်တစ်ခု ဖန်တီးပါတော့မည်ဟု ဆိုရှာပါသည်။

အစကနဦးက ကျွန်မအပေါ်တွင် စေတနာအမှန်ပင် ရှိခဲ့ရှာသော်လည်း ဦးစံလှထွန်း၏ တိုက်တွန်းလှုံ့ဆော်မှုကြောင့် အဆင်ခြင်ကင်းမဲ့စွာ ကြံစည်ခဲ့မိပါကြောင်း ဝန်ခံရှာပါသည်။ အားလုံးက ခွင့်လွှတ်ရင်း အားလုံးကို ခွင့်လွှတ်ရင်းဖြင့် စပယ့်ဘဝ၏ အနာဂတ်သည် လှပပေတော့မည်။

❁

www.burmeseclassic.com

ဆရာဝန်ကြီး၏ သမီးအဖြစ်နှင့် တင့်တယ်စွာနေရန် အားလုံးက လက်ခံကြပါသည်။ ကြည်ဖြူကြပါသည်။ ကျွန်မမှာ ဖေဖေနှင့် အတူတကွ နေချင်လှသော်လည်း ချစ်လှစွာသော အမေ့အား ပစ်မထားရက်တော့ပါ။ ကျွန်မဘဝ အမှောင်တွင်းမှ ခက်ခဲစွာ ဆွဲထုတ်ပေးရှာသော ကျေးဇူးရှင်အစ်ကိုကိုလည်း ကျွန်မ တမ်းတ၍မဆုံးနိုင်တော့ပါ။ အစ်ကိုနှင့် အမေ၏ ကျေးဇူး သက်သက်ဖြင့် ကျွန်မ မျက်စိမြင်ကာ ဖခင်အရင်းနှင့်လည်း ကြုံတွေ့ခဲ့ရပါသည်။

"မဖြူလေ မျက်စိပြန်မြင်ပြီး အမေနဲ့ အစ်ကိုတို့ကို ပြန်ပြုစုနိုင်တဲ့ ကိုယ် ဖြစ်ပါရစေလို့ ဘုရားမှာ ဆုတောင်းခဲ့ပါတယ် အစ်ကို"

မျက်စိမကုသခင်က ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်ဝယ် ကျွန်မ ပြောခဲ့သော စကားများကို အစ်ကိုနှင့် အမေတို့ ပြန်လည် ကြားယောင်နေကောင်း ကြားယောင်ပါလိမ့်မည်။



စပယ်တို့အိမ်တွင် နေစဉ်က ပြန်ရကောင်းမလား မကောင်းလားဟူသော ဒွိဟစိတ်ဖြင့် စဉ်းစားနေမိခြင်းကပင် ကျေးဇူးကန်းရာ ကျလွန်းလှပါသည်။

ဆရာ့သံယောဇဉ်ကြောင့် မပြန်ရန် စိတ်ကူးလိုက်မိခြင်းကြောင့်ပင် ကျွန်မဘဝ ဒုက္ခအဖုံဖုံဖြင့် ကြုံဆုံဝိုးဝင်ရသည်ဟု ယုံကြည်ရမလို ဖြစ်နေပါပြီ။ အစ်ကိုနှင့် အမေတို့၏ ကျေးဇူးကြွေးများက ကျွန်မတွင် ရှိနေပါပြီ။

ဘာပညာမှ မတတ်သော်လည်း ကျွန်မ၏ ခွန်အား ကျွန်မ၏ လက်နှစ်ဖက်ကို အရင်းအနှီးပြုကာ အမေ့အား ပြုစုပါတော့မည်ဟု ကျွန်မ ဆုံးဖြတ်လိုက်ပါသည်။

ချစ်လှစွာသော အစ်ကိုနှင့် ညွန့်မေတို့ကိုလည်း ကျွန်မ အတတ်နိုင်ဆုံး ကျေးဇူးပြန်ဆပ်ကာ မောင်နှမရင်းပမာ နေသွားကြပါမည်ဟု စိတ်ကူးထားပါသည်။

နောက်တစ်ကြောင်းကလည်း ဆရာနှင့် ထိစပ်တွေ့မြင်နေရသော နေရာတွင် ကျွန်မ မနေချင်တော့ပါ။ သူနှင့် ကျွန်မမှာ အလှမ်းကွာလှသော အခြေတွင် ရှိနေကြပါသည်။ ဥဒေါင်းတို့အလယ်တွင် ကျီးမဲတစ်ကောင် ဝင်နှောက်နေသည့်ပမာမျိုး ကျွန်မ မခံယူချင်ပါ။

ဖေဖေ့ သမီးဆိုသော်လည်း ယခုမှ ကောက်ရကာ မထင်

www.burmeseclassic.com

www.burmeseclassic.com



ရှားသော မယားမှ ပေါက်ဖွားလာသော ကျွန်မကို ဆရာ့အမေက လက်မခံချင်ကြောင်း ကျွန်မ သိရပြီးပါပြီ၊ ကျွန်မ မိခင်အကြောင်း သိမြင်ကြားဖူးသူတိုင်းက သိက္ခာရှင် မိန်းမသားဟု မယူဆကြပါ။ မေမေမှ မွေးလာသော သမီးကိုလည်း အယူသည်းသူများက သည်သို့ပင် ထင်မြင်ပေလိမ့်မည်။

သို့သော်...

သမီးလေးများပေါ်တွင် ချစ်ရှာလွန်း၍ နှလုံးကွဲကာ သေရရှာသော မေတ္တာရှင်မေမေအဖြစ် ကျွန်မအသက်နှင့်အမျှ ယုံကြည်ယူဆထားပါမည်။

ကျွန်မ ခွန်အားနှင့်များ ငွေရှာ၍ရလာခဲ့လျှင် မိခင်ကြီးအတွက် ရည်စူးကာ ဖြစ်လေရာဘဝတွင် သည်အဖြစ်မျိုးများမှ ကင်းလွတ်ပါစေကြောင်း ဆုတောင်း မေတ္တာပို့သကာ အမျှဝေပါဦးမည်။

● ● ●

ဖခင်၏ ခြေအစုံကို နဖူးဖြင့် ထိကပ်ကာ ကျွန်မ ရှိခိုးလိုက်မိပါသည်။

"သာဓုပါ သမီး သာဓု သာဓု၊ ငါ့သမီး ဆုံးဖြတ်တာဟာ ကျေးဇူးသိတတ်တဲ့ လူသားတစ်ယောက်တိုင်း လုပ်အပ်ဝအလုပ်မျိုးမို့ ဖေဖေ ဂုဏ်ယူပါတယ် ခွင့်ပြုပါတယ် သမီး၊ ဒါခမယ့်..."

ဖေဖေ့ကုလားထိုင်ရှေ့ရှိ ကြမ်းပြင်တွင် ပုဆစ်တုတ်ထိုင်နေသော ကျွန်မအား ကြင်ကြင်နာနာဖြင့် ကြည့်ရင်း စကားဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် ဒါပေမယ့်ဟူသော စကားနေရာတွင် ရပ်ထားကာ မျက်နှာမကောင်းလှစွာဖြင့် ကျွန်မကို စိုက်ကြည့်နေရှာပါသည်။ ဖေဖေ၏ မျက်နှာကို ကြာရှည်စွာ မကြည့်ရက်သဖြင့် ကျွန်မ ခေါင်းငုံ့ချလိုက်ရပါသည်။

"အေး ဒါပေမယ့် သမီး ဖေဖေကို ခွဲပြီး တောမှာ ပြန်နေမယ်ဆိုတာတော့ ဖေဖေ စိတ်မကောင်းဘူးပေါ့ကွယ်။ ဟိုမှာနေပေမယ့် ဖေဖေတို့ကို အဆက်သွယ် ဖြတ်မထားပါနဲ့။ သမီး စာရေးပါ။ ဘာအကြောင်းပဲရှိရှိ သမီးမှာ အားကိုးစရာ ဖေဖေ တစ်ယောက်လုံး ရှိနေပြီဆိုတာ မှတ်ယူထားပါ"

"ဟုတ်ကဲ့ပါ--ဖေဖေ၊ ဖေဖေ့မေတ္တာ စေတနာတွေကို သမီး နားလည်ပါတယ် ဖေဖေရယ်။ သမီးလည်း ရန်ကုန်ကို မကြာခဏ ဖေဖေတို့နဲ့ လာတွေ့ဖို့ ကြိုးစားပါ့မယ်"

"အေး...အေး စပယ်လွတ်လာမယ့်အချိန်ရောက်ရင် ဖေဖေ အားလုံး ဆုံချင်တယ်ကွယ်"

"ကောင်းပါပြီ ဖေဖေ၊ သမီး ဆက်ဆက်လာခဲ့ပါ့မယ်။ သမီးလည်း မမစပယ်နဲ့ သိပ်တွေ့ချင်ပါတယ်"

"အေး...အေး၊ ကဲ ဟိုမှာ သမီး ဘွားဘွားက သမီးကို ပေးစရာရှိလို့ စောင့်နေတယ် သွားလိုက်ဦး"

လှေကားထိပ်တွင် ရပ်စောင့်နေသော ဘွားဘွားဆီရောက်လျှင် ဘွားဘွားက သေတ္တာငယ်လေးတစ်ခုကို ဖွင့်ပြပြီး–



"ဒါ ဘွားဘွား ငယ်ငယ်ထဲက နှစ်နှစ်သက်သက် ဝတ်လာခဲ့တဲ့ ပုလဲစစ် တစ်စုံပဲ၊ ငါ့မြေးကို ဘွားဘွား ပေးခိုက်မယ်။ ပြီးတော့ ဟိုရောက်ရင် သမီးအမေ အရင်းအနှီးလုပ်ချင် လုပ်နိုင်အောင် ငွေနှစ်ထောင် ဘွားဘွား ပေးလိုက်မယ်၊ ဈေး ဒီ ဈေး တစ်ရာသပ်သပ်က ခရီးစရိတ်နဲ့ ဝယ်ချင်တာ ဝယ်သွားဖို့"

"အို...ဘွားဘွားရယ်၊ မဖြူ ဒီလောက်ငွေတွေ ရွှေတွေ မယူပါရစေနဲ့၊ အဲဒီငွေတစ်ရာဆို တော်ပါပြီ"

"မငြင်းရဘူးလေ သမီး၊ ကဲ...ကဲ သွားတော့ မျိုးထွန်း လိုက်ပို့လိမ့်မယ်၊ ဘွားဘွားနဲ့ သမီးဖေဖေတော့ မလိုက်ချင်တော့ဘူး။ သမီး နားလယ်ပါနော်။ သမီးလာမှ လာကြိုမယ် ဟုတ်လား"

"ဟုတ်ကဲ့ပါ ဘွားဘွား"

"ဪ သမီးကို လိုက်ပို့တဲ့ ဒီအိမ်က မအေးကို ဘာမှ ပြန်ပေးစရာ မလိုဘူးနော် သူပြန်ဖို့ စရိတ်လည်း ဘွားဘွားပေးလိုက်တယ်"

အားလုံးနှုတ်ဆက်ပြီး မိခွေးဖြစ်သူကိုပါ ကန်တော့ကာ ထွက်လာခဲ့ကြပါသည်။ ဘွားဘွားတို့နှင့် နှစ်ပေါင်းများစွာ အတူနေလာသော ဒေါ်အေးဆိုသူက ကျွန်မကို ယယ်ကိုင်း

www.burmeseclassic.com



အရောက် လိုက်ပို့ပေလိမ့်မည်။ ကားမောင်းလာသော မောင်မျိုးထွန်းကို–

"မမဖြူ မိုလ်ချုပ်ဈေးမှာ ပစ္စည်းလေး နည်းနည်း ဝယ်ပါရစေလား မောင်မျိုးထွန်း"

"ဒါကြောင့် ကြိုထွက်လာတာပေါ့။ ရထားချိန် အများကြီး လိုသေးတယ်"

အမေ့ဖို့ အဝတ်အထည်များ၊ သူငယ်ချင်းများအတွက် အလှကုန်၊ ဘုန်းကြီးများနှင့် သက်ကြီးဝါကြီး ဆရာကြီးများအတွက် အချိုအချဉ်မုန့်များ၊ အစ်ကိုတို့ ဇနီးမောင်နှံအတွက် လိုအပ်မည်ထင်သော ဖန်ခွက်၊ ပန်းကန်မှအစ အဝတ်အထည်နှင့် ကန်လန့်ကာပိတ်စကအစ ကျွန်မ တနင့်တပိုးကြီး ဝယ်ပစ်လိုက်မိပါသည်။

✿

ရောဝတီမြစ်ကိုလည်း ကျော်ဖြတ်ခဲ့ကာ ရထားတစ်တန် ကားတစ်တန်ဖြင့် ကျွန်မတို့၏ လယ်ကိုင် သို့ ရောက်ရှိလာခဲ့ကြပါပြီ။ ကျွန်မမှာ လယ်ကိုင်းမှ ထွက်သွားခဲ့သည်မှာ လပိုင်းမျှသာ ရှိသေးသော်လည်း ကျွန်မ လယ်ကိုင်းကို မမြင်ရသည်မှာ လေးနှစ် ကျော်ခဲ့ပါပြီ။

ကျွန်မ၏ ဇာတိချက်ကြွေ မွေးရပ်မြေ မဟုတ်သော်လည်း လသမီးအရွယ်မှ စတင်ကာ နေလာခဲ့သော ကျွန်မ၏ မြို့လေး အပေါ်တွင် သံယောဇဉ်ကြီးမားလွန်းခဲ့ပါသည်။ သွေးဆိုသော အရင်းအချာတစ်ယောက်ဘလေမျှ မရှိသော်လည်း ကျွန်မအား သွေးသားတို့ထက်ပင် သံယောဇဉ်ကြီးလွန်းရှာသော လယ်ကိုင်းသူ လယ်ကိုင်းသားတို့၏ ဖြူစင်အေးမြသော မေတ္တာစည်ကို ကျွန်မ ဝတ်မွတ်လှပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးသူ မြို့ကြီးသားတို့၏ ဟန်ဆောင်ခြင်း အပေါ်ယံ စကားပြော ပြေပြစ်ခြင်းနှင့် အတွင်းစိတ် စေတနာနည်းပါးခြင်းတို့ကို ကျွန်မ မျက်ဝါးထင်ထင် မြင်ခဲ့ရပါပြီ။

တောသူ တောင်သားတို့၏ ရိုးသားဖြူစင်သော စိတ်ထားနှင့် ဟန်ဆောင်တတ်ခြင်း မရှိပါဘဲ ပွင့်လင်းစွာ ပြောကြားတတ်ကြသည်ကို အရိုင်းဟုထင်မြင်ကာ သူတို့ ရန်ကုန်တစ်ခုမှ လွဲလျှင် မြန်မာတစ်ပြည်လုံး 'တော'ဟု ထင်၍ တောသူတောင်သားတွေဟု ပြောဆိုကြသည်ကို ကျွန်မ ရွံ့ရှာမိလှပါသည်။

သည်တောသူ တောင်သားများ၏ လုပ်အားဖြင့် စားစရာအသင့် ဝတ်စရာအသင့် ရောက်ရှိလာပါကလားဟူသော အတွေးစိတ်ကလေးပင် မဝင်ခဲ့ကြပါ။

ကျွန်မမှာ အသည်းနှလုံးတမျှ ချစ်မြတ်နိုးခဲ့ရပါသော ဆရာအား ရင်ဆိုင်တွေ့ကာ နှုတ်မဆက်ဝံ့ပါ၍ မောင်မျိုးထွန်းမှတစ်ဆင့် စာတစ်စောင်သာ ရေးပေးခဲ့ရပါသည်။ ထိုစာကို ကျွန်မရင်မှာ စွဲထင်နေမိဆဲ ရှိပါသည်။



ဆရာ

လူဆိုတာ ကိုယ့်ဘဝနဲ့ တန်ရာမှာ မနေတတ်ဘဲ အမြင့်ကို လှမ်းလွန်းရင် အကျနာတတ်ပါတယ်။ မဖြူဟာ အမြင့်စံချင်လွန်းလို့ ဆရာ့မေတ္တာကို လက်ခံတာ မဟုတ်ရပါဘူးနော်။ ချစ်ကြည်ညိုလွန်းရာက မဖြူအမှတ်မထင် မစဉ်းစား မဆင်ခြင်ဘဲ လက်ခံခဲ့မိပါတယ်။

စပယ်နဲ့ ပတ်သက်ပြီး ဆရာ့အပေါ်မှာ နာတယ်ဆိုပေမယ့် အသေအချာ တွေးကြည့်ရင် ဆရာ့မှာ ဘာအပြစ်မှ မရှိပါလားလို့ မဖြူ တွေးမိပါတယ်။ မဖြူ အပြစ်မမြင်ရက်ပါဘူး ဆရာ။ နောက်ဆုံးတော့ ကံခြင်းမဆုံလို့ မကြုံရတာပါပဲလို့ မဖြူ မှတ်ယူပြီး ပြန်သွားပါရစေတော့။

www.burmeseclassic.com

www.burmeseclassic.com



ဆရာအနေနဲ့ ဘာမှ လိုလေသေးမရှိတဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ကြိုက် ရွေးယူနိုင်တဲ့ အရည်အချင်းမျိုး ဆရာ့မှာ အပြည့်ရှိနေပါတယ်လေ။

နောက်ပိုင်းမရှင်းခဲ့သော မဖြူ မိသားစုကိစ္စနဲ့ မဖြူရဲ့ဘဝကို ဆရာတို့ ပတ်ဝန်းကျင်က လက်ခံနိုင်ကြမှာ မဟုတ်ဘူးဆိုတာ မဖြူသိရှိပြီးပါပြီ။ မဖြူ ချစ်မြတ်နိုးတဲ့ ဆရာဟာ မဖြူကြောင့် တိုက်ခိုက်ရတာမျိုး အနစ်နာခံရတာမျိုးလည်း ဖြစ်မှာ စိုးလှပါတယ်။

လက်ရှိဘဝမှာ တွင့်တယ်သာယာလှပနေရင် အတိတ်ရဲ့ ရင်နာစရာများဟာလည်း မေ့ပျောက်တတ်စမြဲပါလေ။

မဖြူဟာ လယ်ကိုင်းမှာ ကျန်ခဲ့တဲ့ မဖြူရဲ့ ကျေးရွာရှင် အစစ်များဖြစ်တဲ့ အစ်ကိုတို့ကို မဖြူ မပစ်ထားချင်တော့ဘူး။ မဖြူ တတ်နိုင်တဲ့ စွမ်းပကားနဲ့ ပြုစုဖို့ ဆုံးဖြတ်လိုက်တော့တာမို့ ဆရာ့ကို ကျောခိုင်းပြီး လယ်ကိုင်းကို အပြီးပြန်သွားပါပြီဆရာ။



မဖြူကို အစစ ခွင့်လွှတ်ပြီး ဆရာ့ဘဝမှ မဖြူဆိုတဲ့ တောသူတစ်ယောက်ကို ပယ်ထုတ်ပစ်လိုက်နိုင်ပါတော့နော်။

ဆရာ့ဘဝ အစစအရာရာ သာယာဖြောင့်ဖြူးပါစေလို့ မဖြူ ဆုတောင်းခဲ့ပါတယ်။

မဖြူ

လယ်ကိုင်း၏ မြေကို နင်းမိကာမှ ဆရာ့အကြောင်းတွေးမိလာသေးသည်။ ကျွန်မ သက်ပြင်းချကာ ကျွန်မဖခင် မိသားစုမှ စ၍ အားလုံးကို မေ့ထားလိုက်ရန် သိန္နိဋ္ဌာန်ချလိုက်မိပါတော့သည်။

www.burmeseclassic.com

ကျွန်မတို့ အိမ်ဝိုင်းလေးကို ကျွန်မမမှတ်မိပါ။ ကျွန်မကို တွေ့မြင်ရသူများက ဝမ်းသာအားရ ဖက်ပြီး ဆီးကြိုကြပါသည်။ သူတို့သည် ကျွန်မ၏ မဟာစွန့်စားခန်းကြီးနှင့် ရင်ဆိုင်ခဲ့ရပုံများကို ဘယ်သူမှ သိဟန်မတူပါ။

"အမေရော ဟင်၊ လာကြ မိတုတ်တို့ရာ အဘကြာအိုင်အိမ် သွားကြရအောင် ငါ့အမေ တွေ့ချင်လှပြီ"

"မဖြူက လှလိုက်တာဟယ် ကြွေရုပ်ကလေး ကျနေတာပဲ"

"အေးတော့ မြို့ကပြန်လာမှ မျက်စိလည်း မြင်၊ တသွေးတမွေးကို ဖြစ်ပြီး လှလိုက်တာဟာ"

သူငယ်ချင်းများ၏ တစ်ယောက်တစ်ပေါက် ချီးမွမ်းသံများကို ကြောခိုင်းကာ သူတို့ညွှန်ပြသော အမေရှိရာသို့ ကျွန်မ ပြေးလာပြီး-

"အမေ အမေရေ"

အမေမှာ ကျွန်မမျက်စိ မြင်စဉ်အခါကထက် များစွာ ရုပ်ကျသွားရှာသည်။ အမေက ကြောင်ကြည့်နေရာမှ-



"ဟယ် သမီး"

ကျွန်မတို့ သားအမိ တအား ပြေးဖက်လိုက်ကြပါသည်။ အမေ့ပါးပြင်ပေါ်သို့ မျက်ရည်ပူများ လိမ့်ဆင်းလာပါသည်။ ကျွန်မ သိပါသည် ဝမ်းသာလွန်းသောကြောင့်ကျသော မျက်ရည်များ ပါပင်။

"အမေ အစ်ကိုရော ဟင်"

"ကျောင်းသွားတယ် တော်ကြာ ပြန်လာမှာပါ"

"ညွှန့်မေရော ဒီမှာပဲနေသလား"

"အေး"

"အစ်ကို့ကို တွေ့ချင်လှပြီ အမေရယ်၊ သမီး ကျောင်းကို လိုက်သွားရမလား"

"ခုပဲ လာတော့မှာပဲ သမီးရယ်၊ သမီး သူငယ်ချင်းတွေနဲ့ စကားပြောပါဦး၊ ပါလာတဲ့ ညီမကြီးလည်း ဘာမှ အားမနာနဲ့နော် ပြန့်ပြန့်ပြူးပြူးနေပါ"

အမေသည် ဝမ်းသာရှာလွန်း၍ တုန်တုန်ရီရီ ဖြစ်နေရှာပေသည်။ ထောအကြာတွင် ကျွန်မနှင့် ပါလာသော ဒေါ်အေးနှင့် အတူ ကျွန်မ၏ လှူဖွယ်ပစ္စည်းများကို ဦးဇာဂရကျောင်းသို့ သွားပို့ကြပါသည်။

ကျွန်မမှာ ပါလာသော ပစ္စည်းများကို ပေးသင့်သူများကို ဆေးခိုင်းကာ ကျွေးစရာများကို ထုတ်ကျွေးပြီးပါလာသော လက်

www.burmeseclassic.com



ဆောင်များကို ချစ်သူငယ်ချင်းများ ဖြန့်ဝေလိုက်ပါသည်။

အားလုံးက ပျော်ရွှင်ဝမ်းသာကြလွန်းသဖြင့် ကျွန်မတို့ တစ်ဝိုင်းလုံး ကျွတ်ကျွတ်ဆူနေပေသည်။ ကျွန်မမှာ သူငယ်ချင်းများနှင့် ပြောဆိုနေရသော်လည်း လည်တိုင်ဆန့်၍ အစ်ကို့ လာလမ်း မျှော်နေမိပါသည်။

"အစ်ကို လာပါပြီ"

ပင်နီတိုက်ပုံ အင်္ကျီနှင့် မာစရိုက်လုံချည် အစိမ်းရောင်ကို ဝတ်ဆင်ကာ စာအုပ်များပိုက်လျက် ခေါင်းငုံ့ပြီး လမ်းလျှောက်လာပါသည်။ အစ်ကိုသည် အရင်ကထက် ပိန်ပြီး အသားများပင် မည်းသွားပေသည်။ အစ်ကို့ကို သနားသွားမိပါတော့သည်။

"ဟိုမှာ ညည်းအစ်ကို လာနေပြီ ကျုပ်တို့ သွားတော့မယ်"

"နေပါဦးဟဲ့ အစ်ကိုလာတာနဲ့ ဘာဆိုင်လဲ ဒါနဲ့ ညွှန့်မေ ရော"

"ညည်းအစ်ကိုသာ မေးကြည့် လာ သွားမယ်"

သူတို့ဆင်းသည့်အခါ ကျွန်မ အစ်ကို့ထံ ပြေးမည် ပြုပြီးမှ သတိရကာ တံခါးကွယ်တွင် ရပ်နေလိုက်ပါသည်။ အစ်ကို တက်လာပေပြီ။ အိမ်ထဲသို့ လှမ်းဝင်လာလျှင်ပင် တံခါးကြားမှ ဖြတ်ခနဲ ထွက်လိုက်ပြီး–

"ဟိတ်...အစ်ကို"

"အား...လန့်လိုက်တာ၊ ဟာ...ကြည့်စမ်း၊ ညီမလေး ညီမလေး ဘယ်တုန်းက ဘယ်တုန်းက..."



သူ့စကားမဆုံးခင် ကျွန်မ အားပါးတရ ရယ်မောရင်း သူ့ကို လှမ်းဖက်လိုက်မိပါသည်။

"ပိန်သွားလိုက်တာ အစ်ကိုရယ်၊ အစ်ကို နေမှကောင်းရဲ့လား ဟင်၊ ညွှန့်မေရော။ အစ်ကိုတို့ကို လက်ဖွဲ့ဖို့ မိဖြူ အများကြီး ပစ္စည်းတွေ ဝယ်ခဲ့တယ် သိလား၊ ဟင် အစ်ကိုကလဲ ဘာငိုင်နေတာလဲ။ မဖြူ လာတာ ဝမ်းမသာဘူးလား၊ ပြော"

"အစ်ကို ဝမ်းမသာဘူး သာတယ်ဆိုတာ ပြောဖို့ လိုသေးလားကွယ်။ ဒီကို ဘာလာလုပ်တာလဲ၊ ဘယ်တော့ ပြန်မှာလဲ ဆိုတာ အစ်ကို အရင် သိချင်တယ်"

"ဟောတော့ မေးပုံကြီးကလဲ မဖြူ အပြီးပြန်လာခဲ့တာပါ။ ရန်ကုန်ကို အလယ်အပတ်မျိုးလောက်က လွဲလို့ ဘယ်တော့မှ ပြန်မသွားတော့ဘူး"

"ဘာပြောတယ် ဒီမှာ ဘာလုပ်နေရမှာလဲ ပြောစမ်း"

"အစ်ကို ညီမလေးအကြောင်းတွေ ဘာမှ မသိဘူးလား ဟင်။ စပယ့်အကြောင်းအနေနဲ့ သတင်းစာတစ်စောင်မှာတောင် ပါတယ်"

"ဘာအကြောင်းလဲ"

"အရှည်ကြီး မဖြူ ဇာတ်ထုတ်က တစ်ညလုံးခင်းမှ ဇာတ်ရေလည်မှာ နောက်မှ ပြောပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာသဏ္ဍာန်ထွန်းကျော်ရော"

"ရှိပါတယ် တိုတိုပြောရရင် သူနဲ့ ပြေလည်ပေမယ့် သူ့မိဘတွေက မဖြူကို သဘောမတူကြလို့ မဖြူ သူ့ကို လက်မထပ်ဖို့ ဆုံးဖြတ်ခဲ့ပြီးပါပြီ။ မဖြူရဲ့ ကျေးဇူးရှင်အစစ်တွေကို မဖြူမှာရှိတဲ့ ခွန်အား အားလုံးနဲ့ ပြန်ပြီး ပြုစုဖို့ မဖြူ အပြီးပြန်လာတာပါ"

"ဒါ...ဒါ...တကယ်ပဲလား မိဖြူရယ် ဟင်"

"တကယ်ပေါ့ အစ်ကို့မိန်းမ ညွန့်မေရောလို့"

"သူ့အိမ်မှာပေါ့"

"အစ်ကိုပါ ဟိုမှာနေလား"

"မနေပါဘူး"

"ဘာလဲ အစ်ကိုဟာက"

"အစ်ကို ဘယ်သူ့ကိုမှ လက်မထပ်ခဲ့ပါဘူး မဖြူရယ်"

"ဘာ"

"တကယ်ပါ မဖြူကလွဲလို့ ဘယ်သူ့ကိုမျှ လက်ထပ်နိုင်မှာတဲ့လဲကွယ်။ ဆရာဝန်ကတော် ဖြစ်စေချင်လွန်းလို့ အစ်ကို့ရင်တွေ ခွဲပြီး အမေ့ကို စာရေးခိုင်းလိုက်တာပါ။ မဖြူ ခုလိုလယ်ကိုင်းကို အပြီးပြန်လာတယ်ဆိုတော့ အစ်ကို...အစ်ကိုဝမ်းသာမှာလား အချစ်ရယ်၊ အစ်ကို မက်ခဲ့တဲ့အိပ်မက် ကုဋေကုဋာတွေဟာ တကယ်ဖြစ်လာမှာလား ညီမလေး ဟင်"

"မဖြူဟာ ဆရာနဲ့ ချစ်ကျွမ်းဝင်ခဲ့ပြီးပြီဆိုတာ အစ်ကိုအသိပါလေ။ ဒါပေမယ့် မဖြူဘဝကတော့ သန့်ရှင်းခဲ့ပါတယ်။ အစ်ကို့ကို မေ့ပြီး သူများကို ချစ်ကြည်ဖြူပြီးသား မိဖြူကို အစ်ကိုလက်ခံနိုင်သေးလို့လား၊ မိဖြူမှာ အပြစ်တွေ များခဲ့ပါတယ် အစ်ကိုရယ်"

"ဘာအပြစ်တွေပဲ ရှိရှိ မန်းချောင်းက ရေတွေနဲ့ ဆေးပစ်မှာပေါ့၊ အို အစ်ကို့ချစ်သည်း မိဖြူလေးရယ် အစ်ကို့ကို ဒီတစ်ခါ ခွဲမသွားပါနဲ့တော့လားကွယ်"

အားပါးတရ ဖက်ထားသော အစ်ကို့ရင်ခွင်တွင်း ခေါင်းအပ်ကာ ကျွန်မပေါ်တွင် ချစ်မြတ်နိုးလွန်းခဲ့ရှာသော အစ်ကို့ရင်ခွင်မှာ တစ်သက်သာ နိုးနားပါတော့မည်ဟု ဆုံးဖြတ်လိုက်မိသော ကျွန်မ၏ မျက်နှာကို အစ်ကိုက ဆွဲမော့ကာ...။

✣

ပြီး ပါ ပြီ

✣



www.burmeseclassic.com